

အင်းတော်ကြီး

# ရွှေမှူဇေတီတော်

## ဘုရားသမိုင်း

## ပေါင်းချုပ်

နေလင်း
အင်းတော်ကြီး
စီစဉ်သည်။

# ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။

တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။

အယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။

* နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

# အင်းတော်ကြီး အထုပ္ပတ္တိ
နှင့်
# ရွှေမဇ္ဈူ ဘုရားသမိုင်း

စာအုပ်ကို မိုးညှင်းမြို့နယ်
အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ
ဦးစီးကြီးကြပ်၍ ဖြန့်ချိပါသည်။

၂၃၆၅၇

# အင်းတော်ကြီးအထုပ္ပတ္တိ
# နှင့်
# ရွှေမဥ္ဇူဘုရားသမိုင်း

စာမူခွင့်ပြုချက်အမှတ် - ၉၀/၉၇(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၉-၉၇(၁)
ရေးသားတင်ပြသူ - နေလင်း[အင်းတော်ကြီး]
ပုံနှိပ်သူ - ဒေါ်တင်ကြည်နှင့်သားများ၊ ပုံနှိပ်တိုက်
မှတ်ပုံတင်အမှတ် (မြ-၀၁၂၂၁)၊
၂၆လမ်း၊ ဆိုင်းတန်း၊ မန္တလေး။
ထုတ်ဝေသူ - ဦးလှစိန်၊ ၂၆လမ်း၊ မန္တလေး။
မျက်နှာဖုံးရိုက် - ဒေါ်တင်ကြည်နှင့်သားများ။
အုပ်ရေ - [၂၀၀၀]အုပ်၊ စတုတ္ထအကြိမ်။
နေ့စွဲ - ၁၃၆၀-ခု၊တပို့တွဲလ။ ၁၉၉၉-ခု၊ဖေဖော်ဝါရီလ။

# ဤသမိုင်းစာအုပ်တွင် -

- အင်းတော်ကြီးနှင့်သိသင့်ဖွယ်ရာ အချက်အလက်များ။
- အင်းတော်ကြီး(ဇာတုပ္ပတ္တိ) သမိုင်းဖြစ်စဉ်များ။
- ရွှေမြင်ဇူစေတီတော် [ရေလယ်ဘုရား] သမိုင်း အချက်အလက်များ။
- အင်းတော်ကြီးဒေသအတွင်း၌ တည်ရှိသောစေတီတော်ဘုရားများ၏ သမိုင်းအချက်အလက်များ။
- အထက်ပါအကြောင်းအရာ လေ့လာမှတ်သားဖွယ်ရာများစုစည်းလျက် သမိုင်းမှတ်တမ်း ရေးသားတင်ပြထားပါသည်။

# မိုးညှင်းမြို့နယ် အင်းတော်ကြီး ရွှေမြဉ္ဇူစေတီတော်
# ဧရာလယ်ဘုရားပုံတော်



သက္ကရာဇ် ၁၃၅၈ ခုနှစ် ............ သာသနာ ၂၅၀၀ – နှစ်

သမိုင်းအကျဉ်း

❖ ဗုဒ္ဓရှင်တော်မြတ်ကြီးဘုရား ဗျာဒိတ်တော်မိန့်ကြားခဲ့လေသည်။

❖ ရှေးဦးပန္နက်တော်အား ပုဂံမင်းဆက်၊ ပုဂံမင်းလက်ထက်တွင် (အရှင်အရဟံသာသနပြု) ခေတ်ပြိုင်ကာလ၌ – " အရှင်ဦးညီသူ " က အဓိဋ္ဌာန်ဖြင့် တောင်ဝှေးတော်ထောက် ကျောက်သုံးလုံးချထားအပ် – ပန္နက်တော်မြတ် တင်ခဲ့လေသည်။

❖ သာသနာတော် ၂၄၁၂ နှစ်၊ သက္ကရာဇ် – ၁၂၃၀ ခုနှစ်၊ တပေါင်းလဆန်း ( ၁၁ ) ရက်၊ (၂၀–၂–၁၈၆၉) စနေနေ့ နံက် (၁၀း၃၀) နာရီတွင် ကုန်းဘောင်မင်းဆက် မင်းတုန်းမင်းတရားကြီးလက်ထက်၌ ဦးသာအေး (ခေါ်) အရှင် "ဘောဘိတ" ဦးစီးနာယက ဆောင်ရွက်တည်တော်မူခဲ့သည်။

❖ ဆက်လက်၍ အရှင်ဦးသာရ၊ ဦးပညာ၊ ဦးဝဏ္ဏ၊ ဦးဓမ္မသာမိ၊ ဦးဖိန၊ ဦးဉာဏဝံသ၊ ဦးညေယျ၊ ဦးဖိန စသည့် ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်၊ နာယကဆရာတော်များနှင့် ခရိုင်သူကြီးသမဂ္ဂ၊ ပြည်နယ်ဦးစီးအဖွဲ့၊ အင်းတော်ကြီးနယ် ခဝတ/မယက၊ ခယက၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးကော်မီတီတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

သမိုင်းမှတ်တမ်း

အင်းတော်ကြီး – မိုးညှင်းမြို့နယ်

# ဘုရားစေတီပုထိုးတည် မွမ်းမံပြုပြင်ရသော အကျိုးထူးများ

–ဒွေနဂုတေ ဣတောကပေ္ပ
ယံ ကမ္မမကရိံ တဒါ။
–ဒုဂ္ဂတိံ နာ ဘိ ဇာနာမိ
သုခါ ပိဏ္ဍသိဒံဖလံ။

## အပါဒါန်ပါဠိ။

**ပါဠိအနက်**။ ။ ကမ္မမကရိံ၊ ပျက်စီးယိုယွင်း အိုမင်းသော ဘုရား၊ စေတီပုထိုး အမျိုးမျိုးသော သရီယဓာတ်ကိန်း အောင်းလပ်သော။ ဂဏ္ဍရဋ္ဌ၊ ဗုဒ္ဓိတန်ဆောင်း အမျိုးပေါင်းတို့ကို။ တဒါ၊ ပြုပြင်မွမ်းမံတည်ကုန်သော။ ယံ၊ အကြင် သူတော်ကောင်း တို့သည်။ ဒွေနဂုတေ၊ ကိုးဆယ်နှစ်သော။ ဣတောဂပေ္ပ၊ ကမ္ဘာတိုင်တိုင်။ ဒုဂ္ဂတိံ၊ ၎ရဲ၊ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လေးသွယ်သော အပါယ် တို့အား။ နာဘိဇာနာမိ၊ မလားမခြောက်ရဘဲ။ ပိဏ္ဍ သိဒံ၊ လူ့ရပ် (သုဂတံ) (ဘုံ နတ်ထံ နိဗ္ဗာန်တိုင်အောင်။ ဖလံ၊ အကျိုးတရားများကို။ သုခါ တိုးပွားစေနိုင် ကြကုန်ရာသတည်း။

**မြန်မာပြန်**။ ။အသစ်(သို့မဟုတ်) ပျက်စီးယိုယွင်း နေသော ဗုဒ္ဓသရီယဓာတ် ကိန်းအောင်းရာ စေတီပုထိုးတို့အား ပြုပြင်မွမ်းမံတည်ဆောက်ခြင်းသည် ၉၂ကမ္ဘာ တိုင်တိုင် အပါယ်

လေးပါးသို့မလားမရောက်ရဘဲ လူနတ်စသော သုဂတိဘဝများ အတွင်း၌သာ စံမြန်းစေရာ၏ ဟူသတည်း။ ။

**ဆက်လက်ဖော်ပြအပ်သည်မှာ–**

အရှင်စက္ကိန္ဒာဘိ သီရိဇေ မဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရညောင်ကန် ဆရာ တော်ဘုရား ရေးသားသော ဒါနဖလုပ္ပတ္တိကျမ်းမှ နန္ဒာရဲခေါင်၏အဆိုတွင်–

လွန်ခဲ့သော(၉၀)ကမ္ဘာထက်၌ သိဒ္ဓတ္ထဘုရားပွင့်တော်မူ၏၊ ပရိနိဗ္ဗာန် ပြုခဲ့သော သရီယဓါတ်တော်ကိုယူ၍ စေတီတည်ထား ဌာပနာပြီး ကိုးကွယ်ကြကုန်၏၊ ကာလကြာမြင့်သော် တောချုံပိတ် ပေါင်း ဖုံးအုပ်ပျက်စီးလာ၏၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဒါယကာတစ်ဦးသည် အားလုံးသုတ်သင်ယိုယွင်းသော ဌာပနာ အဝကို ကျောက်အုပ်တို့ဖြင့် ကောင်းပြုပြင်၏၊ ထိုဒါယကာသည် ဤကောင်းမှုကြောင့် –

(၁) ယခုဘဝ၌ပင် အနာရောဂါမရှိဘဲ အသက်ရှည်စွာ နေလျက်သေလွန် ခဲ့သော် နတ်ပြည်၌ ဖြစ်ရ၏။

(၂) (၉၁)ကမ္ဘာပတ်လုံး ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပယ်လေးဘုံ၌မဖြစ်ရဘဲ နတ်ပြည်၌သာ ကျင်လည်ရ၏။

(၃) ငါတို့ ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင် လူဖြစ်လာပြန်၍ သိကြားလိမ္မာသော အရွယ်သို့ ရောက်သည့်အခါ မြတ်စွာဘုရား၌များစွာကြည်ညို ပြီး ရဟန်းပြုလေ၏။ များမကြာမီ ပရိယတ်၊ ပဋိပတ်

အားထုတ်ပြီး ကိလေသာအာသဝေါကုန်ခမ်းပြီး ရဟန္တာအဖြစ် ရောက်လေ၏။

(၄) ယင်းရဟန္တာ အရှင်မြတ်သည် မိမိပြုခဲ့ဖူးသောကောင်းမှုကို ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့် ပြန်လည် အောက်မေ့ဝမ်းမြောက် ဝမ်းသာ ဖြစ်ပြီး မိမိပြုခဲ့သော ကောင်းမှုအကျိုးကို ပရိသတ်အများတို့အားသိစေလို၍ အောက်ပါ ကထာကို ရွတ်ဆိုဟောကြားတော်မူသည်။

၁။ စတုနဂုတေ ဌာတောကပ္ပေ၊ ယံ ကမ္မမကရိံ တဒါ။
ဒုဂ္ဂတိနာဘိဇာနာမိ၊ ပဋိသင်္ခါ ရဿိဒဖလံ။

ဌာတောကပ္ပေ၊ ဤဘဒ္ဒကမ္ဘာမှ။ စတုနဂုတေကပ္ပေ၊ကိုးဆယ့် လေးကမ္ဘာထက်၌၊ ယံ ကမ္မံ၊ အကြင်ကောင်းမှုကို တဒါ၊ ထိုအခါ၌။ အကရိံ၊ ပြုခဲ့ဖူးပြီး၊ တေနကမ္မေန၊ ထိုကောင်းမှုအားဖြင့်၊ ဒုဂ္ဂတိ၊ အပါယ်လေးပါးကို။ နာဘိဇာနာမိ၊ မသိစဖူး၊ ဌာဒံ၊ ဤသို့ ဖြစ်ခြင်းသည်ကား။ ပဋိသင်္ခါရဿ ဘုရားစေတီပျက် ပြုပြင်သုတ်သင်ရသည်၏။ ဖလံ၊ အကျိုးတည်း။

၂။ ဌာတောဝီသတိ ကပ္ပမှိ၊ ပဋိသင်္ခါရ ပဝရာ။
သတ္တရတန သမ္ပန္နော ၊ တေရသ စက္ကဝတ္တိနော။

ဌာတော– ဤဘဒ္ဒကမ္ဘာမှ။ ဝီသတိကပ္ပမှိ၊ ကမ္ဘာမှ နှစ်ဆယ်ထက်၌။ သင်္ခါရပဝရာ၊ ပဋိသင်္ခါရအမည်ရှိသော၊ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော စက္ကဝတ္တိနော၊ စကြာဝတေးမင်းအဖြစ်တို့သည်။ တေရသ၊ တစ်ဆယ့်သုံးကြိမ်၊ အာသုံးဖြစ်

ကုန်ပြီ၊ ဣဒံ ဤသို့ဖြစ်ခြင်းသည်ကား။ ပဋိသမ္ဘိဒါရသ ဘုရားစေတီပုကျက် သုတ်သင် ရှင်းလင်းပြုပြင်ရသည်၏။ဖလံ၊ အကျိုးတည်း။

၃။ ပဋိသမ္ဘိဒါစ တသော၊ ဝိမောက္ခပိစ အဋ္ဌမေ။
ဆဠာဘိညာ သစ္ဆိကထာ၊ ကတံ ဗုဒ္ဓ သာ
သာသနံ။

စတသော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ၊ ပဋိသမ္ဘိဒါ တို့ကိုလည်းကောင်း၊ အဋ္ဌ၊ ရှစ်ပါးကုန်သော၊ ဝိမောက္ခပိစ၊ ဝိမောက္ခတရား တို့ကိုလည်းကောင်း။ ဆ၊ခြောက်ပါးကုန်သော အဘိညာစ၊ အသိဉာဏ်တို့ကို လည်းကောင်း၊ သစ္ဆိကတော၊ မျက်မှောက် ပြုရကုန်၏။ ဗုဒ္ဓသာ၊ ဘုရားရှင်၏၊ သာသနံ၊ သာသနာတော်ကို၊ ကတံ၊ လိုက်နာပြုအပ်လေ ပြီ။ ဣဒံ၊ ဤသို့ ပဋိ သမ္ဘိဒါရသ၊ ဘုရားစေတီပုကျက်သုတ်သင်ရှင်းလင်းပြုပြင်ရသည်၏။ ဖလံ၊ အကျိုးတည်း။

ဤသို့ ရှေးဟောင်းဘုရားစေတီပုကျက်များကို ပြုပြင်ရန် ရရှိသော အခွင့်အလမ်းသည် လူအဖြစ်ရမှသာလျှင် ပြုပြင်နိုင်ပါသည်။ လူအဖြစ်မရက မပြုပြင်တဖန် လူဖြစ်တုန်းလည်း စေတနာသဒ္ဓါတရား ထက်သန်သူ သူတော်စင်၊ သူတော်မြတ်များ ဖြစ်မှသာလျှင် ပြုပြင်နိုင်ပါသည်။ လူအဖြစ်ရရှိခြင်းသည် အလွန်မွန်မြတ်လှပါသည်။ ရှေးဟောင်းဘုရားစေတီပုကျက် များကို ပြုပြင်သဖြင့် အပါယ်လေးဘုံသို့ မလားနိုင်ကြောင်း ဖော်ပြအပ်ပါသတည်း။ ။

## ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား) ပူဇော်ဝန္ဒနာ

### တေးကဗျာများ

ဝန္ဒနာ

ရွှေမဥ္ဇူ

ငါးဆူမြတ်ဓာတ်တော်

ဝန္ဒပူဇော်

ဝိန္တိနော်

တေဇော်ကအံ့ချီး။

လတပေါင်းဆန်းရက်ပွဲတော်နှင့် ခါတော်မှီ

ပူဇော်မြဲကြစို့ နွဲကြပွဲကြီး

**လူ့လမ်းနတ်လမ်းဆုံရာ**

ရွှေမဥ္ဇူ ဇမ္ဗူဝယ်ကျော်ကြား အင်းလယ်ရေမှာအချေ

စံတော်မူပေ။

မြတ်ဗုဒ္ဓေ

စိန္တေမြတ်မြသား

သဲသောင်စွယ်နှစ်သွယ်တဲ့ လူ့နတ်လမ်းဆီသို့

လျှောက်လှမ်းကာ

စေတီဦးဝယ် ဖူးစို့ဘုရား။ ။

## ရွှေမဋ္ဌုစေတီတော်(ရေလယ်ဘုရား) ပူဇော်နှနာ

## တေးကဗျာများ

သွေးချင်းများဆိုရာ။

အင်းတော်ကြီး
နယ်စုံခရီးမှ ဝေးနီးသွေးချင်း။
ဆုံစည်းလာ
ပွဲတော်မှာ ဘုရားဖူးလို့
ဆုထူးပန်ရင်း။ ။

### သုံးလောကဥဿျှောင်

ရွှေမဋ္ဌု မြန်ဇမ္ဗူကျော်တဲ့
နတ်လူပြဟ္မာတလီ ဦးခိုက်ဝတ်ချီ
အင်းဌာနီ ရေလယ်ကစေတီပွဲ
လတပေါင်း စဉ်မလွဲအောင်ကို
ဆင်နွဲကြမြဲ။

## ဘွဲ့တေးထပ်

- အင်းတော်ကြီး အိုင်မဟာဒေသ ဝေဆာအလှ နေ့ခင်းသာ၊လပမာသမျှ အသရေလင်းဖြာသည်။ ရွှေမဋ္ဌုခေါ်စေတီကြီး။

- အဓိက မှတ်စရာ ဘုရားတည်  သက္ကရာဇ်က တစ်ထောင့်နှစ်ရာ့သုံးသုံညှ ခုချိန်ခါဝယ် တည်ထား ကာ ဦးသောဘိတထေရ်ကြီး။
- စေတီမဟာရပ်တိုင်းကျော်သည်၊ တန်ခိုးအမော် အံ့ပချီး။
- ကျော်စောတော်မူ ဂုဏ်မြင့်ဟီးသမို့။ အင်းတော်ကြီး ဝင်းပလရောင်။
- ဒေသအမော် ကျော်တစ်ပါး။ ရွှေတိဂုံလား ကျော်ကြားမြန်ပြည်ဘောင်။
- ရှေးအတိသေကာလ မြတ်ဗုဒ္ဓဗျာဒိတ်က၊ သရီယခေတ်ကိန်းစေတီဝယ်။ သမိုင်းထုပ်ချီ ဤသာသနာမြင့်လို့ ရှည်ကြာသဖြင့် စည်ပြန့်ဝေလို့ဆာ တည်တံ့စေဖို့ရာ။
- ရွှေမဥ္ဇူ(ရေလယ်)မစေတီကို၊ ဦးသာအေးခေါ် တည်ခဲ့သည်တဲ့လေး။
- စနစ်များတကယ်မိ အသစ်အား ကြွယ်ဘိ တစ်ရာ့ ခြောက် လေးပြည့် စေတီအရံကို မသေ့နောင်ခါ ဆက်တည်ခဲ့ပြီ တည့်လေး။
- ထုံးမှန်ရွှေစိန်ဆင့်  တဖျတ်ဖျတ်ထိန်တင့် တလျှပ်လျှပ် ရှိန်မြင့် တပေါင်းမိန်(လ)ခါဝယ်၊ ပွဲတော်မဟာ ဆင်နွှဲ မပြတ်တည့်လေး။ ။

## ပွဲတော်နှင့်လှေပြိုင်ပွဲ

ရေပွဲသဘင် ဆင်ယင်ကျင်း
လှေလောင်းပြိုင်ပွဲခင်း။
　　ရွှေမဉ္ဇူပွဲခင်းက ဆူဆူညံ
　　လက်ခုတ်သြဘာသံ။
အနိုင်မခံ မရှုံးမပေး
အားမန်လုံးလမွေး။
　　သွေးစည်းမပျက် ယှဉ်ကာပြိုင်
　　တက်ညီလက်ညီမြိုင်။
တို့ပြိုင်ဆိုင် နှစ်စဉ်နွှဲ
အင်းရပ်ဌာနေပွဲ။

## လှူနက်ပူဇော်

မြတ်ဗုဒ္ဓါ
　ပူဇာဝန္ဒနာပ
　　ဇေယျာတင့်ဖြိုး။
ရွှေမဉ္ဇူ
　ရေလယ်မြန်ဇမ္ဗူက
　　များနတ်လှူကိုး။

## ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)ပူဇော်ဝန္ဒနာ တေးကဗျာများ

### တပေါင်းလဘုရားပွဲတော်

ရွှေမဥ္ဇူ
ကျော်ဟိန်းကာ ဇမ္ဗူမှ
နတ်လူဖူးမြဲ။
တပေါင်းမှာ
ဆင်နွှဲစဉ်အလာက
ပူဇနာပွဲ။
အင်းလယ်စံနေ မြတ်ဗုဒ္ဓေ
ရွှေမဥ္ဇူ
ငါးဆူမြတ်စိန္တေ
ရေလယ်ဌာနေ။
ပရပေ
ဗုဒ္ဓမြတ်ကိန်းအောင်း
အင်းတော်ကြီး ကျော်ဇေယျာနှင့်
နှစ်အစဉ်ပွဲတော်သာကိုရယ်
လာကြတပေါင်း။ ။

### အောင်ဆုပန်

အင်းတော်ကြီးလယ်က အံ့ချီးရယ်တဲ့ သဃမ္ဘူ။
ရွှေမဥ္ဇူ ဇမ္ဗူညာအကြေနှင့်

## (၁၀) အင်းတော်ကြီးနှင့်သိသင့်ဖွယ်ရာများ

ဖူးပါလေဘာသာထုံးကို
ဘုန်းမြတ်တစ်ဆူ။

ပွဲတော်မူ ကုန်တန်ဆောင်းကိုလ
တပေါင်းဆန်းမှာကွယ်
တကယ်ပဆင်နွှဲ။

ပွဲတော်သာ
လူနတ်လမ်းသဲသောင်မှာဖြင့်
ကြည်သဒ္ဒါ တကိုယ်ရုံးသော်မှ
ဤပွဲမှာ ဆုတော်ပန်ရင်ဖြင့်
ဗောဓိဉာဏ်ပန်ဆုဦးဝယ်
မွန်မြတ်ထူးကဲ။ ။

နေလင်း
အင်းတော်ကြီး
ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့။

# (နိဒါန်း)

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

**စိရံတိဋ္ဌတု သဒ္ဓမ္မော။** ။ သဒ္ဓမ္မော သီလ သမာ ပညာ စကား ကျင့်တရားတို့သည်။ စိရံ ငါးထောင်သာသနာ ရှည်ကြာသမျှ ကာလ ပတ်လုံး၊ တိဋ္ဌတု မယိမ်းမယိုင် ကျောက်မဏ္ဍိုင် သို့ ခိုင်ခိုင်ခံ့ခံ့ တည်တံ့တော် မူပါစေသတည်း။

''ပဥ္စဂုဏာံ အဟာံ ဝန္ဒာမိ''

ဇေယျတု သဗ္ဗမင်္ဂလံ

**သမိုင်း။** ။သမိုင်းဟူသည် သက္ကဋ(ပါဠိ)ဘာသာအရ ဣတိဟာသဟူ၍ဆို၏။ မြန်မာဘာသာအဆိုအရ သိသမျှမှတ်သမျှ သတိရသော အကြောင်းအရာ များကို အစဉ်အဆက်မှတ်သားရ လွယ်ကူစေရန် မှတ်တမ်းတစ်ရပ် ရေးမှတ် တည်ရစ်သည်ဟူ၍ အဓိပ္ပါယ်ရ၏။ အကြောင်းခြင်းရာတစ်ခုခုကို (ကျောက်စာ၊ ပေစာ၊ စက္ကူစာစသည့် အမှတ်အသားတစ်စုစုဖြင့် စာကမ္ပည်းရေးထိုး) မှတ်သားအပ်သည်ကို သမိုင်းဟူ၍ ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် စေတီပုထိုး၊ တာရိုးဘုရား၊ တံတား၊ ဂူကျောင်း၊ တန်ဆောင်း ပြာသဒ် ဇရပ်သုဓမ္မာ၊ သာလာဓမ္မ၊ တဝရေတွင်း မယွင်းပြည်ရွာတဖြာပုဂ္ဂိုလ်ထူး၊ ကြောင်းထူးအံ့ရာ အဖြာဖြာတို့နှင့် စပ်လျဉ်း၍ (စကားပြော စကားပြင် စကားပြေ ပျို့လင်္ကာ စသည် တို့ဖြင့် သီကုံးကာ)ရေးသားတင်ပြ မှတ်တမ်းမှတ် ထားအပ်သည်ကို သမိုင်းဟူ၍ ခေါ်ဆိုသည်။

သမိုင်းဆိုသည်မှာသံပိုင်းနှင့်သဘောချင်းတူ၍သံပိုင်းမှ သမ္ပိုင်း၊ ထိုမှတစ်ဆင့် သမိုင်းဖြစ်လာသည်ဟု သုတေသီများက အဆိုအမိန့်ရှိလေသည်။

**အထုပ္ပတ္တိ**။ ။အထုပ္ပတ္တိဟူသည် လူပုဂ္ဂိုလ်(ဝါ) အခြားတစ်မျိုးမျိုး သော အကြောင်းအရာများဖြစ်လေသည်။

**ထေရုပ္ပတ္တိ**။ ။ထေရုပ္ပတ္တိ ဟူသည် ရဟန်းတစ်ပါး(ဝါ) ရဟန်းမထေရ်ကျော် ဆရာတော်တစ်ပါးပါး၏ အကြောင်းအရာများ ဖြစ်လေသည်။

**ဂန္ထဝင်**။ ။ဂန္ထဝင်ဟူသည် အကြောင်းအချက်တစ်ခုခုကို ရေးဖွဲ့သီကုံးရာ၌ ရသမြောက်၍ရှည်လျားထူးခြားသော မှတ်သား ဖွယ်ရာ စာအုပ်၊ စာတမ်း၊ မှတ်တမ်းများ ဖြစ်လေသည်။

**ရာဇဝင်**။ ။ရာဇဝင်ဟူသည် ရာဇပုံ ရာဇ ကထာ ရာဇဝံသ စသည်တို့သည် (ပါဠိ ဘာသာမှဆင်းသက်၍) ရာဇဝင်ဖြစ်လာလည်ဟူ၍ဆို၏။ ရာဇဝင်ဆိုသည်(မြန်မာဘာသာ အဆိုအရ)အနွယ်တူမင်းဆက် ''ဘာသာဗေဒ'' (ဝါ) မင်းစဉ် မင်းဆက်၏ အကြောင်းအရာဟူ၍ အဓိပ္ပါယ်ရ၏။ ထိုမှတစ်ပါး ကျောက်စာ၊ ကြေးသံ၊ အုတ်ခဲစသည်တို့ဖြင့် ဝတ္ထုသက်သေခံ ရှိသော (အရာဝတ္ထုဖြင့် ပြုလုပ်အပ်သည်ကို သဝတ္ထုက ရာဇဝင်မည်သည့် ဝတ္ထု သက်သေခံမျှ မရှိသည်ကို အဝတ္ထုက ရာဇဝင်ဟူ၍ဆို၏(ဝါ) အရပ်သုံးစကားအရ ပါးစပ်ရာဇဝင်ဟူ၍လည်း ခေါ်တွင်၏။

တစ်နည်းအားဖြင့်(၁) မင်းစဉ်မင်းဆက်မပြတ် အစဉ်အတိုင်း ပြဆိုသော ဗန္ဓရာဇဝင်။ (၂)မင်းစဉ်မင်းဆက်ပြတ်၍ (ငါ့တစ်ပါး)

သို့မဟုတ် မင်းမဲ့ဖြစ်၍လပ်သော ခဏ္ဍာရာဇဝင်။ (၃) မင်းစဉ်မင်းဆက် အစ (ဝါ)အစအဆုံး(ဝါ) အလယ်မှမင်း တစ်ပါးပါး အမည်မျှသာ ဖော်ပြသော ဒီပကရာဇဝင်ဟူ၍ ဖြစ်လေသည်။

**ဗုဒ္ဓဝင်**။ ။ဗုဒ္ဓဝင်ဟူသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဖြစ်ရပ်တော်ပေါင်း (မြတ်စွာဘုရား၏ အကြောင်းအရာ) ဖြစ်လေ သည်။

**မော်ကွန်း**။ ။မော်ကွန်းဟူသည် အကြောင်းအချက် တစ်ရပ်ရပ်ကို အိမ်၊ တိုက်၊ (အဆောက်အအုံ)နှင့်ထားသော ကျောက် စာတိုင်၊ ကျောက်စာချပ်၊ စာမှတ်တမ်းတင် ထိန်းသိမ်းထားခြင်းဟူ၍ အဓိပ္ပါယ်ရလေသည်။

**သိုက်**။ ။သိုက်ဟူသည် ဗုဒ္ဓဆိုင်ရာ(ဘုရား)သိုက်နှင့် လောကီရေးရာ သိုက်အဖြာဖြာတို့ ဖြစ်လေသည်။ သိုက်ဆိုသည် သုတိ(ပါဠိ)ဘာသာမှ ဆင်းသက် လာ၏။ သုတိ''သိုက်''မှ သိုက်နှင့် ဖြစ်လာသည်ဟု သုတေသီများ အဆိုရှိလေ သည်။

ဤသို့လျှင် သမိုင်း၊အထုပ္ပတ္တိ၊ ထေရုပ္ပတ္တိ၊ဂန္ထဝင်၊ရာဇဝင်၊ ဗုဒ္ဓဝင်၊ မော်ကွန်း၊သိုက် စသည်တို့၏ အကြောင်းအဓိပ္ပါယ် အကျဉ်း မျှသာဖြစ်၏။

သမိုင်းဆိုသည် သမိုင်းကိုနမူနာပြသင်ခန်းစာအဖြစ် မလေ့လာသမျှ ပုံဝတ္ထုသဖွယ်သာဖြစ်သည်။ သမိုင်းဆိုင်ရာ တိကျ မှန်ကန်မှုဟူသည် ကြေးမုံပြင်ကဲ့သို့ အရာဝတ္ထု တစ်ခုခုကို ထင်ဟပ်ရုံ သာမက တရားသူကြီးတစ်ဦးကဲ့သို့ မြင်ကြားရ ဆုံးဖြတ်ကြရသည်။

သမိုင်း ဆိုင်ရာ အဖြေများရှာဖွေရာတွင် အငြင်းပွားမှုလမ်းကြောင်းကို ဖြတ်သန်းကြရသည်။ အငြင်းပွားမှုဒဏ်ကို ခံခဲ့ရသော သမိုင်း အဖြေများသာလျှင် ပိုမိုခိုင်လုံသော အဖြေများဖြစ်ကြသည်ဟူ၍ သမိုင်းဆိုင်ရာသုတေသီများ အဆိုရှိ၏။

အတိတ်ကာလ သမိုင်းအကြောင်းအရာ အချို့သည် မှန်ကန်စွာတည်ရှိရာတွင် ပစ္စုပ္ပန်နှင့်အနာဂတ်၌ သမိုင်းဆိုင်ရာ အဖြေ မှန်တို့နှင့်ဆန့်ကျင်သော တွေ့မြင် တွေးခေါ်နိုင်သည်။ အဖြေမှန် အတိုင်းလည်း မြင်တွေ့တွေးခေါ်နိုင်၏၊ ထို့ကြောင့် မတူညီသော မြင်တွေ့ တွေးခေါ်မြော်မြင်ရာမှ ရရှိသည့်အဖြေများအပေါ် မတူညီ သော အပြောအဆိုမှ အငြင်းပွားမှုများဖြစ်ကြ၏။ ဥပမာ ပုဂံရာဇဝင် ပြောလျှင် တုတ်၊ ဓားထမ်းပြီး ပြောရသည်ဟူသော ဆိုရိုး ရှိကြသည်။ ပုဂံရာဇဝင်သာလျှင် မဟုတ်ဘဲ အခြားသမိုင်းအကြောင်းအရာ ပြော လျှင်လည်း အငြင်းပွားမှုလမ်းကြောင်းမှ ဖြတ်သန်းကြရစမြဲ၊ ငြင်းခုံ ကြရစမြဲပင်ဖြစ်သည်။ အမှန်စင်စစ် ပကတိဖြစ်ရပ်မှန် အတိုင်း တူညီ သော အမြင် တူညီသောတွေးခေါ်မြော်မြင်ရအပ်သော အဖြေမှန်ကို တူညီစွာပေါင်းစပ်နိုင်ပါက အငြင်းပွားမှုလမ်းကြောင်းမှ ကင်းဝေးနိုင် သည်သာဖြစ်သည်။

သို့ရာတွင် ယခုမျက်မှောက်ကာလ သမိုင်းအဖြစ် သမိုင်း အဖြေများသည်ကား မျက်မှောက်ကာလမှာပင် မှန်ကန်စွာ မြင်ရ တွေ့ရ တွေးခေါ်နိုင်ရသဖြင့် မည်သည့်အငြင်းပွားစရာများ မရှိနိုင် ပါပေ၊ ပကတိဖြစ်ရပ်မှန်အတိုင်း အဖြေ မှန်ကန်စွာ မြင်တွေ့ တွေး တောသဖြင့် ဖြစ်၏။

ယခုရေးသား(မှတ်တမ်းတင်)အပ်သော ဤသမိုင်းစာတစ်စောင်သည် အကြောင်းအချက်ဖြစ်ရပ်မှန်တို့မှ အဖြေမှန်ဖြစ်ရေးကို ကြိုးစားဆောင်ရွက်ကြသည်။ ဖြစ်တည်ဆင်းသက်လာသည့် (ပကတိမူရင်းအချက်)ဖြစ်ရပ်အတိုင်း အဖြေမှန်စွာ ညှိနှိုင်းစိစစ်၍ အတည်ပြုကြသည်။ ကိုးကားသော ကျမ်းစာ(ကျမ်းကြီးကျမ်းခိုင်)တို့မှ အထောက်အထားတို့ကိုစိစစ်တိုက် ဆိုင်ပြီး တိကျသော (အဖြစ်အဖြေ) အမှန်ကို ရှာဖွေစုဆောင်း မှတ်တမ်းတင် အတည်ပြုခဲ့သည်။ ယုံကြည်စိတ်ချရဆုံးသော အထောက်အထားခိုင်လုံမှုအရှိဆုံးသော သမိုင်းစာတစ်စောင် ဖြစ်လိမ့်မည်ဟု ယုံကြည်၏။

ဤသမိုင်းစာစောင် ရေးသားတင်ပြရာ၌ ထာဝရမမေ့အပ်သော ရေး သမိုင်းရေး ဆရာ (အာစရိယ) များကို အစဉ်အဆက် မှတ်သားရစေရန် ထည့်သွင်းဖော်ပြလိုက်ပါသည်။ အင်းတော်ကြီး သမိုင်း၊ ရွှေမဥ္ဇူစေတီတော် သမိုင်း တို့ကို ရေးသားမှတ်တမ်းတင်ခဲ့ကြပါသော စာရေးဆရာများဖြစ်ကြပါသည်။

မြန်မာသက္ကရာဇ်(၁၂၃၄-ခု)တွင် ဦးဝဏ္ဏ(ဂိုဏ်းအုပ်ဆရာတော် အင်းတော်ကြီး လောဆွန့်ကျောင်း) ရေး ''ရှမ်းဘာသာစာပေမူ'' (၁၂၈၃ခု) တွင် ဦးအာလောက(နန့်မွန်း ကျောင်းရေး) ''ရှမ်းဘာသာ''(မြန်မာပြန်ချက်)စာမူ ဦးစောလုံ(ကျောက်စိမ်းတွင်းမှော် အုပ်မ ပြင်ရွာ)ရေး ကချင်ဘာသာစာမူ၊ ဦးဥတ္တမသ (ရွှေတွင်းကျောင်း)ရေး ''မြန်မာစာမူ''၊ ဦးကြာသူ (တောရဆရာတော်) ရေး ''မြန်မာစာမူ''၊ (၁၃၁၁ခုနှစ်)ခန့်တွင် ဦးသာဇံ(လွဲမွန်ရွာ)ရေး ''ရှမ်းဘာသာ (မြန်မာပြန်ချက်)စာမူ'' (၁၃၁၂ခုနှစ်)တွင်

ဦးသိန်းညွန့်(နန့်မွန်းအင်းတော်ကြီး)ရေး ''မြန်မာပုံနှိပ်မှု'' (၁၃၁၃ခုနှစ်)တွင် ဦးကံဆက် (မြသီတာဟိုပင်) ရေး''မြန်မာပုံနှိပ်မှု'' (၁၃၃၀ခုနှစ်)တွင် ဦးဥတ္တမဝံသ(နာယကဆရာတော် အင်းတော်ကြီး) ရေး'' မြန်မာပုံနှိပ်မှု'' စသည်တို့အား ရေးသားတင်ပြခဲ့လေသည်။

ရှေးသမိုင်းရေးဆရာ(အာစရိယ)တို့၏ ရှေးစာမူအသီးသီးတို့အနက် ရှမ်းဘာသာ စာမူ၊ ရှမ်းဘာသာ(မြန်မာပြန်ချက်)စာမူ၊ ကချင်ဘာသာစာမူ စသည်တို့ကား တိမ်ကောပျောက်ပျက်ပြီး ဖြစ်လေ၏။ မြန်မာပုံနှိပ်မှု(၃)မူ (၃)စောင်သာလျှင် ယနေ့တိုင်တည်ရှိနေလေသည်။

ဤသမိုင်းစာစောင်သည် ထိုအဆက်ဆက်သော ရှေးသမိုင်းစာ (မူရင်း အချက်အလက်)တို့မှ ကိုးကားသော ကျမ်းစာအထောက်အထား တို့ဖြင့် မကျဉ်းမကျယ် အဓိပ္ပါယ်တို့အား မြန်မာစကားပြေ၊ မြန်မာစကားပြေ (အများ ဖတ်သိသော)နည်းဖြင့် ရေးသားတင်ပြရာ၌ဝါကျအချိတ်အဆက်မမိမှု၊ အသုံးအနှုန်း အထားအသိုများစသော ချို့ယွင်းချက်များ ပါရှိကောင်းပါရှိနိုင်ပေရာ ထိုချို့ယွင်းချက် များကို အပြစ်တင်ရန် ကြိုးစားခြင်းမပြုမူ၍ မိမိတို့ဉာဏ်သက်သလို ဉာဏ်မီ သလိုသာ ဖတ်ရှုကြပါရန် ပန်ကြားရင်း ဤအင်းတော်ကြီး ရွှေမဥ္ဇူ စေတီတော်နှင့် ဘုရားသမိုင်းပေါင်းချုပ်ကို သုတေသီ များလေ့လာမှတ်သားနိုင်ရန် ရည်စိတ်သန် ဆန္ဒပြုရင်း ရှာဖွေစုဆောင်းရေးသားအပ်ပေသတည်း။

ဣစ္ဆိတံ၊ သုခိပရ အတ္တာနံ၊ အဝေရာဟောထ။

နေလင်း (အင်းတော်ကြီး)
ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့

# အင်းတော်ကြီး

**တည်နေရာ။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော် (ကမ္ဘာ့) မြေပုံ အရ အရှေ့လောင်ဂျီတွဒ် (၉၆° ၂၃°နှင့် ၉၇°)ကြားတွင် လည်း ကောင်း၊ မြောက်လတ္တီတွဒ် (၂၅°နှင့် ၂၆°)ကြားတွင် လည်းကောင်း၊ မြန်မာနိုင်ငံ(အထက်)မြောက်ပိုင်း (ကချင်ပြည်နယ် မိုးညှင်း မြို့နယ်) တွင် တည်ရှိနေသည်။

**အကျယ်အဝန်း။** ။အင်းတော်ကြီး အင်း(အိုင်)သည် ယေဘူယျ ခေါ်ဝေါ်အဆိုပြုကြသည့် အကျယ်အဝန်းပမာဏမှာ အလျား ၁၆မိုင်၊ အနံ ၅စ်မိုင်ရှိသည်ဟူ၍ဆိုကြ၏၊ သို့ရာတွင် ပြည်ထောင်စု မြန်မာ နိုင်ငံ(မြန်မာ့စွယ်စုံကျမ်း)၌ အကြီးဆုံးဖြစ်သော အင်းသည် အလျား ၁၄မိုင် အနံ ၇မိုင်ရှိ အင်းတော်ကြီးအိုင်သည် မိုးကောင်း ချောင်းဖျား ခံရာ၌ရှိပေသည်ဟူ၍ဆိုလေသည်။ အင်း(အိုင်) ရေပြင်သည် စတုရန်း မိုင်၁၀၀ခန့်မျှရှိလေ၏။ အင်း(အိုင်)၏ ဘေးပတ်လည် အရှေ့ဘက်တွင် မိုးကောင်းမြို့နယ်အထိ၊ အရှေ့တောင်ဘက်တွင် ဟိုပင်–မိုးညှင်း ကကျော်တောင်ကြားအထိ၊ တောင်ဘက်တွင် စစ်ကိုင်းတိုင်း၊ (ဟုမ္မလင်းမြို့နယ်) မံစီကြီးအထိ၊ အနောက်ဘက်၊မြောက်ဘက်တွင် (ဟုမ္မလင်း၊ ဖန်းမောက်မြို့နယ်) ကာမိုင်းမြို့နယ်အထိ အကျယ်အဝန်း ဧရိယာစတုရန်းမိုင်(          )ခန့်ရှိအဝန်းတစ်ခုလုံးကို အင်းတော်ကြီး ဒေသဟူ၍လည်းကောင်း၊ မိုးညှင်းမြို့နယ်၏ နယ်မြေအမှတ်(၅) ဒေသဟူ၍လည်းကောင်း အသိအမှတ်ပြု ခေါ်တွင်လေသည်။

**သမိုင်းကြောင်း။** ။သက္ကရာဇ်သမိုင်း၌ မဟာသက္ကရာဇ် သာသနာသက္ကရာဇ် ကောဇာ(မြန်မာ)သက္ကရာဇ်နှင့် ခရစ်သက္ကရာဇ်ဟူ၍ ပါရှိပါသည်။ ခရစ်သက္ကရာဇ်တွင် ဘီစီ၊ အေဒီ ဟူ၍လည်းရှိပါသည်။ သမိုင်းတစ်လျှောက်လုံး၌ (သာသနာနှင့် ခရစ်မှလွဲ၍) သက္ကရာဇ်ကို အကြိမ်ကြိမ်ဖြိုခဲ့ကြသည်။ အင်းတော် ကြီးသမိုင်း၏ သက္ကရာဇ်သည် မည်သည့်သက္ကရာဇ်ဖြစ်သည်ကို ဆက်စပ်စီစစ်ရန် လိုနေပါသည်။ သာသနာသက္ကရာဇ်ဟူ၍ အထောက်အထားခိုင်လုံလျှင် ဘီစီနှစ်နှောင်းကာလဖြစ်နိုင် လေသည်။ ကောဇာ(မြန်မာ)သက္ကရာဇ်ဖြစ်မူကား အေဒီခရစ်နှစ် အတွင်းသာ ဖြစ်နိုင်လေသည်။

သမိုင်းသုကေသီများသည် ကမ္ပည်းများ၊ စေတီဘုရားအစိတ်အပိုင်းများ၊ သချိုင်းများ၊ လူသုံးအိုးခွက်ပန်းကန် ရတနာများနှင့်ငှက်အရိုးများပင် သမိုင်း၏အထောက်အထားကို ဖြစ်စေနိုင်သည်။ ယင်းတို့ကို ရေဒီယို ကာဗွန်နည်း အဆင့်ဆင့်ဖြင့် သမိုင်း၏သက်တမ်းကို ခန့်မှန်းနိုင်ပေသည်။

အင်းတော်ကြီး၏ များစွာသောဒဏ္ဍာရီနှင့် စာပေအထောက်အထားတို့သည် စည်ခမ်းမြို့တော်ကြီး၏သမိုင်းကို ပြောပြနေသော အထောက်အထားများဖြစ်ကြလေသည်။

မြန်မာသက္ကရာဇ်(မှ)သာသနာသက္ကရာဇ်(မှာ) (၃၆၀)ခုနှစ်၊ ဘီစီ ၁၈၄(မှ)ခန့်တွင် ဘောဂဝတီ နဂါးပြည်မှ နတ်နဂါးများ လာရောက်ပြီး (အိုးသစ်၊ အိမ်သစ်) အင်းအိုင်ဖွဲ့ခဲ့ကြသည်ဆိုသော အချက်သည် အင်းတော်ကြီး ရေးသမိုင်းအရ ခိုင်လုံစွာရေးဆိုတင်ပြ

ထားလေသည်။ နောင်တွင်လည်း သမိုင်းတွင်ရစ်မည့်သာဖြစ်၏ (အင်းတော်ကြီးသမိုင်းတွင်ရှု) သို့ရာတွင် အတိတ်ကာလ နှစ်ကြာမြင့်ခဲ့ပြီးသော သဘာဝတောတောင်ရေမြေတို့၏ ဖောက်ပြန်ပြောင်းလဲသော သဘောသဘာဝအလျောက် ဖြစ်ပေါ်တည်လာသော အင်းကြီး (အိုင်ကြီး)ဖြစ်ပေသလောဟူသော မျက်မှောက်ကာလ တွေးခေါ်မြော်မြင်ရေး(သမိုင်းဗေဒကိုဆန့်ကျင်၍) ယုတ္တိဗေဒပညာရှင်တစ်ချို့ကဆိုလေသည်။ (သမိုင်းဆိုသည် အငြင်းပွားမှု လမ်းကြောင်းကို ဖြတ်သန်းလာစမြဲပင်တည်း) အမှန်စင်စစ် သမိုင်းဗေဒသမိုင်းနည်းအရသော်လည်းကောင်း၊ သဘာဝတောတောင်ရေမြေတို့၏ ဖြစ်ဟန်၊ပျက်ဟန်ပြောင်းလွဲဟန်အရသော်လည်းကောင်း၊ တစ်ကယ်လျှင် အဆန်းတကျယ်အံ့ကြဖွယ်ဖြစ်ပေရာ သိပ္ပံနည်းကျ သုတေသနပြုစေကာမူ စူးစမ်းလေ့လာ၍ မကုန်နိုင်အောင် ကျယ်ဝန်းနက်နဲလှ၏။ ဤတောတောင်တို့၏အလယ်တွင် အင်းကြီး (အိုင်ကြီး) စတင်ဖြစ်ပေါ်တည်ရှိလာဟန်မှာလည်း အမျိုးမျိုးတွေးတောကြံဆ ဖွယ်ပင်ဖြစ်တော့၏။

ယင်းသို့သော တွေးတောကြံဆဖွယ်ရာ ဤအင်း ဤအိုင်၏ အလယ်တွင် ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား) တည်ထားခဲ့သည်ကိုလည်း မြန်မာနိုင်ငံ အထက်ပိုင်း ကချင်ပြည်နယ် (ပြည်နယ်ဂေဇက်ဝင်)စေတီတော်ဘုရားတွင် ထင်ပေါ်ကျော်စော(တန်ခိုးကြီး) သော စေတီတော်ဘုရားတစ်ဆူဖြစ်၏။

(မှ)။ **မြန်မာသက္ကရာဇ်**။ ။ဂေါတမဘုရားရှင်၏ ဘိုးတော် (သီရိမဟာ မာယာဒေဝီ၏ ခမည်းတော်)ဒေဝဒဟာပြည့်ရှင်

ဘုရင်အဇ္ဇနမင်းကြီးသည် မိမိလက်ထဲ၌ ရောက်ဆဲဖြစ်သော သက္ကရာဇ် (၈၆၄၉) ရှစ်ထောင့်ခြောက်ရာ လေးဆယ်ကိုးခုကို ထိုနှစ်တပေါင်းလကွယ် စနေနေ့အထိ ဖြိုပြီးလျှင် တန်ခူးလဆန်း(၁)ရက် တနင်္ဂနွေနေ့ကို အစပြု၍ သက္ကရာဇ်(၁)ခုထားလေသည်။ ထိုသက္ကရာဇ်ကို မဟာသက္ကရာဇ်ဟုခေါ်သည်။ ဘိုးတော်အဇ္ဇနမင်းကြီး ဖြိုခွင်းပြီးနောက် ထိုသက္ကရာဇ်(၁)ခုမှစ၍ အစဉ်အတိုင်း ရေတွက်လာခဲ့ရာ မဟာသက္ကရာဇ်(၁၄၈) ခုနှစ်သို့ ရောက်သောအခါ ဂေါတမ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်။ ထိုပရိနိဗ္ဗာန်စံတော်မူရာ၌ ထိုသက္ကရာဇ် (၁၄၈)ခုကို ရာဇဗြိုဟ် ပြည့်ရှင် ဘုရင်အဇာတသတ်က ဖြိုခွင်းပြီးလျှင် သက္ကရာဇ်ကို သာသနာနှစ်နှင့်အတူ (၁)ခုကြွင်းထားခဲ့လေသည်။ ထို(၁)ခုနှစ်မှစ၍ အစဉ်အတိုင်း ရေတွက်ခဲ့ပြန်ရာ သက္ကရာဇ်(၆၂၄)ခုသို့ ရောက်သောအခါ သရေခေတ္တရာမင်းဆက် သုမုန္ဒရီမင်းကြီးက ထိုသက္ကရာဇ် (၆၂၄)ခုကို (ဒေါဒေါရသ)ကိန်းဖြင့် ဖြိုခွင်းပြီးလျှင် အကြွင်း(၂)ခု ထားခဲ့ပြန်သည်။ တဖန် ထို(၂)ခုမှစ၍ အစဉ်အတိုင်း ရေတွက်ခဲ့ပြန်ရာ သက္ကရာဇ် (၅၆၂)ခုသို့ ရောက်သောအခါ ပုဂံမင်းဆက် (ပါပစုတ်သားမင်းတရား)ခေါ် ပုပ္ပါးစောရဟန်းက ထိုသက္ကရာဇ်(၅၆၂)ခု ကို (ခဆပဋ္ဌ)ကိန်းဖြင့်ဖြိုခွင်း၍ အကြွင်း(၂)ခု ထားခဲ့ပြန်သည်။ ထိုသက္ကရာဇ်(၈၀၀)ပြည့်နှစ်တွင် မိုးညှင်းမင်းတရားသည် ဗေဒင်ပညာရှိတို့၏ လျှောက်ထားချက်ကြောင့် သက္ကရာဇ်(၇၉၈)ကိုဖြို၍ သက္ကရာဇ်ကို(၂)ဟု ကိန်းသစ်ထားလေသည်။ သို့သော် ထိုသက္ကရာဇ်ကို ပြည်သူတို့မလိုက်နာဘဲ ခဆပဋ္ဌကိန်းသက္ကရာဇ်ကိုသာ

ယနေ့တိုင် ရေတွက်ကြလေသည်။ ယခုကျွန်ုပ်တို့ အသုံးပြုနေသော သက္ကရာဇ်သည် ထို(ခဆပဥ္စ)ကိန်း(၂)ခုမှစ၍ အစဉ်အတိုင်း ရေတွက်လာခဲ့သော သက္ကရာဇ် (မြန်မာသက္ကရာဇ်)ဖြစ်သည်။

**(မ္ဘာ)သာသနာသက္ကရာဇ်။** ။မဟာသက္ကရာဇ်(၁၄၈)ခုနှစ်သို့ရောက်သောအခါဂေါတမဘုရားရှင်သည်ပရိနိဗ္ဗာန်စံတော်မူသည်။ သာသနာတော် အနှစ် (၅၀၀၀)ကိုလည်း ထားတော်မူခဲ့၏။ ထိုမဟာသက္ကရာဇ် (၁၄၈)ခုကို ရာဇဗြိုဟ် ပြည့်ရှင်ဘုရင်အဇာတသတ်က ဖြိုခွင်းပြီးလျှင် သာသနာနှစ် သက္ကရာဇ်(၁)ခု ကြွင်းထားခဲ့သည်။ ထို(၁)ခုနှစ်မှစ၍ အစဉ်အတိုင်းရေတွက်လာခဲ့ရာ ဥပမာ ယခုမြန်မာသက္ကရာဇ် (၁၃၅၈)ခု၊ ခရစ်သက္ကရာဇ် (၁၉၉၆)ခု၌ သာသနာသက္ကရာဇ်(၂၅၄၀)ခု ဖြစ်လေသည်။ သာသနာသက္ကရာဇ်နှင့်မြန်မာသက္ကရာဇ် တို့ ကွဲပြားခြားနားရသည်ကား ဖြိုကိန်း(၂)ခုဖြစ်သော ဒေါဒေါရသ(၆၂၂)ခုနှင့် ခဆပဥ္စ(၅၆၀)ခုတို့ နှောလျှင် (၁၁၈၂)ဖြစ်သည်။ ထိုဖြိုကိန်း(၂)ခုပေါင်း ၁၁၈၂နှင့် ဥပမာယခုရောက်ဆဲ သက္ကရာဇ် ၁၃၅၈ခုတို့နှောလျှင် သာသနာသက္ကရာဇ် (၂၅၄၀) ဖြစ်လေသည်။ ထို့ကြောင့် ဗိုလ်လက်ာ၌ ''အရှည်သက္ကရာဇ် တည်တုံလစ်က ဒွေးအင္ဂနှင့် ဇကဇကာ နှောတုံပါကသာသနာနှစ် အတိတ် ဖြစ်၏ ဆိုလေသည်။

**(မ္ဘိ)ဘီစီ၊အေဒီ။** ။ဘီစီသက္ကရာဇ်ဆိုသည်မှာ ခရစ်မပေါ်မီ ကာလ နောက်ကို ရေတွက်သောနှစ်ကို (ဘီစီ)ဟူ၍လည်းကောင်း၊ ခရစ်ပေါ်ပြီး ထိုနှစ်မှ အစဉ်အတိုင်း ဆက်လက် ရေတွက်သောနှစ်ကို (အေဒီ)ဟူ၍လည်းကောင်း ခေါ်တွင်သည်

၂၃၆၅၇

ခရစ်သက္ကရာဇ် ဖြစ်၏။ ထိုခရစ်သက္ကရာဇ်သည် သာသနာနှစ်ထက် (၅၄၄)နှစ်နောက်ကျသည်။ ဘီစီ ၅၄၄သည် သာသနာတော်(၁)နှစ်နှင့်ညီမျှသည်။

**အနေအထား။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော် အထက်ပိုင်း (ကချင်ပြည်နယ်တောင်ပိုင်း) အလယ်ရိုးမတောင်တန်းတွင် ပါဝင်သော တောင်ကုန်း တောင်တန်းဖြင့် အင်းတော်ကြီးဒေကို ဝန်းရံပတ်ဝိုင်းထားလေသည်။ မြင့်မား မတ်စောက်သောတောင်ကုန်း တောင်တန်းများတည်ရှိ၏။ အလယ်ရိုးမတစ်ကြောတွင် အမြင့်ဆုံးဒေသဟု ဆိုဖွယ်ဖြစ်သည် ရေချောင်းစီးဆင်းရာ ရေလဲ တို့သည် မြောက်ဘက်သို့ (ပြောင်းပြန်)စီးဆင်း၏။ အင်းတောင်ဘက်ရှိသော ဆင်ခေါင်းတောင် ကန့်လန့်ကာ(လော့ခွန်း) တောင်တို့မှ စီးဆင်းသောချောင်းရေသည်တောင်ဘက် မော်ဟန် မိုးညှင်း(နန့်ရင်းချောင်း)သို့စီးဆင်း၍ အင်းတော်ကြီး(အင်း)သို့စီးဆင်းသည်။ အင်းအနောက်ဘက်ရှိသော နန့်စတုံး (၁၂၂၆) တောင်နှင့် ဒုတိယကမ္ဘာစစ် ကာလမှ ယနေ့တိုင် မှန်ပြတောင်ဟူ၍ အမည်တွင်ခဲ့သော (၁၇၇၈)တောင်တို့မှစီးဆင်းသောချောင်းရေသည် အနောက်ဘက်(ဥရု) ချောင်းမှ တစ်ဆင့် ချင်းတွင်းမြစ်သို့စီးဆင်း၍မြောက်ဘက်နှင့်အရှေ့ဘက်၌အင်းတော်ကြီး (အင်း)သို့ စီးဆင်း၏၊ အင်းတော်ကြီး (အိုင်)မှ လည်လောင်း(ခေါ်) စည်ခမ်းချောင်းသည် မြောက်ဘက် (ပြောင်းပြန်) စီးဆင်း၍ မိုးကောင်းမြို့ အနီး မိုးကောင်းချောင်းနှင့် ဆုံသည်။ မိုးကောင်း (နန့်ကောင်း)ချောင်းသည် ဧရာဝတီ မြစ်သို့စီးဆင်းသည်။

အင်းတော်ကြီးဒေသသည် အလယ်ရိုးမတောင်ကြော၌ အမြင့်ဆုံး(ပင်လယ် ရေမျက် နှာပြင်ထက် ပေ ၇၀၀ကျော်)ရှိသော ဒေသဖြစ်သည်။

ဒေသအဝန်း တစ်ရပ်လုံး၌ အင်းအိုင်ရေပြင်ကြီး နွေ့၊မိုး၊ ဆောင်း၊ ရာသီ အလိုက် သီးနှံများထုတ်လုပ်သော မြေဧရိယာ စတုရန်း( )မိုင်၊ သီးနှံ (သစ်သီးဝလံ)များ စိုက်ပျိုးနိုင်သော မြေရိုင်းဧရိယာစတုရန်း( )မိုင်သစ်တော ကြိုးဝိုင်းမြေဧရိယာနှင့် စတုရန်း ၂၅မိုင် ၁၉၅၈ခုနှစ်ကြိုးပမြေဧရိယာ စတုရန်း ( )မိုင်၊ ကုန်းမြေတောင်မြေဧရိယာစတုရန်း ( )မိုင် (ဒေသတစ်ဝန်းလုံး၌ နှစ်ချင်းနှစ်တိုနှစ်ရှည်စိုက်ပျိုးနိုင်သော မြေ (၈၀)ရာခိုင်နှုန်း ယာယီခန့်ရှိသည်ဟူ၍ တွက်ချက်ခန့်မှန်းနိုင်သည်) ဒေသတစ်ခုလုံး တောင်ကုန်း တောင်တန်းတို့ဖြင့် ဝန်းရံပက်ပွဲ ထားသော(မြေပြန့်)ဒေသဟူ၍လည်း သတ်မှတ်နိုင်သည်။ အင်းတော် ကြီးဒေသအဝန်းလုံး စတုရန်း ( )မိုင်ရှိ၏ဟူ၍မြေကြီးမြေပုံအရ သိရှိနိုင်သည်။

**လူနေမှုသမိုင်းအစဉ်အလာ။** ။မြန်မာနိုင်ငံတော်ကို ရှေး နှစ်ပေါင်း ၃၀၀၀ကျော်ခန့်မှစ၍ သမိုင်းမှတ်တမ်းတင်ရချိန်၌ မြန်မာနိုင်ငံတော်တွင်ပျူလူမျိုး၊ ကမ်းယံလူမျိုး၊ သက်လူမျိုးဟူ၍ သုံးမျိုးရှိလေသည်။ ထို ပျူ၊ ကမ်းယံ၊ သက် လူမျိုးတို့သည် အမည်ကွဲသော်လည်း ကမ္ဘာ့သမိုင်းအရပါသော် ချိုယိုင်းမှ ဆင်းသက် လာသော မွန်ဂိုအနွယ်များသာ ဖြစ်ကြ၏။ နောင်တွင် မြန်မာနိုင်ငံ

မြောက်ပိုင်း၌ တကောင်းမြို့ကို ထီးနန်းပြု၍ ပဥ္စလရာဇ်သင်းတွဲ နိုင်ငံတော် တောင်ဘက်တွင် သုဓမ္မပုရ(ခေါ်)သထုံမြို့ကို ထီးနန်းပြု၍ သုဝဏ္ဏဘုမ္မိနိုင်ငံတော် ယခုရခိုင်ပြည်၌ ဓညဝတီနိုင်ငံတော်ဟူ၍ သုံးနိုင်ငံတည်လေသည်။

ပထမတကောင်းမြို့သည် (ယေးတက္ကသိုလ် သမိုင်းပါမောက္ခ ဟာဗေးအဆို အရ တကောင်းသည် ရှမ်းအမည်ဖြစ်သည်။ တာ ဆိပ်ကမ်း၊ ကောင်းစည်ဟူ၍ အဓိပ္ပါယ်ရသည်။ မင်းဆက် ၃၃ဆက်မြောက် (သိန္ဓုက)မင်းလက်ထက်တွင် ''တာလီ'' ရှမ်းတရုတ်တို့ ဝင်ရောက်တိုက်လာသဖြင့် တကောင်းပျက်လေသည်။

ထို့နောက် တကောင်းပျက်လေလျှင် ခယုပြည်မြို့အနီးမော်ဇာအရပ်တွင် သာသနာ သက္ကရာဇ် ၁၅၀၃(၁၀၁၊၁၇၀)ဘီစီ (၃၉၄)ခန့်တွင် သရေခေတ္တရာ (ပျူနိုင်ငံ)ဟူ၍ ဒွတ္တပေါင်မင်းကြီးကတည်လေသည်။ မင်းဆက် ၂၇ဆက်မြောက် သုပညာနာဂရမင်းလက်ထက်၌ လူတို့သုံးခြင်းငှါ မထိုက်သော ဘုရားရုပ်ပွား၊ ရုပ်တုစေတီတော်မှ ရွှေများကိုပြည်သူ တို့သုံးဆောင်(သုံးစွဲ)ခြင်းကြောင့် (ဗုဒ္ဓဝါဒီ အယူအဆအရ)ဟူ၍ နောင်တွင် သမုတ်ဆိုကြ သော သာသနာသက္ကရာဇ် ၆၃၈ခု အေဒီ (၉၄)ခန့်တွင် သရေခေတ္တရာပြည် ပျက်စီးလေသည်။

ထိုသို့ သရေခေတ္တရာပြည် ပျက်စီးရာမှ ပျူတစ်စု၊ ကမ်းယံတစ်စု၊ မြန်မာတစ်စုဟု သုံးစုကွဲပြား၍ မြန်မာဟူသော လူမျိုးပေါ်ပေါက်လာလေသည်။ ထိုလူမျိုးစု ပျူကမ်းယံသက် (ဝါ) (မွန်၊

ခမာ၊ ထိုင်း တရုတ်၊ တိဗက် မြန်မာ) နွယ်ဖွားပြည်ထောင်စု မြန်မာတိုင်းရင်း ကချင်၊ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းစသော မြောက်မြားစွာ ပေါက်ဖွား၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စုပေါင်းနေထိုင်ကြသောမြန်မာနိုင်ငံဖြစ်လာသည်။

မြန်မာနိုင်ငံဟူ၍လည်း ထင်ပေါ်ခဲ့လေသည်။ မြန်မာနိုင်ငံ ရေးပဝေသဏီ အတိတ်ကာလ၌ သူတလူ ငါတမင်းနယ် သီးခြား ကွဲပြားလျက်နေသော်လည်း အနော်ရထာ(ပုဂံ)မင်း၊ ဘုရင့်နောင် (ဟံသာဝတီ)မင်း၊ မင်းတုန်း(ကုန်းဘောင်)မင်း စသည့်လက်ထက်၌ မြန်မာနိုင်ငံအဝန်းလုံး (ယခုမြန်မာနိုင်ငံမြေပုံအရ)ကို တစ်စုတစ်ရုံးတည်း စည်းရုံး၍လာခဲ့သည်။

မဇ္ဈိမ(ဒေသ)တိုက်ကို တိုင်းကြီး၁၀တိုင်း (မှီ)ပိုင်းခြား ဘိသကဲ့သို့ ရှေးခေတ် မြန်မာနိုင်ငံကိုလည်း ကျောက်စာလာ တိုင်းကြီး ၁၀တိုင်း၊ ဗျာဒိတ်တော်လာ တိုင်းကြီး ၁၀ တိုင်း၊ ပိုင်းခြားထားသည်။ ယခုတိုင်း ၇တိုင်းနှင့် ပြည်နယ် ၇ ပြည်နယ်ဖွဲ့စည်းသကဲ့သို့ ဖြစ်ခဲ့၏။ (သီးခြား ဖော်ပြထားသည်) သာသနာ သက္ကရာဇ် (၃၆၀) ဘီစီ(၁၈၄)မတိုင်မီ သုနာပရန္တ တမ္ပဒီပတိုင်း၊ စိနရဋ္ဌ(စိမ့်)တိုင်း (နောင်– ရတနာပူရအဝ) မြန်မာပြည်မြောက်ပိုင်း(ယခု အင်းတော်ကြီးဒေသ)တွင် အိမ်ခြေတစ်သောင်းနှင့် ကျောင်းပေါင်း တစ်ထောင် (ဗုဒ္ဓဘာသာ ကျောင်းချည်းမဟုတ် အယူဝါဒဘာသာစုံကျောင်းပေါင်း ဖြစ်ဖွယ်)ရှိသော ဂုရုရာဇ်တိုင်း ဥတ္တရ ဌာနီ(စည်ခမ်း)မြို့ကြီး၌ ဥတ္တရစောဖြူ(တမံသီ)မင်းတည်ရှိစိုးစံခဲ့လေသည်ဟု အင်းတော်ကြီး

သမိုင်းအရဆိုရှိသည်။ (အင်းတော်ကြီးသမိုင်းရှု) နောင်တွင် အင်း(အိုင်)ကြီးဖြစ်ပေါ်လာ၍ မြို့ရွာများပျက်ပြားလေလျှင် နှစ်အတန်ကြာ၌ အင်းဘေးပတ်လည်တွင် လူနေအိမ်ခြေ (မြို့ရွာ)လေးများ စတင်တည်ရှိခဲ့ဖွယ် ဖြစ်သည်။

(မှတ်)ကမ္ဘာဦး မဟာသမတမင်းမှစ၍ (၃၃၄၅၆၇)တို့၏ မင်းနေပြည်တော် တိုင်းကြီး ၂၁ တိုင်း၊ ပြည်ကြီး ၂၁ပြည်၊ ဂေါတမ ရှင်တော်မြတ်ဘုရား လက်ထက် တော်၌ တိုင်းကြီး ၁၆ တိုင်း၊ပြည်ကြီး ၂၀ပြည်၊ မဇ္ဈိမဒေသတိုက်အတွင်း တိုင်းကြီး ၁၀တိုင်းဟူ၍ဆိုသည်။

အင်းတော်ကြီးအင်းဘေးပတ်လည်၌ ''ရှေးနှစ်''ရာစု များစွာကတည်းက လူနေ (မြို့ရွာ)များတည်ရှိခြင်း၊ ထင်ရှားသည့် သာဓကအားဖြင့် ယခုမမုံကိုင်ရွာတောင်ဘက်ရှိ မြို့ဟောင်းကုန်း ဆိုသော အရပ်၌ နှစ်အရေအတွက် မခန့်မှန်းနိုင်သော မြို့ရိုးဟောင်း ယနေ့တိုင်တည်ရှိ၏။ မိုင်းနောင်ရွာ တောင်ဘက် တစ်မိုင်ခွဲအကွာ တွင်လည်း ရှေးမြို့ဟောင်း တံတိုင်း ယနေ့တိုင်တည်ရှိ၏။ မမုံကိုင်၊ မိုင်းနောင်ကြား၊ မော်တော်ကားလမ်းဘေးရှိ ရှေးဟောင်းဘုရား စေတီပျက် တစ်ဆူသည် သီရိဓမ္မာအာသောကမင်း တည်သော စေတီပေါင်း ၈၄၀၀၀အနက် တစ်ဆူအပါအဝင်(ခိုင်လုံသော သမိုင်းအထောက်အထားမရှိသော)ဖြစ်သည်ဟု ရှေးဘိုး ဘေး ဘီ ဘင်များအဆိုအရ သိရ၏။ ဤကဲ့သို့ သမိုင်းအထောက်အထား ကင်းမဲ့နေသော စေတီ တော်ပျက်များ အင်းဘေးပတ်လည်၌ ဝမ်းနည်းဖွယ်ရာ အများအပြားတွေ့နိုင်၏။ အာသောကမင်းသည်

အဘိသိက်မခံမီ (၄)နှစ် ဘိသိက်ခံပြီး (၄)နှစ် သာသနာသက္ကရာဇ် ၂၁၈၊ ဘီစီ ၃၂၆တွင် ၈၄၀၀၀သော မြို့နိုင်ငံတို့၌ ဇမ်ကုဋေသော အသပြာတို့ဖြင့် စေတီတော် ကျောင်းတော် များတည်ခဲ့သည်။ ဤသည်ကား မြို့ဟောင်းနှင့်ဆက်စပ်တွေးခေါ်နိုင်ဖွယ်ရှိ သော သာဓကတစ်ရပ်တင်ပြခြင်းသာဖြစ်သည်။ သို့ရာတွင် အင်း(အိုင်) ဖြစ်ပေါ်လာသည် ထက် စောအံ့။

အေဒီ ၁၉ရာစုကုန်းဘောင်(မြန်မာ)မင်းများလက်ထက် လူနေမှု မှတ်တမ်းတင်ရချိန်၌ ရှမ်း(တိုင်းလျံ)ကချင်နှင့် မြန်မာသွေးရင်းသားရင်း (မြောက်များစွာ)တို့နေထိုင်ခဲ့လေသည်။ အချင်းချင်းယုံကြည်လေးစား ရင်းနှီးခဲ့ကြ၏၊ ထိုစဉ်၌ အင်းတော် ကြီးဒေသသည် မိုးကောင်းမြို့စီရင်စု(စော်ဘွား) လက်အောက်ခံတွင် ပေါမိုင်းနယ်လေးနယ် (မှ)နှင့် နှစ်ဌာနဟု နယ်နိမိတ်သတ်မှတ် ထားခဲ့လေသည်။ ဤသို့တွင်–

၁။ မိုးပင်း(ကုန်းမမုံ)ပေါမိုင်း။

၂။ စည်ခမ်း(လွဲမွန်)ပေါမိုင်း။

၃။ ငွန်ဇင်း(နန့်ဖေါင်းဇင်)ပေါမိုင်း။

၄။ မောက်တောင်း(ဟဲပန်)ပေါမိုင်းနှင့်(၁)မပြင်တစ်ဌာန (၂) လောဆွန့်တစ်ဌာနဖြစ်သည်။ အချုပ်အားဖြင့် လေးခရိုင်(၆)ဌာန ဟူ၍ နယ် အားဖြင့် ခွဲခြားသတ်မှတ်ခေါ်ဆိုခဲ့ကြသည်။

(မှ)ပေါမိုင်း။ ။ပေါမိုင်းဟူသည် ရှမ်းဘာသာအခေါ် ဖြစ်၏။ မြန်မာလိုပြန်သော် မြို့ဘ (သူကြီး)ဟူ၍ အမိပ္ပါယ်ရ၏။ မြို့အရှင် သခင်ဟူ၍လည်း အမိပ္ပါယ်ပေါ်လွင်သည်။

အင်းတော်ကြီးဒေသ လူနေမှုအစဉ်လာနှင့်အုပ်ချုပ်မှု သမိုင်းမှတ်တမ်းများ တင်ရ ချိန်၌ အေဒီ (၂၀)ရာစုနှစ်မတိုင်မီ ရှေးရာစုနှစ် အတန်ကြာကာလတွင် ရှမ်းနီ(တိုင်းလျှံ)တို့သည် မြေပြန့်(အင်းဘေး)ဒေသတွင်လည်းကောင်း၊ ကချင် (ဂျိမ်းဖော) တို့သည် တောင်ပေါ် (တောင်တန်း)ဒေသတွင်လည်းကောင်း အခြေချနေထိုင်ခဲ့လေ၏။ သာဓကအားဖြင့် ရှေးနှစ် ပေါင်းရာစု များစွာမှ အင်းဘေး၌ နေထိုင်ခဲ့သည်ဆိုသော တံငါအဖိုးကြီး တစ်ဦး၏အမည်ကို ရှမ်းတို့က ''ပူတွတ်လား'' ဖိုးတွတ်လား ဟူ၍လည်းကောင်း အင်းတော်ကြီးမြောက်ဘက်တွင် မြင့်မား မတ်စောက်သော တောင်တစ်လုံးအမည်ကို ကချင်တို့က ''ကဝါပွန်'' အဖေတောင် ဟူ၍လည်းကောင်း၊ ယနေ့တိုင် အမည်တွင် ခေါ်ဝေါ်လျက်ရှိလေသည်။

ဗြိတိသျှ(အင်္ဂလိပ်)လူမျိုးတို့အုပ်ချုပ်ခဲ့ကြသော အေဒီ ၁၈၈၅–၁၉၄၇ကာလတွင် ရှမ်း၊ ကချင်၊မြန်မာနှင့်ကန်ဒူး၊ဂဏန်း၊ရဝမ်၊ လရီးမရှူး၊အဇီး၊ လီစူး၊ ယောယာဉ် စသော မြန်မာ တိုင်းရင်းသား ပေါင်းစုံတို့သည် ရေကြည်ရာမြက်နုရာ ဤအင်းတော်ကြီးဒေသသို့ ပြောင်းရွှေ့ အခြေချနေထိုင်ခဲ့လေသည်။ (တစ်ဦးအပေါ် တစ်ဦး ယုံကြည်လေးစား၍ မိသားစုစိတ်ဓာတ်ဖြင့် ရင်းနှီးစွာ ဆက်ဆံ ပြောဆိုသော အလေ့အထ အစဉ်အလာကောင်းများရှိခဲ့လေသည်) ထိုစဉ် မြစ်ကြီးနားခရိုင် ကာမိုင်းမြို့နယ်စီရင်စု (ဒေသခရိုင်အုပ်) အုပ်ချုပ်သော ကာလဖြစ်ခဲ့သည်။ မြေပြန့်ဒေသတွင် တိုက်နယ်သူကြီး

၁၅တိုက်နယ် (မှူ)နှင့်တောင်ပေါ်(တောင်တန်း) ဒေသ တွင် တောင်ချုပ်၊ တောင်အုပ်၊ သူကြီးစသည်ဖြင့် သူကြီး ၁၀ဦးခန့် အုပ်ချုပ်လေသည်။

ရှေးယခင်က ရှမ်းနီ(တိုင်းလျံ)(ယခု တိုင်းလိုင်းခေါ်ကြသည်) တို့၏ အခြေချနေထိုင်ရာ အင်းတော်ကြီးဒေသ၌ ရှမ်းစာပေ ကျမ်းဂန် များ ထွန်းကားပေါက်မြောက်ခဲ့ရာတွင် (ပုရပိုက်၊ပေရွက်)ပေထက် အက္ခရာရှမ်းစာများကိုယနေ့တိုင် တွေ့မြင်နိုင်သေး၏၊ သို့ရာတွင် ယခုအခါ၌ ရှမ်းနီစာပေသင်ကြားလေ့လာ (တတ်မြောက်)သူ မရှိ သလောက် ရှားပါးလှသည်ကို ရှမ်းနီ(တိုင်းလျံ)လောက၌ အထင် အရှားပင်ဖြစ်လေသည်။

နိုင်ငံတော်၏မူအရ လူမျိုးဘာသာစာပေနှင့် ယဉ်ကျေးမှု များ မပပျောက်ရေးကို အလေးထားဆောင်ရွက်ရန် လူမျိုးတိုင်း၌ တာဝန်ရှိကြလေသည်။

မြန်မာနိုင်ငံတော်လွတ်လပ်ရေးရပြီး(အေဒီ ၁၉၅၀– ၆၀)ကာလတွင် ဒေသခရိုင်အုပ် လက်ထက်၌ပင် တိုက်နယ်သူကြီး (၁၆) တိုက်နယ် (မှူး)နှင့် တောင်တန်းသူကြီး (၁၀)ဦးခန့်တို့ ပင်အုပ်ချုပ်လေသည်။

**(မှူ)တိုင်နယ်သူကြီး**။ ။နန့်မွန်း၊ မမုံကိုင်၊ လုံးတုံး၊ ဟဲပန်၊ မိုင်းပုတ်၊ နန့် ကက်၊ လွဲမွန်၊ တောင်ပေါ်ညောင်ပင်၊ ဝေးလုံ၊ မပြင်(ပန်းလား၊ လောဆွန့်) ချောင်းဝ၊ လုံးစန့် နတ်မောက်ကန်ဟူ၍ ၁၅တိုက်နယ်ဖြစ်လေသည်။

(မှတ်ချက်) သက္ကရာဇ် ၁၂၉၀-၉၅ခုနှစ် မန္တလေးမြို့ ဂုဏဝတီ ပုံနှိပ်တိုက် ရွှေမဥ္ဇူ စေတီတော်ကြော်ငြာမှဖြစ်သည်။ (မှူး)နှစ်ကတ်တိုက်နယ်ပျက်လေ၍ ဟဲပါးတိုက်နယ် နားလတန်းတိုက်နယ် တိုးလာသဖြင့် ၁၆တိုက်နယ်ဖြစ်ခဲ့သည်။

အဒေီ သက္ကရာဇ် ၁၉၆၁ခု၊ အောက်တိုဘာလ ၂၃ရက်နေ့စွဲပါ စာအမှတ် ၁၅၇၇၀၊ ၇၆/၃ အီး ၃။ မြစ်ကြီးနားခရိုင်ဝန်ရုံး၏ အမိန့်စာအရ အင်းတော်ကြီး (ဒေသခရိုင်အုပ်) ဦးလှထော်နော်၏ နေရာတွင် ကာမိုင်းမြို့နယ် လက်ထောက်မြို့ပိုင် အဖြစ် (အသွင်ပြောင်း) ရောက်ရှိလာသော ဦးသိန်းတိုးနှင့် (၂၈-၁၀-၆၁)နေ့ရက် တွင် လုံးတုံးလက်ထောက်မြို့ပိုင် (ယာယီ)ရုံး၌ လုပ်ငန်းဆိုင်ရာစာရင်းဇယားများ အပ်နှံလက်ခံကြသည်။(၂၈-၁၁-၆၁)ရက်တွင် ရုံးဖွင့်ပွဲပြုလုပ်သည်။

၁၉၆၄ခုနှစ်တွင် အင်းတော်ကြီးဒေကို ကာမိုင်းမြို့နယ်မှ မိုးညှင်းမြို့နယ်သို့ ထည့်သွင်း လွှဲပြောင်းခဲ့လေသည်။ တောင်ဘက်တွင် လုံးတုံလက်ထောက်မြို့ပိုင်ရုံး၊ မြောက်ဘက်တွင် ချောင်းဝ လက်ထောက်မြို့ပိုင်ရုံး၊ လက်ထောက်မြို့ပိုင်ရုံးနှစ်ရုံး လက်ထောက်မြို့ပိုင်နှစ်ဦးနှင့် ကျေးရွာ တိုက်နယ်သူကြီး လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ (လအက၊ ရလက)၁၄တိုက်နယ် (မှွေ)၁၄ဦးတို့ကို အုပ်ချုပ်ခဲ့လေသည်။

၁၉၇၁ခု၊ ဒီဇင်ဘာလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှ အတည်ပြုပြဋ္ဌာန်းလိုက်သော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ

မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြည်သူ့ကောင်စီ အဆင့်ဆင့် ကာလတွင် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင် လမ်းညွှန် သော–

(မှော်)။ ။အေဒီ ၁၉၆၄ခုတွင် တောင်ပေါ်တိုက်နယ်၊ ဖေးလုံ တိုက်နယ်ပျက် လေသဖြင့် ၁၄ တိုက်နယ်ဖြစ်ခဲ့သည်။

မြို့နယ်အဆင့်ပါတီ၊ကောင်စီနှင့်လူထုလူတန်းစား အဖွဲ့ အစည်းတို့ဖြင့် အင်းတော် ကြီးဒေသအတွင်း၌ရှိသော ကျေးရွာ အုပ်စု ၁၁အုပ်စု၊ (မှော်း)နှင့် ကျေးရွာပေါင်း ၃၆တို့၏ ကိုယ်စားပြု ထိုက်သောပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ မြို့နယ်အတွင်း နှစ်ဦး၊ ပူးတွဲ ဆန္ဒပေးရွေးချယ်သည်။ မြို့နယ်ပြည်သူ့ကောင်စီ ကိုယ်စားလှယ် ၁၃ဦး၊ ကျေးရွာအုပ်စုပြည်သူ့ ကောင်စီဝင် ၁၁၉ဦး၊ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီရုံး၁၁ရုံး၊ ကျေးရွာငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့စသည်ဖြင့်ဒေသ၏ ကောင်းကျိုးအရပ်ရပ်ကို စီမံဆောင်ရွက်ရင်းဖြစ်လေသည်။

ဒေသ၏အနာဂတ်ကောင်းကျိုးများဆောင်ရွက်ရင်းဖြင့် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး စသည်တို့၌ အင်းတော်ကြီးဒေသအတွင်းတွင် အခြေချ နေထိုင် ကြကုန်သော မြန်မာပြည်ထောင်စုဖွား တိုင်းရင်းသား (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း )နွယ်ဝင် အပေါင်းတို့ဖြင့် စည်းလုံးညီညွတ်စွာ ရှေးလူနေမှု(သမိုင်း)အစဉ်အလာ ကောင်းများကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော် ဆောင်မည်သာဖြစ်ပေသတည်း။

(မှော်)။ ။အေဒီ ၁၉၇၃ခု တွင် ဟဲပန်တိုက်နယ်ကို လုံးတုံးသို့ လည်းကောင်း၊ နားလတန်းတိုက်နယ် မပြင်သို့လည်းကောင်း၊ နန့်မောက်ကန်တိုက်နယ်နှင့် ဟဲပါး တိုက်နယ်ကို ဟဲပုသို့ လည်းကောင်းစုစည်းထည့်သွင်းသဖြင့် ၁၁တိုက်နယ် ကျေးရွာအုပ်စု ၁၁အုပ်စု ဖြစ်ခဲ့သည်။

**အိမ်ခြေနှင့်လူဦးရေ။** ။အင်းတော်ကြီးဒေသ၌ ရေးယခင်က လူဦးရေစာရင်း ဇယားများအတိအကျ မသိရသော်လည်း အေဒီ ၁၉၆၂ခု ဒီဇင်ဘာလ၁၅ရက် (ကွန်ကိုး၊ ပုရိုကိုး)သမဝါယမအသင်းစာရင်းအရ (ကွန်ကိုး အသင်း လေးသင်း၊ ပုရိုကိုးအသင်း ရှစ်သင်း၊ အသင်းမဝင် လေးသင်း)အိမ်ခြေပေါင်း ၂၃၀၁အိမ်နှင့် လူဦးရေပေါင်း ၁၁၉၂၄ဦးရှိသည်။ ၁၉၇၃ခု ဧပြီလ ၅ရက် သန်းခေါင်စာရင်းအရ အိမ်ခြေပေါင်း ၃၆၅၇အိမ်နှင့် လူဦးရေပေါင်း ၂၀၇၈၁ဦး ရှိသည်။၁၉၈၃ခု ဧပြီလ ၅ရက် သန်းခေါင်စာရင်းအရ အိမ်ခြေပေါင်း ၅၅၂၀အိမ်နှင့် လူဦးရေပေါင်း ၃၁၂၀၀ဦးခန့်ရှိသည်။ ၁၉၈၈ခုနှစ် မတ်လ ၃၀ရက် လယ်ယာစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရေးစာရင်းအရ အိမ်ခြေပေါင်း ၆၉၂၃အိမ်နှင့်လူဦးရေပေါင်း ၃၇၂၁၅ဦး(ယာယီ) ခန့်ရှိသည်။ ထိုလူဦးရေတို့အနက် ရှမ်း(အများစု)ကချင် (ဒုတိယအများစု)မြန်မာ(တတိယအများစု) နှင့်တိုင်းရင်းသားလူမျိုးပေါင်းစုံ (စတုတ္ထအများစု)တို့ပါဝင်သည်ဟု လေ့လာ တွက်ချက် ခန့်မှန်း နိုင်သည်။

**ဒေသ၏စီးပွားရေး။** ။အင်းတော်ကြီးဒေသ၌ ငါးဖမ်း

လုပ်ငန်းနှင့် စိုက်ပျိုးရေး (စပါး၊ ဆီထွက်သီးနှံ၊ကြက်သွန်၊ အားလူး၊ နှစ်ရှည်သီးနှံ) လုပ်ငန်းတို့ကို အဓိကလုပ်ကိုင်ကြသည်။ ထို့အပြင် သစ်တောထွက်ပစ္စည်းထုတ်လုပ်သောလုပ်ငန်း သယံဇာတ သဘာဝတွင်းထွက် ရွှေလုပ်ငန်းနှင့် အခြားလုပ်ငန်းတို့ကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ ငါးဖမ်းလုပ်ငန်းတွင် နှစ်စဉ်နှစ်တိုင်း ငါးပိသားချိန် သိန်းပေါင်းများစွာကို ဖမ်းယူရောင်းချကြသည်။ ၁၉၈၆-၈၇ ဘဏ္ဍာနှစ် (ငါးစိမ်းရာသီ) ငါးလကာလတွင် မြို့နယ် သမဝါယမ(ငါးလုပ်ငန်း) စာရင်းအရ ငါးစိမ်းပိသာချိန် (ငါးပိဆားနယ် ငါးချဉ်မပါ) ၃၆၉၇၇ ဒသမ ၁၅ခန့် ဝယ်ယူဖြန့်ဖြူး ရောင်းချ ခဲ့လေသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် လယ်ယာစိုက်ပျိုးရေး၌ ၁၉၈၂-၈၃ခု စိုက်ဧက ၁၂၅၁၂ ဖြစ်သည်။ ၁၉၈၅-၈၆ခု စိုက်ဧက ၁၄၀၂၇ စိုက်ပျိုး၍ လယ်ထွက်စပါး တင်းကိုးသိန်းခန့် ထွက်ရှိသည်။ နိုင်ငံတော်သို့ စပါးတင်း တစ်သိန်းကျော် ရောင်းချနိုင်ခဲ့သည်။ ''အခြားစိုက်ပျိုး ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်း''တို့၏ စာရင်း ဇယားများကို အတိအကျလေ့လာဖော်ပြရန် ရှုးစမ်းလျက်ရှိသည်။

**လမ်းပန်းဆက်သွယ်ရေး။** ။ကချင်ပြည်နယ်မိုးညှင်းမြို့နယ် အင်းတော် ကြီး မော်တော်ကားလမ်း မိုးညှင်းမြို့မှ ဟိုပင်ထိ ၁၈မိုင်၊ ဟိုပင်မှ အင်းတော်ကြီး လုံးတုံးထိ ၂၇မိုင်၊ (နွေ၊မိုး၊ဆောင်း) လမ်းဖြစ်သည်။ လုံးတုံးမှ ညောင်ပင်ထိ ၁၅မိုင် (ဆောင်း၊နွေ)လမ်း ဖြစ်သည်။ ညောင်ပင်မှချောင်းဝထိ ၁၂မိုင်ခန့်(နွေ)လမ်းဖြစ်သည်။ နောက်တစ်ဖန် နန့်မွမ်းမှ လုံးစန့်ထိ(၁၃) မိုင် (နွေ)လမ်းဖြစ်သည်။ နန့်မွန်းမှ မိုးညှင်းအထိ (ကကျော်)လမ်း ၁၅မိုင်ခန့်သည် မော်တော်

ကားလမ်း သွားလာနိုင် သည်အထိ (စိမံချက်) အောင်မြင်ပါက မိုးညှင်းမြို့ (မြို့နယ်ရုံးကိစ္စ)သို့ ခရီးသွားရာတွင် လွယ်ကူ (နီး)လေသည်။ ယခု လူသွားလမ်းသာ ဖြစ်သေးသည်။

**မှတ်ချက်။** ။၁၃၅၆ခုနှစ် ဟိုပင်ညောင်ပင်ထင် ရာသီမရွေး သွားလာနိုင်သည်။ ညောင်ပင်ဆိမ်မူ(ဆိုင်းတောင်)နှင့် လုံးတုံ ဟောင်းပါးလမ်း နှစ်သွယ်တို့သည် (နွေရာသီတွင်) မော်တော်ယာဉ်များမောင်းနှင် သွားလာ ကြလေသည်။

## မော်တော်ရေယာဉ်စက်လှေများရေလမ်း

အင်းတော်ကြီး(အိုင်)အတွင်း အဓိကမော်တော်ရေယာဉ် စက်လှေများ မောင်းနှင် သွားလာရေး ရေကြောင်းမှာ (၁)လုံးတုံမှ ချောင်းဝထိ ၃၂မိုင်ခန့်နှင့် (၂) အင်းပတ်လည်ရှိ ရွာများသို့ ရာသီမရွေးအချိန်မရွေး သွားလာနိုင်လေသည်။ ၁၉၈၉ခုနှစ်၊ မော်တော်ရေယာဉ် စက်လှေမှတ်ပုံတင်စာရင်းအရ ၁၀၄စီးရှိသည်။

၃၀-၃-၉၃နေ့ထိ မှတ်ပုံတင်စာရင်းအရ မညာ/၃၈၁စီးရှိ သည်။ အင်းဝဲယာရေယာဉ် (စက်လှေ)ဂိတ်ကို လုံးတုံတွင် ဖွင့်လှစ်ပြီးစီမံခန့်ခွဲပေးသည်။ ၁၉၉၄ခုနှစ်မှစ၍ လေလံစနစ် ဖြင့်ပြေးဆွဲသည်။

**ရိုးရိုးလူသွားလမ်း။** ။အင်းတော်ကြီးဒေသ(၁)လုံးတုံမှ ဟဲပန် အနောက်(စစ်ကိုင်းတိုင်း)ကို ဖြတ်၍ ဟောင်ပါးတာမခံ (ကျောက်စိမ်းတွင်း)သို့ လည်းကောင်း၊ ဟုမ္မလင်း၊ ခန္တီးသို့လည်း ကောင်း၊ (၂)ချောင်းဝမှ မပြင် အနောက်(ဟွေခါ)ကိုဖြတ်၍တာမခံ

ဖားကန့် လုံးခင်း (ကျောက်စိမ်းတွင်း၊ ကာမိုင်းမြို့နယ်)သို့လည်းကောင်း သွားလာနိုင်သည်။

**ပညာသင်ကြားနိုင်ရေး။** ။အေဒီ သက္ကရာဇ် ၁၉၉၅ ခုနှစ် စာရင်းအရ အခြေခံပညာအထက်တန်းကျောင်း (၃)ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း( )ကျောင်းဖြစ်လေသည်။ အမက စာစစ်ဌာန လေးဌာန ဖြစ်၏။ အထက ကျောင်းသား ကျောင်းသူ ( )ဦး၊ အလက ကျောင်းသားကျောင်းသူ ( )ဦး၊ စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူ( )ဦး၊ အမကကျောင်းသား၊ ကျောင်းသူ ပေါင်း ( )ဦး ပညာသင်ကြားလျက်ရှိလေသည်။

**မှတ်ချက်။** ။ဘုန်းတော်ကြီးကျောင်းသင် ပညာရပ်တို့ကိုလည်း ဘုန်းတော်ကြီးကျောင်းတို့၌ သင်ကြားလျက်ရှိလေသည်။

## အင်းတော်ကြီးဒေသအတွင်း
## ၉၅-၉၆ ကျောင်းစာရင်းနှင့် ဝန်ထမ်း
## ကျောင်းသား၊ ကျောင်းသူစာရင်း

### ၁။ ကျောင်းစာရင်း

| | | | |
|---|---|---|---|
| ၁။ | အထက | နန့်မွန်း | (၁)ကျောင်း |
| ၂။ | အလက | ဟဲဖု၊လုံးတုံ၊ ချောင်းဝ(၃)ကျောင်း | |
| ၃။ | အမက | | (၄၁)ကျောင်း |

၄။ တွဲဘက်အလက မိုင်းနောင်
တွဲဘက် အလက လွဲမွန် (၁)
တွဲဘက် အလက ညောင်ပင်(၁)

## ၂။ ကျောင်းသားဦးရေစာရင်း (၉/၉၅)

### လချုပ်စာရင်း။

| | | |
|---|---|---|
| ၁။ | အထက်တန်းအဆင့်ကျောင်းသား | ၉၆ ဦး |
| ၂။ | အလယ်တန်းအဆင့်ကျောင်းသား | ၁၉၃၂ ဦး |
| ၃။ | မူလတန်းအဆင့်ကျောင်းသား | ၅၆၈၂ ဦး |
| | စုစုပေါင်း | ၇၇၁၀ ဦး |

## ၃။ အစိုးရခန့် ဝန်ထမ်းစာရင်း

| | |
|---|---|
| ၁။အထက်တန်းကျောင်းအုပ် | ၁ ဦး |
| ၂။အထက်တန်းပြ | ၉ ဦး |
| ၃။အလယ်တန်းကျောင်းအုပ် | ၃ ဦး |
| ၄။အလယ်တန်းပြ | ၂၈ဦး |
| ၅။အလယ်တန်းပြ/မူတာဝန် | ၆ ဦး |
| ၆။မူလတန်းပြ | ၇၆ ဦး |
| ၇။စာရေးအဆင့်(၁) | ၃ ဦး |
| ၈။ရုံးအကူ | ၃ ဦး |
| ၉။သန့်ရှင်း | ၄ ဦး |
| ၁၀။အထွေထွေလုပ်သား | ၄၁ ဦး |
| ၁၁။မူလတန်းကျောင်းအုပ် | ၄၁ ဦး |
| ၁၂။ညစောင့်ဝန်ထမ်း | ၃ ဦး |
| ပေါင်း | ၂၈၁ ဦး |

## ကျန်းမာမှု ဆေးဝါးကုသနိုင်ရေး

အေဒီ ၁၉၈၇ခုနှစ်၊ စာရင်းအရ တိုက်နယ် ၁၆ ခုတင် ပြည်သူ့ဆေးရုံနှစ်ရုံ၊ ကျေးလက် ကျန်းမာရေးဌာန(၂)ဌာန ကျေးလက် ဝမ်းဆွဲ ဆရာမ အရန် သားဖွားတို့ကို ကျေးရွာအုပ်စု တစ်အုပ်စုတွင် ဆရာမတစ်ဦးစီ တာဝန်ထမ်း ဆောင်လျက်ရှိသည်။ ကျေးလက်ကျန်းမာရေးလုပ်ငန်းသား(လုပ်ငန်းခွင်ဝင်ပြီး) ကျေးရွာအုပ်စုတိုင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိလေသည်။

**အထွေထွေအရပ်ရပ်။** ။အေဒီ ၁၉၈၇ခုနှစ်၊ စာရင်းအရ တိုက်နယ်စာတိုက် သုံးခု၊ ပြည်သူ့ရဲစခန်း ၂ခု၊ ဒေသလုံခြုံရေး စစ်ကြောင်းရုံး၊ စခန်းရုံးများ၊ ဗုဒ္ဓဘာသာဘုန်းတော် ကြီးကျောင်း ၃၂ကျောင်း၊ ကချင်ဘာသာသင်ကျောင်း ၁ကျောင်း၊ ခရစ်ယာန် ဘာသာရေးဝတ်ပြုကျောင်း သုံးကျောင်း စသည်တို့ ဖြစ်လေသည်။ လယ်ယာစိုက်ပျိုးရေး၊ သစ်လုပ်ငန်း၊ သစ်တော၊ ပညာရေး၊ ကျန်းမာရေး၊ (ဘုတ်၊ ကော်ပိုရေးရှင်းဦးစီးဌာန)တို့မှ အလုပ်သမား အစည်းအရုံးဝင် ဦးရေပေါင်း ၁၆၇ဦးဖြစ်လေသည်။

**ကျေးရွာအုပ်စု၊ကျေးရွာများ။** ။ ၁၉၉၃ခုနှစ်တွင် တည်ရှိနေသော ရွာစာရင်းအရ ဖြစ်လေသည်။ (၁)နန့်မွန်း၊ ရွှေလက်ပံ၊ လယ်ပုံလေး၊ ဆန္ဒင်းကုန်း၊ အင်းသာ(၂)၊ မမုံကိုင်၊ မိုင်းနောင် (၃)လုံးတုံ၊ ဟဲပန်၊ တုံပေ၊ ကုန်းမန၊ နန့်ဖောင်းဇင်၊တောင်ပေါ်၊ လုံးကောက်၊(၄) မိုင်း ပုတ်၊တုံပင်၊(၅)လွဲမွန်၊ နန့်ပလဲ၊ နန့်မီးလောင်၊ (၆)ညောင်ပင်၊ နန့်တောင်ဆယ်၊ တုံစံခ၊ (၇)မပြင်၊ နားလတန်း၊

(၈)ပန်းလား၊ လောဆွန့်၊ မန်ကင်း၊ အိုင်လေးထူ၊ (၉)ချောင်းဝ၊ လွဲပေါ၊ (၁၀)လုံးစန့်၊ကုန်းဘောင်ရွာသစ်၊ မနခေါ (၁၁)ဟဲပု၊ ဟဲပါးနန့်မောက်ကန့်ဟူ၍ ကျေးရွာအုပ်စု (၁၁)အုပ်စု နှင့်ကျေးရွာပေါင်း ၃၆ရွာဖြစ်သည်။

**ထင်ရှားသောတောင်များ။** ။အရှေ့ဘက်တွင် ထင်းရှူးမိုးဆိုးလွဲအိမ်၊ ဝပေါ်တောင်များ ဖြစ်သည်။ တောင်ဘက်တွင် ဆင်ခေါင်း၊ ကန့်လန့်ကာ (လေ့ခွန်း) တောင်များဖြစ်သည်။ အနောက်ဘက်တွင် တောင်သုံးလုံး၊ နားတောင်း၊ လွဲချို၊ လွဲခူး၊ ဥမင်သင်းခါဝါး၊ လွဲနိုင်း၊ (ကျွန်းတော) ကျောက်တောင်၊ လွဲမစွတ် စကားဝါတောင် များဖြစ်သည်။ မြောက်ဘက်တွင် ကဝါပွန်း၊ ဝါးပိုး(နွားလပို့)လည်းခေါ်သောတောင်၏ အရှေ့တောင်မျက်နှာတွင် ထူးဆန်းအံ့သြဘွယ်ကောင်းသော ကျောက်လှိုဏ်ဂူ ဥမင် ကြီးရှိသည်။ အင်းမြောက်ဘက်ကမ်းခြေ၌ ရွှေတောင် တောင်ကုန်းတောင်တန်းများ ဖြစ်သည်။

**အင်းဘေးကပ်သောတောင်ကုန်းများ**

အရှေ့ဘက်တွင်မရှိ။ တောင်ဘက်တွင်မရှိ။ အနောက်ဘက်တွင် မမုံကိုင် (မြို့ဟောင်း ကုန်း)၊ မမုံ့ကိုင်(ရွာကုန်း) မမုံကိုင် (ကျောင်းကုန်း) လုံတုံ (ရွာကုန်း) လုံးကြို့ (တပ်စခန်းကုန်း)၊ဟိုဖာ (ပန်းပဲကုန်း) ဟိုဖာ (ယခင် ကျောင်းကုန်း) ယခု ဆဒ္ဒါရိပ်သာ သစ်လုပ်ငန်းကုန်း)၊ ဟိုဖါ(ဘုရားစေတီကုန်း)၊ နန့်ပတဲ(ဘုရားစေတီကုန်း)၊ ဝိုင်းလုံ(ဘုရားစေတီကုန်း)၊ ဝိုင်းလုံ (ရွာကုန်း)၊ နန့်ပင်ပင်ကုန်း၊

လဲမွန်(ဘုရားစေတီကုန်း)၊ လွဲမွန်(ရွာကုန်း)၊လွဲမွန်(နတ်ကြီးကုန်း) မြောက်ဘက်တွင် ရွှေတောင်(တောင်ကုန်း) တောင်တန်းတို့ဖြစ်သည်။ အနောက်ဘက်၌ရေးခေါ၊ ဲရေးကေး၊ လုံးကောက်၊ မိုင်းပုတ်ကြီး၊ တောင်ပေါ၊ နန့်ဖေါင်းဇင်၊ ကုလားရွာကုန်း၊တောင်ကုန်းတို့သည်ကား မိုးတွင်း (အင်း) ရေတက်ချိန်သာ အင်းရေရောက်သည်။

**အင်းထဲသို့စီးဆင်းသောချောင်း၊ သောင်စွယ်အိုင်ငယ်များ။**

အင်းတော်ကြီးထွက်ပေါက်အဝစည်ခမ်း(လည်လောင်း) ချောင်းသည် အရှေ့ မြောက်ဘက်သို့စီးဆင်းသည်။ မိုးကောင်း (နန်ကောင်း)ချောင်းဆုံရာအထိ အကွေ့အကောက်ပေါင်း ၃၆၀ ရှိသည်ဟုသိရသည်။ ကုန်ပစ္စည်းပိသာချိန် ၅၀၀၀ ၊ရှစ်တန်ခန့်တင် နိုင်သော မော်တော်ရေယာဉ်စက်လှေများ ဧရာဝတီမြစ်ကြောင်းမှ ရာသီမရွေးသယ်ဆောင်သွားလာနိုင်၏။

အရှေ့ဘက်တွင် ခါတက်စွယ် ဆင်သေချောင်း မိုးဆိုးချောင်း လုံးစန့်သောင် စွယ် နောင်ပုတုံအိုင်ချယ်တန့်ချောင်း၊ မအူပင်ချောင်း၊ နောင်ကြိန်းပန်းအိုင်၊ လင်ကင်းစွယ်ငါးသိုင်း အိုင်၊ငါးသိုင်းစွယ်ကြီး နန့်သဲချောင်း၊ငှက်သိုက်ချောင်း၊ ဝန်းလှော်ကွေ့၊ နန့်မောက်ကန် ချောင်း နန့်မောက်ကန်ရေဆိပ်၊ ဟဲပုစွယ်၊ မီလာကွေ့၊ ခါတက်စွယ်ကြီး၊ ခါတက်စွယ်လေး၊ ဆင်သေချောင်း နန့်မချောင်း၊ ဟဲပါးရေဆိပ် ၊ ဟဲပါး ချောင်း၊ မောင်ရွှေစိန်ဆိပ်နောင်ခွန်ကွေ့ လင်အော့ စွယ်နောင်မယ်ဖွဲ့တို့ဖြစ်သည်။

အရှေ့တောင်ဘက်တွင် လယ်ပုံကြီးချောင်း နန့်မွန်းချောင်း

နှင့် တောင်ဘက်တွင် တာမခံဆိပ်၊ လယ်ပုံကလေးချောင်း၊ မိုးကြိုးပစ်အိုင် မီးလောင်သောင်၊ နောင်မယ်ချောင်း၊ နောင် မယ်ကျွေ့၊ နန့်ပန်းကိုင်ချောင်း၊ နောင်လယ်အိုင်၊ နောင် တလစ်အိုင်၊ စယ်ဆောင်သောင်စွယ် နန့်ခါးချောင်း၊ ဒရယ်ကျွေ့ မိုင်းနားသောင်စွယ် ပေါမွေးခေါင်ချောင်း ကျွဲစုအိုင်တို့ဖြစ်သည်။

အနောက်တောင်ဘက်တွင် လယ်မှော်ချောင်းနှင့် အနောက်ဘက်တွင် လယ်မှော် ချောင်းစပ်မမုံကိုင် (မြို့ဟောင်း ဆိပ်၊ ရွာဆိပ်၊ကျောင်းဆိပ်) လယ်မပိုင် ချောင်း၊ နန့်ရင်းခါ ချောင်း၊ မြေသောင်စွယ်၊ မန်ပင်ဆိပ်၊ မယ်ခင်ဆိပ်၊ လုံးတုံရေဆိပ်၊ လုံးကြို့(တပ်စခန်း)ဆိပ်၊ ပုဇွန် အိုက်၊ နန့်လွဲချောင်း ဟိုဖာ(ပန်းပဲကုန်းဆန္ဒာရိပ်သာ ကုန်း၊ ဘုရားကုန်း)ဆိပ်၊ ဆင်အော်ငယ် ချောင်း၊ နန့်ဖေါင်းဇင်ချောင်း၊ တောင်ပေါ်ဆိပ်၊ လင်ပေါ်လွတ်သောင်၊ နန့်မန်လည်(လုံးကောက်)ချောင်း၊ လိပ်ဥတောင်၊လယ်သပြေ ချောင်း၊ လယ်မမုံ ချောင်း၊လင်လုံ သောင်( ရွှေမဋ္ဌုစေတီတော်)စွယ်၊ ရွှေမဋ္ဌုစေတီ တော် ပွဲခင်းဆိပ်၊ နန့်ပတဲ့ချောင်း၊ နန့်ပတဲ့ကြီးဆိပ်၊ နန့်ပတဲ့စေတီကုန်း၊ ယခု ဝရလာဘစေတီကုန်း စိုင်းလုံ(ဇမြေဇမ္ဗူသဲရတနာမဋ္ဌုစေတီတော်)ဆိပ်၊ စိုင်းလုံ ကျွေ့ကြီး၊ နန့်ပင် ပင်စွယ်၊ နန့်ပင်ပင်ချောင်း၊ ကုန်းမနပ်၊ (ငွေမဋ္ဌုစေတီ၊ မုဆိုးမ စေတီ)ဆိပ်၊ ကြူအိုင်ပင်ဆိပ်၊ လွှဲမွန်(ရွာဆိပ်၊ နတ်ကြီးစဉ်ဆိပ်) နားသဲချောင်း၊ လင်စေတီစွယ်၊ ခွေးသေကျွေ့လယ်သေချောင်း၊ ရှူဆိပ်၊နန့်မီးလောင်၊ (ဝံစုန်)ချောင်း၊ နန့်မီးလောင် ဆိပ်၊ လင်ပါဟုတ်စွယ်ကြီး၊ နန့်ခိုး

ကျင်ချောင်း၊ ငှက်နားရှာဟောင်းဆိပ်၊ကုန်းမမုံဆိပ်၊ ကျွဲစုဆိပ်၊ နန့်တောင်းစွယ်ဆိပ်၊ နန့်တောင်းဆယ်ချောင်း၊ မန်ကျိုးညီနောင်ဆိပ်၊ နန့်စန်းတာချောင်း၊ ပေါက်ဝစွယ် တို့ဖြစ်သည်။

အနောက်မြောက်ဘက်တွင် နန့်စန်းတာချောင်း ညောင်ပင်(ဆုတောင်း ပြည့်စေတီ)ဆိပ်နှင့် မြောက်ဘက်တွင် ညောင်ပင်ကွေ့ကြီး၊ ညောင်ပင်ဆိပ်၊ ခွေးဟန်ကြီး စပါးကြီးကွေ့ မိုးကောင်းကွေ့ကြီး၊ ရွှေခွက်ချသောင်၊ အုတ်ရင်းခေါ်၊ လယ်ဆိန်မာ၊ ရွှေတောင်ကြီး၊ ကျောက် အိုက်တို့ဖြစ်သည်။

**အင်းတော်ကြီးအိုင်မြင့်တက်ကျယ်ပြန့်လာမြင်း။**

အင်းတော်ကြီးအိုင်သည် ရှေးယခင်က ကြည်လင် သန့်ရှင်းသော သိုက်၊ မှော်၊ ဗေဒါ ကင်းရှင်းသည့်အိုင်ဖြစ်သည်။ ထို့ကြောင့် (လောင်လုံစည်ခမ်းဟူ၍) ရှေးယခင်၌တင်စားခေါ် ဝေါ်ကြ၏။ ရွှေရတနာအပြည့်တည်သောအင်းဟု အမိပ္ပါယ်ပေါ်လွင် သည်၊ ယခုသိုက်မှော် ဗေဒါများပေါက်ရောက် မျောပါးလွင့်ပါး ကြီးစိုးနေ၏၊ သို့ရာတွင် အင်း၏ သန့်ရှင်းကြည်လင်မှုကို အကျည်းတန်စေသော်လည်းသဘာဝ၏ ဖန်တီးဖြစ်ပေါ်လာမှုကြောင့် ပို၍သာယာပျော်ဖွယ် ပင်ဖြစ်သည်။ အင်းရေမြင့်တက်ကျယ်ပြန့် လာပုံမှာလည်း အောက်ပါအချက်များတွင် လေ့လာ သိသာ နိုင်ပါသည်။

အေဒီ ၁၉၀၀ခန့်၌ အင်းတော်ကြီးအနောက်ဘက်ကမ်း နန့်ရင်းခါ ချောင်းစပ်မှ နန့်ခိုး ကျင်ချောင်းစပ်ထိ ၁၄မိုင်ရှိသဲသောင်ခုံ

လမ်းကြီး တည်ရှိသည်။ မိုးတွင်း ရေကြီးချိန်၌ပင် ယခု အနောက်ဘက်ကမ်းဘေးရှိ သစ်ပင်တန်းထိပင် မရောက်မူ၍ သဲသောင်ခုံထိသာ အင်းရေများ တက်ရောက်သည်ဟူ၍ ယခုမူ အင်းရေပြင်မြင့်တက်ကျယ်ပြန့်လာသဖြင့် ထို သဲသောင်ခုံလမ်းမရှိတော့ပြီဖြစ်သည်။ ဆက်စပ် တွေးခေါ်နိုင်ဖွယ်ရှိသော အကြောင်းရင်းသည်ကား (၁) ရှေ့နောက်ဝဲယာ တို့မှ ချောင်းပေါင်းများစွာတို့သည် ရေကြည်ရေနောက်နှင့် သစ်ပုတ်သစ်ဆွေးတို့ဖြင့် စီးဆင်းမျောပါ၍ အင်းထဲသို့ရောက်ရှိ အနည်ထိုင်လျက်ရှိခြင်း၊ (၂)တစ်ခုတည်းသော အင်းရေထွက်ပေါက်သည် စည်ခမ်းခေါ်(လည်လောင်း)ချောင်းဖြင့် စီးဆင်း၍ မနိုင်မနင်းဖြစ်ခြင်း၊ (၃)ရာစုနှစ်အတွင်း နိုင်ငံတော်သစ်လုပ်ငန်းမှ သစ်ချသစ်မျောလုပ်ငန်း ပုဂ္ဂလိကငါးဖမ်း အချုပ်ငါးဖမ်းဆည်လုပ်ငန်းတို့ကြောင့် ပုံမှန်ရေစီး ကြောင်းကို အဟန့်အတားဖြစ်စေခြင်း၊ (၄)ဒိုက်မှော် ဗေဒါပိတ်ဆို့မှုဖြင့် သဘာဝ ရေစီးဆင်းနှုန်းမမှန်ဖြစ်ခြင်း။ (၅) ချောင်းကမ်းပါးပြိုကျ အနယ်ထိုင်မြင့်တက်လာခြင်း၊ ထိုအချက်များကို အခြေခံ၍ အင်းရေထွက်ပေါက်အဝတွင်နွေရာသီ၌ (၅ပေ) (မော်တော်ရေယာဉ်မောင်း နိုင်ရုံသာ)ဖြစ်သည်။ အင်းရေထွက်ပေါက်မြင့် တက်လာလေ အင်းရေပြင် မြင့်တက်ပြန့်ကျယ် ဖြစ်ပေါ်လာမည်မှာ သဘာဝတစ်ရပ်ပင် ဖြစ်တော့သည်။

**အင်းရေမြင့်တက်ကျယ်ပြန့်လာပုံကို မှတ်တမ်းတင်ခြင်း။**

အင်းတော်ကြီး(အင်း) ရေပြင်မြင့်တက် ကျယ်ပြန့်လာပုံသည် အင်းတော်ကြီး အင်းလယ်အတွင်းရှိ ဤသမိုင်းတွင်ဖော်ပြ

တင်ပြလတ္တံ့သော ရွှေမဥ္ဇူ စေတီတော်၏ရင်ပြင် ပလ္လင်တော်ကို ဥပမာပြု၍ မှတ်တမ်းတင်ရမည်ဖြစ်သည်။ တန်ခူးလရေကျန်၊ ကဆုန်လ ရေခမ်း၊ ခန့်မှန်း၍ သမိုင်းမှတ်တမ်းတွင်တင်ပြထား၏ (၁) အေဒီ ၁၉၁၈၊ မြန်မာသက္ကရာဇ် ၁၂၈၀ခုတွင် ပလ္လင်တော် ရေပေါ်အမြင့် (၁၈)ပေရှိသည်။(၂)၁၂၉၀ခုတွင် ပလ္လင်တော်ရေပေါ် အမြင့် ၁၆ပေ ၈လက်မရှိသည်။ (၃) ၁၃၀၀ခုတွင် ပလ္လင်တော် ရေပေါ် အမြင့် ၁၅ပေ၄လက်မရှိသည်။ (၄)၁၃၃၀ခုတွင် ပလ္လင်တော်ရေပေါ် အမြင့် ၁၀ပေသာရှိတော့၏။ ရေးနှစ်ပေါင်း၅၀အတွင်း အင်းရေ မြင့်တက်လာသောနှုန်းသည် ၈စ်ပေဖြစ်ကြောင်း သိသာနိုင်သည်။ ထို့ကြောင့် မိုးရာသီ (ရေကြီးရေတက်ချိန်)၌ ပလ္လင်တော်ရေလွှမ်းခြင်း ဖြစ်၏။မြန်မာသက္ကရာဇ် ၁၃၃၀ခုနှစ်မတိုင်မီ၌ ပလ္လင်တော်အမြင့် ၁ပေ၊ နောက်တစ်ဖန် ပလ္လင်တော်အမြင့် ၁ပေတိုးမြှင့် တည်ဆောက်ခဲ့သော် လည်း ၁၃၄၅-၄၆ခုတွင် ၂နှစ်ဆက်တိုက် မိုးတွင်း ရေ(ပိုမို)ကြီးလာ သဖြင့် ပလ္လင်တော်အထက် ၁ပေခန့် ရေလွှမ်းခြင်းဖြစ်ခဲ့သည်။ ၁၃၅၇ခုနှစ်တွင်လည်း ၈လက်မရေလွှမ်းခြင်းဖြစ်ခဲ့သည်။

လင်လုံခေါ် (ရွှေမဥ္ဇူစေတီတော်)သဲသောင်ပြင်သည် တပေါင်းလ (ပွဲတော်ချိန်)၌ ရေးသမိုင်းအရ မြန်မာသက္ကရာဇ် ၁၂၃၀ခုနှစ်တွင် ရေပေါ်အမြင့် ၁၂ပေခန့်ရှိသည်ဆို၏၊ ထို့နောက် ၁၂၆၅ခုတွင် ရေပေါ်အမြင့် ၁၀ပေခန့်နှင့် ၁၃၀၀ခုတွင်ရေပေါ်အမြင့် ၂ပေခန့်သာရှိ၏။ ၁၃၂၀ခုတွင်သဲသောင်ပြင် (သောင်ခုံ)မပေါ်တော့ပြီ ဖြစ်သည်။ ၁၃၃၂ခုတွင် အင်းစပ် (ဇေတဝန်ကျောင်းယခင်)မှ

(ရွှေမဋ္ဌုစေတီတော်)အထိ ယခင်သဲသောင်လမ်းသည် ရေအနက် ၁ပေမှ ၃ပေခွဲထိ နစ်မြုပ်၏။ ထို့ကြောင့်မြန်မာသက္ကရာဇ် ၁၃၃၂ခုနှစ်၌ ၂၀ပေကျယ် သဲကျောက် လမ်းနှင့်၁၀ပေကျယ် အုတ်ခုံလမ်းတို့ကို စတင်တည်ဆောက်ခဲ့၍ ပေပေါင်း ၁၅၀၀ရှိ (ရွှေမဋ္ဌု စေတီတော်မှ ယခင်ဇေတဝန်သုံးထပ်ကျောင်းနတ်ရေကန်သောင်စပ်ဆုံးထိ) ကို ကာလတန်ဖိုး ငွေကျပ် ၅၅၀၀၀ခန့်ဖြင့် ၁၃၄၂ခုနှစ်တွင် ပြီးစီး လေသည်။

အထက်ပါလင်လုံခေါ်သော သဲသောင်ပြင်၏ သာဓကသည် လည်း နှစ်ပေါင်း ၁၀၀ (၁၂၃၀–၁၃၃၂)အတွင်းအင်းရေမြင့်တက် လာသောနှုန်းသည် ပေပေါင်း ၁၅ပေနှင့် ဖလက်မ ဖြစ်သည်ကို ဆန်းစစ်သိနိုင်သည်။ ဤသို့သည် အင်းရေမြင့်တက်လာခြင်း၏ သက်သေ တစ်ရပ်ပင်ဖြစ်သည်။

အင်းရေကျယ်ပြန့်လာပုံမှာလည်း အောက်ပါအချက်များ တွင် လေ့လာဆန်းစစ်နိုင်ပါသည်။

(၁)။မြန်မာသက္ကရာဇ် ၁၂၃၀ခုတွင် ရွှေမဋ္ဌုစေတီတော်၏ ရင်ပြင်တော် ကျောက်တိုက်ပလ္လင်မှ နတ်ရေကန်သောင် (အင်း) စပ်သို့ပေပေါင်း ၁၅၀၀နှင့် နတ်ရေကန်သောင် (အင်း) စပ်မှ လူ ရေကန်သောင်စပ်သို့ ပေပေါင်း (၅၀၀) ၂၇ဖတာ ပေါင်းရှိသည်။ နောက်တစ်ဖန် လူ ရေကန်သောင်စပ်မှ ရှေးဇာတ်ရုံဟောင်းသို့ ပေပေါင်း ၂၅၀၊ ထိုမှ အရှေ့အင်းစပ်အထိ ပေပေါင်း ၃၀၀ ဇာတ်ရုံအနောက်ဘက်တွင် ကွင်းပြင်ကြီးရှိ၏၊ သဲသောင်ပြင်

စတုရန်းသံကြိုး (၁၀၀) ၁၀ဇကတွင် ရွှေမဋ္ဌု စေတီတော်ပွဲခင်းဖြစ်သည်။ နောင်တွင် အင်းရေပြင်ကျယ်ပြန့်လာ ရေလွှမ်း သဖြင့် ပွဲခင်းကျဉ်းလာ၏။ ထို့ကြောင့် ၁၂၉၅ခုတွင် ဇာတ်ရုံကို အနောက်ဘက်သို့ ပေပေါင်း ၂၅၀ကွာတွင် ရွှေ့ပြောင်းဆောက်ခဲ့၏။ နောက်တစ်ဖန် ၁၃၁၅ခု၌ ဇာတ်ရုံကို အနောက်ဘက်သို့ ရွှေ့ပြောင်းဆောက်ပြန်သည်။ ဇာတ်ရုံကို အနောက်ဘက်သို့ ရွှေ့ပြောင်းရခြင်းသည် အင်းရေကျယ်ပြန့်လာ၍ ပွဲခင်းကျဉ်းသဖြင့်ဖြစ်သည်။ ယခု ဇာတ်ရုံမှာ ၁၃၄၆ခုတွင် မူလနေရာ၌ ပြန်ဆောက်သည်၊ မိုးရာသီတွင် ပွဲခင်းနေရာ၌ ယခု ရေအနက် ၇ပေမှ ၃ပေရှိသည်။ ရှေးယခင်က ရေနစ်ခြင်းမရှိခဲ့ဟု ဘိုး၊ ဘေး၊ ဘီ၊ဘင်များ ဆိုစကားကို ထပ်ဆင့်မှတ်သားရဖူး သည်။

၂။အင်းတော်ကြီးတောင်ဘက် မမုံကိုင်ရွာအရှေ့ နန့်သဲချောင်းနှင့် နန့်ပန်းကိုင် ချောင်း(ပေါက်ဝ)နှစ်ခုကြား ပေပေါင်း (၁၀၀၀)ခန့်သည် အင်းရေ ကျယ်ပြန့်လေသဖြင့် ရှမ်း ဘာသာအခေါ် (နောင်မွန်) အင်းသစ်ဖြစ်လာသည်။ အနောက်ဘက်တွင် လုံးတုံ၊ ဟိုဖာ၊ နန့်ဖေါင်းဇင်၊ လုံးကောက်စသော ရွာကုန်း တို့သည် မိုးတွင်းကာလတွင် ရေပတ်လည် ဝိုန်းရံထားသည်။ နန့်တောင်းဆယ်ချောင်းနှင့်နန့်စမ်းတာချောင်း(ပေါက်ဝ) နှစ်ခုကြားတွင် မြန်မာ သက္ကရာဇ် ၁၂၉၅ခုနှစ်ခန့်မှစ၍ သစ်ပင်(အိုက်)တောကို အင်းရေများ လွှမ်းမိုးရာစတု ရန်းဇက (၅၀)ခန့်ကို အင်းရေမြင့်တက်ကျယ်ပြန့် လွှမ်းမိုးခြင်းဖြစ်ခဲ့သည်ဟု ဆိုကြသည်။ ထိုဒေသကို နောင် ၁၃၀၀ခုမှ

၁၃၁၀ခုတွင် သစ်ငုတ်(တစ်ထောင်)ဟူ၍ အမည် တွင်လေသည်။ ၁၃၁၅ခု၌ နွေအခါရေကျချိန်တွင်အင်းရေအနက် ငါးပေခန့်မျှရှိလေသည်။ ထိုစဉ်၌ ရေပြင်တွင် ပေါ်ထွက်နေသော သစ်ငုတ် အမြောက်အမြားကို တွေ့ဖူး ခဲ့သည်။

(၃) အင်းတော်ကြီး မြောက်ဘက်တွင် ပါတောင်းရွာ တောင်ဘက်၌ မြန်မာသက္ကရာဇ် ၁၂၆၅ခုခန့်မှစ၍ အင်းရေများ လွှမ်းမိုးရာစတုရန်းဧက ၁၀၀၀ကျော်ခန့်ကို အင်းရေနစ်မြုပ်ပြီး ကိုင်းကြီးဖြစ်လာသည်။ ရှေးအခါတွင် အင်းကြီးနှင့် ဝေးကွာနေသော ညောင်ပင်ဒေသပါတောင်းဒေသ ရွှေတောင်ဒေသသည် အင်းရေ လွှမ်းမိုး၍ ကိုင်းကွင်းကြီး ဖြစ်လာသည်။ ထိုကိုင်းကွင်းတို့မှ နောင်တွင်အုပ်ရင်းတိုက်ကြီး စုပုံဖြစ်ပေါ်လာသည်။ ထိုအုပ်ရင်း တိုက်ကြီးတို့သည် မြန်မာသက္ကရာဇ် ၁၃၂၃ခုခန့်ကစပြီး တစ်စုပြီး တစ်စု လေလှိုင်းတိုက်ရာ မျောပါလွင့်ပါးကုန်လျက် ရေတိမ်အင်းကြီး ဖြစ်ပေါ်လာသည်။ ထိုရေတိမ်အင်းသည် ပေပေါင်း လေးထောင်ကျော် ငါးထောင်ခန့် ဖြစ်ပေါ်တိုးလာ၍ နောင်တွင် အင်းပြင်ကြီးဖြစ်ခဲ့သည်။

အင်းတော်ကြီးအင်းဘေးပတ်လည်(ရှေ့နောက်ဝဲယာ)မှ ရှေးယခင်က လုပ်ကိုင် စားသောက်ခဲ့သည့်လယ်မြေဧကပေါင်း မြောက်များစွာတို့သည် အင်းရေနစ်မြုပ် ပျက်စီးခဲ့ လေသည်။ ရာစုနှစ်များအတွင်း အင်းဘေးပတ်လည် လယ်မြေဧရိယာဧကပေါင်း တစ်သောင်း ခန့်မှာ အင်းရေမြင့်တက်ကျယ်ပြန့် လာသော အထောက်အထားများအရ အင်းရေနစ်မြုပ် ခဲ့ဖွယ်ဖြစ်လေသည်။

ယင်းတို့သည် အင်းရေမြင့်တက်ကျယ်ပြန့်လာသော သာဓက အရပ်ရပ်ပင်ဖြစ်သည်။

**ရှေးယခင်က ဆင်များကျက်စားရာအင်းတော်ကြီး**

အင်းတော်ကြီးသည် ရှေး၌ ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်း စံပျော်ခဲ့သည့် ဆဒ္ဒန်အိုင်သာကြီးပင် ဖြစ်သည်ဟု အချို့က ယူဆလိုကြသည်။ ယူဆစရာ အခြေခံအချက်သည်လည်း ဆင်များ ကျက်စားရာ၊ ဆင်ဖြူတော်မွေးဖွားရာ ဒေသ ဖြစ်ခြင်းကြောင့်ပင် ဖြစ်လေသည်။ တစ်နည်းအားဖြင့်လည်း အင်းမြောက်ဘက်ရှိ တောင်ကြီးတောင်တန်းတို့မှာ ပြောင်စာမြက် များပေါက်ရောက်၍ တစ်တောင်လုံး ရွှေရောင်ဝင်းနေသဖြင့်ရွှေတောင်ဟုယခုတိုင် ခေါ်တွင်သည်။ ဤရွှေတောင်မှာ ဆဒ္ဒန်ဆင်မင်းကျက်စားခဲ့ရာ 'ကဥ္စနဂိရိ ရွှေတောင်'ဟူ၍ ယူဆစရာ ဖြစ်လာပြန်သည်။(ရွှေတောင်တွင်ယခု သံရိုင်းကျောက်မျိုးနှင့် ကံ့ကူကျောက်များ ရှိလေသည်) သို့ရာတွင် ဘုရားလောင်းဆဒ္ဒန်ဆင်မင်းသည် ဂေါတမမြတ်ဘုရား မပွင့်မီ၌ ဖြစ်ပေရာ ရှေးနှစ် ဘီစီ(တစ်သချေ်ာ)ထက်စောမည့် ကာလမဖြစ်တန် ပါပေ၊ သို့တိုင် ရှေးအတိတ်၏သမိုင်းအစဉ် အလာများမသိနိုင်၍ မျက်မှောက်ကာလ သမိုင်းမှတ်တမ်းများအရ တွေးတောကြံဆ ဖွယ်ပင် ဖြစ်လေသည်။

အေဒီ ၁၈၅၀ခန့်တွင် အင်းတော်ကြီးဒေသရှေ့နောက် ဝဲယာတို့၌ တောတိရစ္ဆာန် ဆင်ရိုင်းများကျက်စားရာ ဒေသ ဖြစ်သည်ဟုဆိုကြသည်။ တောဆင်များအင်းအရှေ့အနောက်

ကူးဖြတ်ရာ တုံစံခ (ဆင်ကူးကွင်း)တစ်နည်း အားဖြင့် တုံစန့်စမ်း (ဆင်ရွှေကျက်စားရာဒေသ) ဟူ၍လည်းကောင်း၊ တောဆင်များ အင်းသို့ ဆင်းသက်ရာလုံးခန့်(ဆင်ဆင်းဒေသ)ဟူ၍ လည်း ကောင်း၊ ယနေ့တိုင်အမည်တွင်လျက်ရှိသည်။

ရေးယခင်ကအင်း၏အရှေ့တောင်ဘက် ယခုဟိုပင် မော်တော်ကားလမ်း ကွင်းပြင်တွင် တောဆင်သင်းကို ဆင်ကျား ဦးစီး၍ ကျက်စားသည်။ တောင်ဘက် ဆင်ခေါင်းတောင်ကန့် လန့်ကာ(လော့ခွန်း)တောင်ကြား နန့်မွန်းချောင်းဖျား (မိုးညှင်းဘီလူး မြို့) လမ်းကွင်းပြင်ကြီးတွင် တောဆင်သင်းကို ပတ္တမြားဆင်ဦးစီး၍ ကျက်စားသည်။

အနောက်ဘက်ငွေတောင် (လ၊တောင်)ကွင်းပြင်ကြီးတွင် ဆင်သင်းကြီး (၅၀၀)ခန့်ကို ဆင်ဖြူတော်ဦးစီး၍ ကျက်စားသည်။ (မြန်မာသက္ကရာဇ် ၁၂၅၈ခုနှစ်၊ ခရိုင်အုပ် ဦးကြာမိုး တွေ့မြင် ဖူးကြောင်းမှတ်တမ်း) ဖြစ်သည်။

မြောက်ဘက်ရွှေတောင်ကြီးကွင်းပြင်တွင် တောဆင်သင်းကို ဆင်ရွှေဦးစီး၍ ကျက်စားသည်။(ဦးသိန်းညွန့်ရေး သမိုင်းမှတ်တမ်းမှ ဖြစ်သည်။)

ယင်းသို့သောတောဆင်များ၏အသင်းကို ထူးခြားသော ဆင်ဦးစီး၍ သွားလာ ကျက်စားကြောင်းကို ရှေးဘိုး၊ဘေး၊ဘီ၊ ဘင်များမှတစ်ဆင့် ခေါ်ဝေါ်ကြ သည့်ကိုယနေ့တိုင် တွင်ရစ်နေသည်။

ယခု အေဒီ ၁၉၈၆ခုနှစ်တွင်အင်းတော်ကြီးအရှေ့ဘက် ဝန်းကျင်မှအပ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်

(ခရီးဝေးကွာ)တို့တွင် တောဆင်ရိုင်းများ (ရာစု)ခန့်သွားလာ ကျက်စားသော်လည်း ဆင်မည်းမှတစ်ပါး အခြား အရောင်အဆင်း ရှိသောဆင်ကိုတွေ့မြင်ဖူးသူ တစ်ဦးတစ်ယောက်မျှ ပြောသံ မကြားရတော့ပေ။ သို့ရာတွင် ဆင်ဖြူတော်အကြောင်းကိုကား သမိုင်းမှတ်တမ်းတင်ပြရပေမည်။

**ဆင်ဖြူတော်မ။** ။မွေးဖွားရာရက်နှင့် အမျိုးအနွယ်မှာ မြန်မာသက္ကရာဇ် ၁၃၁၉ခု၊ တပေါင်းလဆုပ် ၁၃ရက်၊ (၁၇-၃-၁၉၅၈အေဒီ)တနင်းလာနေ့နံနက် လေးချက်တီး (စက် ၆း၀၀)နာရီခန့် အချိန်တွင် မိခင်မယ်စု(ဆင်နံပါတ် ၈၂၄)အမည်ရှိ ဆင်မည်းမှ ဆင်ဖြူ တော်မမွေးဖွားသည်။

မွေးဖွားရာ ဇာတိမှာ ကချင်ပြည်နယ် (မြစ်ကြီးနားခရိုင် ကာမိုင်းမြို့နယ်ယခင်) ယခု မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ အင်းတော်ကြီးတောင်ဘက် အင်းစပ်မှ ခရီး ၂မိုင်ခန့် မိုင်းနောင်ရွာ၊ ထိုရွာမှ တောင်ဘက် ခရီးတစ်မိုင်ခွဲခန့်ရှိသော ဆင်ခေါင်းတောင် အနောက်တောင်ခြေတွင် ဝန်တင်ပုံသဏ္ဍာန်ရှိသော တောင်ဘက် ခေါင်းပြု၍ အရှေ့ဘက်ခြေဆင်းအိပ်ဟန် တည်ရှိသည့် ကျောက်ဆင် ရုပ်ကြီးအနီးရှေးကမြို့ဟောင်းမြေတံတိုင်းအတွင်းတွင် မွေးဖွား သည်။

ဆင်ဖြူတော်မသည် မျက်လုံးမျက်ဆံပုလဲရောင်ရှိ၍၊ အာနီ၍၊ ခြေလေးဘက်လုံး ခွာအနီရောင်ပြေး၍၊ အမြီးတံခါးပိတ်၍။ မိခင် ဆင်မည်းပိုင်ရှင်မှာ နိုင်ငံတော်သစ်လုပ်ငန်း(သစ် ထုတ်ရေး)မှ ငှါးရမ်းထားသော အင်းတော်ကြီး မိုင်နောင်ရွာမှ (ဦး--)- ဒေါ်ဖွားတင် (ဦးသိန်းညွှန့်ရေး သမိုင်းမှတ်တမ်း)မှ ဖြစ်လေသည်။

နောင်တွင်နိုင်ငံတော်အစိုးရက ဆင်ပိုင်ရှင်အား တန်ဖိုးငွေပေး၍ ဆင်ဖြူတော်မကို ရန်ကုန်မြို့ တိရစ္ဆာန်ရုံသို့ သယ်ဆောင်သွားကာ အများပြည်သူတို့အားပြသထားလေသည်။

**ဆင်ဖြူတော်ထီး။** အင်းတော်ကြီးဒေသသည် ရှေးယခင်၌ဆင်များကျက်စားရာ ဆင်ဖြူတော်မွေးဖွားရာ ဖြစ်ခဲ့သည်။ ယခုမြန်မာသက္ကရာဇ် ၁၃၅၁ခုတွင်လည်း ဆင်ဖြူတော် အထီးမွေးဖွားခဲ့လေသည်။ သို့ရာတွင် မိခင်ဆင်မသည် ကျန်းမာရေးချို့တဲ့သောကြောင့် ဆင်ဖြူလေးမှာ အသက်မရှင်ဘဲ အသေမွေးဖွားခဲ့ခြင်းဖြစ်သည်။

မိခင်ဆင်မမှာကာမိုင်းမြို့နယ် ကျောက်စိမ်းတွင်း ဟောင်ပါးကျေးရွာအုပ်စု တာမခံရွာ ဦးဘကျော်–ဒေါ်နန်းခင်တို့၏ ဆင်အမည်မခင်လှ မှတ်ပုံတင်ဂရန်အမှတ် (        )ဖြစ်လေသည်။ အင်းတော်ကြီးလွဲမွန်ရွာ၌ နစ်ရှည်လများထိန်းကျောင်းပေးရန် အပ်နှံထားရာမှ ဆင်ဖြူ တော်အထီးမွေးဖွားခဲ့လေသည်။

**ဆင်အမျိုးပေါင်း သိကောင်းစရာ**

ကမ္ဘာပေါ်တွင်အထူးသဖြင့် နှစ်မျိုးသော ဆင်တို့သည် အာဖရိကနှင့် အာရှဆင်တို့ ဖြစ်လေသည်။ အာဖရိကဆင်သည် ဆာဟာရသဲကန္တာရတောင်ဘက် တောနက်များတွင် တွေ့ နိုင်သည်။ ဆင်အထီးအရပ် (၁၁–၁၃)ပေထိမြင့်သည်။ အလေးချိန် (၆–၇)တန်ထိရှိသည်။

ဆင်အမမှာ အရပ်(၉–၁၀)ပေမြင့်ပြီး အလေးချိန် (၄–

၅)တန်မျှ ရှိလေသည်။ ဆင်အထီးအကြီးဆုံး၏ အစွယ်မှာ ၈ပေရှည်ပြီး ပေါင် ၃၀၀ပိဿာချိန် ၈၀ခန့်ရှိလေသည်။

အာရှဆင်တို့မှာ (၁၀)ပေထိသာရှိနိုင်သဖြင့် အစွယ်မှာမူ ပိဿာချိန် ၅၀ ရှိသော ဆင် မရှိသလောက် ရှားပါးသည်။

ရှေးယခင်တွင်စာပေကျမ်းဂန်တို့၌ ဆင်အမျိုးပေါင်း ၁၀မျိုး ရှိခဲ့သည်ဟု ပြဆိုထား လေသည်။ ထိုဆင်မျိုးတို့မှာ (၁)အာဠာဝက၊ (၂)ဂင်္ဂေယျ၊ (၃)ပဏ္ဍရ၊ (၄)တမ္ဗ၊ (၅)ဝိင်္ဂလ၊ (၆)ဂန္ဓ၊ (၇)မင်္ဂလာ၊ (၈)ဟေမ၊ (၉)ဥပေါသတ္တ၊ (၁၀)ဆဒ္ဒန် (ဆင်ဖြူတော်)ဟူ၍ ဖြစ်လေသည်။ ဆင်ဖြူတော်ဆိုရာ၌ ဆင်(၁၀)မျိုးတို့တွင် ရှိနိုင်သော်လည်း ထူးခြားမြင့်မြတ်သော ဆင်ဖြစ်လေသည်။

ထို(၁၀)မျိုးသော ဆင်တို့တွင် တစ်မျိုးစီ တစ်မျိုးစီ၌ စွမ်းဆောင်နိုင်သော အားကို လူဦးရေအားဖြင့် ပြဆိုထားလေသည်။ သာမန်လူအား (၁၀)ဦးမှ ၁၀ရာခိုင်နှုန်းစီ အဆင့်ဆင့်တိုး၍ တိုး၍ စွမ်းဆောင်စွမ်းရှိပေရာ ဆဒ္ဒန်ဆင်၏ အားသည် သာမန်လူအား သိန်းပေါင်း တစ်သိန်းအားကို စွမ်းဆောင်နိုင်စွမ်း ရှိသည်ဟူ၍ ပြဆိုထားလေသည်။

**အင်းတော်ကြီးတည်ရှိရာ ရှေးမြန်မာတိုင်းကြီး (၁၀)တိုင်း**

မဇ္ဈိမ(ဒေသ)တိုက်ကို တိုင်းကြီး(၁၀)တိုင်း ပိုင်းခြားဘိသကဲ့သို့ မြန်မာနိုင်ငံကိုလည်း ရှေးအခါ၌တိုင်းကြီး (၁၀)တိုင်း ပိုင်းခြား၍ ထားလေသည်။ မြန်မာနိုင်ငံတော် ရှေးတိုင်းကြီး (၁၀)တိုင်း ပိုင်းခြားထားပုံသည် စစ်ကိုင်း (ရာဇဗုဋ္ဌာမဏိ) ကောင်းမှု

တော်ကြီး ကျောက်စာလာ တိုင်းကြီး(၁၀)တိုင်းနှင့် ဗျာဒိတ် သိုက်တော်လာ တိုင်းကြီး (၁၀)တိုင်းဟူ၍ (၂)ပိုင်းရှင်းလင်း ထုတ်ဖော် ပြဆိုခဲ့လေသည်။

## (က)ရာဇာစုဋ္ဌမဏိကျောက်စာလာ တိုင်းကြီး (၁၀)တိုင်း

၁။ စကု၊စလင်း၊လယ်ကိုင်း၊ဖျောင်းလင်း၊ကလေး၊ သောင်သွတ် အစရှိသော ပြည်ကြီးတို့၏တည်ရာ သုနာပရန္တရတိုင်း

၂။ ပုဂံ၊အဝ၊ပင်းယ၊မြင်စိုင်း၊ အစရှိသော ပြည်ကြီး တို့၏ တည်ရာ တမ္ပဒီပတိုင်း။

၃။ သီပေါ၊ ညောင်ရွှေ၊ မိုးနဲအစရှိသော ပြည်ကြီးတို့၏ တည်ရာကမ္ဘောဇတိုင်း။

၄။ ဗန်းမော်၊ခွေလုံ၊စန္ဒာအစရှိသော ပြည်ကြီးတို့၏တည်ရာ စိမ့်တိုင်း။

၅။ သရေခေတ္တရာ၊ဥဒေဟရစ်၊ပန်းတောင်းအစရှိသော ပြည်ကြီးတို့၏ တည်ရာသိရိခေတ္တရာမတိုင်း။

၆။ ကေတုမတီ၊ဇေယျဝတီ၊အစရှိသော ပြည်ကြီးတို့၏ တည်ရာ ဇယဝဍ္ဍနတိုင်း။

၇။ ဟံသာဝတီ၊ ဒဂုန်၊ ဒလ၊ ပုသိမ်၊ မြောင်းမြ၊မုတ္တမ အစရှိသော ပြည်ကြီးတို့၏တည်ရာ ရာမညတိုင်း။

၈။ ကျိုင်းတုံအစရှိသောပြည်ကြီးတို့၏တည်ရာခေမရတိုင်း။

၉။ ဇင်းမယ်၊ကျိုင်းသဉ်အစရှိသောပြည်ကြီးတို့၏တည်ရာ ဟရိဘုဉ္စတိုင်း။

၁၀။ကျိုင်းရုံး၊မိုင်းစဉ် အစရှိသော ပြည်ကြီးတို့၏တည်ရာ မဟာနာဂရတိုင်း။

ဤသို့အားဖြင့်တိုင်းကြီး(၁၀)တိုင်းပိုင်းခြားပြဆိုခဲ့လေသည်။ (ရွှေထီးတ္ထုန္ဒရာ ရေး သမိုင်းမှတ်တမ်းမှဖြစ်သည်။)

## (ခ) ဗျာဒိတ်တော်သိုက်လာ တိုင်းကြီး (၁၀)တိုင်း

၁။ **သုနာပရန္တတိုင်း။** ။အရှေ့ဘက်ဧရာဝတီ၊ အနောက်ဘက်ချင်းတွင်း၊ တောင်ဘက်စစ်ကိုင်း၊ မြောက်ဘက် မြေတူးတို့၏တည်ရာအရပ်ဖြစ်သည်။ ထို တိုင်းသားတို့သည် အဆာ အမွတ်ခံသည်။ မြေသိပ်သည်။ ရေချောင်းရှားသည်။မြေနုသည်။ ပေထမ်းပေါ သည်။

၂။ **တမ္ဘဒီပတိုင်း။**

။ပေါက္ကာရာမ(ပုဂံ)ပုပ္ပါးတောင်အနောက်ဘက် မိုးကောင်း တောင်တန်း၊ မြောက်ဘက် ဒုဋ္ဌာဝတီ ဧရာဝတီတို့၏တည်ရာ အရပ်ဖြစ်သည်။ ထိုတိုင်း၌ ပိဋကတ်စာပေသင်အံသူများသည်။ မနိမ့်မမြင့်သော ကိုရှိသည်။ ပညာပြည့်စုံသူပေါများသည်။

၃။ **ကမ္ဘောဇတိုင်း။** ။အရှေ့ဘက် သံလွင်၊ အနောက်ဘက် သုံးဆယ်၊ တောင်ဘက် မိုးဗြဲ၊ မြောက်ဘက် သိန္နီတို့၏တည်ရာ အရပ်ဖြစ်သည်။ ထိုအရပ်သည် ချမ်းအေးသည်။ ဝတ်းကျောက်ပေါများသည် ထွက်ရေရှင်သည်။ ချောင်းငယ် မြောင်း ငယ်များသည် တိုင်းသားတို့သည် ဖြူသောအသားအရေရှိ၍ စိတ် နှလုံးချမ်းငြိမ်းသည်။ ပညာဉာဏ်သည်။ အကြံဉာဏ် သေးသိမ်သည်။

၄။ **စိန္ဒရစိမ့်တိုင်း။** ။တကောင်း၊မိုးကုတ်၊မိုးမိတ်၊ ဗန်းမော်၊မိုးကောင်း မိုးညှင်း၊ ဝန်းသို တို့၏တည်ရာအရပ်ဖြစ်သည်။ ထိုတိုင်း၌ အင်းအိုင်များသည်ကြွမ်ပိုက်တောပေါသည်။ ဖြုတ်၊ခြင်၊ ပေါသည်။ တိုင်းသားတို့ ပညာအမြော်အမြင်သေဝပ်သည်။

၅။ **အရညတိုင်း။** ။ကလေးတိမ်ညှင်း၊ယော၊ထီးလင်း၊ သောင်သွက် တို့၏ တည်ရာအရပ်ဖြစ်သည် ထိုတိုင်းသားတို့သည် ကျောက်၊ ဝက်သက်ပေါက်ခဲသည်။ ဝိဇ္ဇာမန္တရား အတတ်မျိုးကို လိုက်စားကြသည်။

၆။ **နဂရပုရတိုင်း။** ။ကေတုမတီ၊တောင်ငူ၊ တောင်တွင်းကြီး၊ရမည်းသင်း စသည်တို့၏တည်ရာ အရပ် ဖြစ် ည်။ ထိုတိုင်း၌ ဆူးလေရောက်သည်။ ကျွန်းကောင်းသည်၊ သရက်၊အုန်း၊ ပေကောင်းသည်။ယောကျ်ားပုံပြင်လက္ခဏာလှသည်။ အယဉ်အကျေး ကြိုက် သည်။

၇။ **ရာမညတိုင်း။** ။မုတ္တမ၊ ဟံသာဝတီ၊ ပုသိမ်၊ တိုင်းတည်ရာအရပ်ဖြစ်သည်။ ထိုတိုင်း၌ဖြစ်ချောင်း အင်းအိုင်များ သည်။ ဆားကောင်းသည်။ ရေလျှင်သည်။ တိုင်းသား တို့သည် ပွေး ညှင်း တင်းတိပ်ကင်းသည်။ညိုသော အသားအရေရှိသည်။

၈။ **ခေမနာဂရတိုင်း။** ။ကျိုင်းရှည်၊ ကျိုင်းရဲစသည် တို့၏ တည်ရာအရပ် ဖြစ်သည်။ ထိုတိုင်း၌မြေသြဇာဖွံ့ဖြိုးသည်။ အသီးအပွင့်သန်သည်။ ထိုတိုင်းရင်းသားတို့သည် အသွင်အပြင် အရောင်အဝါ ညီညွတ်သည်။ အနာအဖျားကင်းသည်။ စကား ပြေပြစ်သည်။ ဖြေးညှင်းသာယာစွာရှိသည်။

၉။ **ဟေမတိုင်း**။ ။သုဝဏ္ဏဘုမ္မိကါမည်သော ဇင်းမယ်တို့၏ တည်ရာအရပ်ဖြစ်သည်။ ထိုတိုင်း၌ သစ်သီးပန်းမာန်စုံသည် တောကြီးတောင်ကြီးရှိသည်။ နပျိုသာယာသည်။ တိုင်းသားတို့သည် ရဲရင့်ခြင်းရှိသည်။ ရွှေသောအသားအရေရှိ၏။ ရင်ကျယ်သည်။ မျက်နှာ နပျိုသည်။

၁၀။**မဟာနာဂရတိုင်း**။ ။ကျိုင်းမာ၊ ကျိုင်းတုံ စသည်တို့၏ တည်ရာအရပ်ဖြစ်သည် ထိုတိုင်း၌ ရှာဆိုးရှာမင်းများပြားသည်။ ရွာစုကြီးသည်။ စိတ်နှလုံးခက်ထန်သည်။ အညှိအကျော်ကြိုက်သည်။ ခရီးရှည်သွား၍ ကုန်သွယ်သူများသည်။

ဤသို့အားဖြင့် ဗျာဒိတ်တော်သိုက်လာ တိုင်းကြီး(၁၀) တိုင်း ပိုင်းခြား၍ ပြဆိုခဲ့လေသည်။

(ရွှေထီးတ္တန္တရာ ရေး သမိုင်းမှတ်တမ်းမှ ဖြစ်သည်။)

ယင်းသို့ရာဇရူဋ္ဌာမဏိကောင်းမှုတော် ကျောက်စာလာ တိုင်းကြီး (၁၀)တိုင်းနှင့် ဗျာဒိတ်တော်သိုက်လာ တိုင်းကြီး (၁၀)တိုင်းတို့တွင် အင်းတော်ကြီးဒေသသည် သုနာ ပရန္တ တမ္ဗဒီပ(တမ္ဗဝတီ)၊ စိနရဋ္ဌ(စိမ့်)တိုင်း၊ (ဂုရုရာဇ်တိုင်း–အင်းတော်ကြီးသမိုင်းအရ)တို့တွင် တည်လေသည်။ ခေတ်အခါကာလဒေသအလျောက် ပြောင်းလဲဖြစ်ပေါ် ခေါ်ဝေါ်လာသော တိုင်း အမည်သညာများဖြစ်၏။

အမှန်စင်စစ်စစ် ဗျာဒိတ်တော်သိုက်၊ ပုလဲသိုက်၊ အင်းဝသိုက်၊ ဘုရားသိုက်စသော လောကီသိုက်စာတို့ကား ဘုရားဟောများမဟုတ်ပါကုန်၊ သို့ရာတွင် အစဉ်မှတ်သားနိုင်ရန် ဘုရားဟောသကဲ့သို့ အစဉ်အဆက် ရေးသားတင်ပြထားခဲ့ကြလေသည်။

## အင်းတော်ကြီးတည်နေရာ

## မျက်မှောက်မြန်မာနိုင်ငံတိုင်းနှင့်ပြည်နယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အေဒီ ၁၉၇၃ခု၊ ဒီဇင်ဘာလ ၃၁ရက်တွင် အတည်ပြု ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ(၃၁)အရ တိုင်းနှင့်ပြည်နယ် (၁၄)ခုမှာ အက္ခရာစဉ် အလိုက် ဖော်ပြအပ်ပေသည်။

လူဦးရေကိန်းဂဏန်းတို့မှာ (၅-၄-၁၉၈၃)ခု သန်းခေါင်စာရင်းလူဦးရေအရ ဖြစ်လေသည်။

| စဉ် | အမည် | ဧရိယာ | စတုရန်းမိုင် | လူဦးရေ |
|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၃၄၃၇၉ | ၂၂၂ | ၉၀၃၉၈၂ |
| ၂။ | ကယား | ၄၅၂၉ | ၅၆၄ | ၁၆၈၃၅၅ |
| ၃။ | ကရင် | ၁၁၇၃၀ | ၈၄၉ | ၁၀၅၇၅၀၅ |
| ၄။ | ချင်း | ၁၃၆၀၆ | ၉၆၇ | ၃၆၈၉၈၅ |
| ၅။ | စစ်ကိုင်းတိုင်း | ၃၆၅၃၄ | ၇၁၄ | ၃၈၅၅၉၉၁ |
| ၆။ | တနင်္သာရီတိုင်း | ၁၆၇၃၅ | ၅၅၇ | ၉၁၇၆၂၈ |
| ၇။ | ပဲခူးတိုင်း | ၁၅၂၁၄ | ၁၂၉ | ၃၈၀၀၂၄၀ |
| ၈။ | မကွေးတိုင်း | ၁၇၃၀၅ | ၃၂၀ | ၃၂၄၁၁၁၃ |
| ၉။ | မန္တလေးတိုင်း | ၁၄၂၉၄ | ၇၂၁ | ၄၅၈၀၉၂၄ |
| ၁၀။ | မွန်ပြည်နယ် | ၄၇၄၇ | ၇၅၈ | ၁၆၈၂၀၄၁ |
| ၁၁။ | ရခိုင်ပြည်နယ် | ၁၄၂၀၀ | ၀၈၃ | ၂၀၄၅၈၉၁ |
| ၁၂။ | ရန်ကုန်တိုင်း | ၃၉၂၇ | ၁၄၄ | ၃၉၇၃၇၈၂ |
| ၁၃။ | ရှမ်းပြည်နယ် | ၆၀၁၅၅ | ၂၂၇ | ၃၇၁၈၇၀၆ |
| ၁၄။ | ဧရာဝတီတိုင်း | ၁၃၅၆၆ | ၅၉၃ | ၄၉၉၁၀၅၇ |
| မြန်မာနိုင်ငံ | | ၂၂၆၁၂၂၇ | ၈၄၈ | ၃၅၃၀၆၁၈၉ |

ထိုတိုင်းနိုင်ငံပြည်နယ်(၁၆)ခုတို့တွင် အင်းတော်ကြီးသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ တည်ရှိလေသည်။ ၎င်းသည် ကိုလိုနီ ခေတ်အခါက ပြည်ထောင်စုမြန်မာ နိုင်ငံတော်တွင် တိုင်းကြီး (၇)တိုင်းနှင့် မျက်မှောက်ကာလ တိုင်းနှင့် ပြည်နယ် ခွဲဝေပိုင်းခြားသော အင်းတော်ကြီး၏ တည်နေရာ ဌာနကို ပြဆိုအပ်သော အရပ်ရပ်မှတ်တမ်းတင်ပြချက်ဖြစ်ပေသည်။

**နဂါးအကြောင်းသိကောင်းစရာ**

**နဂါး**။ ။နဂါးဟူသည် လောက(ကမ္ဘာ)၌ မရှိကြောင်း ဆိုရသည်မှာ ဘိုးဘွားစိမ့်ဖြစ်တန်ရာ လူတစ်ချို့၏ အမြင်းပွားမှုပြသချက် တွင်သာ ရှိမြဲစမ္မတာဥပင်ဖြစ်၏။ (ကြမ္မာ)လောကသို့ (နဂါး)ဟူသည့် ရှိသည်ဟု ဆိုရ မည်ဖြစ်သည်။ နဂါးနှင့်ပတ်သက်၍ နဂါးတို့ဖြစ်၏ နဂါးတို့သည် တန်ခိုး ကြီးမိသည်ဟုသော ဖွဲ့ဆောင်ကျမ်းကန် အမြဲဆိုကြသည်ကို မှန်ပုံရှိ ရှေးဟောင်းကျမ်းပြဆိုပါသည်။

**နဂါးတို့တန်ခိုး**။ ။ ဂေါတမဘုရားရှင်လက်ထက် တော်တွင် ပဉ္စနဒီဗြဟ္မပုတ္တရ (ကသ္မီရဂန္ဓာရ၊ မဟာ သိန္ဓုဝနိဝါသိ၊ အမရန္တမဟာသမုဒ္ဒ၊ ယောနက၊ ဟိမဝန္တ၊ သုဝဏ္ဏဘူမိ၊ သီဟိုဠ)တို့တွင် ကသ္မီရဂန္ဓာရတိုင်း အရဝါဠအိုင်တွင်နေသော (အရဝါဠ) နဂါးမင်း သည် မိုးကိုမိုးစေ၍ ဖြင့် တောင်သူများ၏ ကောက်မှည့်ချိန်တွင် (မိုးရွာ၍) ကောက်ပဲသီးနှံများကို ဖျက်ဆီးသဖြင့် ဒုက္ခရောက်ကြရသည်။ အခြားပြင်းထန်သော (ပစ္စည်း) ဆုံးရှုံးမှုများ ဖျက်ဆီးမှုတို့ရှိကြသည်။

ဒင်းအန္တရာယ်ကို ကင်းလွတ်စေခြင်း၊ လူအပေါင်း(တောင်သူများ) တို့သည် နှစ်စဉ်မပြတ် ပူဇော်ပသကြရသည်ဆိုသည်ကို လည်းကောင်း၊ (ပရိတ်ကြီး ပါဠိတော်လာ အဋ္ဌာနပဋိယ သုတ်၌ ဒေဝါနာဂါ မဟိဒ္ဓိကာ စသည်ဖြင့် နဂါးတို့တန်ခိုးကြီးကြောင်းကိုလည်းကောင်း၊ ပုဂံရာဇဝင်တွင်ပျူမင်း ထီးနန်းတက်သောကာလ မယ်တော်နဂါးမက ရန်သူတို့ကိုနှိမ်နင်းနိုင်သော နဂါးလုင် (၁၀၀) ပေးနင်းကြောင်း ဒင်း၊ ဂေါတမဘုရားအလောင်း (၅၅၀)ဖြစ်တော်ပေါင်းတွင် နဂါး (၃)ဘဝ၊ ဖြစ်ခဲ့ဖူးရာ၌ ဘူရိဒတ်နဂါးမင်းသည် တန်ခိုးကြီးကြောင်း မိမိ၏ သီလခန္ဓာပါရမီပျက်မည်ကြောင့် ထက်မြက်သောတန်ခိုးကို အသုံးမပြုဘဲ နေခဲ့သည်ဆိုသော အထောက်အထားတို့ကြောင့်) နဂါးတို့ တန်ခိုးကြီးကြောင်း ထင်ရှားသော သာဓကတစ်ရပ်ဖြစ်၏။

(အရဝါဠ)နဂါးမင်း၏ ရန်ကို မေတ္တာဖြင့် ငြိမ်းရန် ကသ္မီရဂန္ဓာရတိုင်း အရဝါဠအိုင် သို့ မဇ္ဈန္တိကထေရ်ရောက်လတ်၍ အရဝါဠနဂါးမင်းရန်ကိုငြိမ်းပြီးလျှင် လူအပေါင်းတို့သည် မိမိတို့၏ သခင်နဂါးမင်းထက်တန်ခိုးကြီးသော ရဟန္တာကိုမြင်လေလျှင် အရှင်ရဟန်းအား ကြည်ညိုသော စိတ်ဖြင့်ဖြစ်ကြသော အဆုံးတွင် ''အသီဝိသောပမ'' သုတ်ကို ဟောတော် မူသောအဆုံး၌ ရှစ်သောင်းသော လူနတ်သတ္တဝါများ သောတာပတ္တိဖိုလ်ဖြစ်ကြပြီး တစ်ထောင်သော ယောကျာ်းတို့သည် ရဟန်းဖြစ်တော်မူကြလေသတည်း။

**နဂါးဟူသည်**။ ။နဂါး၏ခေါင်း၌ ဒရယ်ဦးချိုကဲ့သို့ ချိုရှိသည် ဦးခေါင်းသည် ကုလားအုပ်ခေါင်းနှင့်တူ၍ မျက်လုံးသည် နတ်မိစ္ဆာမျက်လုံးနှင့်တူသည် လည်ပင်းမှာမူ မြွေနှင့်တူ၍ ဝမ်းပိုက်သည်

ခုံးခွန်နှင့်တူသည်။ အကြေးခွန်သည် ငါးကြင်း အကြေးကဲ့သို့ရှိနေ၍ လက်သည်းမှာမူ လင်းယုန်ငှက်၏ လက်မျိုး ဖြစ်သည်။ ဖဝါးသည် ကျားဖဝါးကဲ့သို့ဖြစ်၍ နားရွက်မှာမူ နွား၊ နားရွက်နှင့်ဆင်သည်ဟူသော (မြန်မာ့စွယ်စုံကျမ်းတွင်) မှတ်တမ်း ရေးတင်ပြထားသည်။ တရုတ်နိုင်ငံ ဟန်မင်းများ (လက်ထက်) ခေတ်ကထင်ရှားသောစာရေးဆရာကြီး(ဝန်ထူး)၏ ကောက်ချက်များ အရဖြစ်သည်။

အမောက်တွင်ရှိသော ပတ္တမြားကြောင့် တန်ခိုးကြီးသည်။ ယခုခေတ်လူတို့ မျက်မြင် ကိုယ်တွေ့မမြင်ရသော်လည်း ဘုရားဟော ဇာတ် ဒဏ္ဍာရီပုံပြင်အရ ကောက်ယူရသော် မြွေမျိုးဖြစ်ကြောင်း သိသာထင်ရှားသည်။ တန်ခိုးရှိသော နဂါးတို့သည် ကိုယ်လိုရာ (ရူပကမ္ဘာ)နှင့် အရာရာတို့အား တန်ခိုးအားဖြင့် ပြီးမြောက်နိုင်စွမ်း ရှိ၏။

## နဂါးအမျိုးပေါင်းသိကောင်းစရာ

နဂါး(၄)မျိုး၊ အကျယ် (၁၀၂၄)မျိုး။

ဝိရူပက္ခ၊ ဧရာပတ္တ၊ ဆဗျာပုတ္တ၊ ကဏှာဂေါတမဟူ၍ လေးမျိုးဖြစ်သည်။ တစ်နည်း အားဖြင့်–

(၁) ကဋ္ဌမုခနဂါး–အဆစ်အမျက်မကွေးမဆန့်နိုင်၍ တံကျင်ကဲ့သို့လည်းကောင်း။

(၂) ပုတိမုခနဂါး–မှည့်၍ပုတ်သိုးအရေယိုထွက်သော ပိန္နဲသီးကဲ့သို့လည်းကောင်း။

(၃) အဂ္ဂိမုခနဂါး–မီးလောင်သကဲ့သို့လည်းကောင်း။

(၄) သတ္တမနဂါး - မိုးကြီးကျခြင်းကဲ့သို့ လာညီးစေကြောင်း။

ပေါင်း (၄) မျိုးသော နဂါးတို့ မြည်လေ့ရှိသော ရေးစား ဝေသီ အဆိပ်အားဖြင့်ရန်သူ တို့အား နှိမ်နင်းသတ်ဖြတ်စေနိုင်သည်။

ယင်း (၄) မျိုးတွင်

(၁) ဒဋ္ဌဝိသနဂါး - ကိုက်ရုံဖြင့် ဖြစ်စေခြင်း

(၂) ဒိဋ္ဌဝိသနဂါး - မြင်ရုံဖြင့် ဖြစ်စေခြင်း

(၃) ဖုဿဝိသနဂါး - ထိုသည့် အထက်ပါအကြောင်းအရာများကို နာရုံ

(၄) ဝါတဝိသနဂါး - လေမှုတ်ရုံဖြင့် ဖြစ်စေခြင်းများ၌ အဆိပ်နဂါး ၄ မျိုးအသီးသီးရှိ၏။ (၁၆) မျိုးစသည်တို့မှာ

(၁) အာဂတဝိသ နှင့် အာဂတဝိသနဂါး၊ အဆိပ်လျင်မြန်စွာ လာသော်လည်း အဆိပ်မပြင်းထန်ခြင်း။

(၂) ဃောရဝိသ နှင့် အာဂတဝိသနဂါး၊ အဆိပ်ပြင်းသော်လည်း အဆိပ်လျင်မြန်စွာမလာခြင်း။

(၃) အာဂတဝိသ ဃောရဝိသနဂါး၊ အဆိပ်လည်းပြင်းထန် မြန်စွာလည်းလာခြင်း။

(၄) နေဝအာဂတဝိသ - နေဝဃောရဝိသနဂါး၊ အဆိပ်လည်းမပြင်း မြန်စွာလည်းမလာခြင်း ဟူ၍ လေးမျိုးစီကွဲပြားသောကြောင့် (၁၆) မျိုးဖြစ်၏။

ယင်း (၁၆) မျိုးတို့တွင်

၁။ ဥမှဖြစ်သော (အဏ္ဍဇ) နဂါး။

၂။ ရေကြည်၌ဖြစ်သော (ဇလာဗုဇ) နဂါး။

၃။ အညှိုဥ်ဖြစ်သော (သံသေဒဇ)နဂါး။
၄။ ကိုယ်ထင်ဖြစ်သော (ဩပပါတိက)နဂါးဟူ၍ (ပဋိသန္ဓေအားဖြင့်)လေးမျိုးစီ ပြားသောကြောင့် (၂၅၆)မျိုးဖြစ်၏။

ယင်း ၂၅၆မျိုးတို့တွင်

၁။ ရေနေနဂါး
၂။ ကုန်းနေနဂါး ဟူ၍ နှစ်မျိုးပေါင်း ၅၁၂မျိုးဖြစ်၏။

ယင်း (၅၁၂)မျိုးတို့တွင်–

၁။ ကာမဂုဏ်ခံစားသော (ကာမရူပီ)နဂါး။
၂။ ကာမဂုဏ်မခံစားသော (အကာမရူပီ)နဂါးဟူ၍ နှစ်မျိုးစီပြားပြန်ရာ (၁၀၂၄)မျိုး ဖြစ်ကြောင်းလေ့လာမှတ်သားရမေသည်။

**နဂါးတို့နေရာ။** ။ရှေးသရောအခါ (ပုံဝတ္ထု၊ ပုပြင်၊ ဒဏ္ဍာရီတွင်) တိုင်းပြည်နိုင်ငံ မသိရာ၌ ဗာရာဏသီပြည်ဟူ၍လည်းကောင်း၊ မင်းလက်ထက်တော်မသိရာတွင် ဗြဟ္မဒတ် မင်းဟူ၍လည်းကောင်း တင်စားခေါ်ဆိုသမုတ်ကိုယ်စားပြုသကဲ့သို့ နဂါးတို့နေရာ(ပြည်နိုင်ငံ) မသိရာလည်း နဂါးတို့ပြည် ဘောဂဝတီဟူ၍ ခေါ်တွင်ခဲ့သလော့ ဘောဂဝတီဟူသော ပါဠိ သဘောသည် ဘောဂပစ္စည်း ဥစ္စာရတနာ ရွှေငွေ(စားနပ်ရိက္ခာပြည့်)ကြွယ်ဝသော ဝတီ၊တိုင်း၊ ပြည်နိုင်ငံ (နေရာ)ဟူ၍ အဓိပ္ပါယ်ရ၏။

နဂါးတို့သည် ရေနေ၊ ကုန်းနေ(၂)မျိုးရှိလေသည့်အနက်

ရေနေနဂါးတို့သည် ချောင်း ကြီး မြစ်ကြီးအင်းကြီးအိုင်ကြီး သမုဒ္ဒရာကြီး(တောင်ကြီးများအောက်အခေါင်း)တွင် ကျက်စား တတ်ကြောင်း စာပေကျမ်းဂန်များတွင် လေ့လာတွေ့ရ၏။

ပါရာဇိကကဏ်အဋ္ဌကထာစတုတ္ထပါရာဇိက တပေါတာဝတ္ထု အဖွင့်တွင် အောက်ပါ အတိုင်းဆိုထားသည်။ ဝေဘာရတောင်၏ အောက်၌ မြေနေနဂါးတို့၏ ယူဇနာ ၅၀၀ရှိသော နဂါးပြည်သည် နတ်ပြည်နှင့်တူ၍ မွေ့လျော်ဖွယ်ရှိသော မြေအပြင်နှင့် အရံဥယျာဉ်တို့ဖြင့် ပြည့်စုံ၏။ ထိုနဂါးတို့၏ ပျော်ပါးရာဖြစ်သော ရေအိုင်သည် ကြည်လင်အေးသော မြိန်မြတ်သောစင် ကြယ်သောရေရှိ၏။မှော်သေးမှော်ညှိမရှိ ပကတိကောင်းမြတ်သော ရေဆိပ်ရှိ၏။ မွေ့လျော်ဖွယ်ကိုဖြစ်စေ၏။ လှည်းဘီးဝမ်း ပမာဏရှိသော ပဒုမ္မာကြာပန်းတို့သည် ပွင့်ကုန်၏။ များစွာသော ငါးလိပ်တို့ရှိကြကုန်၏။ ထိုအိုင်မှ ထွက်ခဲ့သော တပေါတာမြစ်သည် (၂)ခုသော ရေကြီးတို့အကြားမှစီးခဲ့၍ ရာဇဂြိုဟ်ပြည်ကိုလှည့်လည်၍ စီး၏ဟူ၍လည်းကောင်း။

စတုကနိပါတ် ဒုဒ္ဒရဇာတ်၌ ဟိမဝန္တာယတော ဒုဒ္ဒရတောင်ခြေရင်း၌ မြေနေ (ကုန်းနေ) နဂါးတို့၏ (ပြည်)နေရာရှိကြောင်းဆိုထား၏။ ထိုမှတစ်ပါးဇိနာလင်္ကာရဋီကာ လောကဒီပနီတို့၌လည်း နဂါးတို့သည် (နေရာ)အကြောင်းပြဆိုထားသေးသည်။(အကျယ် ကို မရေးတော့ပြီ)။

(မှတ်ချက်)။ ။ အထက်ဖော်ပြပါ နဂါးအကြောင်း သိကောင်းစရာတို့သည် အင်းတော်ကြီး (အထုပ္ပတ္တိ)သမိုင်းတွင်

အင်းတော်ကြီးအိုင်ကို နဂါးများ အင်းဖွဲ့တည်ခဲ့သည် ဆိုသော အချက်တွင် ဝိရောဓိ၊သံသယကင်းရှင်းစွာ ဝေဖန်ဆန်းစစ် နိုင်ကြစေခြင်းငှါ တင်ပြ ခြင်းဖြစ်လေသည်။

ဤတွင် အင်းတော်ကြီးနှင့် သိသင့်ဘွယ်ရာများ တခန်းရပ်နားပြီ။

**နေလင်း**
**အင်းတော်ကြီး**
**ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့။**

# အင်းတော်ကြီး (အဋ္ဌုပ္ပတ္တိ)

## ပဌမ မင်္ဂလာ

ယောမာရ သေနံမာသန္န ။ပြိးငနုပိဍ္ဍးနိုလေ
မှာ္ဘာန္နံ့ဝိဇယုသဿဝေါ။
:ကြျာဣဳဏာဒ္ဒဟ္မာပ္ပိုးန ပညိတ္တာ၊
ဿောာ မေ့ဒေတု ဇယံဇိနော။

မာသန္န ဝိဇယုသဿဝေါ၊ အဘိသခါ်ကိလေသာနှင့် ခန္ဓာမစ္စု ဤလေးခုဟု ထောင်းထု သည်းထန် အနီးရန်ကိုသည်းခံမထား ဗိုလ်ထုအားနှင့် လေးပါးမဂ်ရောက် စက်အမြောက်ဖြင့် ဖျက်ဖျောက် အောင်မြင် အောင်သတင်၌ အောင်ပွဲဝင်တော်မူပြီးသော ယော့ဇိနော၊ အကြင် အောင်ပွဲသခင် အောင်ပွဲယင်သည့် ဘုရင်ထိပ်ထား တို့မြတ်စွာဘုရားသည်။ အာသန္နံ၊ ပလ္လင် လုမည်စိတ်ကရည်၍ ကြံစည်အားထုတ် ကြမ်းကြုတ် ရက်စက် လက်နက်ကြီးများ များပြား ရဲမက်၊ တစ်ထောင်လက်ဖြင့် အချက်ကျကျ ဂေါတမကို လက်ရဖမ်းကြ သတ်လိုက်ကြဟု မြွက်ဟသံကြီး ထံအနီးသို့ အပြီးတိုင် ဆိုက်ရောက် လာသော မာရသေနံ ဝသ−−ဝတီထက် နတ်ပြည်ဝယ် အမည်ကျော် ဟီး သူခိုးကြီးဟု အသီးအခြား အစွန်ဖျား၌ နတ်သားအဖျင်း သင်း အပင်းနှင့် စီးနင်းလွှမ်းမိုး မာန်စွယ်ပျိုးချက် အုပ်စိုးပိုင်နိုင် ရန်စစ်ပြိုင်၍ နေထိုင်လေ့ရှိသော မာရ်နတ်မင်း၏ စစ်သည်ရဲမက်အပေါင်းကို တိဏာယပိ အမျိုးမလိုက် ဖိုးမထိုက်သည့် မြက် မှိုက်လောက်ကမှ

လည်း နမည်ိဿ ကိ–မစ်–ဘိ–ခန် အတွင်းရန်ကို ပယ်လှန်နင်းချေ အတွင်း မွေ၍ ရှင်းစေသုတ်သင် ငုပ်မထင်အောင် ခုတ်ထွင်အောင်ပြီး မင်္ဂလာဖောင်စီးပြီး သောင်ကြီးခေမာ မြိုက်နေရာ၌ သေချာစီစဥ် အတည် ယှဥ်၍ ထေရ်ထင်တော့မမူခဲ့(ဝါ) အရာမသွင်း စာရင်း မရေး အလေးမပြု အမှုမထားတော်မမူခဲ့။ သောဇိနော မာရ်အောင်သခင် အောင်ပွဲထင်သည့် ဘုရင်ထိပ်ထား ထိုမြတ်စွာဘုရားသည်။ မေ အင်းတော်ကြီး အဌ္ဌပုပ္ပတ္တိမည်ရှိတင့်ဆန်း၊ အင်းတော်ကြီး သမိုင်း အချုပ်ကျမ်းကို လုံးပမ်းအားထုတ် အားသစ်ကြိုးကုတ် အကျွန်ုပ်အား ဇယ်၊ အင်းတော်ကြီး အဌ္ဌပုပ္ပတ္တိ ဝိဘာဝနီအမည်တင့်ဆန်း ဤ သမိုင်းချုပ်ကျမ်းမှာ ဘေးကျမ်းမခ အေးချမ်းမြလျက် မှန်းဆတိုင်းတာ ရန်များစွာကို အောင်ရာအောင်ကြောင်း အောင်ဆု ပေါင်းနှင့် အောင်ကြောင်း မင်္ဂလာ အဖြာဖြာကို ဒေတု–ရာဟုလာသားကဲ့ အလားသို့ သနားသမှု အာရုံပြု၍ အခုမနေး ခါမလေးဘဲ အရေးခြားနား အအေးများအောင် ပေးသနား တော်မူပါဘုရား။

ရတနတ္တယံ– ဘုရားအစ ဓမ္မအလယ် သံဃာဝယ်အဆုံး ဤရတနာမြတ် သုံးပါးလုံးကို။ အဟံ– တပည့်တော်သည် (ဝါ) ရုပ်နာမ်ဓမ္မ သမူဟာဟု မောင်းထမလပ် ပညတ်မည် ကွန့် ဆရာညွန့် သည် (ဝါ) မွေးဖွားကာစ၊ မိနှင့်ဘတို့က ခေါ်ဝေါ်စရာ နာမရှိန်ဝုန့် အမည် ကွန့်လိုက်သော တပည့်တော် မောင်သိန်းညွှန့်သည်၊ ဝန္ဒာမိ ဆယ်ချောင်းအစုံ လက်ပန်းငုံ ဖြင့် ယှက်ရုံဦးတင် ကန်တော့ပန်းဆင် လိုက်ပါ၏ဘုရား။

ဘုရားအစရှိသော ရတနာမြတ်သုံးပါးကို ရှိခိုး၍ အင်းတော်ကြီး အဋ္ဌုပ္ပတ္တိ ဝိဘာဝနီ မည်သော သမိုင်းချုပ်ကျမ်းကို ရေးသားပေအံ့သတည်း။

## အင်းတော်ကြီး (အဋ္ဌုပ္ပတ္တိ)

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

အရဟတော၊ ကိလေသာစက် သုံးတောင်ဝင်ကို လေးမဂ်အောက်ထက် အမြောက်-စက် ဖျောက်ဖျက်ခုတ်ထွင် ငုတ်မထင်အောင် သုတ်သင်ရှင်းလင်းတော်မူပြီးထသော၊ သမ္မာ သမ္ဗုဒ္ဓဿ သစ္စာလေးလီ ခိုင်နှင်းဆီကို မမှီဆရာ ကိုယ်ချည်း သာလျှင် ကောင်းစွာထင်ထင် သိမြင်တော်မူပြီးထသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား မေ- အကျွန်ုပ်၏၊ နမော- ရှိခိုးခြင်းသည် အတ္ထု ဖြစ်ပါ၏။ ဣမိနာ ပဏာမေန၊ ဤသို့ မြတ်စွာဘုရားအား ရှိခိုး ကြောင်းဖြစ်သော ပဏာမ စေတနာဖြင့် မေ၊ အကျွန်ုပ်အား ဝါ အကျွန်ုပ်သည် ပတ္ထိတံ၊ အလိုရှိအပ်တောင့်တ အပ်သော ဝရံ၊ လောကုတ်လောကီ၊ အလီလီသော ဆုမြတ်မင်္ဂလာ အပေါင်းသည် သမဇ္ဈတု ပြီးပြည့်စုံပါစေသတည်း။(ဝါ) ပြီးပြည့်စုံကြပါစေလို။

### ဇေယျာတုသဗ္ဗမင်္ဂလာ

သဗ္ဗမင်္ဂလံခပ်သိမ်းများစွာဆောင်ရွက်ရာဆောင်ရွက်ကြောင်း ဖြစ်သော စုပေါင်း များစွာ မင်္ဂလာဟူသမျှ အပေါင်းသည် ဇေယျာတု၊

ဘေးကျမ်းမညှိ အေးချမ်းဘိလျက် ထုတိ မင်္ဂလာ အဖြာဖြာကို ဆောင်ခါ မသွေ အောင်ပါစေသတည်း။

**နိဒါနကထာမင်္ဂလာ**

အင်းတော်ကြီး၏ အတ္ထုပ္ပတ္တိကိုဆိုသော ရှမ်းဘာသာ အားဖြင့် ရေးသားထားသည့် သမိုင်းစာဟောင်း သုံးစောင် ရှိပါကြောင်း။

သို့ရှိကြရာမှာ အစောင်စောင်သော သမိုင်းတို့မှမှတ်သား ဖွယ်အချက်တို့ကို ထည့်သွင်းလျက် အကောင်းဆုံးဖြစ်သော သမိုင်း စာကို ပနော့ပြု၍ သမိုင်းတစ်စောင် စီရင်ရေးသားပါမည့် အကြောင်း နှင့် ဟဲပုကျောင်းဆရာတော်အသျှင် ဉာဏဝံသ တိုက်တွန်းချက် အရ လည်းကောင်း၊ အသျှင်ဉာဏဝံသထံမှရရှိခဲ့သော တောရဆရာတော် ဦးကြာသူ ရေးသားတော်မူသည့် သမိုင်းစာကို အကိုးအကား ပြုလျက် အင်းတော်ကြီးမြောက်ပိုင်း လောဆွန့်ကျောင်း ဂိုဏ်းအုပ် ဆရာတော် အသျှင်ဝဏ္ဏမဟာထေရ် ရှမ်းဘာသာအားဖြင့် စီရင် ရေးသားတော်မူသည့် သမိုင်းနှင့် ရွှေတွင်းဆရာတော် အရှင် ဥတ္တံသမထေရ် စီရင်ရေးသားတော်မူသည့် သမိုင်းများမှလည်း လိုရာလိုရာ အဆီအနှစ်များထုတ်ယူ၍ ကျွန်ုပ်ကိုယ် တိုင် တွေ့မြင် ကြားသိရသော အကြောင်းများပါထည့်ညှပ်လျက် သုတလိုလား အမျိုးသား တို့အကျိုးငှါ ''အင်းတော်ကြီး အတ္ထုပ္ပတ္တိဝိဘာဝနီ'' မည်မွန်ထွန်းပြောင် ဤသမိုင်းသစ် စာစောင်ကို ဖွဲ့စီရိုက်နှိပ်လိုက် ပါသည်၊ ဗုဒ္ဓဘာသာနောင်လာနောက်သား အမျိုးသားတို့ သည် ဤသမိုင်းချုပ်စာအုပ်မှ လိုရာ၊ လိုရာ ရွေးယူမှတ်သား၍ ကောင်းစွာ ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

ရှမ်းဘာသာအားဖြင့် ရေးသားထားသော ဂါထာအမျိုးမျိုး နှင့် ဆေးနည်းအမျိုးမျိုး များကို ' အသုံးမပြုတတ်ခဲ့သည်ဖြစ်ရာ အဆိုပါဂါထာနှင့် ဆေးနည်းများကို အသုံးပြုလိုသည့် အတွက် လွန်ခဲ့သော (၁၂၈၀)ပြည့်နှစ်က ကျေးဖုးရှင်လုံးကောက် ဆရာတော် ဘုရားကြီးထံ နည်းခံသင်ယူ၍ ရှမ်းဘာသာကို ကဗျာ၊ လင်္ကာ၊ အစီ၊ အကုံး၊ အနှုန်း၊အဖွဲ့နှင့်တကွ သင်ယူ တတ်မြောက်ခဲ့၍ ယခုအခါ ဤအင်းတော်ကြီး၏ သမိုင်းချုပ်ကို ရှမ်းဘာသာမှ မြန်မာဘာသာ ပြန်ဆိုရေးသားရသည်ဖြစ်ပါကြောင်း။

ဆရာကြီးဦးသိန်းညွှန့်
(နန့်မွန်း–အင်းတော်ကြီး)
ရွှေမဋ္ဌုစေတီတော် ဂေါပကအဖွဲ့။
ရက်စွဲ။ ။ ၁၃၁၂ခုနှစ်၊ တပို့တွဲလပြည့်နေ့။
(ပထမအကြိမ်)မူရင်းအတိုင်း ပြန်လည်ရိုက်နှိပ်သည်။

# အင်းတော်ကြီးအစဉ္စဒိ

## ပဉ္စမ မင်္ဂလာ

ယောမာရ သေန် မာသန္ဓု၊
မာသန္ဓု ဝိဇယုဿဝေါ၊
တိဏ္ဏာယပိ န ပဉ္စိတ္တ၊
သော မေ ဒေတု ဇယံဇိနော။

မာသန္ဓုဝိဇယုဿဝေါ၊ အဘိသင်္ခါကိလေသာနှင့် ခန္ဓာမစ္စုဘ္ဘဲလေးခုဟု ထောင်းထုသည်းထန် အနီးရန်ကို သည်းခံမထား ဗိုလ်ထုအားနှင့် လေးပါးမင် ရောက်စက် အမြောက်ဖြင့် ဖျက်ဖျောက်အောင်မြင် အောင်သဘင်၌ အောင်ပွဲဝင်တော်မူပြီးသော ယေဇိနော၊အကြွင်အောင်ပွဲသခင်အောင်ပွဲယင်သည့်ဘုရင်ထိပ်ထား တို့မြတ်စွာဘုရားသည်၊ အာသန္ဓု၊ ပလ္လင်လုမည် စိတ်ကရည်၍ ကြံစည်အားထုတ် ကြမ်းကြုတ်ရက်စက် လက်နက်ကြီးမား များပြားရဲမက်၊ တစ်ထောင်လက်ဖြင့် အချက်ကျကျ ဂေါတမကို လက်ရဖမ်းကြ သတ်လိုက်ကြဟု မြွက်ဟသံကြီး ထံအနီးသို့အပြီး တိုင် ဆိုက်ရောက်လာသောမာရသေန် ဝသ–ဝတီ ထက်နတ်ပြည် ဝယ် အမည်ကျော်ဟီး သူခိုးကြီးဟုအသီးအခြား အစွန်ဖျား၌ နတ် သားအဖျင်း သင်းအပင်းနှင့် စီးနင်းလွှမ်းမိုး မာန်စွယ်ပျိုးလျက်အုပ်စိုး ပိုင်နိုင် ရန်စစ်ပြိုင်၍ နေထိုင်လေ့ရှိသောမာရ်နတ်မင်း၏စစ်သည်ရဲ မက် အပေါင်းကို တိဏ္ဏာယပိ အမျိုးမလိုက် ဖိုးမထိုက်သည့်

မြွက်မိုက်လောက်ကမှလည်း နမည်ိတ္တ၊ကိ–မစ်–ဘိ–ခန် အတွင်းရန် ကိုပယ်လှန်နင်းချေ အတွင်းမွှေ၍ ရှင်းစေသုတ်သင် ဝှပ်မထင်အောင် ထုတ်ထွင်အောင်ပြီး မင်္ဂလာအောင်စီးပြီး သောင်ကြီးခေမာ မြိုက်နေရာ၌ သချာစီစဉ် အတည်ယှဉ်၍ ထေရ်ထင်တော့မမူခဲ့ (ဝါ) အရာမသွင်း စာရင်းမရေး အလေးမပြု အမှုမထားတော်မမူခဲ့၊ သော ဇိနော မာရ် အောင်သခင် အောင်ပွဲထင်သည့် ဘုရင်ထိပ်ထား ထိုမြတ်စွာဘုရား သည် မေ၊ အင်းတော်ကြီး အဋ္ဌုပ္ပတ္တိမည်ရှိ တင့်ဆန်း အင်းတော် ကြီးသမိုင်း အချုပ်ကျမ်းကို လုံးပမ်းအားထုတ် အားသစ်ကြိုးကုတ် အကျွန်ုပ်အား ဇယံအင်းတော်ကြီးအဋ္ဌုပ္ပတ္တိ ဝိဘာဝနီအမည်တင့်ဆန်း ဤသမိုင်းချုပ်ကျမ်းမှာ ဘေးကျမ်းမခ အေးချမ်းမြလျက်မှန်းဆတိုင်းတာ ရန်များစွာကို အောင်ရာအောင်ကြောင်း အောင်ဆုပေါင်းနှင့် အောင် ကြောင်း မင်္ဂလာအဖြာဖြာ ကို ဒေတု– ရာဟုလာသားကဲ့အလားသို့ သနားသမှု အာရုံပြု၍ အခုမနေး ခါမလေးဘဲ အရေးခြားနား အအေး များအောင် ပေးသနားတော်မူပါဘုရား။

ရတနတ္တယံ ဘုရားအစ ဓမ္မအလယ် သံဃာဝယ် အဆုံး ဤရတနာမြတ်သုံးပါးလုံးကို၊ အဟံ– တပည့်တော်သည်(ဝါ)ရုပ်နာမ် ဓမ္မ သမူဟဟု မောင်းထမလပ် ပညတ်မည်ကွန့် ဆရာညွှန့်သည်၊ (ဝါ) မွေးဖွားကာစ၊ မိနှင့်ဘတို့က ခေါ်ဝေါ်စရာနာမရှိန်ဝှန့် အမည်ကွန့် လိုက်သောတပည့်တော် မောင်သိန်းညွှန့်သည်၊ဝန္ဒာမိ– ဆယ်ချောင်း အစုံ လက်ပန်းငုံဖြင့်ယှက်ရှိုဦးတင် ကန်တော့ပန်းဆင်လိုက်ပါ၏ဘုရား။

ဘုရားအစရှိသောရတနာမြတ်သုံးပါးကိုရှိခိုးပြီး၍အင်းတော် ကြီး အထုပ္ပတ္တိဝိဘာဝနီ မည်သောသမိုင်းချုပ်ကျမ်းကို ရေးသားပေ အံ့သတည်း။

# အင်းတော်ကြီး (အဋ္ဌုပ္ပတ္တိ)

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ၊

အရဟတော၊ ကိလေသာစက်သုံထောင်ဝဂ်ကို လေးမဂ် အောက်ထက် အမြောက်စက် ဖျောက်ဖျက်ခုတ်ထွင် ၄တ် မထင် အောင်သုခ်သင်ရှင်းလင်းတော်မူပြီးထသော၊သမ္မာ သမ္ဗုဒ္ဓဿ သစ္စာလေးလီခိုင်နှင်းဆီကိုမမှီဆရာကိုယ်ချည်းသာလျှင် ကောင်းစွာ ထင်ထင် သိမြင်တော်မူပြီးထသော၊ တဿဘဂဝတော ထိုမြတ်စွာ ဘုရားအား၊ မေ၊အကျွန်ုပ်၏ နမော ရှိခိုးခြင်းသည် အဋ္ဌုဖြစ်ပါ၏၊ ဣန္နာပဏာမေန ဤသို့မြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော ပဏာမစေတနာဖြင့် မေ၊ အကျွန်ုပ်အား၊ ဝါ၊ အကျွန်ုပ်သည် ပတ္တ တံ အလိုရှိအပ်တော်တအပ်သော။ ဝရံ၊လောကုတ်လောကီအလီလီသော ဆုမြတ်မင်္ဂလာအပေါင်းသည်သမဇ္ဈတို၊ ပြီးပြည့်စုံပါစေသတည်း။(ဝါ) ပြီးပြည့်စုံကြပါစေလို။

### ဇေယျတုသဗ္ဗမင်္ဂလာ

သဗ္ဗမင်္ဂလံ- ခပ်သိမ်းများစွာ ဆောင်ရွက်ရာ ဆောင်ရွက် ကြောင်းဖြစ်သော စုပေါင်းများစွာမင်္ဂလာဟူသမျှအပေါင်းသည်။ ဇေယျတု-ဘေးဘျမ်းမညီ အေးချမ်းဘိလျက်ထုတိမင်္ဂလာ အဖြာဖြာကို ဆောင်ခါမသွေအောင်ပါစေသတည်း။

## နိဒါနကထာမင်္ဂလာ

အင်းတော်ကြီး၏ အဋ္ဌုပ္ပတ္တိကိုဆိုသော ရှမ်းဘာသာ

အားဖြင့် ရေးသားထားသည့် သမိုင်းစာဟောင်း သုံးစောင်ရှိပါ ကြောင်း။

သို့ရှိကြရာမှာအစောင်စောင်သော သမိုင်းတို့မှ မှတ်သား ဖွယ်အချက်တို့ကို ထည့်သွင်းလျက် အကောင်းဆုံးဖြစ်သော သမိုင်းစာ ကို ပဓာနပြု၍ သမိုင်းတစ်စောင် စီရင်ရေးသားပါမည့် အကြောင်း နှင့် ဟဲပုကျောင်းဆရာတော်အသျှင် ဉာဏဝံသတိုက်တွန်းချက်အရ လည်းကောင်းအသျှင် ဉာဏဝံသထံမှရရှိသော တောရဆရာတော် ဦးကြာသူရေးသားတော်မူသည့်သမိုင်းစာကို အကိုးအကားပြုလျက် အင်းတော်ကြီးမြောက်ပိုင်း လောဆွန့်ကျောင်းဂိုဏ်းအုပ်ဆရာ တော်အသျှင်ဝဏ္ဏမဟာထေရ်ရှမ်းဘာသာအားဖြင့် စီရင်ရေးသား တော်မူသည့်သမိုင်းနှင့် ရွှေတွင်းဆရာတော်အရှင်ဥတ္တံသမထေရ် စီရင်ရေးသားတော်မူသည့် သမိုင်းများမှလည်း လိုရာ၊ လိုရာ အဆီ အနှစ်များထုတ်ယူ၍ ကျွန်ုပ်ကိုယ်တိုင် တွေ့မြင်ကြားသိရသော အကြောင်းများပါ ထည့်ညှပ်လျက် သုတလိုလား အမျိုးသားတို့ အကျိုး ငှါ ''အင်းတော်ကြီးအဋ္ဌုပ္ပတ္တိဝိဘာဝနီ'' မည်မှန်ထွန်းပြောင် ဤသမိုင်း သစ်စာစောင်ကို ဖွဲ့စီရိုက်နှိပ်လိုက်ပါသည်၊ဗုဒ္ဓဘာသာ နောင်လာနောက်သား အမျိုးသားတို့သည် ဤသမိုင်းချုပ်စာအုပ်မှ လိုရာ လိုရာ ရွေးယူမှတ်သား၍ ကောင်းစွာ ကြည့်ရှုနိုင်ကြပါစေ ကုန်သတည်း။

ရှမ်းဘာသာအားဖြင့်ရေးသားထားသော ဂါထာအမျိုးမျိုးနှင့် ဆေးနည်းအမျိုးမျိုးများကိုအသုံးမပြုတတ်ခဲ့သည်ဖြစ်ရာ အဆိုပါ ဂါထာနှင့်ဆေးနည်းများကိုအသုံးပြုလိုသည့်အတွက် လွန်ခဲ့သော (၁၂၈၀) ပြည့်နှစ်ကကျေးဇူးရှင် လုံးကောက်ဆရာတော်ဘုရားကြီးထံ

နည်းခံသင်ယူ၍ ရှမ်းဘာသာကို ကဗျာ၊လင်္ကာ၊ အစီ၊အကုံး၊အနှုန်း၊အဖွဲ့နှင့် တကွ သင်ယူတတ်မြောက်ခဲ့၍ ယခုအခါ ဤအင်းတော်ကြီး၏ သမိုင်းချုပ်ကို ရှမ်းဘာသာမှ မြန်မာဘာသာပြန်ဆိုရေးသားရသည် ဖြစ်ပါကြောင်း။

ဆရာကြီး ဦးသိန်းညွန့်
(နန့်မွန်း–အင်းတော်ကြီး)
ရွှေမဋ္ဌုစေတီတော်ဂေါပကအဖွဲ့။

ရက်စွဲ။ ။၁၃၃၁ ၂ခု၊ တပို့တွဲလပြည့်နေ့။
(ပထမအကြိမ်)မူရင်းအတိုင်း
ပြန်လည်ရိုက်နှိပ်သည်။

---

# အင်းတော်ကြီး (အဋ္ဌုပ္ပတ္တိ)

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ၊
(ဇိနေ ဒမယံ ဇယံ ဒေတု)

ဘောဂဝတီနဂါးတိုင်းပြည်မှ နဂါးတို့သည်ဝိရူပက္ခနဂါး ဧရာပတ္တနဂါး၊ဆဗျာပုတ္တနဂါး၊တဏှာဂေါတမနဂါးဟူ၍ နဂါးမျိုး လေးမျိုး လေးစား လေးပါးရှိသည်ဖြစ်ရာ ထိုလေးပါးသောနဂါးမျိုးတို့တွင်ဝိရူပက္ခ နဂါးမင်းကြီးသည် ဘောဂဝတီနဂါးတိုင်းပြည်ကို စိုးမိုးအုပ်ချုပ်မင်းပြုလုပ် တော်မူလေသတည်း၊ ဘုန်းကံကြီးမားသော ထိုဝိရူပက္ခနဂါးမင်းကြီးသည် တစ်နေ့သောအခါ ညီလာခံသဘင်တွင် (၉၂)ပါးသော မှူးမတ်များတို့ အားမိန့်ကြားတော်မူသည်မှာ ''ငါတို့ဌာနီဘောဂဝတီနဂါးတိုင်းပြည်သည် လေးမျိုးလေးစား လေးပါးသော နဂါးမျိုးတို့မှာ တစ်နေ့တစ်ခြားတိုးပွား

များပြားလေသဖြင့် နေထိုင်ရန် တိုင်းပြည်ခရိုင် နိုင်ငံတော်ကျဉ်းနေပြီဖြစ်၍ တိုင်းပြည်အသစ်တည်ထောင်ရန် သင့်လျော်လျောက်ပတ်ကောင်းမြတ် သည့် ဘူမိနက်သန် မြေကြန်လက္ခဏာ ညီညွတ်စွာရှိသည့်နေရာကို တိုင်း ပြည်အသစ် တည်ထောင်စွမ်းဆောင်နိုင်သောမှူးတော်မတ်တော်များ ထွက်ခွာရှာဖွေ၍ ပြည်ဘောင်နဂရတည်ထောင်ကြရမည်ဟု အမိန့်တော် မြတ်မှတ်အပ်တော်မူလေသတည်း။''

ထိုသို့ ဝိရူပက္ခ နာဂရာဇာမဟာမင်းမြတ် မှတ်အပ်တော်မူသည့်အမိန့်တော်ကိုဦးထိပ်တင်ဆောင်ရွက်ရသောမှူးမတ်သေနာပတိမည်ရှိကျော်ဟိုး လေးမျိုးသော နဂါးတို့အနက် ထက်မြက်တေဇာ ဘုန်းဝေဖြာသည့်အမတ်သေနာဇရာပတ္တနဂါးသားအဖသုံးဦးတို့သည်အထူးထူးသောရတနာအဖြာဖြာသောလက်နက်နှင့် စစ်တက်စစ်ဆင် ကျွမ်းကျင်လိမ္မာကြသည့် စစ်သည်တော်ပေါင်း (၁၉၀၀၀)တစ်သောင်းကိုးထောင်နဂါးမလည်း (၁၉၀၀၀)တစ်သောင်းကိုးထောင်၊ မင်းသားလေးပါး၊ သက်တော်စောင့် ရှစ်ယောက်၊ ထက်အောက် ဝဲ ယာ ဤသို့များစွာသော ဗိုလ်ပါလူထုတို့အတွက် ပြိုးပျက်ရောင်ဖြာ ဝတ်တန်းဆာနှင့်စားနပ်ရိက္ခာ သုံးနှစ်တွက် အစာကို လုံလောက်စွာ ထောက်ပံ့တော်မူပါလျှင် ဝံသာနုရက္ခိတတရား ကောင်းစွာထားလို့မို့ နဂါးတို့တိုးပွားချမ်းသာကြောင်း ကျွန်ုပ်တို့ သား အဖသုံးယောက်ထက် အောက်ဝဲယာ မြို့ရွာသစ်တည်ထောင်ရန် ပြည်ထောင်က ထွက်ခွာမည့်အကြောင်းနှင့် ဥက္ကောင်းညွတ်လျှိုးရှိခိုး သံတော်ဦးတင်ကြရာ ဝိရူပက္ခနဂါးမင်းကြီးသည် ဝမ်းသာအားရ နှစ်သက်တော်မူလှသဖြင့်အမှတ်သေနာဇရာပတ္တနဂါး သားအဖသုံးဦးတို့အား အထူးထူးသော

ရတနာအဖြာဖြာသော လက်နက်လျှောက်ချက်ပါ များစွာသော ဗိုလ်ပါပရိသတ်တို့ကို ပေးအပ်တော်မူပြီးလျှင် ကြည်လင်ရွှင်ပျ ဧရာပတ္တနဂါးအမတ်ကြီး သားအဖသုံးဦးတို့သည် အထူးထူးအဖြာဖြာ သေနင်္ဂဗျူဟာ နဂါးစစ်သည်တော်ပေါင်းများစွာတို့နှင့် ဗိုလ်ပါ ပရိသတ် တို့ကိုနေရာတကျ စီမံအုပ်ချုပ်လျက်ဘောဂဝတီဌာနီကြင့်နိုင်းမြို့ရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသောဝိရူပက္ခနာဂရာဇာမဟာမင်းမြတ်ကြီးသည် ဧရာပတ္တနဂါးအမတ်ကြီးသားအဖသုံးဦးတို့အားမိန့်ကြားတော်မူသည်မှာ ''ငါတို့နဂါးမျိုးတိုးပွားချမ်းသာရာအကြောင်းကိုကောင်းစွာမြော်ထောက် လျက်လက်နက်အင်အား ဗိုလ်ထုများနှင့် သုံးစားရန် ရတနာတို့ကို များစွာ ပေးအပ်တော်မူလိုက်လေပြီဖြစ်၍ ယနေ့ နေ့ကောင်းရက်သား မင်္ဂလာအခါကောင်းကြုံပါသဖြင့် နဂါးမျိုးတို့ တိုးပွားချမ်းသာရေးကို တွေးတောဆင်ခြင်၍ နိုင်ငံတော်သစ်တစ်ခုတည်ထောင်ရန် အောင်စည် တီး၍ အောင်ခရီးထွက်စေ''ဟုအမိန့်တော်မြတ် မှတ်အပ်တော်မူလေ သတည်း။

ဤသို့အမိန့်တော်ကိုနာခံ၍ ဧရာပတ္တနဂါးမျိုးဖြစ်သော အမတ်ကြီးသားအဖ သုံးယောက်တို့သည် ရှေ့နောက်ဝဲယာမဟာဘုမိ သီရိကျက်သရေ အောင်မြေမင်္ဂလာနှင့်ပြည့်စုံသည့် မြေကောင်းမြေမြတ် ရပ်ကွက်ဒေသကို ကြည့်ရှုရှာဖွေ၍ မြို့သစ်ရွာသစ် နိုင်ငံသစ်တစ်ခု ပြုစု တည်ထောင်ရန် အောင်စည်တီး၍ ရှုမငြီးသောရေနတ်နဂါးမင်းသား မင်းသမီးတို့သည်အနည်းနည်းအဖုံဖုံကခုန်တီးမှုတ်ကြပြီးလျှင်ငါတို့နဂါးများ ချမ်းသာကြီးပွား များပြားလေတော့မည်ဟု နှစ်သက်ရွှင်လန်းစွာဘောဂ ဝတီ ပြည့်ရှင် ဘုရင် နာဂရာဇာမဟာမင်းမြတ်ကြီးအား ဦးသုံးကြိမ်

တိုက်ကြပြီးလျှင် နိုင်ငံသစ်တည်ထောင်ရန် ပြည်ဘောင်က ထွက်ခွာလာကြလေသတည်း။

ထိုအခါဗုဒ္ဓမြတ်စွာဘုရားသခင်သည် နိဗ္ဗာန်ခွင်သို့စံဝင်တော်မူပြီးသည့်နောက် သာသနာတော် သက္ကရာဇ် (၂၃၀)(မှတ်ချက်) ၂-နှစ်ပြည့်တည်း တိုင်းပြည်မြို့ရွာသစ်တည်ထောင်ရန် ဘောဂဝတီနဂါးတိုင်းပြည်မှ ထွက်ခွာလာကြသော ဧရာပတ္တနဂါးမျိုး သားအဖ သုံးယောက်တို့ထံပါလာသောလက်အောက်ချွေရံ ဗိုလ်ပါပရိသတ်တို့မှာ (၃၈၀၀၂)သုံးသောင်း ရှစ်ထောင်တစ်ကြိပ်နှစ်ယောက်မျှ ပါခဲ့လေသတည်း။

မှတ်ချက်။ ၁။လောဆွန့်ကျောင်း ဂိုဏ်းအုပ်ဆရာတော် အရှင်ဝဏ္ဏမဟာထေရ်စီရင် ရေးသားတော်မူသော သမိုင်းနှင့်ရွှေတွင်းဆရာတော်၊ အရှင်ဥတ္တမသရေးသားတော်မူသည့်သမိုင်းများ၌ တိုင်းပြည်တည်ထောင်ရန် နဂါးပြည်မှနဂါးသားအဖသုံးဦးတို့လက်အောက်ချွေရံများနှင့်တကွ မည်သည့်ခုနှစ် သက္ကရာဇ်၊ ထွက်လာကြောင်းကိုမဆို နဂါးအရေအတွက်လည်းမည်ရွေ့မည်မျှပါလာကြောင်းကိုမဆို အသျှင်ဉာဏဝံသထံမှ ရရှိသောတောရ ဆရာတော် ဦးကြာသူရေးသားတော်မူသည့် သမိုင်း၌သာ ပါရှိလေသည်။

မှတ်ချက်။ ၂။သက္ကရာဇ် သမိုင်း၌ မဟာသက္ကရာဇ် သာသနာသက္ကရာဇ် ကောဇာ(မြန်မာ)သက္ကရာဇ်နှင့် ခရာဇ်သက္ကရာဇ်တွင် ဘီစီ အေဒီဟူ၍ ပါရှိသည်၊ သမိုင်းတစ်လျှောက်လုံး၌ ( သာသနာနှင့်ခရာဇ်မှလွဲ၍)သက္ကရာဇ်ကို အကြိမ်ကြိမ်ဖြိုခဲ့ကြသည်၊၊အင်းတော်ကြီးသမိုင်း၏ သက္ကရာဇ်သည် မည်သည့်သက္ကရာဇ် ဖြစ်သည်ကို

ဆက်စပ်စိစစ် ရန် လိုနေပါသည်။ သာသနာတော် သက္ကရာဇ်ဖြစ်လျှင် ဘီစီ၊ နှစ်နှောင်း ဖြစ်နိုင်သည်။ ကောဇာ(မြန်မာ)သက္ကရာဇ်ဖြစ်မူကား အေဒီ၊ ခရာဇ်နှစ် အတွင်းဖြစ်နိုင်လေသည်။

ဇရာပတ္တနဂါးမျိုးဖြစ်သောနဂါးအမတ်ကြီး သားအဖသုံးဦးတို့သည် ဘောဂဝတီနဂါးတိုင်းပြည်မှထွက်ခွာ၍ တိုင်းပြည်မြို့ရွာသစ်တည်ထောင်ရန် မြေကောင်းမြေမြတ်လျှောက်ပတ်သည့်နေရာကို ရှာဖွေကြည့်ရှုရာ ပင်လယ်တွင်းသို့စီးဆင်းပူးပေါင်းပေါက်ရောက်လာသောမြစ်ကို မြစ်ဝကစ၍ ဝင်လာပြီးလျှင် တစ်ဖြေးဖြေးနှင့်အေးအေးသာသာ မြို့မြေနေရာကို ရှာဖွေကြသော်လည်း သဘောကျမတွေ့ဘဲ တရွေ့ရွေ့နှင့် မြစ်အတိုင်းလိုက်ခဲ့ကြသော်ရက်များမကြာခင် ဇရာဝတီနှင့် သလ္လာဝတီ နှစ်လီနှစ်ဝ မြစ်နှစ်ခုပေါင်းဆုံသည့် မြစ်ဆုံသို့ ရောက်ကြလေ၏။

မြစ်ဆုံသို့ရောက်ကြသော်သုံးသောင်းရှစ်ထောင်ကျော်မျှသော နဂါးတို့သည် အနောက်မြစ်ချင်းတွင်းခေါ် သလ္လာဝတီမြစ်သို့မလိုက်ဘဲ ဇရာဝတီမြစ်ရိုးသို့တိုးတိုး၍လိုက်ခဲ့ကြလျှင်မကြာမတင်ချောင်းဆုံတောင်ကြီးသို့ ရောက်ကြ၍ စခန်းချရပ်ကြပြီးလျှင် ၎င်းချောင်းဆုံတောင်ကြီးအနီးရှိ (အင်း၀)ကိုရှာဖွေကြည့်ရှုရာ အင်းမဖွဲ့လောက်သည့်အတွက် သဘောမကျဘဲ ခွာရဲ၍ တဖန်မမြန်မနှေးတစ်ဖြည်းဖြည်းနှင့် အေးအေးသာသာ ဇရာဝတီခေါ် မြစ်ညာသို့ဆန်တက်ကြ၍ ထိုမြစ်ညာရှိ လူပျိုအင်း နှင့် အပျိုအင်းကိုသွားရောက်ကြည့်ရှုကြသော်လည်း သဘောမကျမနှစ်ချိုက်သောကြောင့်အထက်သို့ဆန်တက်ခြင်းမပြုတော့ဘဲ အောက်သို့ပြန်လှည့်ခါ စုံမျှောလာကြပြန်ရာတွင် ကသာအနောက် တောင်မြောက်စီးရမ်းသောပန်းညှိုတောင်တန်းတွင်စခန်းချရပ်၍ခေတ္တ

အပန်းဖြေကာ နားနေကြလေသတည်း။

မှတ်ချက်။ ၁။အသျှင် ဥက္ကာဝံသထံမှရရှိသော သမိုင်း သည် ချောင်းဆုံတောင်ကြီးမှ တစ်ခါ လာကြပြန်သော် လူပျိုအင်းနှင့် အပျိုအင်းတို့ကို သွားရောက်မကြည့်ရှုတော့ဘဲ ပန်းညိုတောင်ကြီးတွင် ခေတ္တစခန်းချ၍ တည်းခိုကြကြောင်းကို ဆိုသည်။

၂။ ''လောဆွန့်ကျောင်း'' ဂိုဏ်းအုပ်ဆရာတော် အသျှင် ဝဏ္ဏမထေရ်ရေးသားတော်မူသောသမိုင်းနှင့်ရွှေတွင်း ဆရာတော်ရေးသားတော်မူသော သမိုင်းတို့၌ လူပျိုအင်းနှင့်အပျိုအင်းကို သွားရောက်ကြည့်ရှုကြောင်း ကို ဆိုသည်။ ယခုရေးသားသော သမိုင်း သည် အသျှင်ဝဏ္ဏမဟာထေရ်သမိုင်းနှင့်ရွှေတွင်းဆရာတော် သမိုင်းတို့ အဆိုအမိန့်အတိုင်းများရာသို့သို့လိုက်၍ ရေးလိုက်သည်။

၃။ အသျှင်ဝဏ္ဏမဟာထေရ်၏သမိုင်း၌ ဘောဂဝတီနဂါး တိုင်းပြည်တွင်လေးမျိုးသောနဂါးတို့ကိုအုပ်စိုး၍ ဓတရဋ္ဌနဂါးမင်းကြီးမင်း ပြုလုပ်ကြောင်းကိုဆိုသည်။ ရွှေတွင်းဆရာတော်ရေးသားတော်မူသော သမိုင်း၌ ဧရာပတ္တနဂါးမျိုးဖြစ်သော နဂါးတို့သည် တိုင်းပြည်တသီး တစ်ခြား ဧရာပတ္တနဂါးမျိုးပင် မင်းပြုလုပ်ကြောင်းကိုဆိုသည်။ အသျှင် ဥက္ကာဝံသထံမှရရှိသော သမိုင်းမှာ ဝိရူပက္ခနဂါးမင်းကြီး မင်းပြု လုပ်ကြောင်းကို ဆိုသည်။ ယခုသမိုင်း၌ အသျှင်ဥက္ကာဝံသထံမှ ရရှိသော တောရ ဆရာတော်ဦးကြာသူရေးသားတော်မူသောသမိုင်းသို့လိုက်၍ ဝိရူပက္ခ နဂါးမင်းကြီးမင်းပြုလုပ်ကြောင်းကို ရေးသားလိုက်သည်။

## ရှစ်လုံးဘွဲ့ကဗျာများ

၁။ ရေပတ္တ နဂါးမျိုးမှန်
ဉာဏ်ရည်ဉာဏ်သွား ကြီးမားထက်သန်
သားနှစ်ယောက်နှင့် လက်အောက်ချွေရံ
မြို့ရွာသစ် တည်လုပ်ရှာဖွေပြန်။
၂။ ရေမြစ်ကို မလုစ်တက်ဆန်
ချောင်းဆုံတောင်ကြီး ရှာပြီးတွေ့ပြန်
ယခုအင်းဝ ခေါ်ကြနာမံ
နတ်နဂါး တွေ့ငြားဝေကန်။
၃။ ဤရပ်ဌာန အင်းဖွဲ့ရသော်
လွန်စွာသေးငယ် အရေးမတော်
ချဲ့စရာလည်း စိတ်ထဲမပေါ်
အင်းဖွဲ့ရေး လောက်သေးမထင်ပေါ်။
၄။ ထိုအရပ်မှ ခွာကြကေန်
မြစ်ရေကြီး တက်ပြီးအမှန်
လူပျိုအင်းနှင့် ပျိုအင်းနှစ်တန်
ကြည့်ရှုငြား နဂါးမကြိုက်ပြန်
၅။ ထိုသို့မကြိုက် စိုက်အိုက်ပြင်းထန်
ရေမြစ်ကြော စုံမျှော်ကြပြန်
ပြည်ရွာမြို့သစ် တည်လုပ်ကြရန်
စိစစ်ငြား နဂါးစိတ်မသန်။

ထိုပန်းညိုတောင်တန်း၌စခန်းချနေသော(၃၈၀၀၂)သုံးသောင်း ရှစ်ထောင်တစ်ကြိပ်နှစ်ယောက်သောနဂါးတို့သည်ဖက်ဆွတ်၊စကားဝါ၊ မာလ၊ အလီလီသရဖီ အင်ကြင်း၊ ပုံးညက်ကင်းနှင့် ပင်ချင်းယုက်ကာ ဇီဇဝါနှင့်ခတ္တာစပယ် ပန်းနွယ်ပန်းခက်တို့ဖြင့် တစ်တောလုံးပြည့်နှက်စွာ ရာသီလိုက်ပွင့်ရှာသောရနံ့မျိုးစုံပူးအငုံနှင့်မွှေးထုံကြိုင်သင်းလှစွာသော ဖက်ဆွတ်တောင်ကြီးအကြား၌ စီးဆင်းသွားသော နဘားချောင်းကို လိုက်၍ထိုနဘားချောင်းတစ်ဝိုက်တွင် မဝေးကွာလှသော ချောင်းမြှောင် စိမ့်စမ်း တောတန်းမြေပြန့်တို့ကို နံ့စပ်အောင်ရှာဖွေကြည့်ရှုကြသော် တိုင်းပြည်နိုင်ငံအင်းဖွဲ့တည်ထောင်ရန် ကောင်းမြတ်လှစွာသော မင်္ဂလာ ကျက်သရေနှင့်ပြည့်စုံသည့် မြေကောင်းမြေမြတ်ကို တွေ့ကြ၍သတ်မှတ် ပိုင်းခြားပြီးလျှင်တည်းခိုနားနေကြသောပန်းညိုတောင်တန်းမြှောင်စခန်းသို့ ပြန်ကြလျက် ဤပန်းညိုတောင် ဖက်ဆွတ်တောင် ချောင်မြှောင်ဌာန ရပ်ဒေသကို ဘယ်ဒေဝဘယ်နတ်မင်းကတန်ခိုးထန်ပြင်း၍ စိုးစံခြင်းပြုပါ သနည်းဟုဖက်ဆွတ်တောင်အရှင်ကြီးအားရိုသေလေးစားခြင်းတရားနှင့် မေးမြန်းလေ၏။

ထိုသို့နာဂရာဇာမဟာမင်းမြတ်မေးမြန်းလတ်သော် ဤ ဖက်ဆွတ်တောင်ပန်းညိုတောင်ချောင်မြှောင်ထွေထွေ တောင်ခြေ တစ်လျှောက်စီးဆင်းရောက်ပြားသောနဘားချောင်းညာဝနာဂနိုင် မြိုင် ဟေမဝါသေလာရစ်ဆိုင်း၍တံတိုင်းပမာခွေကာရစ်သန်းသောတောတန်း မြေပြန့်တို့ကို အာဏာစက်နှံ့ကာငါသာပိုင်သည် မည်သူမဆိုင်ဟုဘုန်း လှိုင်ရာဇာဖက်ဆွတ်တောင်နတ်ဒေဝါက ဒါဖြင့်နတ်မင်းရယ် ကျွန်ုပ်တို့ ချွေရံပရိသတ်ပေါင်းသုံးသောင်းရှစ်ထောင်ကျော်တို့နှင့်ဘောဂဝတီနဂါး

တိုင်းပြည်မှထွက်ခွာ၍ တိုင်းသစ်ပြည်သစ်နိုင်ငံသစ်တည်ထောင်ရန် ရည်ဆောင်ခါ ဇရာဝတီမြစ်ညာသို့ လျောက်ပြီးလျှင် နေရာကောင်းကို ရှာဖွေသော်လည်း သဘောကျမတွေ့ခဲ့ပါ။ ဤနေရာဌာန ရပ်ဒေသကို ကျွန်ုပ်နှစ်သက်ပါ၍အခွင့်ပြုတော်မူမည့်အကြောင်းစိန်ကောင်းမြကောင်း များစွာသော ရတနာအပေါင်းတို့ကိုပဏ္ဏာလက်ဆောင်ဆက်သပြီး ခယ ရှိသေစွာအခွင့်တောင်းလေသတည်း။

တိုင်းပြည်နိုင်ငံတည်ထောင်ရန် ရေနတ်နဂါးမင်း ခယဝတ်တွား ၍ တောင်းပန် လျှောက်ထားသောအခါ ဖက်ဆွတ်တောင် နတ်ရာဇာသည် အသီးသီးသော အနီးအနားရှိ နတ်မင်းတို့ကို ငါပိုင်သော်လည်း အနိုင် အထက်လုပ်လို့ မကောင်းသဖြင့် အကြောင်းအားလျော်စွာ တိုင်ပင်မေးမြန်း ပြောဆိုပါဦးမည်ဟု အမိန့်ရှိတော်မူလေ၏။

## ဖက်ဆွတ်တောင်
## ပန်းညိုတောင်စသောအနီးအနားရှိ နတ်ပေါင်းစုံ
## အစည်းအဝေးပွဲကြီး

ဖက်ဆွတ်တောင် နတ်မင်းကြီးသည် မိမိဦးစီးစိုးပိုင်သော နယ်အတွင်းရှိ အမင်းမင်းသော ရက္ခဒေဝါနတ်ရာဇာတို့ကိုဤအစည်း အဝေးပွဲကြီးသို့ ကြွရောက်ကြရန် ဖိတ်ကြားလိုက်သောအခါ များစွာ သော နတ်မင်းကြီးတို့သည်အသီးအသီး အစည်းအဝေးသို့ ကြွရောက် ကြပြီးလျှင် နှစ်သက်ရွှင်လန်းစွာတစ်ဦးနှင့်တစ်ဦး ကြည်နူးချိုမြ ပီယဝါစာ အလ္လာပသလ္လာပစကားများနှုတ်ဆက်ကြလျက် အထက်ထက်က ဖက်ဆွတ်တောင်နတ်မင်းကြီးအား နိုင်ငံခြားက တိုင်းကားပြည်ရှာ

တည်ထောင်ခြင်း အင်းဖွဲ့လိုကြောင်း နတ်နဂါးအပေါင်းတို့ကို လျှောက်တောင်းခွင့်ပန်သောကြောင့် နတ်မင်းအပေါင်းတို့ကို အခွင့်အရေးကို ပေးသင့်မပေးသင့်ပညာဖြင့် ချင့်ချိန်မြော်ဆ၍ ဤအစည်းအဝေးက ယနေ့ဆုံးဖြတ်ချက်ချလိမ့်မည်ဟု ဖက်ဆွတ်တောင်နတ်မင်းကြီးအမိန့်ရှိ လေလျှင် အချို့သောနတ်မင်းကြီးတို့က ငါတို့ပိုင်နယ်ပယ်အတွင်းကိုအင်းဖွဲ့ရန် ခွင့်ပြုလိုက်လျှင် နိုင်ငံတော်ဖြစ်သောနယ်ပယ်ကျဉ်းသွားမည်ဖြစ်၍ အခွင့်မပြုလိုထိုထိုသော နတ်မင်းတို့ကလည်း နိုင်ငံခြားဖြစ်သော နဂါးမင်းတို့သည် တိုင်းပြည်မြို့ရွာကျဉ်းမြောင်းသဖြင့် ဆင်းရဲသားအပေါင်းတို့ အနေကြပ်မည်ကိုလွန်စွာသနားလှ၍ တိုင်းတစ်ပါးတည်ထောင်ရန်ခွင့်ပန်လျှောက်ထားသည်ကို တိုင်းတစ်ပါးသား ဖြစ်သည့်အတွက် ဤအချက်ကိုကောင်းကောင်းကြီးစဉ်းစားရန်မှာ နိုင်ငံခြားသားဖြစ်သော နတ်နဂါးတို့ယခုတောင်းဆိုချက်ကို မပေးက အရေးလှမည်မဟုတ်အဘယ်ကြောင့်ဆိုသော် ဤရေနတ်နဂါးတို့သည်သုံးသောင်းရှစ်ထောင်မျှသောဗိုလ်ပါ ရဲမက်လက်နက်အင်အားများပြားလှ၏၊ အကယ်၍ အခွင့်မပြုခဲ့သော် တော်မည်မထင် စစ်အင်ကျင်းရမှာလည်း နိုင်ငံသူနိုင်ငံသားများဆင်းရဲဒုက္ခမုချအမှန်ပင်ဖြစ်ကြလိမ့်မည်၊ သို့ဖြစ်သည်ကြောင့် အခွင့်ပြုမည်မပြုမည်နှစ်လီနှစ်ဝဤကိစ္စကိုအတည်တကျဆုံးဖြတ်ချက်ချရန်မှာ အရှင်ဖက်ဆွတ်တောင်နတ်မင်းကြီးသည် ယခုအစည်းအဝေးရှိနတ်ဒေဝါအပေါင်းတို့ထက်ဘုန်းတန်ခိုးကြီးပြီးအမြော်အမြင်ဉာဏ်ပညာလည်း သည်းပါသည်၊ သို့ဖြစ်ပါ၍ အရှင်နတ်မင်းကြီးအခွင့်ပြုလိုက်လျှင်လည်းကောင်းပါသည်ဟု ရေလာမြောင်းပေးစကားဖြင့် ပြောကြားလျှောက်ထားကြကုန်သတည်း။

နိုင်ငံခြားသားဖြစ်သောနတ်နဂါးအပေါင်းတို့တောင်းဆိုချက်ကို ဤနတ်သဘင် အစည်းအဝေးကြီးသို့ တက်ရောက်ကြသော နတ်မင်း အပေါင်းတို့က အနာဂါတ်၌ဖြစ်လတ္တံ့သော အကြောင်းအရာတို့ကို ကောင်းစွာစဉ်းစားကြလျက် ထိုတောင်းဆိုချက်ပါ ရပ်ကွက်ကို သေချာ စွာနယ်ခြားသတ်မှတ်၍ ခွင့်ပြုပေးရန် သဘောတူကြကြောင်း လျှောက် ထားကြသောအခါဖက်ဆွတ်တောင်အရှင်ကြီးကလည်း ဤတောင်းဆို ချက်တင်သွင်းသောအခါကပင် ရှေးဖြစ်လတ္တံ့သောအနာဂတ်ကို စဉ်းစားလိုက်တော့ မပေးလျှင် မတော်တဲ့အကြောင်းကို ယူဆပြီး ပါပြီ။ သို့သော် နတ်မင်းများနှင့်တိုင်ပင်ညှိနှိုင်းပြီးအလုပ်လုပ်မှတော်မည်ဖြစ်၍ နတ်မင်းတို့အား အစည်းအဝေးသို့တက်ရောက်ကြရန် ဖိတ်ကြားရခြင်း ဖြစ်ပါ သည်။ ဤအစည်းအဝေးကြီးက ဆုံးဖြတ်ချက်ချမှတ်သည့်အတိုင်း ရေနတ်နဂါးတို့အားခွင့်ပြုရမည်ဖြစ်ကြောင်းနှင့်ဖက်ဆွတ်တောင်အရှင် ကြီးက မိန့်ခွန်းမြွက်ကြပြီးလျှင် အစည်းအဝေးကြီး ရုပ်သိမ်းလိုက်ကြလေ သည်။

ထိုအစည်းအဝေးကြီးရုပ်သိမ်းပြီးနောက် ပန်းညိုတောင်တန်း၌ စခန်းချရပ်နေကြသောနဂါးမင်းကြီးကိုခေါ်စေရာမကြာခင်ရှေ့တော်မှောက် သို့ရောက်ခဲ့လျှင် ''ကျွန်ုပ်တို့ရက္ခဒေဝနတ်ရာဇာတို့နှင့်အဆွေတော်တို့ ရေနတ်ဒေဝါတို့သည် တတိုင်းနှင့်တစ်တိုင်းတစ်ပြည်နှင့်တစ်ပြည် အဆွေ တော်ချည့်ဖြစ်သဖြင့် ယခုကစ၍ နောင်အနာဂတ်ကာလ၌ နှစ်ပေါင်းရှည် ကြာစွာ ပေါင်းသင်းဆက်ဆံကြရမည်ကို စဉ်းစားလျက် အဆွေတော်တို့ တောင်းဆိုချက်ပါ နယ်ပါယ်ရပ်ကွက်ကို မှတ်ချက်နှင့်(၀)ကွက်၍ ပေးအပ်ပါပြီ။ အဆွေတော်တို့သာ တိုင်းပြည်မြို့ရွာဖြစ်ရောက်ရန်ကို

ကြိုးစားပြီး စီမံပါတော့ သို့သော် အဆွေတော်တို့ပေးဆက်သော ပဏ္ဏာလက်ဆောင်တို့ကို နှစ်သက်တော့ နှစ်သက်ပါ၏၊ သည့်ထက်မက ကျွန်ုပ်နှစ်သက်သော ရတနာတို့ကို ပေးပါလျှင် သာ၍ပင်နှစ်သက်ဝမ်း မြောက်ပါမည်ဟုပြောလျှင် အရှင်နတ်မင်းကြီးအလိုရှိရာ တောင်းဆို တော်မူပါဟု လျှောက်မှ အဆွေတော်ထံပါလာသောနာဂချစ်ကြည် နတ်ဒေဝီတစ်ယောက်ကို ပေးပါဟုတောင်းဆိုရာ နာဂရာဇာနတ်ဒေဝါ က''ကောင်းပါပြီအရှင်နတ်မင်းကြီးကျွန်ုပ်ထံ၌လှပပြေပြစ်ချစ်ခင်နှစ်သက် စရာကိုဆောင်သော (၁၉၀၀၀)သော နဂါးမင်းသမီးများပါပါသည် လိုရာကို ရွေးယူတော်မူပါတော့ဟုလျှောက်ထား၍ ပြန်လာပြီးလျှင် မိမိ၏ အခြွေအရံ ဖြစ်သောနဂါးမင်းသမီးတို့အား တစ်ယောက်အတွက် ကြင်ယာသက်ထားမိဖုရားမြှောက်စားလိုသဖြင့်အသင်တို့နဂါးမင်းသမီး ပေါင်းတစ်သောင်း ကိုးထောင်လုံးစုရုံးပြီးလှပစွာ အဝတ်တန်ဆာ ဝတ်ဆင်၍ရှေ့တော်တွင်သွားရောက်ခစားကြရမည်''နဂါးမင်းကြီးအမိန့်တော် ရှိလျှင် အားလုံးသောနဂါးမင်းသမီးတို့ကလည်း အဝတ်တန်ဆာလှပစွာ ဝတ်ဆင်ကြလျက် ရှေ့တော်တွင် သွားရောက်ခစားကြသောအခါ အလွန်လှပစွာသောနဂါး မင်းသမီးတစ်ယောက်ကို ရွေးကောက်တော် မူလေသတည်း။

ဖက်ဆွတ်တောင်နတ်မင်းကြီးသည်ချစ်မငြီးသောနဂါးမင်းသမီး တစ်ယောက်ကို ရွေးကောက်တော်မူခါ နေ့ကောင်းရက်သာမင်္ဂလာအခါ ကောင်းကိုရွေးချယ်လျက် ရက္ခဒေဝါနတ်များစွာနှင့်နာဂဒေဝါ နတ်ရာဇာတို့ ခြံရံစေပြီးလျှင် ဤနဂါးမင်းသမီးကလေးကို ဖက်ဆွတ် တောင်နတ်မင်းကြီး၏ဘုံနန်း၌ရေဖျန်းခံပြီးမိဖုရားကြီးမြှောက်စားတော်မူ လေသတည်း။

## မာန်လည်အင်းဖွဲ့တော့မည်

ပန်းညိုတောင်တန်း၌ စခန်းချနေသောများစွာသော ရေနတ်နဂါးတို့သည် နေ့ရက်မကြာခင် နဘားချောင်းကိုလျှောက်၍ နဘားချောင်း နှင့်မနီးမဝေး အေးချမ်းသာယာမင်္ဂလာကျက်သရေနှင့် ပြည့်စုံသည့် မြေကောင်းမြေမြတ် လျှောက်ပတ်သောဤနေရာကို ဖက်ဆွတ်တောင် နတ်ရာဇာ၏ ခွင့်ပြုချက်ကို ရပြီဖြစ်၍ နဂါးတို့သဘာဝ တိုင်းပြည်မြို့ရွာ တည်ထောင်ရန် ရေနတ်နဂါးတို့တန်ခိုးအားဖြင့် မိုးကြီးလေကြီးသည်းထန် ပြင်းပြစွာရွာသွန်းတိုက်ခတ်လေလျှင် တစ်ခဏခြင်းဖြင့် အင်းကြီးဖြစ်လေသတည်း။

**မှတ်ချက်။** ။အသျှင် ဝဏ္ဏမဟာထေရ်စီရင် ရေးသားတော်မူသောသမိုင်း၌ လူပျိုအင်း အပျိုအင်းကိုကြည့်ရှု၍ လာခဲ့ရာဇရာဝတီအနောက်ကမ်းသို့ စီးဆင်းပေါက်ရောက်လာသောနဘားချောင်းကို ဆန်၍ တိုင်းပြည်နိုင်ငံတည်ထောင်ရန် မြေကောင်းမြေမြတ်ကို လိုက်ရှာ၍ တွေ့ရှိသောအခါ ဘယ်နတ်ကိုမျှတိုင်ကြားခြင်းမရှိဘဲ မိမိသဘောအတိုင်း အင်းဖွဲ့ကြောင်းကိုဆိုသည်။ ရွှေတွင်းဆရာတော်သမိုင်း၌လည်း စိတ္တကုဋ္ဌ်ခေါ် မဲဇာတောင်ခြေတွင် ရပ်ဆိုင်း၍ နယ်ရှင်ပယ်ရှင်တို့ကို မေးမြန်းခြင်းမပြုတော့ပဲ အင်းဖွဲ့ကြောင်းကို ဆိုသည်။ အရှင်ဉာဏဝံသထံမှရရှိသော သမိုင်း ၌ ပန်းညိုတောင်တွင် စခန်းချ၍ ဂုင်းတောင်ခြေတစ်ဝိုက်ပတ်ဝန်းကျင်မှ နဘားချောင်းသို့လိုက်၍ ချောင်းနှင့်လွှန်စွာမဝေးလှသောနေရာမင်္ဂလာကျက်သရေနှင့်ပြည့်စုံ[illegible]ည့် မြေကောင်းမြေမြတ်ကိုတွေ့ရှိ၍ ဤရပ်ကွက်ကို မည်သူစိုးပိုင်ကြောင်း ဖက်ဆွတ်တောင်အရှင်ကြီးအား များစွာသော လက်ဆောင်ပဏ္ဏာတို့နှင့်

နဂါးမင်းသမီးတစ်ယောက်ကို ပေးအပ်၍ အင်းဖွဲ့ရန် နယ်ပယ်ခွဲဝေ ပေးကြောင်းကို ဆိုသည်။

ယခုသမိုင်း၌အရှင်ဉာဏဝံသထံမှရရှိသောတောရဆရာတော် ဦးကြာသူရေးသားတော်မူသော သမိုင်းအတိုင်းရေးလိုက်ပါသည်။

## ရှစ်လုံးဘွဲ့ကဗျာများ

| | | |
|---|---|---|
| ၁။ | ဇရာပတ္တ | နာဂရာဇာ |
| | ဗိုလ်ပါရဲမက် | ပြည့်နှက်ရုံကာ |
| | ဇရာမြစ်ကြောင်း | ငြိမ့်ပြောင်းစုံလာ |
| | ပန်းညိုတော | အမောဖြေကြမှာ |
| ၂။ | ပန်းညိုတောင်ကြီး | ခိုမှီးကြရာ |
| | မြို့သစ်တည်ရေး | ဖြေးဖြေးသာသာ |
| | မြေမြတ်ဘုမိ | တွေ့ရှိဖို့ရာ |
| | နဘားချောင်း | ကောင်းကောင်းလိုက်၍ရှာ။ |
| ၃။ | နဘားချောင်းနား | ထံပါးရပ်ဝှေ |
| | ဝဲယာညှပ်လျက် | ရက်ဆက်ရှာဖွေ |
| | မြေကောင်းမြေမြတ် | တွေ့လတ်မသွေ |
| | နတ်နဂါး | မှတ်သားဤရပ်မြေ။ |
| ၄။ | မြေမြတ်ရပ်ကွက် | မှတ်ချက်ယူကာ |
| | ဖက်ဆွတ်ရှင်ကြီး | အနီးထဲမှာ |
| | ရှိသေခ ညောင်း | ဝတ်လျှောင်းပန်ထွာ |
| | လက်ဆယ်ချောင်း | စုပေါင်းဝန္ဒနာ။ |

၅။ မြေမြတ်ဘူမိ တွေ့ရှိမကြာ
နယ်ပယ်ပိုင်းခြား မှတ်သားသချာ
ဤရပ်နယ်ရိုး စိုးမိုးပိုင်ကာ
ဘယ်မင်းမြတ် တပ်အပ်သိလိုပါ။

၆။ ဤနယ်တစ်ရိုး အုပ်စိုးငါပိုင်
ဘယ်မင်းဘယ်နတ် ဤရပ်မဆိုင်
ငါ၏လက်အောက် တောရှောက်ခရိုင်
ငါအုပ်စိုး တန်ခိုးတေဇာလှိုင်

၇။ ဤသို့ဖြစ်ပြား သနားစေလို
နဂါးပြည့်ရှိ ဝင်းအိစိုစို
နီလာမြသား များပြားထိုထို
ကိုယ့်ထံရှိ ပေး၏လက်ဆောင်ကို။

၈။ လက်ဆောင်သ၍ ခ ယ လျှောက်ဆို
နယ်ပယ်ပိုင်းခြား သနားစေလို
ငါ၏လက်အောက် ဘုန်းတောက်နတ်ပျို
ခေါ်၍မေး စည်းဝေးအုံးမယ်ဆို။

၉။ ရေနတ်နဂါး မှတ်သားသချာ
ဤသို့ကြားရ နားဝချိုသာ
ခေတ္တစခန်း ဖြန့်မြန်းပြန်လာ
သားတော်များ မိန့်ကြားဤအရာ။

၁၀။ မကြာခင်ပ ဒေဝပေါင်းစုံ
ဖက်ဆွတ်အရှင်ကြီး ခေါ်ပြီးအကုန်
နတ်သဘင်ကျင်း ကြောင်းရင်းဥသုံ
စည်းဝေးပြု နှိုင်းရှုအဖုံဖုံ။
၁၁။ မပေးမသင့် ထောက်ချင့်စာနာ
(ဝ)ကွက်၍သား ပိုင်းခြားသေချာ
သဘောတူပြား နတ်များဒေဝါ
လက်မှတ်ထိုး တောင်ရိုးပြန်ကြရှာ။
၁၂။ ဖက်ဆွတ်ဒေဝ ခဏမကြာ
ခေါ်စေနဂါး ရောက်ငြားထံမှာ
တိုင်းပြည်အသော့ တည်တော့မြန်စွာ
(ဝ)ကွက်သား ပိုင်းခြားပေးအပ်ရှာ။
၁၃။ သင်တို့ဆက်သ ခနလက်ဆောင်
ဝမ်းသာမကြီး ပူမီးတောက်လောင်
နာဂီမယ်လျှ ရှုပတောက်ပြောင်
လိုချင်အား ပေးငြားဤလက်ဆောင်
၁၄။ ကောင်းပြီဘုရား လျှောက်ထား၍ပြန်
စံရာစခန်း ဖြန့်မြန်းအမြန်
နာဂီမယ်ပေါင်း ခညောင်းစေရန်
ဖက်ဆွတ်မင်း ရှုရင်းမေတ္တာလျှံ။

၁၅။ ချစ်နှစ်သက်ဘိ နာဂီပျိုညာ
ကောက်ယူဘုံနန်း ထုံလျှမ်းဝေဖြာ
နတ်ပေါင်းစုံခ ဒေဝရာဇာ
ဘိသေဖျန်း တောင်နန်းစံပျော်ရှာ။

၁၆။ ထိုနောက်ကာလ နာဂရာဇာ
အခွင့်ရပြီး မြိုင်ကြီးသေလာ
တန်ခိုးထန်ပြင်း ဖန်ဆင်းလေရာ
ခဏခြင်း အင်းကြီးဖြစ်၍လာ။

၁၇။ ၎င်းအင်းမြတ် ခေါ်လတ်သညာ
ရှေးခါလူပေါင်း စင်းဟောင်းခေါ်လာ
နဘားအင်းလည်း တစ်နည်းခေါ်ရာ
မာန်လည်အင်း ထင်လင်းယခုမှာ။ ။

## ညီနောင်နှစ်ပါး အင်းသစ်ရှာဖွေခြင်း

ထိုသို့မန်လည်အင်းဟုခေါ်သောယခုကသာခရိုင်အင်းတော်မြို့အနောက်ဘက်တွင်ရှိသောအင်းသည် အင်းကြီးဖြစ်ပြီးသောအခါ နဂါးတို့မှာ တိုင်းသစ်၊ ပြည်သစ် နိုင်ငံသစ်ဖြစ်ပြီးလျှင် နှစ်ပေါင်းအတော်ကြာ ရှိပြီးသောအခါ နဂါးမင်းကြီး၏ သားတော်နှစ်ပါးတို့သည် မိမိတို့၏ဘုန်းကံ တန်ခိုးအားဖြင့် မိဘတို့၏ နိုင်ငံမှခွဲ၍ တိုင်းပြည်နိုင်ငံသစ်ထူထောင်ရန် တိုင်ပင်ကြပြီးလျှင် မယ်တော်၊ ခမည်းတော်တို့အားတိုင်းကားပြည်ဘောင် သစ်တည်ထောင်ရန် အကြောင်းစကားပြောကြား ခွင့်ပန်လေ၏။

ထိုသို့သားတော်နှစ်ပါး နဂါးညီနောင်တို့ လျှောက်ထားခွင့်ပန်လေလျှင်ခမည်းတော် မယ်တော်တို့သည် သားတော်များအား ဤသို့မိန့်ကြားတော်မူလေ၏။ ''သားတော်များသည် မိဘတို့နှင့်ခွဲခွါပြီးတစ်သီးတစ်ခြားတိုင်းကားပြည်ဆောင်ကို တည်ထောင်ရန် အကြောင်းမရှိ၊မိဘတို့ ပစ္စည်းသည် သားသမီးတို့၏ ပစ္စည်းပင်ဖြစ်ပါ၍ ယခု မိဘနှစ်ပါးသားတော်များနှင့်တိုင်းကားပြည်ရွာ တည်ထောင်ရန် ပြည်ဆောင်ကခွာလို့မို့ မင်္ဂလာကျက်သရေနှင့်ပြည့်စုံသည့်မြေကောင်းမြေမြတ်လျောက်ပတ်သောနေရာကိုတွေ့ဘို့ရာ ရှာဖွေရခြင်းသည် မည်မျှလောက် ဆင်းရဲဒုက္ခဖြစ်ရကြောင်းကိုလည်း သားတော်များအသိပင် မဟုတ်ပါလော၊ဘူမိ နက်သန်မြေကြန်လက္ခဏာနှင့်ပြည့်စုံညီညွတ်သည့် နေရာကိုသေချာစွာ တွေ့သော်လည်းပိုင်ဆိုင်အုပ်စိုးသူနယ်ရှင်ပယ်ရှင်တို့ကိုနားဝင်အောင် ခ ယ ကျိုးနွံ၍ အလွန်တရာကြီး မာနကိုနှိမ့်ချကာပိယဝါစာချိုသာသောစကားဖြင့်များပြားသောလက်ဆောင်ပဏ္ဏာတို့နှင့်ရှေ့ဆောင်ထားပြီးပြော ကြားခွင့်ပန်တာတောင်တယ်မဟန်ချင်သေးဘူး၊ငါ့သားတော်များရဲ့ငါတို့ ပြုစုတည်ထောင်တဲ့ ပြည်ဘောင်နာဂရသည်လည်း အဝဝသော မနဥစ္စာ အဖြာဖြာသော လက်နက်တောက်ပြောင် ပဝင်း အလွန်အဆင်းလှခြင်းနှင့် ပြည့်စုံသည့်နတ်နဂါးပျိုမတစ်ယောက်ကိုလည်း လက်ဆောင်တော်အဖြစ် ပေးဆက်ပြီးမှ အခွင့်တော်ရပါသည်။

မြို့သစ်ပြည်ရွာတည်ထောင်ခြင်းအကြောင်းနှင့်ပတ်သက်၍စိတ်ထားအမျိုးမျိုးတန်ခိုးအစားစားစိတ်ရင်းမကောင်းသော ရက္ခဒေဝါနတ်များစွာတို့နှင့်အခက်အခဲတွေ့ရမြဲဖြစ်သဖြင့် စကားပြောမတဲ့လျှင်

စစ်ဆင်၍ တိုက်ကြရမည်ဖြစ်သည်၊စစ်ဆင်ရခြင်းသည်လည်း အလွန်တရာ အရေးကြီးလှသည်။ အဘယ်ကြောင့်ဆိုသော် စစ်အင်္ဂါလေးပါး၊ စစ်တိုက်ခြင်းသုံးပါးရှိသည်။ စစ်၏ အင်္ဂါလေးပါးသည် (၁)ဆင်တပ်၊ (၂)မြင်းတပ်၊ (၃)ရထားတပ်၊(၄)ခြေလျင်တပ်ဟူ၍ လေးပါးရှိသည်။ စစ်တိုက် ခြင်းသုံးပါးသည် (၁)သေနင်္ဂဗျူဟာ(၂)သကဋဗျူဟာ(၃)ပဒုမဗျူဟာဟူ၍ သုံးပါးရှိသည်။ ထိုမှတစ်ပါး စစ်၏အခြင်းအရာများစွာပင်ရှိသေး၏၊ သားတော်များသည်စစ်၏အခြင်းအရာကိုများစွာမကျွမ်းကျင်သေးဖြစ် အရေးရှိက စိုးရိမ်ဆရာဖြစ်သည် မဖြစ်ဘူးဟူ၍လည်း မဆိုနိုင် ပါ၊ သို့တွက်တာကြောင့် ရာဇသေဋ္ဌနင်း ငါ့ဘမင်းထံ နိယံမပြတ်ခစား၍ တိုင်းကားပြည်ဘောင်ကို စည်ပင်အောင် စောင့်ရှောက်ပြီးနေစေလိုပါ သည်။ ဘခင်၏ မျက်စိအောက်တွင် အပျောက်မခံချင်ပါ၊ သို့သော် သားတော်များက ကံစမ်းသဘောနှင့် တောတောင်ကိုလှည့်ပတ်၍ မြေကောင်းမြေမြတ်ကို တွေ့လတ်သောအခါ တိုင်းပြည်မြို့ရွာ တည်ထောင်အုံးမည်ဆိုလျှင် သားတော်များရဲ့ သဘောပါပဲ၊ ဘခင်၏ မနေ့ာမှာဖြင့် မိဘတို့၏တိုင်းပြည်ဟာ သားတော်များရဲ့ တိုင်းပြည်ပါပဲ၊ သားတော်များကသာ ပညာနှင့်ချင့်၍ သင့်တင့်အောင်နှလုံးသွင်းစေလိုပါ သည်''ဟု ခမည်းတော်ဘုရားက ပြောကြားမိန့်ဆိုတော်မူလေသည်။

ထိုအခါသားတော်များက ''အကျွန်ုပ်တို့လည်းမိဘတို့အား ဝတ်ကြီးဝတ်ငယ်ပြုစုဆောင်ရွက်လို့ ပြည်ဘောင်ကို ကြည့်ရှုပြီးနေချင်ပါသည်။ သို့ပေမဲ့ ကျွန်ုပ်တို့နဂါးမျိုးတိုးပွားရာတိုးပွားကြောင်းနှင့် ကိုင်းကားပြည်ရွာများစွာပွားခဲ့ပါလျှင် ဘောဂဝတီရွှေပြည်ကြီးက

ခွဲခွာပြီးတိုင်းသစ်ပြည်သစ်နိုင်ငံသစ်တည်ထောင်ရန် စေလွှတ်လိုက်တဲ့ အမတ်သေနာပတိကြီး သားအဘသုံးယောက်ဟာ ကံအားဉာဏ်အား ဝိရိယအားသုံးပါးနှင့်ပြည့်စုံညီညွတ်သည့် အမတ်ကြီးများဘဲလို့နာဂ ရာဇာ မဟာမင်းကြီး၏ချီးကျူးခြင်းကို အထူးဘဲ ခံရပါမည်။သို့ဖြစ်သည် ကြောင့်နဂါးမျိုးတို့ တိုးပွားချမ်းသာကြောင်းကို ကောင်းစွာသဘောထား ၍ တိုင်းကားပြည်ဘောင်ကို တည်ထောင်လိုရင်းဖြစ်ပါသည်၊ မယ်တော် နှင့်ခမည်းတော်နှစ်ပါးက သားတော်များအား သနားတော်မူပါသဖြင့် ဗိုလ်ပါရဲမက်လက်နက်အင်အားများစွာသော ရတနာတို့ကိုခွဲဝေ ပေးသနားတော်မူပါမည့်အကြောင်း''နှင့် ကောင်းစွာလျှောက်ထားကြ လေသည်။

ဤသို့သားတော်နှစ်ပါးနဂါးညီနောင်တို့လျှောက်ထားခွင့်ပန် သည်ကိုမယ်တော် ခမည်းတော်တို့ကလည်း မပယ်သာမငြင်းသာတော့ ဘဲ ကြည်သာစွာ ခွင့်ပြုရရှာလေ၏။ ထိုအခါ သားတော်နှစ်ပါး လျှောက် ထားတောင်းဆိုချက်အတိုင်း စစ်သည်ဗိုလ်ပါများစွာသော ပရိသတ် အခြံ အရံတို့နှင့်တကွ ရတနာအမျိုးမျိုးတို့ကိုခွဲဝေပေးလိုက်၏ မိဘနှစ်ပါး ခွဲဝေပေးသောပစ္စည်းများကို ကောင်းစွာစုရုံးလျက်ဂုဏဝုမ္မိကြီးဘိကျေးဇူး နှစ်ဦးသောမိဘတို့အားသားတော်များက ဝတ်တွားရိုသေစွာကန်တော့ လျှင်မိခင်ဘခင်တို့ကလည်း အောင်ဆုမင်္ဂလာနှုတ်ဘိသိက်ဖြာလို့မို့ ကောင်းစွာဆုပေးတော်မူလေ၏။ နဂါးမင်းသားနှစ်ပါးသော ညီနောင်တို့ သည်တိုင်းပြည်တည်ထောင်ရန် မိဘနှစ်ပါးတို့ခွဲဝေပေးသောပစ္စည်းဥစ္စာ ဗိုလ်ပါရဲမက်တို့ကိုစုဆောင်းလျက် မိဘတို့၏တိုင်းပြည်ဖြစ်သော မာန်လည်အင်းမှခွဲခွာ၍မှိုင်းညို့ဝေဖြာသေလာနာမ(ဂန္ဓဗ္ဗ)ခေါ်တောင်သုံးလုံးမှ

လျှောကျစီးဆင်းလာသောမဲဇာချောင်းသို့လိုက်၍ နတ်နဂါးတို့ ခလေ့အား ဖြင့် တရွေ့ရွေ့နှင့်ရွေ့ကာရွေ့ကာနေရာကောင်းကိုတွေ့လို၍ မဲဇာချောင်း အတိုင်းဆန်တက်သွားကြရာ (ဂန္ဓဗ္ဗ)ခေါ် တောင်သုံးလုံးသို့ရောက်လျှင် နေဝင်ပြီဖြစ်၍ အချိန်မရှိတော့ဘဲ ထိုတောင်ခြေတွင် စခန်းချကြလေသတည်း။

လုံးဝန်းမဏ္ဍလယုဇနာတစ်ရာ့ငါးဆယ်ကျယ်ဝန်းသော နေမင်းသည် ရောင်ဝင်းလက်ပြောင် မိုက်မှောင်ပယ်ကင်း၍ အလင်းသို့ရောက်လျှင် တောင်သုံးလုံးအရှင်နတ်မင်းကြီး၏သမီးတော်ဖြစ်သော ခတ္တာဒေဝီနှင့် နော်ဇာဒေဝီတို့ညီအစ်မနှစ်ယောက်တို့သည်မိမိတို့၏လက်အောက် ခြွေရံနှင့်တကွနတ်ဖြစ်ဩဇာအဖြာဖြာသောခဲဘွယ်ဘောဇဉ်ချိုချဉ်ရသာ တို့ကိုယူဆောင်၍ ဧည့်သည်တော်ဖြစ်သော နဂါးမင်းသား ညီနောင် နှစ်ပါးတို့အားဝတ္တရားအားလျော်စွာ သုံးဆောင်တော်မူကြရန်တည်ခင်း ကျွေးမွေးပေးကမ်းဆက်သကြလျက် ပီယဝါစာချိုသာသောစကားဖြင့် နှုတ်ခွန်းများဆက်သကြသည်မှာ ''မောင်တော်များသည်ဘယ်တိုင်းပြည် ဘယ်ဌာနေက ဘယ်လိုကိစ္စဆန္ဒများနှင့်ဘယ်အရပ်သို့ကြွကြမည်နည်း၊ မောင်တော်များစံပျော်သည့် ရွှေဘုံမှာ ကြင်ယာတော်မစုံ၍ ရဂုံလှမ်းပြီး မိဖုရားလို၍ကြွခဲ့ပါသလား၊ သို့မဟုတ် နိုင်ငံတော်အနေမတည့်၍ စစ်သည်တော် ဗိုလ်ခြေဖွဲ့ပြီး နယ်ချဲ့ဝါဒမနော‌အဆိုးနှင့် သဘောမျိုး ထား၍ တိုင်းတစ်ပါးနှင့်စစ်ပြိုင်ဖို့ ဂနိုင်တောတန်း နှမတော်တို့ဂန္ဓဗ္ဗ တောင်တန်းသို့ ကြွမြန်းတော်မူခဲ့ပါသလား။ အကယ်၍ ရွှေဘုံပေါ်တွင် ကြင်ယာတော်မစုံက နှမတော်တို့ နိုင်ငံတော်မှာလဲ ရှိမှာဘဲ''လို့ ကျီစယ်သော စကားဖြင့် နှုတ်ခွန်း ဆက်ကြလေ၏။

ထိုသို့ဂန္ဓဗ္ဗတောင်စွယ်၌ ချစ်ဖွယ်ကိုဆောင်သောနတ်သမီးများ နှုတ်ခွန်းဆက်စကားပြောကြားမေးမြန်းသည်ကိုကြားရလျှင်နဂါးမင်းသား ညီနောင်နှစ်ပါးတို့ပြန်ကြားပြောဆိုသည်မှာ ''များပြားသောနောက်လိုက် နောက်ပါပိုလ်ပါရဲမက်လက်နက်အင်အားတို့နှင့်တကွ ယူဆောင်၍ မြိုင် ချောင်တောတန်းစခန်းထွန်းတောက်ချကာ ဂန္ဓဗ္ဗသေလာ တောင်တော် သာ၌ ရောက်လာသော မောင်တော်တို့သည်မတော်စိတ်ထား လောဘ မီးပွားသဖြင့် ဒေါသလည်းတောက်ကြွားပြီးသူတစ်ပါးနိုင်ငံကိုအနိုင် အထက်နှိပ်စက်ကလူပြုရူစောင်းမြောင်း၍ အကြောင်းမဟုတ်ပဲ စစ် ပြိုင်ရန်လာသည်လည်းမဟုတ်ဖူးစာတော်မလုံကြင်ယာတော်မစုံသောကြောင့် ရှောဘုံကခွာ မိဖုရားရတနာကို ရှာဖွေရန်နမတော်စံမြန်းတဲ့ ဂန္ဓဗ္ဗတောင် နန်းသို့ဆိုက်ရောက်လာသည်လည်းမဟုတ်ပါ။ စင်စစ်သော်ကား မောင် တော်တို့မှာ ရေနတ်နဂါးမျိုးဖြစ်ပါ၍ နဂါးတို့တိုးပွား များပြားလေသဖြင့် နေရာထိုင်ခင်းတိုင်းပြည်တော်ကျန်း၍ တိုင်းသစ်ပြည်သစ် နိုင်ငံသစ် ထည်ထောင်ရန် ပြည်ဘောင်ကခွာလို့မို့ မင်းတစ်ပါးတို့စိုးစံခြင်းမဆိုင် ဂနိုင် စိမ့်စမ်းတောတန်းမြေလွတ်မြေထွင့်မြေမြတ်ရှာဖွေရန် လာရောက် ကြောင်း ကောင်းကောင်းကြီးပြောပြ၍ ယနေ့တစ်ညတော့ဖြင့် နမတော်တို့ထံမှာ ဘေးမခရန်မသန်းဘဲ အေးချမ်းသာယာစွာ တစ်ည တစ်ည၌ တည်းခိုရ၍ များစွာဘဲကျေးဇူးတင်ပါသည်။ သို့သော် ရေ့ကို တိုး၍ မြိုင်ရိုးတောတန်းသို့ စခန်းရွှေ့ကြရန် နမတော်တို့အား အခွင့် ပန်ကြားပါ၏'' ဟုဆိုလျှင် ဝနာမဟီနတ်ဒေဝီတို့က ''ဒါဖြင့် မောင်တော်တို့ရယ် တိုင်းပြည် တည်ထောင်ရန်တော့ ကွင်းပြင်ကြီး တစ်ခုရှိပါသည်။ မောင်တော်တို့ ကြည့်ရှုချင်တယ်ဆိုရင် ညွှန်ကြားပေးပါ မည်'' ဟုပြောလေ၏။

ဇည့်သည်တော်ဖြစ်သောနဂါးညီနောင်တို့ကလည်း ''ဒီလို ဆိုရင် ညွှန်ကြားပေးပါ၊ သွားရောက်ကြည့်ရှုလိုပါတယ်''လို့ပြောတော့ ခတ္တာဒေဝီနော်ဇာဒေဝီညီအစ်မနှစ်ယောက်တို့ကကြည့်ရှုလိုလျှင် ညွှန်ကြားပေးပါမည်၊ ခဏလောက် စောင့်ဆိုင်းတော်မူပါဦး''ဟု အသာကလေး ကုန်းထကာ ညွှန်ကြားသည်မှာ အဲဒီတောင်နွယ်က ဆင်းသွားလျှင် (နန်းလှေ)ခေါ်သော ချောင်းတွေ့ပါလိမ့်မည် နံ့လှေ ချောင်းကိုလျောက်၍ သွားလိုက်တော့ အလွန်ကျယ်ဝန်းတဲ့ (ပင်ချယ်) ခေါ်ကွင်းပြင်ကြီးတွေ့မြင်ပါမည်၊ ဤကွင်းပြင်ကြီးကို မြို့တည်းဟူ သော အင်းဖွဲ့ဖို့တော့မကြိုက်မည်ကြိုက်မည်ကိုမသိတတ်ပါ၊ မောင်တော်တို့ သဘောအတိုင်းဘဲ''ဟုပြောလေသတည်း။

**မှတ်ချက်**။ ။လေဆွန့်ကျောင်း ဂိုဏ်းအုပ်ဆရာတော် အသျှင်ဝဏ္ဏမဟာထေရ်နှင့် ရှေ့တွင်းဆရာတော်တို့သမိုင်းတို့၌ နဂါး မင်းသားတို့သည် မိဘတိုင်းပြည်ဖြစ်သော မန်လည်အင်းမှ ခွဲခွာ၍ ဂန္ဓဗ္ဗခေါ်တောင်သုံးလုံးသို့ သွားရောက်ခြင်းသည် ဘယ်လမ်းက သွားသည်ကို ခွဲခြား၍မဆို။

အသျှင်ဉာဏဝံသထံမှရရှိသောသမိုင်း၌သာမဲဇာချောင်းအတိုင်း ဆန်တက်သွားကြောင်းကိုဆိုသည်။ ဤသမိုင်း၌လည်း အသျှင် ဉာဏဝံသထံမှ ရရှိသောသမိုင်းအတိုင်းရေးလိုက်သည်။

ဂန္ဓဗ္ဗခေါ်တောင်သုံးလုံးအရှင်ကြီး၏သမီးတော်အမည်များကို သုံးစောင်သောသမိုင်းတို့၌ အဆိုအမိန့်မရှိကြ၊ ခတ္တာဒေဝီ၊နော်ဇာဒေဝီ ဟူသောအမည်များသည်တောင်သုံးလုံးသမိုင်းတွင်တွေ့၍ ရေးလိုက် သည်။

နှစ်ပါးသော နဂါးမင်းသားတို့သည် ''မောင်တော်တို့ သွားရောက်ကြည့်ရှုမှာဘဲ၊ယခုကဲ့သို့ နမတော်များမေတ္တာထားပြီး ညွှန်ကြားချက်ပေးခြင်းကို များများကြီးကျေးဇူးတင်လို့မဆုံးပါဘူး၊ နမတော်များကိုမောင်တော်တိုက တစ်သက်ပတ်လုံးပြောလို့မဆုံးအောင်ကျေးဇူးကြီးပါတယ်''ဟုပြောလျှင်''တိုင်းတစ်ပါးကမောင်တော်များသည် ဤကဲ့သို့ မြို့သစ်ရွာသစ် နိုင်ငံသစ်ဖြစ်အောင် တည်ထောင်ပြုလုပ်ရန် လာ ရောက်ကြောင်းကို ကောင်းစွာကြားသိရလေတော့ နမတော်များ အလွန် ဝမ်းမြောက်ပါသည်။ အကြံတော်ပြုကြသည့်အတိုင်း ရက်ဆိုင်း မကြာစေဘဲ အောင်မြေဖြစ်သောဘူမိနက်သန် မြေကြန်လက္ခဏာနှင့် ပြည့်စုံတဲ့နေရာကို လျင်မြန်စွာတွေ့ရှိ၍ တိုင်းပြည်ခရိုင် နိုင်ငံတော်ကြီး ပြီးစီးထမြောက် အောင်မြင်ပါစေသောဟု နေ့စဉ်နှင့်အမျှ ဆုတောင်းပါမည်''ဟု ပြောလေ ၏။

ဤကဲ့သို့ နတ်သမီးများ စကားကိုကြားရလျှင် နဂါးညီနောင်နှစ်ဖြာတို့လည်း ''သာဓု–သာဓု၊နမတော်များ အောင်ဆုပတ္တနာ နှုတ်ဘိသိက်မင်္ဂလာအောင်နိမိတ်ဖြာသည့်အတိုင်း တိုင်းပြည်နိုင်ငံ တည်ထောင်ရန် မောင်တော်များကြံစည်သလို လျင်မြန်စွာ ထမြောက် အောင်မြင်၍ ပြည်ခွင်သာယာဖွယ် အကြောင်းရှိပါသည်။ သို့သော် နမတော်တို့ကျေးဇူးကိုမေ့ဖို့မရှိသော်လည်းရှေ့သို့ဆက်ပြီးခရီးထွက်စရာ အကြောင်းရှိပါ၍ နမတော်တို့အား ခွင့်တောင်းပြီးမြိုင်စောင်းက ထွက်ခွာပါရစေ''ဆို၍ မိမိတို့ဗိုလ်ပါရဲမက်တို့နှင့်တကွ ကောင်းမြတ်သည့်နေရာကို ရှာဖွေရန် ဂန္ဓဗ္ဗတောင်စခန်းမှ ရှေ့သို့မြန်းထွက်ကြလေသတည်း။

ဂန္ဓဗ္ဗတောင်နန်းမြှောင်စခန်းမှထွက်ခွာ၍ဂန္ဓဗ္ဗသေလာ ဒေဝါ နတ်မင်းကြီး၏သမီးတော်များဖြစ်သော ခတ္တာဒေဝီ နော်ဇာဒေဝီတို့ ချစ်ကြည်စွာညွှန်ကြားလိုက်သော ခရီးစဉ်ကို နှလုံးသွင်းပြီးတစ်ဖြေးဖြေး တောင်စွယ်မှဆင်းသက်ခဲ့ကြရာနံ့လေ့ခေါ်သော ချောင်းကိုရောက်၍ ချောင်းရိုးတစ်လျှောက်စုန်လာခဲ့သဖြင့်မကြာမတင်(ပင်ချယ်)ခေါ်ကွင်းပြင် ကြီးကိုမြင်၍သွားရောက်ကြည့်ရှုလျှင် သဘောမကျမနှစ်ခြိုက်ဘဲ ထိုပင်ချယ်ခေါ်ကွင်းပြင်ကြီးမှတစ်ခါ အသာနောက်ဆုတ်၍(နံ့ပုတ်) ခေါ်သောချောင်းကိုတွေ့သဖြင့်တရွေ့ရွေ့နှင့်လိုက်လာပြီးခရီးအတော်ကွာ လျှင် (လော့ဖွယ်)သေလာခေါ်တောင်တန်း၌ (ပင်မခံ)အရပ်တွင် စခန်းချ ရပ်ကြလေသတည်း။

ထိုပင်မခံအရပ်တွင် နတ်နဂါးတို့စခန်းချ၍ ခေတ္တနားနေခိုက် နဂါးတို့ပျော်ပါးကစားမြူးတူးကြသောနောင်ပန်းဖြူအင်းနှင့်နောင်ပေါင်း အင်းဟူ၍ယခုထိ အင်းနှစ်အင်းရှိသေး၏။ထိုမှတစ်ခါ (လော့ဖွယ်တောင် တန်း)(ပင်မခံ)စခန်းမှမြောက်ဘက်တိုး၍ဝါးပိုးတောင်တန်းကြီးကိုမျှော်ခါ မှန်းပြီးတစခန်းဖြန့်မြန်းထွက်ကြပြန်ရာများစွာသော ဗိုလ်ပါ ပရိသတ်တို့ နှင့်နာဂရာဇာနတ်ဒေဝါတို့သည် တစ်တောင်တက်ဆင်း တစ်တောင် ကွင်းလျက်ခရီးပြင်းလာခဲ့ကြလျှင်--

## စစ်ပွဲကြီးဖြစ်လုပြီ

ညို့ညို့ဆိုင်းဆိုင်း မှို့မှို့ဝိုင်း၍ အုပ်မှိုင်းဝေဖြာ နွားလပို့ပမာ မြောက်ဘက်ကဆီးကာလျက် ကြီးစွာသောဝါးပိုးတောင်ခေါ်(ကဝပုံး) တောင်ကို မြင်ကြလေသည်။ ထိုတောင်ကြီးကို နေမိတ္တ-သူမိတ္တခေါ် နတ်

ညီနောင်တို့ထံအမြဲစားရသောဝေပုံကရကွဲခေါ်နတ်စစ်သူကြီးစိုးပိုင်လေသည်။ ဤဝေပုံကရကွဲနတ်စစ်သူကြီးသည် မိမိဘုံနန်းမှ တောင်ဘက်သို့ မျှော်မှန်းကြည့်ရှုနေစဉ် နဂါးညီနောင်တို့သည် များစွာသော ဗိုလ်ပါ ပရိသတ်တို့နှင့်လာသည်ကိုမြင်လျှင် မကြည်မရွှင်သောမျက်နှာဖြင့် တစ်ခဏခြင်းမိမိ၏လက်အောက်ခံနတ်စစ်သည်တော်ဗိုလ်ပါများစွာတို့ကို စု၍ယခုတောင်ဘက်ကလာရောက်သောရန်သူတို့ကိုနိုင်နင်းစွာတိုက်ကြရမည်ဟု ဆိုင်ရာဆိုင်ရာစီမံခန့်ခွဲပြီးစစ်မျက်နှာဖြန့်ကာမြင်လိုက်သောရန်သူများ၏အကြောင်းချင်းရာကိုသိရှိရန်လျှင်မြန်စွာတမန်စေလွှတ်လေ၏။ တမန်တော်တို့ရောက်ရှိလျှင်''အသင်တို့သည်မြောက်များစွာသော ပရိသတ်တို့နှင့်ဘယ်ကိစ္စခြင်းရာကြောင့်လာရောက်ကြောင်းကို အကျွန်ုပ် တို့အား ပြောကြားပါ''ဟုမေးမြန်းလျှင် ညီနောင်နှစ်ပါး နဂါးမင်းသားတို့က ''ကျွန်ုပ်တို့သည်ဘောဂဝတီနဂါးတိုင်းပြည်မှခွဲခွာ၍ မိဘများနှင့်အတူ နဘားအင်းတည်းဟူသော တိုင်းပြည်မြို့ရွာအသစ်တည်ထောင်ဖန်ဆင်းနေထိုင်ကြရာ အလွန်ကျဉ်းမြောင်းသဖြင့် တည်ထောင်ရင်းဖြစ်သော မိဘတို့မြို့ရွာမှ ဖယ်ခွာ၍တိုင်းပြည်အသစ် တည်ထောင်ရန် မြေကောင်းမြေမြတ် လိုက်ရှာရင်း ရောက်လာပါသည်။ အဆွေတော်တို့ထံအင်းဖွဲ့ရန် သင့်မြတ်တဲ့ မြေကောင်းမြေမြတ်များ ရှိပါသလား''ဟု တမန်တော်တို့ထံပြန်၍ မေးလိုက်လေ၏။

ထိုသို့ ပြန်ပေးသောအခါ တမန်တို့က''မြို့မြေရာသော ဘာသောညာသောပြောမနေနှင့်အုံး ကျွန်ုပ်တို့အရှင်သခင် နတ်မင်းကြီးဖြစ်သော ဝေပုံကရကွဲနတ် စစ်ဘုရင်ကြီးသည် အသင်တို့ လာသည်ကိုမြင်၍ရင်ဆိုင်စစ်ပြိုင်ဘို့ပြင်ဆင်နေပါပြီ။ စစ်ဖြစ်ကြလျှင်ပျက်စီးကြ

တော့မည်၊ သို့ဖြစ်သည်ကြောင့် လာရောက်စုံစမ်းပါသည်။ ကျွန်ုပ်တို့ စစ်ဘုရင်ထံသွားရောက်ရန် လိုက်ခဲ့ကြ''ဟုဆိုလျှင် နဂါးမင်းသား ညီနောင်တို့လည်း မိမိတို့ဗိုလ်ပါပရိသတ်တို့ကို ဤအရပ်တွင် ခေတ္တ ရပ်ဆိုင်းစေ၍ နဂါးမင်းသားနှစ်ပါးညီနောင်တို့သည် သက်တော်စောင့် ရှစ်ယောက်တို့ကိုခေါ်၍လိုက်သွားကြလေ၏။ ရောက်လျှင်ရောက်ခြင်း ဝေပုံက ရက္ခစစ်ဘုရင်ကြီးသည်ဤသို့မေးလေ၏။ ''အဆွေတော်တို့ ဘယ် တိုင်းပြည်မှာနေ၍ ဘယ်ကလာကြပါသနည်း''ဟုမေးလျှင် ''အကျွန်ုပ်တို့သည် နဂါးများဖြစ်၍ မိဘတိုင်းပြည်တည်းဟူသော နဘားအင်းမှလာပြီးလျှင် တိုင်းပြည်မြို့ရွာတည်ထောင်ရန် မြို့မြေယာ ရှာရင်း ရောက်ခဲ့ကြောင်း''ကိုပြောလျှင် ''အော်-ဒီလိုဆိုရင် တော် သေးရဲ့၊ အဆွေတော်တို့ လူထုများများလာသည်ကို မြင်တော့ သူပုန်ရန်သူမှတ်လို့ တိုက်ဖျက် ရန် စစ်တပ်ဆင့်ဆိုပြီးပြီ ပြန်သိမ်းအုံးမှပဲ အဆွေတော်တို့လိုရာသာကြွကြပေတော့''ဟု ပြောဆိုပြီးစစ်ဗိုလ်မှူး များအား ပြန်သိမ်းရန် ဆင့်ဆိုလေသတည်း။

နဂါးမင်းသားတို့သည် မိမိတို့တည်းခိုရာ ညောင်ညိုပင် စခန်း သို့ပြန်လာကြပြီးလျှင်မြို့မြေနေရာကိုရှာဖွေကြည့်ရှုကြသော်ဤညောင်ပင် တစ်လျှောက်ကွင်းပြင်ကြီးသည်အတော်ကျယ်ဝန်းသဖြင့်တိုင်းပြည်တည် ထောင်ရလျှင် ကောင်း၏ဟု ညီနောင်နှစ်ပါးတို့ တိုင်ပင်ကြပြီး ညောင် ညိုပင်စောင့်ရုက္ခစိုးနတ်မင်းကြီးအား ဤသို့မေး၏ ''အဆွေတော် နတ်မင်းကြီး အသင်နတ်မင်းကြီး၏ ဗိမာန်ဘုံနန်းမှ မြောက်ဘက်ကို (ဝါပိုး) တောင်အရှေ့က (လွှဲစယ်)တောင်အထိ တောင်ဘက်ကလည်း ကွင်းပြင်အဆုံးအားလုံးသောဤရပ်ကွက်ကိုမည်သူများပိုင်ဆိုင်ပါသနည်း''ဟု

မေးလျှင် ''ရာဇာကြီးရာဇာလေး မြစ်သောနေမိတ္တ သူမိတ္တခေါ် မင်းညီနောင်နှစ်ပါးတို့ စိုးပိုင်ကြောင်း''ကို ရက္ခစိုးနတ်မင်းကြီးက ပြောပြ၍သိရလေရာ နဂါးညီနောင်တို့သည် များစွာသောပစ္စည်း ရတနာလက်ဆောင်တော်ကိုယူ၍ နေမိတ္တ သူမိတ္တညီနောင်နှစ်ပါး တို့ထံသွားရောက်ဆက်သပြီးလျှင် အကျွန်ုပ်တို့သည် ဘောဂဝတီ နဂါးတိုင်းပြည်မှ ထွက်ခွာ၍မိဘတို့နှင့်အတူ (နဘား မန်လည်အင်း) တည်းဟူသော တိုင်းပြည်တည်ထောင်ရာတွင် အနည်းငယ် ကျဉ်း နေသဖြင့် ညီနောင်နှစ်ပါးတို့က မိဘကိုခွင့်ပန်ကြားပြီး တိုင်းတစ်ပါး တည်ထောင်ရန် နေရာကောင်းရှာဖွေရင်း အရှင်မင်းကြီးတို့၏နယ်ပယ် အတွင်း ကွင်းပြင်ကြီးညောင်ညိုပင်နားတွင်တည်းခိုစခန်းချနေပါသည်။ ဤညောင်ညိုပင် ကွင်းပြင်ကြီးကို အကျွန်ုပ်တို့အား သနားတော် မူသဖြင့် အင်းဖွဲ့ရန် ခွင့်ပြုပေးပါမည့်အကြောင်း''ကောင်းစွာ လျှောက်ထားလေ၏။ ထိုအခါ နေမိတ္တ–သူမိတ္တညီနောင်နှစ်ပါး တို့က "အသင်တို့ပရိသတ် အဘယ်မျှပါသနည်း"ဟုမေးလျှင် အကျွန်ုပ်တို့ ပရိသတ်ပေါင်း(၁၉၀၀၀)တစ်သောင်းကိုးထောင်မျှ ပါပါသည်"ဟု လျှောက်ထားလေ၏၊ ရာဇာကြီးအရှင် နေမိတ္တနတ်မင်းကြီးသည် "ယခုနဂါးမင်းသားတို့တည်းခိုရာညောင်ပင်မှအန်(၉)တာ၊ အလျား (၁၆)တာရှေ့နောက်ဖီလာနေလိုက်ပါ အဆွေတော်တို့တောင်းဆိုချက် အတိုင်းကို နောက်မှ အကျွန်ုပ်တို့ညှိနှိုင်း၍ ပေးပါမည်"ဟု ဆိုလျှင် နဂါးညီနောင်တို့သည် မိမိတို့၏စခန်းသို့ ပြန်လာကြလေသတည်း။

## ညောင်ညိုပင်ကွမ်းခေးနောင်ခွင်ကွင်းပြင်ကြီးအင်းဖွဲ့တော့မည်

ရေနတ်နဂါးနှစ်ပါးညီနောင်တို့သည် မိမိတို့ရရှိခဲ့သော အမိန့်မှတ်ချက်အတိုင်း ရှေ့နောက်ဝဲယာထား၍ ဤရပ်ကွက်ဌာန ကို ခုနစ်ရက်အတွင်း အင်းဖြစ်စေရန်ထက်သန်သော ရေနတ်နဂါး တို့၏တန်ခိုးအားဖြင့် မိုးယံကြီးလေးကြီး မည်ဟီးတိုက်ခတ်လေက ဤအရပ်တခွင် ရေပြင်အင်းကြီးဖြစ်လေသတည်း၊ နဂါးတို့ဘာဝ နဂရဋ္ဌာနေ တိုင်းပြည်၊ မြို့ရွာ သာယာဝပြောသဖြင့် တသော သော နှင့်ရှင်မောပျော်မွေ့ ရေတွေ့သောကြာပန်းကဲ့သို့ ငြိမ်းချမ်းသာယာစွာ နေထိုင်ကြလေသတည်း။ ၎င်းအင်းသည် အင်း၏အနီးအနား ညောင်ကြပ်ပင် ပေါများ၍ ရှမ်းဘာသာအားဖြင့် ညောင်ကြပ်ကို ညောင်ဟဲ၊ အင်းကို(နောင်)ခေါ်သောကြောင့် (နောင်)နှင့်(ဟဲ)ကို ဒွန်တွဲပြီး (နောင်ဟဲ)ဟု ရှေးလူများ ခေါ်ဝေါ်ခဲ့ ကြလေသည်။ ကာလရှည်ကား နှစ်ပေါင်း များသဖြင့် နောင်ခွင်အင်းဟု ခေါ်ကြ ပြန်လေသတည်း၊ (နောင်ခွင်အင်း)ဟု အမည် တွင်သောကာလတွင် ၎င်းနောင်ခွင်အင်းအနီး၌ သိန်းဖေါလူမျိုး ကံစားကြီး ကံစားငယ်သို့ အမြဲနေထိုင်ကြလေသတည်း။

မှတ်ချက်။ ။လောဆွန့်ကျောင်း ဂိုဏ်းအုပ်ဆရာတော် သမိုင်းနှင့် ရွှေတွင်းဆရာတော်သမိုင်း၌ (နံ့လေ့)ချော်းပင်ချယ်ကွင်း၊ ပင်မခံစခန်းတို့ သွားရောက်ကြည့်ရှုခြင်းမပြုစခန်းထောက်မနားဘဲ (ဝါးပိုး)တောင်ခေါ် (ကဝ့ါပုံး)တောင်ခြေသို့အရောက်သွား၍ ဘယ် နတ်ကိုမှလည်း တိုင်ကြားခြင်းခွင့်ပန်ခြင်းမရှိဘဲ နောင်ခွင်ကိုတည် သည်ဟုဆိုသည်။

နောင်ခွင်အင်းသည် အင်းတော်ကြီး(ညောင်ပင်ရွာ) မြောက်ဘက်ကမ်းမှ မျဉ်းဖြောင့်ခရီး(၇)မိုင်ခန့်နှင့်နန့်စန်းတာ ချောင်းပေါက်ဝမှ ချောင်းကောက်အတိုင်း(၁၂)မိုင်ခန့်ကွာတွင် တည်ရှိသည်။ အလျား(၂)မိုင် အနံ(၄)ဖာလုံခန့်ကျယ်ဝန်း၍ အရှေ့ အနောက်အလျားလိုက်တည်နေသဖြင့်လည်း ရှမ်းဘာသာဖြင့် (နောင်ခွင်) ခေါ်ဆိုခဲ့ဘွယ်ဖြစ်လေသည်။ နန့်စမ်းတာချောင်း များ(ခုလတ်)တွင်ဖြစ်သဖြင့်အင်းတော်ကြီးအင်းနှင့်အဆက်အစပ်ရှိ၏။

ထိုနောင်ခွင်အင်းကြီးဖြစ်မြောက်ပြီးသော် နောက်မကြာခင် နောင်တော်နဂါးမင်းကြီးက ညီတော်အား ပြောကြားသည်မှာ "ညီမောင်ရယ် ငါတို့ညီနောင်နှစ်ပါးတည်ထောင်ထားသော တိုင်း ပြည်နိုင်ငံသည် အလွန်ကျဉ်းပါသေးသည်၊ သို့ဖြစ်၍ အသစ်တိုးချဲ့ ရသော်ကောင်း၏"ဟု ပြောလျှင်ညီတော်နဂါးမင်းက"နောင်တော် မြတ်ဘုရား ဤတိုင်းပြည်ကို တိုးချဲ့ငြားသော်လည်း အကျိုးများ မည်မဟုတ်ပါ၊ ရတနာလက်ဆောင်တော်သာကုန်စရာအကြောင်း ရှိပါသည်၊ နေမိတ္တ၊ သုမိတ္တညီနောင်နှစ်ပါးကိုလဲမခစားလိုပါ ခမည်း တော်၊ မယ်တော်နှင့် နောင်တော်ဘုရားတို့သည် အသီးအခြား တိုင်းပြည်များကိုတည်ထောင်၍ ပြည်ဘောင်ဝပြောသာယာစွာ ရှိကြပါလေပြီ၊ ကျွန်ုပ်လည်း နောင်တော်မြတ်ကဲ့သို့တိုင်းပြည်ခရိုင် နိုင်ငံတော်တည်ထောင်လိုပါသည် နဂါးမျိုးတို့ တိုးပွားချမ်းသာ ရန်ကို ကောင်းစွာ သဘောထား၍ ညီမောင်အား သနားခွင့် ပြုတော်မူ ပါမည့်အကြောင်း''နှင့် ခွင့်တောင်း လျှောက်ထားလေ၏၊ညီတော် ခွင့်တောင်းလျှောက်ထားလေလျှင် နောင်တော်ဘုရားက "ညီတော်

မောင်ရယ် တိုင်းပြည်ခရိုင် နိုင်ငံတော် အသစ်တည်ထောင်ရန် မရှိတော့ပါ၊ နောင်တော့တိုင်းပြည်လည်း ညီ တော်၏တိုင်းပြည်ပင်ဖြစ်ပါသည်၊ သို့ဖြစ်သောကြောင့် ညီတော်နောင် တော်ရီဘုံပေါ်တွင် ပျော်ပျော်ကြီးခံစား၍ နေပါ”ဟု ကောင်းမွန်စွာ တောင်းပန်လေ၏၊ နောင်တော်ဘုရားတားမြစ်၍ ဤနေ့ဤရက်တွင် စိတ်လက်မကြည်မသာနှင့် မိမိနေရာသို့ ပြန်ခဲ့လေ၏၊ နောက်တစ်နေ့တွင် နောင်တော်၏ ရွှေနန်းခွင် ဝင်၍ သံတော်ဦးတင်ပြန်သည်မှာ “မြတ်နောင်တော်ဘုရား တိုင်းတစ်ပါးတည်ထောင်ရန် များမြောင်သောဗိုလ်ပါ ရဲမက် လက်နက်အင်အားရှိသမျှ ပစ္စည်းများကို ညီတော်အားသနားချီးမြှင့်ခွဲဝေပေးပါ”ဟု အခါခါတောင်းပန်လျှောက်ထားလေသတည်း။

ထိုသို့အခေါက်ခေါက်အခါခါ ပူဆာခွင့်တောင်းလေသော် ညီတော်အား ပြန်ကြားမိန့်ဆိုသည်မှာ “ညီမောင်ရယ် ပြည်ဘောင်တည်ထောင်တယ်ဆိုတာ သာမညမဟုတ် တော်တော့်သတ္တိတန်ခိုး၊ တော်တော့်ဝီရိယမျိုးနှင့် ဖြစ်နိုင်သည်မဟုတ်ပါ၊ ညီတော်နောင်တော်မင်းနှစ်ဖော် ခမည်းတော်နှင့်မယ်တော်နှစ်ပါးခွင့်ပန်ကြား၍ တိုင်းကားပြည်ထောင်တည်ထောင်ရန် မြှောင်အဆိုင်ဆိုင်ဂနိုင်အထပ်ထပ်အရပ်အထွေထွေ၊ တောဝနေတောင်တန်းတွင်ပင်ပန်းကြီးစွာညီနောင်နှစ်ဖြာများဗိုလ်ပါနှင့် ရှာကြသော်လည်း နေရာတကျ တိုင်းပြည်နဂရတည်ထောင်ရန် ဌာနကို သဘောကျမဖြစ်နိုင်သေးဘဲ ညီချစ်က စိတ် အတွေးနှင့် တိုင်းရေးပြည်ဘောင် တည်ထောင်ရန် အကြောင်း ငါနောင်တော်စိတ်မကောင်းအောင် ညီလေးမောင်ခဏမကြာအခါခါခွင့်တောင်းတော့

ကိုင်း–စိတ်ရှိတိုင်းကြွပေတော့၊ ရှိသမျှ”နဥစ္စာ ဗိုလ်ပါရဲမက်တို့ကို ညီတော်အား တစ်ဝက်ခွဲဝေ၍ ပေးလိုက်ပြီးလျှင် ငါနောင်တော်တောင်ရှိသမျှတန်ခိုးအရောင်နှင့် တစ်မျိုးဆောင်၍ မိုဃ်းမှောင်အောင်အင်းဖြစ်ဖို့ဖန်ဆင်းသော်လည်း အင်းတည်း ဟူသောနိုင်ငံတော်မကျယ်ဝန်းသေး ခပ်ငယ်ငယ် ခပ်ကျဉ်းကျဉ်း ကလေးသာဖြစ်နေသေးသည်ကို ညီတော်အသိပင် မဟုတ်ပါလားတစ်ခြားယခုတိုင်းပြည်ဘောင်တည် ထောင်ပြုလို့ ရှူမှုခပ်သိမ်းကင်းငြိမ်းပြီး စိတ်ရှိတိုင်း တိုင်းပြည်ခရိုင် နိုင်ငံတော်ဖြစ်မြောက်အောင်မြင်ပြီး ကျယ်ဝန်းပါလျှင် ငါ–နောင်တော်စံပျော်သည့် ရွှေဘုံကခေါင်းမြီးခြုံဖွင့်တော်မမူဘူး၊ အထူးဘဲ မြဲစွာမှတ်ပေတော့ ညီတော်မောင်ရယ်”ဟု မြတ်နောင်တော် အကိုဘုရားက ညီတော်အားကရုဏာဒေါသောဖြင့် ပြောကြားမိန့်ဆိုတော်မူလေသတည်း။

“နောင်တော်ဘုရားက ညီတော်တစ်ပါး၏ ပြန်ကြားချက်ကိုမနှစ်သက်မကြည်ဖြူ သဘောတောမတူသော်လည်း ဒေါသမူအားဖြင့်မိန့်ကြားခွင့်ပြုတောမူလိုက်ပြီ၊ သို့ဖြစ်သည့်ကြောင့် ခွဲဝေပေးသောဗိုလ်ပါရဲမက်လက်နက်အင်အားဥစ္စာများကိုယူဆောင်၍နောင်တော်ကြီးဘုရားအား ရှိခိုးဝပ်တွား၍ ညီတော်အားသနားခွင့်ပြုတော်မူပါသဖြင့်နောင်တော်ဘုရားထံတော်ပါးမှ ခွဲခွါ၍ မြို့ရွာနိုင်ငံတည်ထောင်ရန်ပြည်ဘောင်ကခွါပါတော့မည်၊ဆယ်လီသောလက်ဟတ္ထာဖြင့်တင်ချီကာကန်တော့လျှင် နောင်တော်ဘုရားကလည်း တိုင်းတစ်ပါးတည်ထောင်မည့် ညီမောင်ရယ်၊ စိတ်ရှိတိုင်းအကြံအောင်လို့မို့ ပြည်ဘောင်တည်ထောင်နိုင်ပါစေသော”ဟု နှုတ်ဘိသိက်ဝန္ဒနာအောင်ဆုမင်္ဂလာပေး

လိုက်လေသတည်း။

ညီတော်နဂါးမင်းသားသည် နောင်တော်အား ပန်ကြားခွင့် တောင်းပြီး များပြားသော ဗိုလ်ပါရဲမက်တို့နှင့် ထွက်ခွါလာခဲ့ရာ(လ) တောင်ခေါ် ငွေတောင်ကြီးအနီး ကွင်းပြင်ကြီးကို မြင်၍ တိုင်းပြည် တည် ထောင်ခြင်းအင်းဖွဲ့ရန် သဘောကျသဖြင့် ငွေတောင်ကြီးအနားသို့ ရောက်သွားရော ငွေတောင်နတ်မင်းကြီး၏ ဘဏ္ဍာစောင့်နတ်မင်းနှင့် ပက်ပင်းတွေ့ကြ၍အင်းဖွဲ့ရန်ကိုကောင်းကောင်းကြီးသဘောမတူသည့် အတွက် နဂါးမင်း၏ အထက်မေးနှင့်အောက်မေးကို ပြန်လှန်အောင် လိမ်ချိုးလိုက်သဖြင့် ဤကွင်းပြင်ကြီးကို အင်းမဖွဲ့မဖြစ်ဘဲရှိလေ၏။ နဂါးမင်းစစ်သူကြီးတစ်ဦး၏မေးကိုလိမ်ချိုးသောပုံသဏ္ဍာန်တိုင်း(မိုင်းပုတ်) နှင့် နံ့နှစ်သွားလမ်းနား ငွေတောင်ကြီး၏ အရှေ့တောင်ထောင့်တွင် ကျောက်နဂါးရုပ်ကြီးရှိလေသည်။ နဂါးတို့ကို မမြင်လို၍ ကန့်လန့်ကာ တောင်ခြား၍ ကာထားလေသည်၊ နဂါးမင်းသားသည် အင်းဖွဲ့ရန် အခွင့်မရသည့်အတွက်အရှေ့ဘက်သို့လာခဲ့ရာတောင်မျက်နှာက(ဟတ္ထိ သီသသေလာ)ခေါ်ဆင်ခေါင်းတောင်မှမြောက်ဘက်(သုဝဏ္ဏပဗ္ဗတ)ခေါ် ရွှေတောင်၊ အရှေ့ဘက်(သုခနန္ဒက)ခေါ်လွှဲအိမ်တောင်အနောက်ဘက် (လွှဲခူး)တောင်၊ ထူးခြားသောတောင်လေးလုံးတို့၏အကြား ဆင်ခေါင်း တောင်၏မြောက်ဘက်နားတွင် ရွှေတောင်ကြီးဘက်သို့စီးဆင်းထွက် သွားသော နံ့ဇလွန်ချောင်းခေါ် (စည်ခန်း)ချောင်းကို မြို့လယ်ထား၍ အိမ်ခြေ၉၀၀၀၀၀ ကိုးသန်းရှိ (တမန်သည်)ခေါ် ရှမ်းလူမျိုးတို့ ခိုကိုး နေထိုင်ရာမြို့ကို ကြည့်ရှုပြီးလျှင် ရွှေတောင်အရှင်ကြီးထံ ရောက်သွား လေ၏၊ ထိုအခါ ရွှေတောင်အရှင်ကြီးက မေးမြန်းသည်မှာ အသင်နဂါး

မင်းသား အဘယ်ကိစ္စများနှင့်လာခဲ့ပါသနည်းဟု မေးမြန်းသောအခါ အကျွန်ုပ်သည် တမန်သည်လူမျိုး(ဥတ္တရစောဖြူ)မင်းစိုးစံသော (ဂုရုရာဇ် တိုင်း)အိမ်ခြေကိုးသန်းရှိဥတ္တရဌာနီစည်ခန်းမြို့ကို အင်းဖွဲ့ရန် ကျွန်ုပ်အလွန်နှစ်သက်ပါသည် ဤမြို့နဂရ ဤဌာနကိုအကျွန်ုပ်အား သနားသဖြင့်အခွင့်ပြုတော်မူပါမည့်အကြောင်းနှင့်ခွင့်တောင်းလေလျှင် ရွှေတောင် အရှင်စကဝါတောင်အရှင်ကြီးတို့နှင့်တိုင်ပင်ညှိနှိုင်းပြီးမှ အခွင့်ပြုပါမည်ဟု အမိန့်စကားကြားရလျှင် အလွန်ဝမ်းသာသဖြင့် မိမိ၏ဗိုလ်ပါရဲမက်တို့နှင့်တကွ အမိန့်မကွဲခင် ခေတ္တရပ်စဲ၍ ရွှေတောင်ကြီးတွင် စခန်းချရပ်ကြလေသတည်း။

**ဂုရုရာဇတိုင်း။** ။သာသနာသက္ကရာဇ်(၃၆၀)ဘီစီ(၁၈၄) မတိုင်မီ၌ သုနာပရန္တ၊ ကာမဝစရ၊ ဇဿတ၊ တမ္ပဒီပစိနရဋ္ဌ(စိမ့်)တိုင်း၊ ရတနာပူရ အဝဟူ၍ ကျမ်းဂန်များတွင် တွေ့ရ၏၊ ဂုရုရာဇ်ဟူ၍ မတွေ့သော်လည်း ဗုဒ္ဓစာပေသမိုင်းတွင် တိုင်းကြီး(၁၆)၌ ဂုရုဟူ၍တွေ့လေ သည်။ ရှေးခါတွင် (ယခုမြန်မာ)ပြည်၏မြောက်အရပ်(ဥတ္တရ)၌ အင်း (အိုင်)မဖြစ်ပေါ်မီတွင်အိမ်ခြေ(တစ်သောင်း)ကျောင်းပေါင်း(တစ်ထောင်) ဗုဒ္ဓ'အယူကျောင်းချည်းမဟုတ်အယူဝါ'ဘာသာစံကျောင်းပေါင်းဖြစ်ဖွယ် ရှိသောဂုရုရာဇ်အတိုင်းဥတ္တရဋ္ဌာနီ(စည်ခမ်း)မြို့၌ဥတ္တရစောဖြူ(ထမံသီ) မင်းစိုးစံအုပ်ချုပ်လေသည်ဟူ၏၊ အိမ်ခြေ(ကိုးသန်း)ဆိုရာတွင် တိုင်းအတွင်ပါဝင်သော မြို့ရွာ ဇနပုဒ်(တိုင်းနိုင်ငံလုံး)ဖြစ်ဖွယ်ရာသည်။

ထိုတိုင်းသားတို့သည် ဗုဒ္ဓ၏ တရားဓမ္မနှင့် ဆန့်ကျင်အယူအဆများအထူးသဖြင့်တမံသီလူမျိုးတို့သည်လူစင်စစ်မှကျားအဖြစ်သို့ ပြောင်းလဲနိုင်ခြင်း၊လူမှတဖြစ်လဲသည်ကို အင်္ဂုတ္တရစတုကနိပါတ်တွင်

ပါရှိသည်ဖြစ်သည်။

## နတ်သဘင်အစည်းအဝေးကြီး

ထို့နောက် မကြာခင်ရွှေတောင်အရှင်ကြီးက လွှဲအိမ် တောင်အရှင်၊ စကဝါတောင်အရှင်စသောနတ်တို့ကို အစည်းအဝေးသို့ ကြွရောက်ကြကုန်၏။ ထိုအခါ အစည်းအဝေးသို့ကြွရောက်သောနတ်မင်းကြီးတို့အား တမံသည် လူမျိုးတို့နေထိုင်ရာ ဥတ္တရဋ္ဌာနီစည်ခမ်းမြို့ကို အင်းဖွဲ့ရန် နတ်နဂါးတို့တောင်းဆိုထားသည့်အတွက် ပေးသင့်၊ မပေးသင့်ကိုချင့်ချိန်စဉ်းစားကြရန် အစည်းအဝေးဖိတ်ကြားရကြောင်းကိုရွှေတောင်အရှင်ကြီးကအမိန့်ရှိလေလျှင်အသီးသီးသောနတ်မင်းကြီးတို့က ဤဥတ္တရဋ္ဌာနီမြို့သား တမံသည် လူမျိုးများသည် ငါတို့၏ အချွေ အရံကျေးကျွန်ဖြစ်သော သမင်- ဒရယ်- ချေယ်-စိုင်-ဆတ်တို့ကို များစွာပင်ပစ်ခတ်သဖြတ် စားသောက်ကြကုန်သည်၊ တမံသည် လူမျိုးများသည် အလွန်ဆိုးရွားကြကုန်သည်၊ တရားလည်းမကပ်ကြကုန်၊ အာရုံငါးပါး ကာမဂုဏ်တရား တို့ကိုသာ များစွာပျော်ပါးမွေ့လျော်ကြကုန်သဖြင့် နေ့ရက်ကို ကုန်စေသည်၊ သို့ဖြစ်သောကြောင့် သူတို့၏မြို့ကို အင်းဖွဲ့ရန် များစွာသောနတ်တို့က သဘောတူကြောင်းကို ပြောဆိုစည်းဝေးကြလေ၏။အစည်းအဝေးကြီးပြီးသောအခါ များစွာသော နတ်မင်းတို့သည် အသီးသီးမိမိတို့

ဘုံနန်းသို့ ကြွမြန်းကြလေ ကုန်သတည်း။

အစည်းအဝေးကြီးပြီးလျှင်ပြီးခြင်း သုဝဏ္ဏပဗ္ဗတ ခေါ် ရွှေတောင် အရှင်ကြီးသည် နဂါးမင်းသားကိုခေါ်၍ တမန်သည်တို့နေထိုင်ရာ ဥတ္တရဋ္ဌာနီမြို့ကို အသင်နဂါးမင်းသား တောင်းဆိုထားသည့်အတိုင်း ငါတို့နတ်မင်းများ ကန့်ကွက်ခြင်း မပြုတော့ဘဲအင်းဖွဲ့ရန် အားလုံးသဘောတူ၍ ပေးအပ်ပါပြီ၊ အသင်နဂါးမင်းတို့သဘောအတိုင်း အင်းဖွဲ့နိုင်ပါသည်ဟု အမိန့်ရှိလေ၏။

## အိမ်ခြေ(တစ်သောင်း)
## ကျောင်းပေါင်း(တစ်ထောင်)ရှိ ဥတ္တရဋ္ဌာနီ
## စည်ခမ်းမြို့ကြီး အင်းဖွဲ့တော့မည်

လေးမျိုးသော နဂါးတို့တွင် ရောပက္ခနဂါးမျိုးဖြစ်သော နဂါးမင်းသားသည် ဥတ္တရစောဖြူမင်းစိုးစံသော ဂုရုရာဇ်တိုင်း ဥတ္တရဋ္ဌာနီစည်ခန်းမြို့ကြီးကို အင်းဖွဲ့ရန် ရွှေတောင်နတ်မင်းကြီး၏အမိန့်ကိုရရှိသောအခါ ရေနတ်နဂါးမင်းသားက စဉ်းစားတော်မူသည်မှာ ဤတမန်သည် လူမျိုးများနေထိုင်ပျော်ပါးသော မြို့ကိုငါအင်းဖွဲ့လိုက်သော်တိုင်းနေပြည်သူတို့သေကြေပျက်စီးကြတော့မည်၊ ထိုသူတို့သေကြလျှင် ငါ့၌ပါဏာတိပါတကံထိုက်၍ အပါယ်ငရဲ၌ ဆင်းရဲကြီးစွာ ခံရလိမ့်မည်၊ ဤနေရာကလွဲလျှင်လဲ အခြားနေရာကို ငါသဘောမကျ မနှစ်သက်ခဲ့၊ ဟယ်–သို့သော်လည်း ဤတိုင်းသူပြည်သားလူအများတို့သည် တရားလည်း မကပ်ကြ၊ ကိုယ်ကျင့်သီလရှိကြသည် ငါမမြင် နေ့စဉ်ညတိုင်း ထိုင်းမှိုင်းတွေဝေ၍ ငါးပါးအာရုံ ကာမဂုဏ်ကို စုံစုံမက်မက်

နှစ်သက် ပျော်ပါးသူသာ များလေသည်၊ သို့ဖြစ်သောကြောင့် အလီလီတွေးဆ၍ ညသန်းခေါင် အခါ အာကာသကောင်းကင်ယံတွင် နတ်မြင်းပျံစီးပြီး ကြီးစွာသောအသံဖြင့် ကြွေးကြော်ရသော် ကောင်း၏ဟု နဂါးမင်းသားအကြံတော် ဖြစ်လေ၏။

## ကောင်းကင်ယံက ကြွေးကြော်သံ

နဂါးမင်းသားသည် အကြံတော်ဖြစ်သည့်အတိုင်း ညဉ့်အခါ တွင်အာကာသကောင်းကင်ယံကနတ်မြင်းပျံစီးပြီးကြီးစွာသောအသံဖြင့် ကြွေးကြော်သည်မှာ"ဤတိုင်းပြည်၌နေထိုင်ကြကုန်သောသင်မနုဿ လူသားတို့သည် ရှေ့ခုနစ်ရက် တိုင်လျှင် သင်တို့တိုင်းပြည် ရေပြင် အတိ အင်းကြီးဖြစ်လိမ့်မည်၊ ခုနစ်ရက်မတိုင်ခင် အကြား ခရီးဝေးစွာ ထက်ခွာသွားကြကုန်လော့၊ အကယ်၍မသွားဘဲနေကြလျှင် ရေမွန်း နစ်၍သေကြကုန်လတ္တံ့"ဟု တစ်တိုင်းပြည်လုံးကြားလောက်အောင် သုံးကြိမ်သုံးခါတိုင်တိုင် ကြွေးကြော်လေ၏။

## အသက်ကြီးသောမုဆိုးမ

ဤသို့တစ်တိုင်းတစ်ပြည်လုံး ကြားလောက်အောင် ကြွေးကြော်ပါသော်လည်း တိုင်းသားပြည်သူများဗိုလ်လူတို့၏မကောင်း မှုကံ စီမံဖန်တီးသဖြင့် အသက်ကြီးသောမုဆိုးမအဒေါ်အိုတစ်ယောက် အပြင် မည်သူမျှ မကြားမသိကြချေ၊ နံနက်မိုးသောက် အလင်းရောက် သောအခါ အဒေါ်အိုမုဆိုးမကတစ်အိမ်တစ်တစ်အိမ်ဆင်းသွားရောက် ပြောကြားသော်လည်း အယုံတရားမရှိကြဘဲ ဤမုဆိုးမသည် မလှ သောမျက်နှာ မသာယာသောမျက်ခွက်ဖြင့်ငါတို့အားလိမ်လည်လှည့်

ဖြား မဟုတ်မမှန်သောစကားကို ပြောကြားလေသည်၊ ငါတို့ဘိုးဘွား မိဘကစ၍ ငါတို့လက်ထက်ကျအောင် ဤတိုင်းပြည်နဂရတွင်ထာဝရ ကြာရှည်စွာနေထိုင်ခဲ့ကြသည်၊ ဘယ်အခါ ဘယ်ကာလမှ မကြားစဖူး ထူးဆန်းသောဤစကားကို အဒေါ်အိုမုဆိုးမပြောကြားသည်၊ ရူးချင် သလားမသိဟု လူစုပြီး ပြန်ပြောဆဲရေးဆိုလိုက်ကြကုန်သတည်း။

အဒေါ်အိုက ထိုထိုအိမ်ထက်သို့တက်၍တဖန်ဝေးရာသို့ရွှေ့ ပြောင်းထွက်ခွာသွားကြရန် သည်းခံ၍ပြော်သော်လည်း မိမိအား အရူးအနှမ်းဖြစ်အောင် မာန်ထောင်ဒေါသငေါငေါထ၍ အိမ်ထက်မှ မောင်းနှင်ခြင်းခံရသော အဒေါ်အိုသည် ဤမြို့ရွာရှိ မိမိ၏ဆွေမျိုးညာ တိ မြေး၊မြစ်များကို အပါခေါ်ငင်၍ ဝေးစွာသော မြိုင်ခွင်ချောင်မြောင် တောတောင်ကုန်းမြင့်သို့ တိမ်းရှောင်ထွက်ပြေးကြလေသတည်း။

အဒေါ်အိုမုဆိုးမသည် ဆွေမျိုးနီးစပ်တို့နှင့်တကွတောအရပ် သို့ထွက်ပြေးကြသောအခါ ညအခါ ကောင်းကင်ယံက ကြွေးကြော်သံ ကြားသည့်အလျောက် ခုနစ်ရက်လည်းစေ့ရောက်သဖြင့် ရေနတ်နဂါး ရာဇာက တေဇာကွန့်မြိုး နတ်တို့၏တန်ခိုးအားဖြင့် အမျိုးမျိုးသော မိုယ်းကြီးလေကြီးမည်ဟီးပြင်းချက်အာခံတွင်းကဝင်းဝင်းတောက်လျက် နဂါးစက်ဟူသည်နှင့်အညီနဂါးမင်း၏အာခံတွင်းသည်ဝင်းဝင်းတောက် ပြောင်လောင်လုမတတ် လျှပ်တထိန်ထိန် အရှိန်ရဲရဲနှင့် ဝင်းကနဲ လျှပ် ကနဲ မိုးကလည်း သဲသဲမဲမဲရွာချသည့်အထဲမှာ လေပွေလေကြမ်းတို့ တိုက်ရမ်းတိုးဝှေ့ညဉ့်နေ့မသိအောင် မှောင်ကြီးချကာ ကြောက်စရာ လန့်စရာ ထက်နတာကလည်း ခါခါမည်ဟိန်း ဒိုးဒိန်းညိုးညံ့ အသံမစဲ အုံ့မဲတိုက်ခတ်၍ ရေနတ်နဂါးတို့၏ တန်းခိုးအဟုန်နှင့် အစွမ်းကုန်

လွှတ်လိုက်လျှင် တမန်သည်လူမျိုးတို့ ခိုကိုးနေထိုင်ရာ ဥတ္တရဥဒါနီ စည်ခန်းမြို့ကြီးသည် တောခြေကွင်းပြင်မပါဘဲအလယ်ဗဟိုမကျတကျ တွင် တောင်မြောက်အလျား(၈)တိုင်၊ အရှေ့အနောက်အနံ(၄)တိုင်၊ ကျယ်ဝန်းအောင် ရေပြင်အတိ အင်းကြီး(ဝါ)အိုင်ကြီး ဖြစ်လေ သတည်း။ အာကာသကောင်းကင်ယံက ကြွေးကြော်သံကို ကြား သဖြင့် သေဘေးကိုကြောက်၍ မြေး၊ မြစ်၊ ဆွေမျိုးများနှင့်ထွက်ပြေး လေသော အဒေါ်အိုသည် တောင်ထိပ်မှနေ၍ နောက်ပြန် မျှော်မှန်း ကြည့်ရှုသောအခါ မိမိ နေထိုင်ခဲ့သော တိုင်းပြည်သည်ရေပြင်အင်းကြီး ဖြစ်နေသည်ကို မြင်ရလေ၏။

**ပေါ်ရာထာဝါဒီ**

ထွက်ပြေးခဲ့သော မုဆိုးမအဒေါ်သည် ယခုအခါ(လွဲမွှန်)ခေါ် အင်း၏အနောက်ကမ်းအင်းထိပ်၌တည်ရှိသောကုန်းမြင့်ပေါ်သို့ရောက်ရှိ ၍ မိမိနေခဲ့သော တိုင်းပြည်ကို ပြန်၍မျှော်ကြည့်သည်ကို ရှမ်းဘာသာ အားဖြင့် (မုန်)ဟုဆိုသည်၊ ကုန်းမြင့်တောင်တို့ကို (လွဲ)ဟုဆိုပါသည်၊ နှစ်လုံးပြောင်းပြန်ဒွန်တွဲလိုက်သော် (လွဲမုန်)ဟု အဓိပ္ပါယ်ရပါသည်။ ယခုအခါ ကာလရှည်လျားနှစ်ပေါင်းများလာသည့်အတွက် အခေါ် အဝေါ် အနည်းငယ်မျှ ပြောင်းလဲလာသဖြင့် (မုန်)ကို မွှန်ဟုဖြစ်လာပြီး (လွဲမွှန်) ဟုပြောဆိုခေါ်ဝေါ်ကြပါသည်။ ဤစကားသည် သုံးစောင် သော သမိုင်းတို့တွင် မပါမရှိလေ ရှေးဦးလူတို့ခေါ်ဝေါ်ပြောဆို စကား မျှသာ ဖြစ်လေသည်။

မှတ်ချက် ၁။ ။လောဆွန့်ကျောင်းဂိုဏ်းအုပ်ဆရာတော်နှင့် ရွှေ

တွင်းဆရာတော်တို့သမိုင်းတို့၌ နောင်ခွင်အင်းမှထွက်ခွာ၍မည်သည့်အရပ်ကိုမျှ သွားရောက်ကြည့်ရှုခြင်းမရှိဘယ်နတ်ကိုမှလည်း မေးမြန်းခွင့်ပန်ခြင်းမရှိဘဲ အင်းဖွဲ့ကြောင်းကို ဆိုသည်။ အသျှင်ဉာဏဝံသထံမှရရှိသော သမိုင်း၌သာ ရွှေတောင်အရှင်ကြီးကို မေးမြန်းခွင့်တောင်း၍အင်းဖွဲ့ကြောင်းကို ဆိုသည်။

မှတ်ချက် ၂။ ။အဒေါ်အိုမှဆိုးမ၏ အထုပ္ပတ္တိအကျဉ်းကို မုဆိုးမဘုရားသမိုင်းတွင် ဖော်ပြထားပါသည်။

## ရှစ်လုံးဘွဲ့ကဗျာများ

၁။ တမံသည်များ　　တရားကင်းကွာ
ကာမဂုဏ်ပွား　　လိုက်စားသူငါ
မာနဒိဋ္ဌိ　　စိတ်ရှိလွန်စွာ
တရားကင်း　　လွန်မင်း၏မြို့ရွာ။

၂။ ရေနတ်နာဂ　　ရှာကြမြို့ရွာ
တမံသည်တို့　　မြို့ကိုမြင်ခါ
လွန်စွာနစ်သက်　　ထက်မြက်တေဇာ
လေနှင့်မိုးဃ်း　　သွန်းဖြိုးတိုက်ခတ်မှာ

၃။ သို့ပါသော်လည်း　　ငရဲကြောက်တယ်
ပြည်သူပြည်သား　　များပြားသွယ်သွယ်
ငါ အင်းဖွဲ့က　　သေကြတော့မယ်
ဘယ်လိုနည်း　　ဖန်တီးရပါမယ်။

၄။ နဂါးစိတ်အိုက် ပူဆိုက်ပြင်းခါ
အကြံတစ်နည်း ရပြီးလျှင်စွာ
ပြည်သူပြည်သား ထွက်သွားစေငှါ
နတ်နဂါး သနားကရုဏာ။

၅။ အာကာတွင်းက နတ်မြင်းစီးခါ
ရှေ့ရက်သတ္တ ထွက်ကြမြန်စွာ
နင်တို့နေရပ် အင်းဖွဲ့လတ်မှာ
မထွက်ပြေး ရွှေ့ရှားမရဏာ။

၆။ ည–ညဉ့်တွင်းကြီး ထန်သည်းအသံ
ဟစ်အော်ကြော်ကြွေး မနေးညံညံ
မုဆိုးမကြီး ကြားပြီးအမြန်
ဒိပြင်များ မကြားဤအသံ။

၇။ ဒေါ်အိုဆိုးမ ညကအသံ
ကြားလျှင်စိတ်ပျက် နံနက်လင်းပြန်
ထိုထိုလူများ ပြောကြားအသံ
မယုံဘဲ အော်ဆဲဝေါက်ကြပြန်

၈။ ဒေါ်အိုသက်ကြီး ဆွေနီးမျိုးခြာ
အပါခေါ်ပြီး မြိုင်ကြီးသေလာ
မြန်မြန်ထွက်ပြေး အဝေးရောက်ရှာ
နောက်ပြန်ကြည့် ရေပြည့်အင်းဖြစ်လာ

## "တေးထပ်ကဗျာ"

- နတ်ဒေဝါရေနာဂ၊ ဖွေရှာကြမြို့ရွာ၊
  သေလာခမို့ ပထဗျာကို၊ မချို့ခါနှံ့ပြား
- လှည့်ပတ်လို့ရှိရပ်မြေကို၊ စိစပ်လေရောက်ရှိလေငြား
  တမံသည်မြို့ပြည်ရွာ၊ ညို့ဝေဖြာမြင်ငြား၊
- မို့တောဇာရှင်အားနှင့်၊ နဂါးနတ်မြင်လေရာ။
- ရွှေမိုဃ်းညို့ နဘာထက်ဆီက၊ ခါမပျက် သွန်းချမှန်စွာ၊
- လေနှင့်မိုဃ်း တိုက်ဖြိုးရွာသည်၊
- မိုက်ညိုးကာ အုံ့ဝေမှိုင်းပါလို့
- တိုင်းဥတ္တရဌာနီရွှေပြည်၊ အင်းဖြစ်ရေကြည်။
- ရှစ်လေးတိုင်ကျယ်ဝန်းလေသည်။
- နဂါးတွေ အင်းဖွဲ့လို့လေး။

သာသနာတော်သက္ကရာဇ်(၂၆၄) နှစ်ရာခြောက်ဆယ့်လေးခုနှစ်တည် ထောင်သော (ဂုရုရာဇ်)တိုင်း ဥတ္တရဌာနီစည်ခမ်းမြို့ကို နှစ်ပေါင်း(၉၆)ကိုးဆယ့်ခြောက်နှစ်စေ့ရောက်သောအခါသာသနာတော်သက္ကရာဇ်(၃၆၀)သုံးရာ့ခြောက်ဆယ်ပြည့်နှစ်တွင် တမံသည်လူမျိုးတို့ခိုကိုးနေထိုင်ရာ တိုင်းပြည်ကို ရေနတ်နဂါးတို့ တန်ခိုးအားဖြင့် တောင်မြောက်အလျား(၈)တိုင်၊ အရှေ့အနောက်(၄)တိုင် ကျယ်ဝန်းအောင်ငါးအမျိုးမျိုးပြည့်နက်လျက် အင်းကြီးဖြစ်လေလျှင် နဂါးတို့ဘာဝနာဂရဌာနေ တိုင်းပြည်မြို့ရွာဖြစ်လေသတည်း။

ဤအင်းကြီးသည်တောင်မြောက်အလျားအားဖြင့် (၈)တိုင်၊ အရှေ့အနောက်အနံနားဖြင့်(၄)တိုင်ရှိကြောင်းကို ရှေးလူဟောင်းများ တောင်ဘက်အဆုံးအင်းထိပ်ကနေ၍ အကွေ့လည်းအကွေ့အလိုက် မြောက်ဘက် အင်းဆုံးအောင် မြန်မာနည်းအတိုင်း တာထိုးသွားဟန် ရှိသည်၊ အရှေ့အနောက်အနံ(၄)တိုင်ရှိ၏ဟုဆိုရာမှာ အင်းအရှေ့ ဘက်ရှိ(ဟဲပု)ရွာမှ အင်းအနောက်တည့်တည့် လုံးကောက်နန့် ဖေါင်းဇင်ရွာ ရေဆိပ်လောက်ကသာ အကျယ်ဆုံးနေရာဖြစ်၍ အနံ (၄)တိုင်ရှိသည်၊ နေရာတိုင်း(၄)တိုင်မရှိမြန်မာပြည်ကိုဗြိတိသျှလူမျိုးတို့ ကြီးစိုးစအခါ မြန်မာသက္ကရာဇ် ၁၂၅၄ခုနှစ်၊ တပို့တွဲလအတွင်း အင်းတော်ကြီးလုံးတုံရွာသို့ ရောက်ရှိ၍ ၄င်းအင်းကြီးကို လေ့စီးပြီး အကွေ့အကောက်မရှိစေဘဲ တောင်နှင့် မြောက် ပေကြိုးဆွဲတိုင်းတာ ရာတွင် အလျား(၁၄)မိုင် အနံ(၇)မိုင်ရှိ ကြောင်းကို ယခုထိ မှတ်တမ်း တင် ထားကြလေသည်။ မိုးတွင်းရေကြီး ချိန်တွင် (အလျား၁၆–မိုင် အနံ ဂ–မိုင်ရှိသည်) ဟူ၍လည်း မှတ်တမ်းတင်ကြလေသည်။

## အင်းတော်ကြီး၏ အတိမ်အနက်

ယခုအခါ အင်းကြီးကို (ဝါ)အိုင်ကြီးကို တိုင်းထွာသော် အလျား ၁၄–မိုင် အနံ၇–မိုင် ကမည်မဟုတ် အဘယ့်ကြောင့်ဆိုသော် နေ့စဉ် ညတိုင်းလိုလိုပင် မပြတ်အောင် လှိုင်းတိုက်ခတ်သောကြောင့် ကမ္ဘား ပြိုကျ၍ မြေစာပုံဟူသမျှအင်းကြီးထဲသို့ကျဝင်လေသည်။ အင်းနားက ကမ္ဘားကိုနေ့မနားညမနားတရဲရဲနှင့် ချဲ့မှန်းမသိချဲ့ နေသည့်အတွက် တိုင်းထွာလျှင် အလျားနံအမှန်ပိုလာမည်၊ ရှေးက

လူများ ဤအင်းကြီးကို အနောက်ကမ်းထိပ်(ဟိုဖါ)ခေါ် အင်္ဂလိပ်လက်ထက် စတီးဘုရားသား ကုမ္ပဏီဗိုလ်တဲ အရှေ့တည့်တည့် အင်းလယ်တွင် လှေနှင့်သွား၍ ကြောင်ခေါင်းလောက်ရှိ ပိုးချည်လုံးကို အစတွင် ကျောက်ခဲဆွဲ၍ အင်းထဲသို့ ချသော် အောက်မြေကြီးသို့ မရောက်သို့တရောက်နက်သည်ဟု ဆိုကြ၏၊ သက္ကရာဇ်၁၃၃၈ခု၊ အင်းအနက်အတိမ်ကို တံငါများထံမေးမြန်းရာ ဟိုဖါအရှေ့တွင် အတောင်သုံးဆယ်မျှမရှိတော့ဘဲအလွန်တိမ်လာကြောင်းကိုဆိုသည်။ ဟဲပုရွာအနောက်တည့်တည့်အင်းလယ်မကျခင် ဟဲပုဘက်ခပ်နီးနီး ရပ်ကွက်များ အတောင်ပေါင်း(၈၀)ခန့်နက်သည် အင်းလယ်တွင် အတောင်ပေါင်း(၈၀)မရှိတော့ပါ၊ အချို့နေရာတွင် အတောင် (၃၀)မျှမရှိတော့ဘဲ တိမ်လာကြောင်းကိုသိရသည်။ ဤအင်းကြီးသည် အတောင်ပေါင်း(၈၀)ထက် ပို၍နက်သည့်နေရာကို အကျွန်ုပ်တို့ မတွေ့ဘူးကြောင်းနှင့် တံငါများ ပြောကြသည်။

မှတ်ချက်။ ။နောင်ခွင်အင်းကြီးအရှင်ဖြစ်သော နောင်တော်နဂါးမင်းကြီးသည် တိုင်းပြည်တစ်ခုခွဲခွါပြု၍ တည်ထောင်လိုကြောင်းနှင့် ညီတော်နဂါးမင်း ခွင့်တောင်းသောအခါ နောင်တော်တားမြစ်မရသည့်အတွက် ဒေါသထွက်ပြီး"ညီမောင်က တိုင်းပြည်တည်ထောင်လို့ပြည်ဘောင်ဝပြောသာယာစွာရှိနိုင်ပါလျှင် ငါနောင်တော်စံပျော်သည့်ဟောဒီ ရွှေဘုံပေါ်က ခေါင်းပြီးခြုံဖွင့်တော်မမူဘူး"ဟု အမိန့်ထူးရှိမိသည့်အတွက် ရက်၍ နောင်တော်၏ တိုင်းပြည်ဖြစ်သော နောင်ခွင်အင်းသည် ယခုထိ မှော်တွေဖုံးအုပ်လျက်ရှိကြောင်းကို သွားရောက်သူလူအပေါင်းတို့ မြင်ကြရလေသတည်း။

## အင်းတော်ကြီး အံ့ဘွယ်ကိုးပါး

ဤအင်းတော်ကြီးသည် မြန်မာပြည်တွင် အကြီးဆုံးအင်းဖြစ်၍ အံ့ဘွယ်(၉)ပါးနှင့် ပြည့်စုံလေသည်၊ အံ့ဘွယ်(၉)ပါးမှာ (၁)အလျား ၈တိုင်၊ အနံ(၄)တိုင်(လျား–နံ၁၆–၈မိုင်)ကျယ်ဝန်းခြင်း၊ (၂)အနောဒတ္တ အိုင်ကဲ့သို့ အလွန်ရေနေသန့်ရှင်းစင်ကြယ်ခြင်း၊ (၃)အလွန်ကျယ်ဝန်းသောအင်းဖြစ်သော်လည်း အင်းထဲတွင် ဆိုးဝါးသောမိကျောင်းစသော ငါးကြီးတို့ကို မဆိုးဝါးရအောင် အင်းတော်ကြီးအရှင်ထိန်းသိမ်းခြင်း၊ (၄) အင်းကြီးထဲတွင် မတော်မဆ လူတို့သေဆုံးရသော် အနာအဆာမရှိ ငါးကြီးများလည်းမစားဘဲ ကမ်းစပ်ရောက်အောင် လှိုင်းပုတ်ခတ်တင် ပေးခြင်း၊ (၅) အင်းဘေးနားတွင် ရွှေကျင်သော် ရွှေများရရှိခြင်း၊ (၆) အမှိုက်သရိုက်များကို အင်းထဲတွင် မရှိရအောင် နေ့စဉ်ညတိုင်းကမ်းသို့ အရောက်လှိုင်းပုတ်ခတ်တင်ပေးခြင်း၊ (၇) ၁–နှစ်သုံးကြိမ်ကျ သားမက်တော်နန့်တိန်းအရှင်ကြီးက ယောက္ခမတော်အရှင်ကြီးထံသို့ ရေပြောင်းပြန် ဆန်တက်ကန်တော့လာခြင်း၊ (၈)တိုက်ရာပါ ချောင်း များကို အင်းကြီးထဲသို့ သန့်ရှင်းစွာ ရေစီးဝင်ခွင့် မပြုခြင်း၊ (၉) နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလကစ၍ ပြာသိုလအထိ အင်းထဲရှိ ငါးများကို အင်းတော်ကြီး တောင်ပိုင်းအခြားအကွာ (၈)မိုင်ဘုရားကြီး အထိ လွှဲအိမ်တောင်အရှင်ကြီးက အင်းထဲရှိငါးများကို ဆေးခတ်သဖြင့် (ဝါ)အခြားသော သဘာဝအရ ငါးများစွာ သေခြင်း ဤသို့အားဖြင့် အံ့ဘွယ်ကိုးပါးတည်း။

ဤသို့အားဖြင့် အံ့ဘွယ်ကိုးပါးနှင့်အင်းထဲတွင်ပေါက်ရောက်သော အုတ်ရင်း၊ ဒိုက်၊ မှော်၊ ဗေဒါ၊ မှျာ၊ ကြွက်နားရွက်စသော အပင်များတို့သည် (၁၀)နှစ်ခန့်ကြာတွင် တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲပေါက်ရောက် ပျောက်ပျက်ခြင်း၊ အင်းတော်ကြီး အင်းရေထွက်ပေါက်(ချောင်း)သည်မြောက်ဘက်(အထက်)သို့ပြောင်းပြန်ဆန်တက်စီးဆင်းခြင်း စသည်တို့လည်း အံ့ဘွယ်ရာများပင်ဖြစ်လေသည်။

ထိုသို့စိမ်းညို့ဝေဖြာမြရေပမာ လွန်စွာရေနေသန့်ရှင်းကြည်လင်သော စည်ခန်းအင်းတော်ကြီး၏ အရှင်နာဂရာဇာမဟာမင်းမြတ်နှင့်(ဝါလုသြဒါသ)ဒေဝီမိဖုရားကြီးတို့သည် ကြီးကျယ်ခမ်းနားလှသော စည်းစိမ်ကိုခံစားလျက် ကာလရှည်လျားလတ်သော် ပုပုနာဂီဟူသော သမီးတော်တစ်ပါးမွေးဖွားတော်မူလေသတည်း၊ ထိုသမီးတော်သည် ရှုမငြီးသော အဆင်းကို ဆောင်လျက် တစ်နှစ်ထက်တစ်နှစ် သတ္တရာဇ်ကို တွက်စစ်လိုက်သော် အသက်အရွယ်အားဖြင့် တစ်ဆယ့်လေးနှစ်ရှိ လေသတည်း။

ထိုအခါ နန့်စန်းတာအရှင်သည် ဤအင်းတော်ကြီးအရှင်၏ သမီးတော်ကိုမြင်သဖြင့် အလွန်လှပပြေပြစ်၍ ချစ်နှစ်သက်စရာကောင်းလှ၏ ရေ့နှစ်ရောက်လျှင် တောင်းရမ်းမည်ဟု သူတစ်ပါးကို မသိစေဘဲ စိတ်ထဲတွင် အကြံပြုလေ၏၊ လွဲအိမ်ရှင်ကြီးကလည်း မိဖုရားကြီးမြှောက်စားရန် ပဏ္ဏာလက်ဆောင်များမြောင်သော ရတနာတို့နှင့်ဆက်သ၍ အင်းတော်အရှင်ကြီး၏ သမီးတော်ကို ပေးသနားတော်မူပါမည့် အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားလေ၏၊ ထိုအခါ အင်းတော်အရှင်ကြီးက "အသင်နတ်မင်းတို့သည် ငါ၏သမီးတော်ကို လိုချင်

ကြောင်းဖြင့် လာရောက်တောင်းရမ်းတာတော့ဟုတ်ပါ၏၊ ငါ၏သမီးတော်သည် အရာရာမှာ လွန်စွာစိတ်ချရတဲ့အပြင်အလွန်လိမ္မာသောသမီးတော်ဖြစ်၍အသက်ကိုတွက်စစ်လိုက်လျှင်တစ်ဆယ့်လေးနှစ်သာရှိသေးသည်၊ ဒီနှစ်အခွင့်မလွှတ်နိုင်သေးဘူး၊ သို့သော်လည်း လွှဲအိမ်အရှင်ကြီးက လက်ဆောင်ပဏ္ဏာနှင့်တကွ ထိထိရောက်ရောက်တမန်တော်စေလွှတ်၍ လာရောက်တောင်းရမ်းသည့်အတွက်တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသည်နှင့်အညီ မေတ္တာအလျောက် ရေ့နှစ်ရောက်မှ လက်ထပ်ထိမ်းမြားပေးစားတော်မူမည်”ဟု တမန်တော်တို့အားမိန့်ကြားတော်မူလေ၏တမန်တော်တို့ကလည်းအင်းတော်အရှင်ကြီး၏အမိန့် စကားကို မှတ်သားနာယူ၍ လွှဲအိမ်အရှင်ကြီးအားလျှောက်ထားလေလျှင် ဒီနှစ်အခွင့်မရသည့်အတွက် ဆိုင်းငံ့ရလေ၏။

## နဝင်းကြေကွန်ပိုက်ကြီး

ထို့နောက်မကြာခင် တစ်နေ့သောအခါတွင် အင်းတော်ကြီးနား၌ နေထိုင်ပျော်ပါးသော (ဘိုးစွတ်လား)ခေါ်တံငါကြီးတစ်ယောက်သည် ဝါခေါင်လဆန်း(၉)ရက်နေ့ကစ၍ တစ်ရက်လျှင် တစ်ကွက်ကျ(၉)ရက်တိတိ (၉)ကွက်စေ့အောင် ကွန်ကိုထိုးပြီးလျှင်ခဲလည်း(၉)ပိဿာဆွဲ၍ ကြိုးလည်း(၉)တောင်တပ်လျက် သစ်ခေါက်နှင့်ဆိုးပြီးလျှင် ကွန်ပစ်အံ့သောငှါ ပိန်းကောလှေ(ဝါ)လုံးထွင်းလှေတစ်စီးနှင့်အင်းထဲရေနက်ရာသို့ သွားလေ၏၊ ထိုအခါအင်းတော်အရှင်ကြီးသည်ညောင်းညာတော်မူသဖြင့် နန်းတွင်းမှ ထွက်ခွာ၍ ငါးသတ္တဝါအမျိုးမျိုးတို့ သူတို့ငါဖေ့မွေ့ပျော်ပျော်ပါးကစားမြူးတူးကြသည်ကိုကြည့်ရှုတော်မူလေလျှင်

(သိုးစွတ်လား)ခေါ် တံငါကြီးသည် ငါးများခုန်ပွက်ရာကိုကိုးနဝင်းကြေ ကွန်ပိုက်နှင့်ပစ်ချလိုက်လျှင် အင်းတော်အရှင်နဂါးမင်းကြီး၏ ဦးခေါင်းကို စွပ်မိသဖြင့် တံငါ(ဘိုးစွတ်လား၊ ဘိုးတွတ်လား၊ ဘိုးဆွဲလား ဟူ၍လည်း ခေါ်၏)လက်မှကွန်ကြိုးကျွတ်၍ ပါသွားလေ၏။

နဂါးမင်းကြီး မိမိဦးခေါင်း၌ ကွန်မိကြောင်းကို မသိမမြင် မိမိ အထင်မှာ ချက်ချင်းကြီး ဦးခေါင်း၌ လေးလံကိုက်ခဲခြင်းကြောင့် ခေါင်းခဲရောဂါဖြစ်သည်ဟု အထင်တော်ရှိလေ၏၊ငါးများပျော်ပါးကစား မြူးတူးကြသည်ကိုလည်း မကြည့်ရှုနိုင်တော့ဘဲ မိမိဘုံဆောင်ဗိမာန်သို့ ပြန်ခဲ့လေ၏၊ မိမိဘုံနန်းသို့ ကြွမြန်း ပြန်ရောက်တော်မူခဲ့လျှင် မှူးတော်မတ်တော် များအား ကိုယ်တော်မြတ်၌ ဦးယဉ်းနာ ခေါင်းခဲ စွဲကပ်တော်မူကြောင်းဖြင့် အမိန့်တော်ရှိ၍ သမားတော်တို့ကို ခေါ်စေ တော်မူလျက်ဆေးဝါးကုမြန်းတော်မူလေရာရောဂါတော်မပျောက်ကင်း နိုင်ဘဲ မြင့်မြဲတာရှည်စွာ ဒုက္ခဝေဒနာခံတော်မူရ ရှာလေသတည်း။

ထိုအခါ သမီးတော်တောင်းရမ်းထားသောလွှဲအိမ်အရှင်ကြီး ကြားသိတော်မူလေလျှင် ဆေးသမားတို့ကို ခေါ်၍ ယောက္ခမတော် လောင်း၏ ရောဂါတော်ပျောက်ကင်းစေရန် အင်းတော်အရှင်ကြီး၏ ရှေ့ တော်မှောက်သို့ ဝင်ရောက်မေးမြန်းကြည့်ရှုလျက် ဆေးနဲ့ ဆေးကြမ်း တခန်းပြီးတခန်း စမ်းသပ်ကုသသော်လည်း ခဲလေသမျှ သဲရေကျပမာ လို ဦးယဉ်းနာ ရိုးရိုးမဟုတ်ဘဲ လူတို့၏လက်ဖြစ် ကွန်ပိုက်မိခဲ့သည့် အတွက် တစ်ရက်ထက်တစ်ရက် တိုး၍တိုး၍ ခေါင်းကိုက်ဇက်လေး ဖြစ်လေသတည်း။

လွှဲအိမ်အရှင်ကြီးသည် ကွန်ကွက်ကိုမမြင် ဆေးကိုသာတွင် တွင်သလျှက် ပုပ္ပအလှနာဂီ၏ ဘခင်ဦးခေါင်းတော်၌စွဲငင်လျက်ရှိသော ရောဂါတော်ကို ပျောက်ကင်းအောင်မတတ်နိုင်တော့ဘဲ အနာမကျ သည့် အတွက် ဌာနေသို့ပြန်လေ၏၊ ထို့နောက် မကြာခင် အင်းတော် အရှင်နဂါးမင်းသည် ဦးယဉ်းနာခေါင်းခဲရောဂါသည် ကြာလေကဲလေ ဖြစ်သဖြင့် မအိပ်စက်နိုင်ဘဲ ကြီးကဲသော ဝေဒနာကြောင့် မခံမရပ် သာအောင် ပြင်းထန်လာသည်ဖြစ်ရာ ဆေးသမားမထောင်းသာ၊ သူနာမခံနိုင်သော စကားကဲ့သို့ ဝေဒနာကို မခံ မရပ်နိုင်ခြင်းကြောင့် ရောဂါပျောက်ကင်းကြောင်း သမားကောင်းကို ရှာဖွေစေရာ တစ်နေ့သ၌ (နန့်တိန်း)ချောင်းအရှင်ကြီးသည် မိမိဘုံနန်း မှ ထွက်၍ နိုင်ငံတော်၏တောင်မျက်နှာ အင်းတော်ကြီးဘက်သို့ လာခဲ့ရာ ကျောက်ဖျာကြီးပေါ်တွင် ခေတ္တအပန်းဖြေကာ နားနေတော်မူခိုက် ဆေးသမားရှာသော နဂါးတို့နှင့်တွေ့ကြ၍ ရေနတ် နဂါးတို့က အသင်နတ်မင်းသည် ထွန်းလင်းသော ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် လွန်စွာတင့်တယ် လျောက်ပတ်ပါပေ၏၊ ဘယ်တိုင်းပြည်၊ ဘယ်နိုင်ငံကို စိုးစံတော်မူပါ သနည်းဟုမေးမြန်းလေလျှင် အကျွန်ုပ်သည် အင်းတော် ကြီးမြောက်ဘက်တွင် မဝေးကွာလှသော(နန့်တိန်း)ချောင်းအရှင်ကြီး ဖြစ်ပါသည်။ ဘုံနန်းဗိမာန်တွင် ညောင်းညာလွန်း၍ ဆေးဝါးများ ရှာဖွေရန် ဤအရပ်သို့ ရောက်ခဲ့ခြင်းဖြစ်ပါသည်ဟု ပြောလေ၏၊ ထိုအခါ နတ်နဂါးတို့က ဒါဖြင့် နတ်မင်းရယ် ကျွန်ုပ်တို့၏ အင်းတော် အရှင်ကြီးသည် ဦးယဉ်းနာခေါင်းခဲ ရောဂါစွဲကပ်ပါ၍ များစွာသော ဆေးသမားတို့ကို ကုသစေသော်လည်း မပျောက်ကင်းနိုင်ဘဲ မြင့်မြဲ

တာရှည်စွာ ကိုက်ခဲခြင်း ဝေဒနာကို ခံနေရပါသည်၊ သို့ဖြစ်ပါ၍ အရှင်နတ်မင်းကြီး တတ်နိုင်တော်မူပါလျှင် အင်းတော်ကြီး အရှင်ဘုံနန်းသို့ ကြွမြန်းကုသပေးစေလိုကြောင်းဖြင့် နဂါး အပေါင်းတို့က ကောင်းစွာခေါ်ငင်ပင့်ဖိတ်ကြလေသည်။

ထိုအခါနန့်တိန်းအရှင်ကြီးကလည်းမိမိဘုံနန်းခရီးသို့ဖြန့်မြန်းခြင်းမပြုတော့ဘဲ နတ်နဂါးတို့ပင့်ဖိတ်ရာ နာဂရာဇာမင်းကြီးစံမြန်းသော ဘုံနန်းသို့ လိုက်လာပြီးလျှင် အင်းတော်အရှင်ကြီး၏ ရောဂါတော်ကို ဝင်ရောက်ကြည့်ရှုလေ့လာရာအင်းတော်အရှင်ကြီးက နန့်တိန်းအရှင်ကြီးကို မြင်လျှင်မြင်ခြင်း အသင်နတ်မင်းသည် ဘယ်တိုင်းပြည်၊ ဘယ်ဒေသကို စိုးပိုင်၍ နေထိုင်ပါသနည်း၊ ရုပ်ရည်ရူပကာယကို ကြည့်ရှုခြင်းအားဖြင့် မနုဿလူမင်းများနှင့် များစွာတူနေပါသည်၊ ဘယ်သူဖြစ်မည် မသိဟုဆိုလျှင် ကျွန်ုပ်သည် နန့်တိန်းချောင်းကို ကောင်းစွာစိုးပိုင်သော နန့်တိန်းအရှင်ကြီး ဖြစ်ပါသည်။ သမားကောင်းရှာနေသော နဂါးအပေါင်း တို့နှင့် တွေ့ကြ၍ ဖိတ်ခေါ်သည့်အတွက် လိုက်ခဲ့သည်ဟု ပြောလျှင် အင်းတော်အရှင်ကြီးက ဒါဖြင့် နတ်မင်းရယ် ကျွန်ုပ်၏ရောဂါကို ပျောက်ကင်းအောင် ကုသပေးပါ၊ အသင်နတ်မင်းကုသလို့ ရောဂါ ပျောက်ကင်းပါလျှင် ကျွန်ုပ်၏ချစ်မဏြိးသော (ပုပ္ပနာဂီ)ခေါ် တစ်ဦးတည်းသော သမီးတော်ကို ဆေးဘိုးဝါးခအဖြစ်ဖြင့် ပေးပါမည်ဟု အမိန့်ရှိလေ၏၊ ဤကဲ့သို့မိန့်တော်မူလေက နန့်တိန်း အရှင်ကြီးသည် ဘခင်၏အနားၗ ခစားလျက် ကောင်းမွန်စွာ ပြုစုနေသော ရုပ်ချောသူ နဂါးမင်းသမီးကလေးကိုမြင်ရလျှင်ရင်ထဲတွင်လှိုက်လှိုက်လှဲလှဲဖြစ်ကာ

နတ်သမီးကလေး၏ အဆင်း ဓါတ်ရှုပါရုံသည် နန့်တိန်းအရှင်ကြီး၏ စက္ခုဝိညာဏ အခံဓါတ်အတွင်း ရှုပါရုံတည်းဟူသော အဆင်း အတိုက်ဓါတ်နှင့် စက္ခု ဝိညာဉ်တည်း ဟူသော အခံဓါတ်တို့ အာရုံ၏ တွေ့ထိခြင်းဖဿဖြစ်ပြီးလျှင် "စက္ခုဉ္စပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာ" ဟူ၍ ကျမ်းဂန်၌ မိန့်တော်မူသည့်အတိုင်း နန့်တိန်းအရှင်ကြီး၏ နှလုံးအိမ်၌ ရစ်ပတ်ကာ အချစ်ဓါတ်တည်းဟူသော တဏှာအဟုန် ကာမဂုဏ်လှိုင်းမိ၍ တအိအိနှင့် အာရုံတည်းဟူသော ပင်လယ် ကြောသို့ မြေလေသတည်း။

နန့်တိန်းအရှင်ကြီးသည် မိမိနှင့်တစ်ကြိမ်တစ်ခါမျှမတွေ့ဖူး သေးသော အင်းတော် အရှင်နဂါးမင်းကြီးနှင့် တွေ့၍ သမီးတော်နဂါး မင်းသမီးကလေး ပုပ္ပနာဂီကို မြင်လျှင် မိမိသည် နတ်မင်းကြီးတစ် ယောက် ဖြစ်လင့်ကစား အာရုံကို ထိန်းသိမ်း မထားနိုင်ခြင်းကြောင့် ခဏလောက် သတိလစ်သွားလေသတည်း။

သတိရလေသောအခါ နန့်တိန်းအရှင်ကြီးသည် အင်းတော် အရှင်ကြီး၏ ရောဂါတော်ကို ခပ်ရက်ရက်နှင့်ကြည့်ရှုတော်မူလေက ဦးယဉ်းနှာ ခေါင်းခဲရောဂါ ရိုးရိုးမဟုတ်ဘဲ မနုဿလူသားတို့ လက်ဖြင့် ကွန်မိငြိတွယ်ခဲ့၍ ခေါင်းကိုက် ဇက်လေးကြောင်းကို နန့်တိန်းအရှင် ကြီးကလူတပိုင်းနတ်တပိုင်းဖြစ်၍သိကြောင်း(ဝါ)အင်းတော်အရှင်ကြီးနှင့် လွှဲအိမ်အရှင်ကြီးတို့ထက် ဉာဏ်အမြင်ရခြင်းကြောင့် ကွန်ကွက်ကို မြင်၍ ရောဂါတော်ကို ပျောက်ပင်းအောင် ကုသပါမည်ဟု တာဝန်ယူ လေ၏။

မှတ်ချက်။ ။အလွန်ရုပ်ချောသော နဂါးမင်းသမီးကလေးကိုမြင်လျှင်

အာရုံကိုမချုပ်တည်း မထိန်းသိမ်းနိုင်ဘဲ နန့်တိန်းအရှင်ကြီး သတိလစ် သွားကြောင်း သမိုင်း၌ ဆိုထားရာ မိမိသည် နတ်မင်းကြီးတစ်ဦးတစ် ယောက်ဖြစ်လျက် အိန္ဒြေကို မထိန်းသိမ်းနိုင်ပါသလောဟု ပြောပြ အပြစ်တင်စရာမလို အဘယ့်ကြောင့်ဆိုသော် လောကီချာန် သမာ ပတ်နှင့် ပြည့်စုံသော ငါတို့ဘုရားအလောင်းတော် ဟရိတစ ရှင်ရသေ့ သည် မုဒုလက္ခဏာ တည်းဟူသော အဆင်းရူပါရုံကို မြင်သောအားဖြင့် မိမိအား အလွန်ကြည်ညိုရ၍ ကိုးကွယ်ထားသော ဘုရင်မင်းမြတ်ကိုမျှ မရှက်နိုင် မကြောက်နိုင် အားမနာနိုင်အောင် ဥမ္မတ္တကအဖြစ်သို့ ရောက်ရသည် ကိုထောက်လျှင် နန့်တိန်းအရှင်ကြီးကို ကဲ့ရဲ့စရာမလို။

ဗိန္ဓောဆေးကျမ်းတို့တွင် ကွန်ပိုက်တို့သည် စက်တပါးအပါ အဝင်ဖြစ်ခြင်းကြောင့် အောက်နတ်တို့သည် ကွန်ကို ပိုက်ကို ကြောက် လန့်ခြင်း မမြင်ခြင်းကြောင့် သွေးဆောင်လေအောင် ပုတ်ဆောင် ရပ် ဆောင်ဆေးများဖော်ကြိတ်သောအခါ ကွန်စုတ်၊ ကွန်ပိုက်တို့ကိုထည့်၍ ဖော်ကြိတ်ကြရလေသည်။ သို့ဖြစ်၍ အင်းတော်အရှင် နဂါးမင်းကြီးနှင့် လွဲအိမ်အရှင်ကြီးတို့သည် မနုဿလူသား ဘိုးစွတ်လားဏ၏ကွန်မိထား သည်ကို ရေနတ်နဂါးတို့၏ တန်ခိုးအားဖြင့် မသိမမြင် နိုင်ပါသလောဟု စောကြောရန်မလိုပေ။

ထိုသို့ရောဂါတော်ကို ပျောက်ကင်းချမ်းသာအောင် ကုသပါ မည်ဟု တာဝန်ယူထားသော ဆေးဆရာကြီး နန့်တိန်းအရှင်မနုဿ ဒေဝါနတ်သားသည် ဂါထာစုတ်သလိုလိုနှင့် ဒါးကို ယူ၍ ဥုံလား- ဖွလားနှင့် နဂါးမင်း၏အမောက်၌ စွဲငြိထားသော ပိုက်ကွန်ကို ဖြတ် လိုက်လျှင် အမောက်မှ လျှောကျ၍ပခုံးတည်းဟူသော နဂါးမင်း၏

လည်ကုတ်၌ပြိုပြန်လေ၏၊ ထိုအခါ အင်းတော်အရှင်နဂါးမင်းကြီးက အသင်နတ်မင်း မန်းမှုတ်ကုသလိုက်တော့ ဦးခေါင်း၌ လေးလံကိုက်ခဲခြင်း သက်သာသွားပြီး ယခုလည်ကုတ်၌ လေးလံကိုက်ခဲနေကြောင်းကို အမိန့်ရှိလေ၏၊ နန့်တိန်းအရှင်ကြီးကလည်း ယနေ့ တစ်ရက်တည်းသာ စမ်းသပ်ကုသရပါ သေးသည်။ နောက်မကြာခင် ပျောက်ကင်းချမ်းသာပါလိမ့်မည်ဟု ပြောလေ၏၊ နန့်တိန်းအရှင်ကြီးသည် ၎င်းကွန်ကွက်တို့ကို အကုန်တစ်ခါ တည်းဖြုတ်ချလိုက်လျှင် တစ်ရက်တည်းနှင့်ရောဂါတော် အပျောက်မြန်လွန်း၍ သမီးမပေးမည်ကို စိုးရိမ်သည့်အတွက် တစ်ရက်တည်းနှင့် အကုန်လုံး မဖြုတ်သေးဘဲ တစ်ရက်လျှင် တစ်ကွက်ကျ မန်းမှုတ် ဖြုတ်ချလေလျှင် မကြာခင် ရောဂါတော်ပျောက်ကင်း ချမ်းသာခြင်းရှိလေ၏။

အင်းတော်အရှင်ကြီး၏ ဦးယည်းနာ ခေါင်းခဲရောဂါတော်ကို ကောင်းစွာပျောက်ကင်းတော်မူလေလျှင် နန့်တိန်းအရှင်ကြီးက ရောဂါတော်ဖြင့် ပျောက်ကင်းတော်မူပါပြီ အရှင်မင်းကြီး၏ ပထမ အမိန့်ရှိသည့် ကတိအတိုင်း ချစ်မငြိုးသော သမီးတော်ကို ဆေးဘိုးဝါးခအဖြစ် ထိမ်း မြားလက်ထပ်ပေးအပ်တော်မူပါမည့်အကြောင်းနှင့် လျှောက်တောင်း လေလျှင် အင်းတော်အရှင်ကြီးကလည်း ပထမ ကတိအတိုင်း သမီးတော်ကို လက်ထပ်ထိမ်းမြားပေးစားတော် မူလေ၏၊ ထိုအခါ သမက်တော် နန့်တိန်းအရှင်ကြီးအား ယောက္ခမ တော် အင်းတော်အရှင်ကြီး၊ အမိန့်ရှိသည်မှာ "သားတော်ရယ် နောက်မကြာခင်က ပဏ္ဏာလက်ဆောင် တော်နှင့်တကွ လွှဲအိမ်အရှင် ကြီးက သမီးတော်ကို လိုချင်ကြောင်းနှင့် တမန်တော်စေလွှတ်

တောင်းလာသောအခါ သမီးတော်ငယ်ပါသေး၍ ရှေ့နှစ်မှ ပေးစားပါမည်ဟု တမန်တော်တို့ထံ စကားပြန်ကြားလိုက်ပါသည်၊ နန့်စန်း တာအရှင်ကလည်း လိုချင်ကြောင်း ကြားသိရပါသည်၊ သို့ဖြစ်၍ ယခုသမီးတော်ကိုတော့ ယူမသွားပါနှင့်အုံး လွှဲအိမ်အရှင်က မကျေ နပ်၍လမ်းမှာတိုက်လျှင် အခက်အခဲကြုံမည်၊ စစ်သည်တော်များနှင့်ယူဆောင်ပါဟု ပြောလျှင် နန့်တိန်းအရှင်ကြီးက နိုင်ငံတော်ကို ပြန်၍စစ်သည်ဗိုလ်ပါများစွာတို့နှင့် နဂါးမင်းသမီးကလေးကို ဆောင်ကြဉ်း၍ ခပ်မြန်မြန်သွားကြရာ ရွှေတောင်ဘေးနားတွင် ကျောက်ဖျာကြီးပေါက်ရောက်သဖြင့်နဂါးမင်းသမီးကလေးက မိမိ၏ချစ်လင် ဖြစ်သောနန့်တိန်းအရှင်အား ပြောကြားသည်မှာ "မော်တော်ရယ် နှမတော်ကိုသနားသဖြင့် ဤကျောက်ဖျာပေါ်တွင် ခဏလောက် ဆိုင်းငံ့သနားတော်မူပါ၊ မြင့်မိုရ်မေရု နှိုင်းထုမမျှ ဂုဏ်ကြီးလှသော မိဘနှစ်ပါးတို့ကား ဤနေရာကနေ ကန်တော့လိုပါသည်ဟု အခွင့်ပန်လျှောက်ထားလျှင် လင်ဖြစ်သူ နန့်တိန်းအရှင်က နှမတော်ရယ်ခပ်မြန်မြန် ကန် တော့ပါတော့ ကြာကြာနေလို့မတော်ပါဘူး၊ ချစ်နှမကိုကြိုက်နေတဲ့ လွှဲအိမ်တောင် သုခနန္ဒကနတ်သားဟာ စိတ်ရူးထလို့လိုက်ခဲ့လျှင် ခက်လိမ့်မယ် နှမတော်ရဲ့၊ မောင်တော်၏ အပိုင်နိုင်ငံ တော်နယ်ပယ်အတွင်းသို့ ချဉ်းနင်းဝင်မိမှ စိတ်အေးသွားမည်ဟု ပြောလျှင်ရပ်ချောသူနဂါးမင်း သမီးကလေးကလည်း မိဘတို့အားရတ်တရက်ခွဲခွါလာရခြင်းကြောင့် တမ်းတလွမ်းဆွတ်ခြင်း ပြင်းစွာဖြစ်သဖြင့် ပူဆွေးဒုက္ခဖြစ်ပြီး အော်-မိဘ တို့ကိုပစ်ခွါ၍ ခမ္မတာဖြစ်သော ချစ်လင်၏နောက်သို့တကောက်ကောက် လိုက်လာခြင်း

သည် မိန်းမတို့မှာ အလွန်ကြီးကျယ်စွာသော ဆင်းရဲ ဒုက္ခဖြစ်ရပါ တကားဟု ပုလဲဥအသွင် အလွန်ကြည်လင်သော ပါးပြင်နှစ်ခုတွင် မျက်ရည်ဥကလေးများ ကျဆင်းလာလေ၏၊ ထိုအခါ နဂါးမင်း သမီးလေးက မိဘကို တမ်းတ၍ ငိုသည်မှာ–

## "ဒွေးချိုး ကဗျာများ"

မချိမလှ နဂါးပျိုမှာလေ မိဘနှစ်ပါးကို ပစ်ခွါပါ၍ အချစ် ရတနာ လင်ပြည်ဘောင်သို့ သင်ဇွေဆောင် လိုက်ခါယ်သွား လိုက်ခါယ်သွား၊ မကြည်သာလေလေ့ မကြည်သာ သည်တစ်ခါ နေပြည်တော်နဲ့ ခင်သော် မေ၁ဝေးကွာ ခြားတော့မယ် ခမည်းတော် နှင့် မယ်တော်ဘုရား အမယ်လေး သွားပေါ့ဘဘွား။

နဂါးမင်းသမီးကလေးသည် မိဘနှစ်ပါးတို့အား ဤကဲ့သို့ တမ်းတငိုယို၍ "ဘခမည်းတော်နှင့် မယ်တော်ဘုရား၊ဘုရားသမီးတော် ကလေးသည်၊ နေပြည်တော်ဖြစ်သော မိဘတို့၏ တိုင်းပြည်အင်းတော် ကြီးနှင့် ခမည်းတော်၊ မယ်တော်တို့ကိုခွဲခွါ၍ ဝေးစွာသော တိုင်းနိုင်ငံခြား ဖြစ်တဲ့လင်၏နိုင်ငံတော်သို့လိုက်သွားရပါပြီ၊ နဒီရစ်ဖြာ ဟောဒီက ကျောက်သီတာ ပလ္လင်အမြင့်က အဆင်မသင့်သော်လည်း လက်ပန်း ပွင့် ဆယ်လီဟတ္ထာကို တင်ချီကာ ပဏ္ဍာသလို့မို့ ဂါရဝပြုခဲ့ပါ၏ ဘုရားလို့ နဂါးမင်းသမီးကလေးက မိဘတို့စံပျော်ရာ အင်းတော် ကြီးဘက်သို့ နောက်ပြန်မြှော်မှန်းကြည့်ရှုသည့်အတွက် ဤအချက် တွင် ရှမ်းဘာသာအားဖြင့် ကျောက်ဖျာကို (ဖါ)၊ မင်းသမီးကို (နန်း)၊

မြော်ကြည့်သည်ကို (မုန်)သို့ ဆိုသည်ဖြစ်ရာ အက္ခရာသုံးလုံး ပေါင်းစပ်လျှင် ဖါနန်းမုန်ဟု ပေါ်ထွက်ပါသည်။ ဤဖါနန်းမွန်ရပ်ကွက်ရှိ ကျောက်အိုက်ကြီးတွင် အင်းတော်ကြီးအရှင်ထံ သက္ကရာဇ်(၁၃၀၀) တောင့်သုံးရာပြည့်၊ ခေတ်မပျက်ခင် ငါးတစ်ကောင်(ဝဲ)ရှစ်ပဲနှင့် ရောင်းမည်ဟု ဝန်ခံ၍ နှစ်စဉ်နှစ်တိုင်း ငါးတောင်းသော ဆယ်သူကြီး များ (ဝါ) အင်းသူကြီးများ ရွှေခွက်ငွေခွက် မျှောကြသော နေရာဒေသ ဖြစ်ပေသတည်း။

နဂါးမင်းသမီးကလေးက မိဘများအား ရှိခိုးကန်တော့ပြီး လျှင် ခင်ပွန်းဖြစ်သူ နန့်တိန်းအရှင်ကြီးက "အလှတဖုံ လှမျိုးစုံပေါင်းစု သော (ပုပ္ပနာဂီ) ချစ်ဒေဝီခေါ် ချစ်နှမတော်ရယ် အကယ်၍ မတော် တဆ ရန်သူတော်များ လိုက်ခဲ့ကြလျှင် ဒုက္ခတွေ့တော့မည်"ဟု ပြောရာ နဂါးမင်းသမီးလေးကို နတ်မြင်းယဉ်ထက်သို့ ပွေ့ဖက်၍ တင်လိုက်ရာတွင် ပန်ဆင်ထားသော ပန်းညိုခက်ကလေး ကျွတ်ကျ၍ ထိုနေရာ တောတန်း တစ်လျှောက်တွင် ပန်းညို ပန်းပင်များ ပေါက်ရောက်ကြောင်း၊ ရှေးက လူများ ပြောကြားလေသည်။ နဂါးမင်းသမီးကလေးကို မြင်းယာဉ်တော်နှင့် တင်ဆောင်၍ ခရီးကြမ်းဖြန့်မြန်းသွားကြရာ များစွာသောစစ်သည်ဗိုလ် ထုနှင့်တကွ မိမိနိုင်ငံတော် အစွန်အဖျား နန့်တိန်းချောင်းနားတွင် စခန်းချရပ်၍ ကင်းတပ်တို့ကို စီမံလျက် လွှဲအိမ်သို့စစ်ဆင်၍ လိုက်ခဲ့လျှင် တပ်မကြီး ကို မမှီနိုင်အောင် စစ်ပရိယာယ်အားဖြင့် လည်ဆယ်၍ သူတို့ကို ကြောက်ရွံ့သလိုဟန်ဆောင်ပြီး"အသင်တို့ကိုအကျွန်ုပ်တို့က

မတိုက်ဝံ့ပါဘူး၊ တိုက်လဲမတိုက်ပါဘူး၊ ကျွန်ုပ်တို့သခင်နန့်တိန်း အရှင်သခင်ကြီးက ဤနေရာတွင် စောင့်ဆိုင်း၍ နေရမည်ဟုစေခိုင်း၍သာ နေရပါသည်၊ ကျွန်ုပ်တို့သည် အသင်တို့အား မေတ္တာလည်းထားပါသည်” ဆိုတဲ့ လွဲအိမ်အရှင်၊ ရွှေတောင်အရှင်၊ နန့်စန်းတာအရှင်တို့ကို စစ်ဗိုလ်မှူးများနှင့်တကွ အားလုံးသောရန်သူတော်စစ်သည်များတို့အား အလွန်မှူးယစ်အောအန်၍ သေတတ်သော အဆိပ်ဆေးနှင့်ခပ်ထားသောအရက်ဦးရည်များ မပြတ်အောင်တိုက်ရမည်၊ ကင်းတပ်၏တောင်ဘက်ကုန်းတွင် အလှဆုံးသော ပန်းများကိုယူ၍ လှပစွာစိုက်ထားရမည်၊ ဤတောပန်းအလှများ စိုက်ထားရာ ကုန်းတန်းနဘေးတွင် ရန်သူ၏ စစ်သည်တော်များ နေးဖင့်မြင့်ရှောင်း စစ်ကြာညောင်းအောင် အကြောင်းအားလျော်စွာ ကင်းတပ်များ စီမံ၍ ခပ်မြန်မြန် ထွက်ခွါသွားကြလေသတည်း။

နန့်တိန်းအရှင်ကြီးသည် ကြင်ယာတော်နဂါးမင်းသမီးကလေးကို နတ်မြင်းယာဉ်တော်နှင့် ဆောင်ကြဉ်း၍ မပူး၏အထက်ခရီး အတော်ကွာသွားမိလျှင် နန့်တိန်းချောင်းနားရှိ တောင်ကြီးတစ်လုံးကို နတ်ကြိမ်လုံးနှင့် ရိုက်ဖြတ်၍ အမြင့်အားဖြင့် အတောင်နှစ်ဆယ်ခန့်ကျောက်ကမ္ဘာကြီးတွင် နန့်တိန်းအရှင်ကြီးက စာတမ်းကြီးရေးသားထားသည်မှာ–

## ကျောက်ကမ္ဘာကြီးတွင် စာတမ်းကြီး

“အလွန်ဉာဏ်တိမ်တဲ့ မောင်အိမ်ရယ် စိန်ဝဇီရတနာအရောင်ဖြာသလို လွန်စွာလှပတဲ့အင်းတော်အရှင်ကြီး၏ သမီးတော်ကို ပေးရက်သားနှင့် မယူအားဘဲ နေ့ဆွဲလဆွဲအလှနှင့် လွဲရလေသည်၊ ငါနတ်ပျို မောင်ဒေဝါအားသဋ္ဌာဖွေ ဆောင်ဘရာမှာ နှစ်ဖြာတူညီ ရွှေလက်တွဲပြီး

စံစားဘို့ ဆေးဘိုးဝါးခအတွက် ခွင့်လွှတ်ထိမ်းမြား ပေးစားခဲ့သည်ကို ငါခိုး ယူခဲ့သည်ဟု အထင်မရှုပ်နှင့် အသင်နတ်ယုတ်တို့ နောင်ဆုတ်ပြန်၍ "မရဏ"အဖြစ် ရောက်ကြမည်"ဟု စာတမ်းကြီးရေးထိုးပြီးလျှင် မိမိ၏ ချစ်မငြီးသော ဇနီးသည် နဂါးမင်းသမီးကို နတ်မြင်းယာဉ်ထက်တင်လျက် မိမိစံရာဘုံနန်းရိပ်သာသို့ အရောက်စောင့်ရောက်ရန် ကိုယ်ရံတော် တပ်များနှင့်တကွ ''ပျော်ပျော်ကြီး သွားရောက် စံစားတော်မူပါ၊ မောင်တော်မှာ ရန်သူတော်တွေလိုက်လာတာကို စွမ်းစွမ်းတမံဖြင့် ခုခံတိုက်ခိုက် ဖြိုဖျက်ပါဦးမည်''ဆို၍ စစ်ဗိုလ်မှူးတစ်ဦးအား ဆောင် ကြဉ်းပို့စေ၍ မိမိမှာများစွာသော စစ်သည်ဗိုလ်ထု တို့နှင့်တကွ သွားလိုက်သော ဗိုလ်မှူးကြီးတို့၏စစ်ကြောင်းရာများကို မမြင်နိုင်အောင် တစ်ကြောင်းတစ်လျောက်ခြေရာဖျောက်နောက်ကလိုက်၍ ကျောက်ဖျာ ကြီးခင်းသွားသည်။

**မှတ်ချက်။** ။စာတမ်းကြီးရေးထိုးထားသော ကျောက်တောင် ကြီးကိုကချင်ဘာသာအားဖြင့်စာကို(လဲကာ) ဟု ဆိုသည်၊ သို့အတွက်လဲကာတောင်ဟု ဆိုသည်၊ ဤလဲကာတောင်သည် သိမ်းပေါ်ရွာ (မပူး) အထက် မိုးကောင်းမှ ကျောက်စိမ်းတွင်း (ဖားကန့်)သို့သွားသော ကားလမ်းနန့်တိန်း ချောင်း ဖြတ်ကူးသောအောက်နားတွင်တည်ရှိ လေသည်။

နန့်တိန်းအရှင်ကြီးက နဂါးမင်းသမီးကလေးကို ဆောင်ကြဉ်း၍ အင်းတော်ကြီးမြောက်ဘက်(ဖာနန်းမွန်)သို့ ရောက်၍ စခန်းချရပ်စဉ်က

အုပ်အုပ်ကျွတ်ကျွတ်ဆူညံသောအသံဖြစ်လေသဖြင့်ရွှေတောင်အရှင်ကြီး မရှင်းလင်း၍ မှူးတော်မတ်တော်တို့အား မေးတော်မူလျှင်မှူးတော် မတ်တော်တို့က ''အင်းတော် အရှင်မင်းကြီး၏သမီးတော်ကို နန့်တိန်း အရှင်ကြီးယူဆောင်၍ ကျွန်ုပ်တို့၏မြို့နားတွင် စခန်းချရပ်ကြသဖြင့် ပရိသတ်များသည့်အတွက် ဆူညံသောအသံဖြစ်ကြောင်းဖြင့် သံတော်ဦးတင်ကြသော် ရွှေတောင်အရှင်ကြီးသည်ငါယုံကြည်တော်မမူဘူး မင်းကြီးများရယ် ဘာကြောင့်တုံးဆိုလျှင် လွှဲအိမ်အရှင်ကို ပေးပြီးသောသမီးတော်ဖြစ်တယ် မင်းကြီးများရဲ့ ''ဟု အမိန့်ရှိတော်မူလျှင် မှူးမတ်သေနာပတိတို့က အင်းတော်အရှင်ကြီး ရှုမငြီးသော(ပုပ္ပနာဂီ)ချစ်ဒေဝီခေါ် သမီးတော်ကို နန့်တိန်းအရှင်ကြီးယူဆောင်၍ ယနေ့ည ကျွန်တော်မျိုးတို့၏ သုဝဏ္ဏ ပဗ္ဗကသလာနန်းရိပ်သာ၏ အရှေ့မြောက်အရပ်တွင် တပ်ချ၍ ယနေ့နံနက် စောစောကြီး ရွှေပြည်တော်မှမြောက်ဘက်ခရီးသို့ တပ်ချီထွက်သွားကြောင်းဖြင့် မတ်အပေါင်းက သံတော်ဦးတင်ကြမှ ရွှေတောင်အရှင်မင်းကြီး ယုံကြည်တော်မူလေ၏။ ရွှေတော်အရှင်ကြီးက ''ဒါဖြင့် မှူးတော်မတ်တော်တို့ရယ် အင်းတော်အရှင်ကြီးက ကတိပျက်ပြီ ခက်တော့မှာဘဲ''ဟု မိန့်တော်မူပြီး ''လွှဲအိမ်အရှင်၊ နန့်စန်းတာအရှင်တို့ကိုခေါ်ချေ''ဟု တမန်တော်စေလွှတ်လျှင် လွှဲအိမ်အရှင်ကလည်း ကြားသိတော်မူပြီးဖြစ်၍ များစွာသော စစ်သည်ဗိုလ်ထုတို့နှင့်တကွ ရွှေတောင်အရှင်ကြီးထံမှောက်သို့ရောက်ခဲ့လေ၏။ နန့်စန်းတာအရှင်ကလည်း ရောက်နှင့်ပြီး၍ ရွှေတောင်အရှင်ကြီး စစ်တပ်နှင့်သုံးပြည်ထောင်စစ်သည်တော်စုဆောင်း၍ ရွှေတောင်ကြီးမြောက်ဘက်ရေးအခါ(ဝေဖာစည်)ခေါ်ယခုအခါ(နားလတန်း) ရွာ၏အရှေ့တောင်ဘက်ရှိ အရှေ့အနောက် စီတန်းလျက်ရှိသော

တောင်ကို ခံတပ်ထား၍လည်းကောင်း၊ ခံတပ်တွင် သုံးပြည်ထောင်တပ်ကြီးဖွဲ့ခါ နန့်တိန်းအရှင်ကြီး နောက်သို့လိုက်၍ နဂါးမင်းသမီးကလေးကို အတင်းလုယူရန် တပ်ချီလိုက်သွားကြရာ နန့်တိန်းအရှင်ကြီးစီမံထားသောကင်းတပ်နှင့်တွေ့ကြ၍ ထိုကင်းတပ်သို့ရောက်သွားသောအခါ နန့်တိန်းချောင်းနားရှိ နန့်တိန်းအရှင်၏ကင်းတပ်ဗိုလ်မှူးများနှင့်တွေ့၍ ကင်းတပ်ဗိုလ်မှူးများက စစ်ပရိယာယ်အားဖြင့် လှည့်ပတ်ဖြားယောင်းသည်မှာ ''ကျွန်ုပ်တို့သည် အရှင်သခင်စေခိုင်း၍သာ ဤနေရာမှာအသာစောင့်နေရပါသည်။ အသင်တို့ကို ကျွန်ုပ်တို့က တိုက်လည်းမတိုက်လိုပါ၊ တိုက်သော်လည်း ကျွန်ုပ်တို့ရှုံးမည်ကို သိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့က အရက်ကိုချက်၍ သောက်စားယစ်မူးမြူးထူးပျော်ပါးကစားနေကြပါသည် အဆွေတော်တို့ သောက်လိုလျှင်ရှိပါသည်''ဟု ပြောလေ၏။

ထိုအခါလွှဲအိမ်အရှင်ကြီးက ''ဒါဖြင့် ပေးစမ်းပါဗျာ၊ သောက်ရအောင်''ဟု စခန်းချရပ်ကြပြီးလျှင် ကင်းတပ်ဗိုလ်မှူးက မိမိတို့အလုပန်းများ စိုက်ပျိုးထားရာ နန့်တိန်းချောင်းထိပ်တောင်ဘက် ကုန်းမြင့်ကလေးဆီသို့လွှဲအိမ်အရှင်နန့်စန်းတာ အရှင်၊ ရွှေတောင်အရှင်ကြီးတို့အား ဗိုလ်မှူးများက အဆိပ်ဆေးမခတ်ဘဲ အရက်ရိုးရိုးကိုတိုက်၍ ရန်သူ၏စစ်သည်ဗိုလ်မှူးတို့ကို အချို့ အဆိပ်ထည့်၍ တိုက်၏ အချို့ကိုကား မခတ်ဘဲ တိုက်ကြလေ၏။ မကြာခင် လွှဲအိမ်အရှင်ကြီးက စစ်သည်တော်များသည်အော့အန်မူးဝေကြသည်ကိုမြင်၍ အရက်မူးထူးဆန်းသည့်အတွက် အယုံအကြည်မရှိ၍ ရှေ့သို့အလျင်အမြန်တပ်ထွက်သွားကြရန် အမိန့်ပေးသဖြင့် စစ်ရေးဖြန့်ကာ နန့်တိန်းအရှင်ကြီးနောက်သို့ လိုက်သွားကြရာ အော့အန်မူးဝေသေဆုံးထားသော စစ်သည်တော်များစွာ ကျန်ရစ်ခဲ့၏။

လွှဲအိမ်အရှင်၊နန့်စန်းတာအရှင်၊ ရွှေတောင်အရှင်ကြီးတို့အား ရန်သူကင်းတပ်များ အလိမ်မိ၍ စစ်သည်ရဲမက်များအတော်ရှုံးထားပြီး ''နေနှင့်ဦး စစ်ဦးပြန်လှည့်မှ ငါးပိဖြစ်စေမည်''ဟုအသွယ်သွယ် ကြိမ်းဝါးပြီး စစ်အတင်းချီတပ်လိုက်သွားကြလျှင် နန့်တိန်းအရှင်ကြီးကလည်း ကြင်ယာတော်အပို့ စစ်သည်ဗိုလ်ထုတို့၏ စစ်ကြောင်းဖျောက်၍ နောက်ဆုတ်လာသောအခါ စာတမ်းကြီးရေးထားသော(လဲကာ)တောင်သို့ရောက်လျှင် ရန်သူဖြစ်သောသုံးနိုင်ငံသားတို့က နန့်တိန်းအရှင်ကြီး ရေးသားထားသော စာတမ်းကြီးကိုမြင်၍ ဖတ်ကြလျှင် လွှဲအိမ်အရှင်ကြီးက ''အော်သူခိုးခဲ့တာ မဟုတ်ဘူး၊ နဂါးကြီးကဆေးဘိုးဝါးခအတွက်ပေးခဲ့တယ်ပို့ပါ့လား၊ နတ်မင်းတို့ရယ်ဟု ရွှေတောင်နှင့် နန့်စန်းတာအရှင်တို့ကို ပြောလေ၏။''ကိုင်း– ဒါဖြင့်နတ်မင်းတို့ရယ် မနုဿဒေဝါဆိုတဲ့ နန့်တိန်းအကောင်ကိုတော့ လိုက်လို့မှီမှာမဟုတ်ဘူး၊ ခွေးပြေး ဂက်ပြေး မယားခိုးစိတ်မျိုးနှင့်တအားတိုးပြီးတော့ မြိုင်ရိုးဆော်ပြီးပြည်တော်ရောက်ပြီလားမသိဘူး၊ နောက်ဆုတ်ပြီးလူ၏ကင်းတပ်ဖြုတ် နဂါးကြီး အပြုတ်တွယ်၊ သမုဒ္ဒရာပင်လယ်သို့အရောက်နှင်မယ်၊ ပြည်နယ်က ကူညီကြစေ'' ဟု သုံးပြည်ထောင်မင်းတို့တိုင်ပင်၍ (လဲကာ)တောင်စာတမ်းမှ နောက်ဆုတ်အပြန်တွင်ဗိုလ်ထုများစွာနှင့် နန့်တိန်းအရှင်ကြီးစစ်တပ်က နောက်ထပ် လိုက်ခဲ့၍တွေ့ကြလေ၏။

**နတ်လေးနိုင်ငံစစ်ပွဲကြီး**

သုံးနိုင်ငံပေါင်းစပ်သည့် ရေ့ကစစ်တပ်များကိုနတ်တန်ခိုးအားဖြင့် ကြီးစွာသော အမြောက်၊စိန်ပြောင်းလက်နက်ကောင်းတို့ဖြင့် အချက်ပေါင်း

များစွာပစ်ဖောက်တိုက်ခိုက်လိုက်လျှင် သုံးနိုင်ငံအဖွဲ့တပ်ကလည်း မရပ်မစဲ ထပ်တလဲလဲမယားကွဲ ရန်ညိုးနှင့် ကြိုးစားပြီးတိုက်ကြလေ၏။ သို့သော် နောက်ဆုံးမှာ သုံးနိုင်ငံကစစ်ရေးညံ့သဖြင့်လန့်ပြီးပြေးဆုတ်ခဲ့ကြရာ နန့်တိန်းအရှင်မနုဿဒေဝါကလည်း အတင်းလိုက်၍ နောက်ကတိုက်ခဲ့ ခြင်းကြောင့်သုံးနိုင်ငံတပ်က တစ်စ တစ်စ နောက်ဆုတ်၍ ယခုမပူးခေါ် ရပ်ကွက် အထက်နားသို့ရောက်ခဲ့ကြလေ၏။

## သုံးနိုင်ငံသားတို့ကိုစစ်နှစ်ဘက်ညှပ်တော့မည်

သုံးနိုင်ငံအဖွဲ့တပ်မပူးအထက်သို့ ရောက်ခဲ့လျှင် နန့်တိန်းချောင်း နားတွင်စီမံထားခဲ့သော တပ်ကသိ၍အတင်းဆီးကြိုတိုက်ခိုက်ကြ၏။သုံး နိုင်ငံသားတို့သည်နောက်ကလည်းနန့်တိန်းအရှင်၏ တပ်မကညှပ်၍ တိုက်၊ ရှေ့ကလည်း ကင်းတင်က ဆီးကြို၍တိုက်သဖြင့် သုံးနိုင်ငံကို စစ်နှစ်ဘက်ညှပ်ဖြစ်လေ၏။

## နတ်သုံးနိုင်ငံသားတို့၏ဒုက္ခ

နန့်တိန်းအရှင်ကြီးသည် သုံးနိုင်ငံသားတို့ကို စစ်နှစ်ဘက်ညှပ် လျက် အကြပ်ကိုင်ပြီးနိုင်နင်းအောင်အပြင်းအထန် အပြန်အလှန် တိုက်ခိုက်ကြရာတွင် သုံးနိုင်ငံသားတို့မှာ အားရှိသလောက် ခုခံတိုက်ခိုက် ကြသော်လည်းမတတ်နိုင်ကြတော့ဘဲ ပွဲပွဲကြီးဆိုက်ခါ အတုံးအရုံးတုံးလုံး ပက်လက်ကျဆုံးသူများသဖြင့် ကစင့်ကရဲတကွဲတပြား တပ်ပျက်ပြား ခြေဦးတည့်ရာကင်းတပ်ဘက်သို့ မလာနိုင်ဘဲ အပြင်ဘက်ကို ဖြတ်သန်း ပြီးယခုနာလတန်း(ခေါ် )ဇေယျဖာစည်ချောင်းမှရွှေတောင်သို့ ချောင်းမြောင် စိမ့်စမ်းတို့ကိုပင်ပန်းကြီးစွာ ဒုက္ခဝေဒနာခံ၍ ထွက်ပြေးဖြတ်ကူးကြလေ၏။

## နဂါးကြီးကိုတိုက်ဖျက်ရန် လွှဲအိမ်ကစစ်ကြေညာပြီ

သုံးနိုင်ငံသားတို့ ရွှေတောင်သို့ရောက်လျှင် မသေမပျောက်ပြန်ပါခဲ့သော စစ်သည်တော်တို့ကို စာရင်းစစ်လျက်ချောင်းရှင်မြောင်းရှင် တောင်ရှင်တောင်ပိုင်နတ်တို့ကို သုံးနိုင်ငံဘက်သို့ စိတ်တူသဘောမျှဖြစ်အောင် စစ်တရားဟော၍စစ်အင်အားဖြည့်တင်းပြီးလျှင် အငုတ်အရင်းဖြစ်သော အင်းတော်အရှင်ကြီးကိုသမုဒ္ဒရာပင်လယ်တွင်းသို့ အရောက်တိုက်ခိုက်မောင်းနှင်မည်လွှဲအိမ်အရှင်က စစ်ကြေညာလိုက်ရာ နာဂရာဇာဖြစ်သော အင်းတော်အရှင်ကြီးကလည်းအင်းအနောက်ကမ်းရှိ ချောင်းရှင်တောင်ရှင်နတ်တို့ကို မိမိဘက်ပါအောင် ဝါဒဖြန့်ဖြူး၍ အထူးထူးသောလက်နက်တို့နှင့်စစ်အင်အားဖြည့်တင်းလျက် ခုခံရန်အသင့်ပြင်ဆင်လျက်ရှိ၏။

## ဒုတိယစစ်ပွဲကြီး

လွှဲအိမ်ခေါ်သုခနန္ဒကတောင် နန္ဒကနတ်သားသည်အင်းတော်အရှင်ကြီးနှင့်ယခုဖြစ်မည့်ဒုတိယစစ်ကြီးအတွက် စစ်ဘက်ဆိုင်ရာကိုပေါင်းစီးလျက် စစ်ဘုရင်၏ရာထူးကြီးကိုခံယူခါ နန့်စန်းတာအရှင်၊ ရွှေတောင်အရှင်စသောများစွာသော မိမိတို့ဘက်ပါ နတ်ဒေဝါတို့ကိုတိုက်ခိုက်ရန်ပြင်းထန်စွာ အမိန့်ပေးလိုက်လျှင် အင်းအရှေ့ဘက်ရှိတောင်ကြီးကမ်းကြီး ကမ္ဘားကြီးနှင့် တောင်ကမူကုန်းမြင့် ကလေးများသို့ အားရှိသမျှ အင်းထဲသို့ ဖြိုချလျက် ကျောက်လုံးကျောက်ပြားများ ချောင်းမြောင်းတောတောင် အထွေထွေတို့ကို မနေရမကျန်ရအောင် တန်ခိုးအားဖြင့် ယူဆောင်၍ချလိုက်လျှင် အင်းတော်အရှင်ကြီးကလည်း လွှဲအိမ်တို့

ပစ်ချလိုက်သောမြေစာပုံတို့ကို အင်းကမ္ဘားကြီးပေါ်ရောင်အောင်သယ်ယူ ကျုံးပစ်ကြလျက် အားရှိသမျှခုခံကြသော်လည်း ပထမစစ်ပွဲတွင် (တစ်) မဖွဲဘဲ စစ်ရေးစစ်ကဲညံ့၍ အလျား(၁၄)မိုင် အနံ (၇)မိုင်ရှိ အင်းကြီးသည် ခန်းလုမတတ် ရေတွင်းလောက်သာ ကျန်ရှိတော့၏။ အင်းတော်အရှင်ကြီး က တစ်ဖန်ရှိသမျှနဂါးအပေါင်းတို့နှင့်မိမိဘက်ပါသောင်းပြောင်းမျောရာ နတ်ဒေဝါတို့ကို အခါခါ အာဏာသံပေး၍ စစ်အင်အားဖြည့်တင်းပြီးလျှင် အနည်းနည်းအဖုံဖုံလုံးစုံတေဇာ ဖြိုးဝေဖြာအောင် ကြီးစွာသော မိုဃ်းကြီး လေကြီးတို့ဖြင့် ထန်သည်းပြင်းပြစွာ ရွာသွန်းတိုက်ခတ်အောက် မြေရပ်က လည်းရှိသမျှနဂါးမင်းတို့က အင်းကြီးကိုအခေါင်းထွင်းပြီး ရေများများကြီး သွင်းလျက် အင်းကိုရေရှံ၍အနားကတောင်ရံတွေအားလုံး ရေဖုံးလွှမ်း လေရာ လွဲအိမ်ခေါ်သုခနန္ဒာကတောင်သည် မီးဖိုလောက်သာရေမလွှမ်းဘဲ ကျန်ရှိလေ၏။ ဤနည်းနှင်နှင် သူတစ်ခါ ငါတစ်လှည့် အခေါက်ခေါက်အခါ ခါ ငါမနိုင်သူမရှုံးနှစ်ဘက်စလုံး ရှိသမျှတန်ခိုးအဟုန်နှင့်မိုးမွှန်အောင် စစ်ပွဲ ကြီးဆင်နွှဲကြသည်မှာ တစ်ရက်တည်းတွင်ခုနစ်ကြိမ်စီရှုံး၍ ခုနစ်ကြိမ်စီ နိုင်ကြလေသည်ဟူ၏။

ထိုအခါတွင်အင်းတော်အရှင်ကြီးသည် စစ်အင်အား ဖြည့်တင်း ရန် မိမိ၏သားမက်တော်ဖြစ်သော နန့်တိန်းအရှင်ကြီးထံ စစ်ကူတောင်း လွှတ်လိုက်လေ၏။ နန့်တိန်းအရှင်ကြီးထားခဲ့သော နန့်တိန်းချောင်းနားရှိ ကင်းတပ်များက ရန်သူစစ်တပ်ရွှေတောင် ပြန်ရောက်လျှင် အရှင်မင်းကြီး ၏ ယောက္ခမတော် တိုင်းပြည်ကိုအပြင်းအထန် တိုက်နေပြီဟုသွားရောက် သံတော်ဦးတင်သည့်အတွက် ဗိုလ်ပါရဲမက်လက်နက်အင်အားများပြား လှစွာသော စစ်တပ်တို့က ကင်းတပ်တွင်ရောက်နှင့်၍ အခေါ်တော်လွှတ်

သော တမန်တော်များနှင့်တွေ့လျှင် အကြောင်းခြင်းရာကိုမေး၍မကြာ မနေးစေဘဲ အာကာသကောင်းကင်ခရီးလမ်းကို ဖြတ်သန်းပြီး စစ်ကူရန် လာခဲ့ရာ ရွှေတောင်နှင့်နန့်စန်းတာသို့ရောက်၍ ရွှေတောင်အရှင် နန့်စန်းတာ အရှင် လွဲအိမ်အရှင် သုခနန္ဒက နတ်သားတို့ကို နန့်တိန်း အရှင်က ကြိမ်းဝါးကြွေးကြော်သည်မှာ–

## ကောင်းကင်ယံက ကြွေးကြော်သံ

''လွဲအိမ်တောင်နန္ဒကနတ်သားနှင့်နန့်စန်းတာအရှင် ရွှေတောင်အရှင်တို့ အသင်တို့တစ်တွေသည် အလွန်မိုက်ရိုင်းဖျင်းအတဲ့ နတ်စုတ်နတ်ယုတ်တွေဖြစ်သည်။ငါ့ကိုမနိုင်၍ ငါ၏ယောက္ခမတိုင်းပြည်ကို အသင်တို့ တိုက်ခိုက်ဖျက်ဆီးသည် အသင်တို့စွမ်းအားမည်မျှရှိသနည်း၊ အသင်တို့တိုက်ချင်လျှင် ရေ့ခုနစ်ရက်မတိုင်မီ တိုက်လာပါ ရေ့ခုနစ်ရက် တိုင်လျှင်အသင်တို့မတိုက်လာသော်လည်း ငါမနုဿဒေဝါနန့်တိန်းချောင်း နတ်ရာဇာက မြတ်တေဇာတန်ခိုးနှင့်အမျိုးမျိုးစစ်ပွဲဆင်၍ အလျင်အမြန် တိုက်လာတော့မည် နင်တို့တစ်တွေ ခေါင်းငိုက်စိုက် မပြုတ်လျှင် မဟုတ်ငါမနေ၊ နင်တို့တိုင်းပြည်ထုံးလိုမကျေ၊ မရေလိုမနှောက်လျှင် ငါ မရှေ့ဘဲ တိုက်မည်''ဟု ကြွေးကြော်လိုက်လေ၏။

ထိုကြွေးကြော်သံကို ကြားရသောလွဲအိမ်ခေါ် သုခနန္ဒက တောင် အရှင်နန္ဒကနတ်သား၏မိဖုရားကြီးဖြစ်သော (သုခဒေဝီ)သည် မိမိ၏အရှင် သခင် လင်ဖြစ်သော နန္ဒကနတ်သားအား လျှောက်ထားသည်မှာ အရှင် နတ်မင်းကြီးနဂါးကြီးကို သွားမစပါနှင့် ရန်စရှည်မည်ဟု ထိုအခါက ကျွန်တော်မ သံတော်ဦးတင်ရက်နှင့်နားမထောင်ဘဲ ယခုမှုညည်းညူလို့

မဖြစ်ဘူး၊(ပုပု)လိုချင်ကြတာကိုးဟု စိတ်ဆိုးသည့်အမူအရာနှင့် မိဖုရားကြီး ကနှုတ်ခမ်းကလေးစူကာစူကာဖြင့် ပြောရှာလေ၏။ ထိုအခါ နန္ဒက နတ်သားသည် သုခဒေဝီမိဖုရားအားပြောကြားသည်မှာ ''မိဖုရားကြီး ရယ် ငြူစူစကားများများကြီး မပြောစမ်းပါနှင့် ယောကျ်ားကောင်းတော့ မောင်းမတစ်ထောင်တဲ့ ယောကျ်ားဆိုတာ မိန်းမလှ တယ်ချောတယ် ဆိုရင် လိုချင်ကြတယ်။ မိန်းမလဲမထူးပါဘူး၊ မိဖုရားကြီးရယ်''ဟုပြောပြီး ဆိတ်ငြိမ်စွာနေကြလေသတည်း။

မနုဿဒေဝါခေါ် နန့်တိန်းအရှင်ကြီးသည် ကောင်းကင်ယံတွင် ကြွေးကြော်သံပေးပြီးယောက်မတော်အင်းတော်အရှင်ကြီးထံသို့ဝင်ရောက် ခစားလေလျှင် လွဲအိမ်တို့ပစ်ခတ်သော လက်နက်အနည်းငယ်မျှ ထိခိုက်သဖြင့် ငါ့သားရယ် ခမည်းတော်တို့ဟာ အင်အားဖြည့်ဦးမှ တော်မည်ဟု ညှိုးငယ်သောလက္ခဏာဖြင့် အမိန့်ရှိလေ၏။ထိုအခါ နန့်တိန်းအရှင်က ခမည်းတော်ဘုရား ဘာမှ ပူတော်မမူပါနှင့် သားတော်၏တာဝန်ရှိပါ သည်။ ရှေ့ခုနစ်ရက်တိုင်လျှင် သူတို့လာမတိုက်သော်လည်း သားတော်သွား တိုက်မယ်၊ သူတို့ကို မညှင်းပန်းရလျှင်မနေသေးဘူး သူတို့ကို ညှင်းပန်း နှိပ်စက်တာကိုမြင်လျှင်လဲ လူကြီးဖြစ်သည်နှင့်အညီ ခမည်းတော်ဘုရား တောင်းပန်းပါဦးမယ်။သို့အတွက်ခမည်းတော်နှင့်မယ်တော်တို့သည် နေပြည်တော်တွင်မနေဘဲ သားတော်၏ကင်းတပ်တွင် ချမ်းအေးသာယာ စွာကိုယ်ရံတော်တပ်များနှင့်ပို့ထားမည်ဟု လျှောက်ထားလေလျှင် ခမည်း တော် ဘုရားကကောင်းပါပြီ သားတော်ရယ်ဟု အမိန့်ရှိသဖြင့်ခမည်း တော် မယ်တော်တို့အားသားတော်၏ ကင်းတပ်အထက်နား အိုင်ကြီး တွင် အရံတော်များနှင့် ပို့ထားလေ၏။

နောင်တော်ကြီးဖြစ်သောနောင်ခွင်အရှင်ကြီးသည်လည်း နန့်စန်းတာအရှင်တို့က ဆူညံဆူညံနှင့်ပြောဆိုနေကြသော အသံကိုကြား၍ မသဲကွဲသည့်အတွက် မေးမြန်းရာတွင် မှူးကြီးမတ်ရာသေနာပတိတို့က အရှင်မင်းကြီး အရှင်မင်းကြီး၏ညီတော်ကို လွှဲအိမ်နှင့်နန့်စန်းတာ ရွှေတောင်တို့သုံးပြည်ထောင်သွားရောက်တိုက်ခိုက်ကြောင်း ကြားသိရပါသည်ဘုရားဟု လျှောက်ထားကြလေ၏။ ထိုအခါ နောင်ခွင်အရှင်ကြီးက ဒါဖြင့် မှူးတော်မတ်တော်တို့ရယ် ငါကိုယ်တော်မြတ်နှင့် စန်းတာတို့ဆိုလျှင် အိမ်ဦးနှင့်ကြမ်းပြင်လို အိမ်နီးချင်းကိုမှ အားမနာဘဲကိုး၊ မှူးတော်မတ်တော်တို့ရဲ့ဟု မိန့်တော်မူပြီး စစ်ဘက်ဆိုင်ရာကို စီမံခန့်ခွဲပြီး ငါကိုယ်တော်မြတ် သွားရောက်မေးမြန်းဦးမည်ဟု နန့်စန်းတာဘက်သို့ကိုယ်ရံတော်တပ်များနှင့်ထွက်ကြွတော်မူ၍ နန့်စန်းတာအရှင်ထံ ရောက်ရှိသောအခါ နန့်စန်းတာရယ် မင်းတို့ တယ်စွာကြဒါကိုး၊ငါ၏ ညီတော်ကိုလုပ်ချင်ပေမယ့် ငါ့ကိုအားနာစရာကောင်းသေးတယ် သူများဘာဘဲလုပ်လုပ် ငါတို့ဟာ အိမ်နီးချင်းတွေပါကလား ဟုပြောလျှင် နန့်စန်းတာအရှင်က အရှင်နတ်မင်းရယ် ကျွန်တော်ကတော့ မပါချင်ပါဘူး၊ သို့သော်လည်း လွှဲအိမ်ကို လန့်တာနှင့်ဘဲ ပါသွားရပါတယ် နန့်တိန်းအရှင် နောင်ခွင်အရှင်ကြီး၏သမက်တော်လဲ ကျွန်တော်နှင့်အလွန်တည့်ပါတယ် မိတ်ဆွေရင်းကြီးပါဘဲ၊ လွှဲအိမ်နှင့်ရွှေတောင်တို့ကိုအားနာတာနှင့် ပါသွားရခြင်းဖြစ်ပါသည်ဟု ပြောလျှင် နောင်ခွင်အရှင် နဂါးမင်းကြီးက ဒါဖြင့် ကောင်းပြီ မင်းတို့ခံနိုင်ရင်ခံကြ၊ ငါတို့လာတိုက်မည်ဟု ကြိမ်းမောင်းပြီး ညီတော်၏တိုင်းပြည် အင်းတော်ကြီးသို့သွားလေ၏။ အင်းတော်ကြီးသို့ ရောက်လျှင် သမက်တော်ဖြစ်သူ နန့်တိန်းအရှင်ကြီးက ဘကြီးတော်အား

အပြစ်တင်စကားလျှောက်ထားသည်။ ဘကြီးတော်ဘုရား၊အရှင့်ညီတော်ကို သုံးနိုင်ငံတို့က အပြင်းအထန်တိုက်ခိုက်လို့ နိုင်ငံတော်ပျက်လုမတတ်ဖြစ်နေဒါတောင် အနီးကလေးဖြစ်လျက် ညီတော်ကိုအကူအညီလဲမလာ၊ ဘကြီးတော်တို့ နဂါးမျိုးမို့ စိမ်းကားကြလို့လားဘုရားဟု လျှောက်ထားတော့ ဘကြီးတော်ဘုရားကလည်း မင်းအပြစ်တင်စောလွန်းတယ်ထင်တယ်မောင်ရဲ့၊ နီးပေမယ်လို့ မင်းယောက္ခမကငါ့ကို အကြောင်းကြားမဟုတ်တော့ ငါဘာသိမလဲ နန့်စန်းတာတို့ ဆူညံဆူညံနှင့်မေးလိုက်တော့မှ အကြောင်းကုန်သိရတာနှင့်ကဗျာကယာလာခဲ့တာဘဲ မင်းယောက္ခမကောလို့မေးလိုက်တော့ဒီမှာမရှိဘူးဘုရား သားတော်၏ကင်းတပ်မှာပို့ထားပါသည်ဘုရားဟု လျှောက်ထားလေ၏။ထိုအခါ နောင်ခွင်အရှင်ကဒါဖြင့်ကောင်းပါပြီ သူတို့ သုံးနိုင်ငံသားတွေကို ငါတို့လိုက်တိုက်မည်။ စစ်သည်တော်များစုဆောင်းရန် ပြန်သွားလိုက်အုံးမယ်၊သားတော်မောင်ရယ်ဟု ပြောဆိုင်တိုင်ပင်ပြီးနောင်ခွင်သို့ပြန်သွားလေသတည်း။

နန့်တိန်းအရှင်ကြီး ကြိမ်းဝါးသောစကားနှင့်နောင်ခွင်အရှင်ကြီးပြောဆိုကြိမ်းမောင်းသောစကားတို့ကို ကြားရသောနန့်စန်းတာအရှင်သည် ငါတို့ သုံးနိုင်ငံပေါင်းစု၍နဂါးမင်းသမီးကလေးကိုလုယူရန်နန့်တိန်းအရှင်ကြီးကို(လဲကာ)တောင် တိုက်ပွဲတွင်အပြင်းအထန် တိုက်သော်လည်းမနိုင်သေးဘဲ ကစင့်ကလျား တပ်ပျက်ပြား၍ မနည်းထွက်ပြေးရသေးသည်။ ယခုမှာ နန့်တိန်းနှင့်နောင်ခွင်တို့ အင်းတော်အရှင်ကြီးသို့ ကူညီပါဝင်တိုက်ခိုက်မည်ဖြစ်၍ ငါ့မှာဘာမဟုတ်နှင့်ကြားထဲကနေပြီး အသေခံရဦးမည်ဟုနန့်စန်းတာအရှင် အတော်ပဲ ဦးနှောက်ရှုပ်ထွေးသွားလေရာ အတော်ကြာမှ အကြံပေါ်တာနှင့် ခံမရှာလျှင်မဖြစ်တော့ဘူး ဆိုပြီး

(ဟိုဖာမိန်း)အရှင်ကြီးထံသို့ ကပျာကရာ ပြေးသွားလေသတည်း၊ သုတ်သည်းသုတ်ပြာနှင့်ပြေးလာသော နန့်စန်းတာအရှင်ကိုမြင်လျှင် မြင်ချင်း (ဟိုဖာမိန်း)ခေါ် (ဟိုဖာ)အရှင်ကြီးသည် ဘာများဖြစ်ခဲ့ပါသနည်း ဟု မေးလတ်သောအခါ နန့်စန်းတာအရှင်ကြီးက လျှောက်ထားသည်မှာ ဒီလိုပါဘုရား သုခနန္ဒကတောင် နန္ဒကနတ်မင်းက အင်းတော်အရှင်ကြီး ၏ သမီးတော်(ပုပ္ပနာဂီ)ကိုလိုချင်တာနှင့် တမန်တော်စေလွှတ်ပြီး တောင်းတော့ အင်းတော်အရှင်ကြီးက သူ့သမီးငယ်သေးတယ်၊ ရှေ့နှစ်မှပေးစားထိမ်းမြားပေးမည်ဟု စကားပြန်ကြားလိုက် ပါတယ်ဘုရား၊ ဒါနှင့်မကြာမတင် နဂါးကြီးဟာ ဦးယဉ်းနာ ခေါင်းခဲဖြစ်လာတာ နှင့်နန္ဒကနတ်သားဘဲ သွားကုပါတယ်ဘုရား၊ ကုသသော်လည်း ရောဂါမပျောက်ကင်းဘူး နန္ဒကနတ်သားကလဲပြန်သွားရော့ဘုရား၊ အဲဒီတော့ ဆေးသမားမထောင်းတာသူနာမခံနိုင်ဆိုသော စကားအတိုင်း ဝေဒနာက ဆုတ်တာမရှိ တိုးတာချည့်ဖြစ်နေတော့ နဂါးတွေကမနုဿဒေဝါ ဆိုတဲ့နန့်တိန်းအရှင်ကြီးကိုသွားခေါ်တော့ ရောက်လျှင်ရောက်ခြင်းဘဲ အင်းတော်အရှင်ကြီးကဦးယဉ်းနာခေါင်းခဲဝေဒနာတော်ကိုပျောက်ကင်း အောင်ကုသပေးပါလို့ဝေဒနာတော်ပျောက်ကင်းချမ်းသာပါက ချစ်မငြီး သော သမီးတော်နှင့်လက်ထပ်ပေးစားပါမည်ဟု အမိန့်ရှိလေ၏၊ ထိုအခါ မနုဿဒေဝါဆိုတဲ့ နန့်တိန်းအရှင်ဆေးဆရာကလဲ (ပုပ္ပနာဂီ)ကိုမြင်လျှင် မြင်ခြင်း ကြိုက်နေဒါကိုဘုရား၊ အဲဒါနှင့်ဆေးတွင်တွင်ကုသလိုက်တော့ နန္ဒကနတ်သားကို ရှေ့နှစ်မှသမီးပေးမည်ဆိုတဲ့ ပထမကတိကိုတော့ ဖျက်လိုက်ပြီး ရောဂါတော်ပျောက်ကင်းလျှင်သမီးပေးမည်ဆိုတဲ့ ဒုတိယ ကတိကိုအတည်ထားပြီး သမီးတော်ကို မနုဿဒေဝါဆိုတဲ့ ဆေးဆရာကြီး

နန့်တိန်းအရှင်ကို ပေးလိုက်ပါရော့လားဘုရား၊အဲဒါနှင့်နဂါးမင်းသမီး ကလေးကို လမ်းမှာနောက်က လိုက်လုမယ်ဆို၍ ရွှေတောင်အရှင်ကြီး ခေါ်တာနှင့်ကျွန်တော်မျိုးရော လိုက်သွားရလို့ လွဲအိမ်ပါ သုံးနိုင်ငံပေါင်းစုပြီး လိုက်သွားကြတော့(လဲကာ)တောင်မှာ ငါခိုးယူခဲ့သည်မဟုတ်၊ ဆေးဘိုး ဝါးခအတွက်နဂါးမင်းပေးလို့ငါယူခဲ့တယ်ဆိုတဲ့ စာတမ်းကြီးကိုမြင်ကြတော့ ပြန်လာကြပြီး အင်းတော်အရှင်ကြီးကို ဝိုင်းတိုက်ကြတယ်ဘုရား၊တိုက် ကြတော့ သူမနိုင်ငါမရှုံးဘဲ နှစ်ဖက်စလုံးဟာ စစ်ရေးတူနေသေးတယ် ဘုရား၊ အခုတော့ နောင်ခွင်အရှင်ကလည်း သူ၏ညီတော် ဖြစ်တော့ လာကူ တော့မယ်၊နန့်တိန်းအရှင်မနုဿဒေဝါကလဲ ဘကြီးတော် နောင်ခွင် အရှင်က မကူနှင့်အုံးတော့ ကျွန်တော်မျိုးတို့သုံးနိုင်ငံကိုအနိုင်တိုက်မယ် ဆိုပြီး သူတစ်နိုင်ငံထဲတာဝန်ယူထားတယ်ဘုရားလို့ လျှောက်ထားလေ၏။

ထိုအခါ ဟိုဖာမိန်းခေါ် ဟိုဖာအရှင်ကြီးက စဉ်းစားသည်မှာ သူတို့ဟာ ယခုအခါ တိုက်ကြလို့ မနုဿဒေဝါဆိုတဲ့ နန့်တိန်းအရှင်က မရှုံးဘဲ နိုင်တယ်ဆိုရင် ဒီတင်ရပ်တော့မှာမဟုတ်ဘူး၊သူမလွတ်ငါမလွတ် အထင်လွဲပြီးတော့ ဇွတ်အတင်းတဟူးဟူး လောင်သွားမဲ့ မီးဘဲလို့ဟိုဖာ အရှင်ကြီး အမိန့်ရှိတော်မူလေ၏။ နန့်စန်းတာအရှင်ကလည်း ''ကျွန်တော် မျိုးလည်း ဒီအတိုင်းယူဆထားပါသည်ဘုရား၊အရှင် နတ် မင်းကြီးခုံသမာဓိဝင်မှ အကုန်အစင်အေးသွားမည်ဘုရား၊သို့မဟုတ်လျှင် ထိန်ထိန်ပြောင်လောင်မဲ့ မီးဖြစ်ပါသည်ဘုရားဟု နန့်စန်းတာအရှင်က လျှောက်ထားလေ၏။ ထိုအခါ ဟိုဖာအရှင်ကြီးက ''ငါတစ်ဦးတည်း မပြီး စီးနိုင်ဘူး စန်းတာရဲ့ ဆွေးနွေးတိုင်ပင်ပြီးမှ အလုပ်လုပ်ကြဖို့ တော့(မိုင်းသုံ) အရှင်ကြီး(တောင်သုံးလုံး)အရှင်၊ (လ)တောင်ခေါ်ငွေတောင်အရှင်ကြီး

တို့ကို ဖိတ်ကြားအုံးမှာဘဲ''ဟု အမိန့်ရှိလေ၏။ လွှဲအိမ်ခေါ် သုခနန္ဒက နတ်မင်းနှင့်အင်းတော်ကြီးအရှင် နဂါးမင်းကြီးတို့ ဖြစ်ပွားကြသော အမှုကိစ္စနှင့်ပတ်သက်၍ တရားဆုံးဖြတ်ဖြေရှင်းရန် ဟိုဖာသို့ကြွရောက်ပါမည့် အကြောင်းနှင့် တမန်တော်စေလွှတ်ဖိတ်ကြားလိုက်သောအခါ အဆိုပါ ဒေဝတာနတ်မင်းကြီးသုံးဦးတို့သည် အသီးသီး ဟိုဖာသို့ကြွရောက်ကြကုန်၏။

ဟိုဖာသို့ရောက်ရှိကြသော ခုံသမာဓိတရားသူကြီးနတ်မင်းများက လွှဲအိမ်ခေါ်သုခနန္ဒကအရှင် အရှင်နန္ဒကနတ်မင်းနှင့် ၎င်းနတ်မင်းကြီး၏ တွဲဘက်ပါမဟာမိတ်နိုင်ငံများနှင့်တကွ နာဂရာဇာမဟာအင်းတော်ကြီး အရှင် နဂါးမင်းကြီးနှင့်၎င်းတွဲဘက်ပါ နိုင်ငံများတို့ကို ရက်ချိန်းပေးပြီး ဟိုဖာသို့အကုန်လုံးရောက်ကြရန် တမန်တော်စေလွှတ်ဆင့်ခေါ်လိုက်လေ၏။ ထိုအခါ ရာဇာကြီး ရာဇာကလေးခေါ် နေမိတ္တနှင့်သုမိတ္တနတ်ညီ နောင်နှစ်ပါးတို့သည်အမှုစကားနားထောင်ရန် နတ်မင်းကြီးများနှင့်တကွ အစုံအလင်လာရောက်ကြလေသတည်း။

ခုံသမာဓိတရားသူကြီးတို့ရှေ့မှောက်သို့ရောက်ရှိကြကုန်သော တရားလိုတရားခံဖြစ်ကြသူလွှဲအိမ်အရှင်နှင့်အင်းတော်ကြီးအရှင် နဂါး မင်းကြီးတို့ကို နှစ်ဦးနှစ်ဝအဓိကရုဏ်းဖြစ်ပွားကြသော အရေးများကို အစကအဆုံးတိုင်အောင်မေးစစ်တော်မူပြီးလျှင် သမီးအတွက်စစ်မက်ကြီးစွာ ဖြစ်ပွားကြသော လွှဲအိမ်အရှင်နှင့်အင်းတော်အရှင်တို့ကို ဟိုဖာအရှင် တရားသူကြီးအမိန့်ရှိတော်မူသည်မှာ ''အသင် နတ်မင်းကြီးတို့ ထွက်ဆိုချက်စကားကိုကြားရတော့ အမှုသွားကို ထင်ရှားစွာသိရှိရပါလေပြီ။ နှစ်ဦးသောနတ်မင်းတို့၏ဘုန်းတေဇာကြီးမားကြောင်းကိုလည်းသိရပါလေပြီ၊သို့

ဖြစ်သည်ကြောင့် တစ်ပြည်နှင့်တစ်ပြည် မီးမသေ ရေမနှောက် တစ်ယောက်နှင့်တစ်ယောက် မနစ်နာကြရအောင် သဘောထား၍ ကျွန်ုပ်တို့ ဖြန်ဖြေရာနာခံမည်ဆိုလျှင် အစောင်စောင်သော ဓမ္မသတ်ဖြတ်ထုံးနတ်တို့၏ အသုံးအနှုန်း ထုံးတမ်းသာကေပုဒ်မတို့ကိုအသုံးပြုလျက် လူ့လောက၌လည်း ရှင်ကျော်သူဖြတ်ထုံး၊သုဓမ္မာစာရီဖြတ်ထုံး ဟူသော ဖြတ်ထုံးအမျိုးမျိုးတို့ကို သုံးသပ်ဆင်ခြင်လျက် အမှုသွား အားလျော်စွာ စီရင်ဆုံးဖြတ်ပေးပါမည်''ဟု ဟိုဖာစသော ခုံသမာဓိတရားသူကြီးလေးဦးက မိန့်ဟပြောဆိုလျှင် တဖက်တတွဲ လွှဲအိမ်ခေါ် နန္ဒက နတ်မင်းနှင့်ဖက်စပ်ပူးပေါင်းသော နိုင်ငံများက အင်းတော်အရှင်ကြီး၏ သားမက်တော်မနုဿဒေဝါခေါ်နန့်တိန်းအရှင်ကြီးကို အတော်လန့်ကြသည့်အတွက် ''ဖြန်ဖြေရာ နာခံပါမည်''ဟု ခပ်မြန်မြန် ပဋိညာဉ်ပေးကြလေသတည်း။

ထိုအခါ ဟိုဖာအရှင်ကြီးက ''အင်းတော်အရှင်ကြီးကော''လို့ မေးတော်မူလျှင်အင်းတော်အရှင်ကြီးက အဖြေမပေးခင် သားမက်တော်နန့်တိန်းအရှင်ကြီးက ''ကျွန်တော်မျိုးတို့တော့ တိုက်မည်ဟုစီမံပြီးသည့်အတွက် သူတို့သိကြအောင် တပွဲတလမ်းတိုးပြီးအကဲစမ်းမျိုးဖြင့် တိုက်ချင်ပါသေး၍ ပဋိညာဉ်မပေးနိုင်သေးကြောင်း''နှင့်လျှောက်ထားလေရာလေးဦးသော ခုံသမာဓိတရားသူကြီး နတ်မင်းများတို့က တစ်ကမ္ဘာလုံး မီးဟုန်းဟုန်းတောက်သွားမည်ကို အလွန်စိုးရိမ်ကြသည့်အတွက် နန့်တိန်းအရှင်ကြီးအား အနည်းနည်းသော ဆုံးမမျိုးတို့ဖြင့် နိုင်ငံတော်အရပ်ရပ်ငြိမ်ဝပ်ပိပြားရေးအတွက် အတန်တန်ပြပြီးချော့မော့ဖျောင်းဖျမှ နန့်တိန်းအရှင်ကြီးက ''ဒီလိုဆိုရင် ကောင်းပါပြီ ကျွန်တော်နှင့်အတူ နေတာလဲမဟုတ်၊ အင်းတော်ကြီးအရှင် ခမည်းတော်သဘောတူပါလျှင် ကျွန်တော်လဲ

သဘောတူရမှာဘဲ''ဟု လျှောက်ထားလေ၏။ ထိုအခါ အင်းတော် အရှင်ကြီးကလည်း ''အစပထမက တိုင်းပြည်တည်ထောင်ရန်သူတို့ သဘောတူညီချက်ရလို့ ငါတို့၏နိုင်ငံတော် တည်းဟူသော ဤအင်းကြီးကို ဖွဲ့နိုင်ရခြင်းဖြစ်ပါသည်၊ သို့ဖြစ်၍ စစ်ပြေငြိမ်းရန် သဘောတူလိုက်မှ တော်မည်ဟု ခမည်းတော်ယူဆပါသည် သားတော်ရယ်''ဟု အင်းတော် အရှင်ကြီးအမိန့်ရှိလျှင် ''ဒါတော့ ခမည်းတော်သဘောပါဘဲဘုရား သားတော်၏ သဘောမှာတော့ နောက်ပိတ်ဆုံးရန်သူဖြစ်တဲ့ နိုင်ငံတွေ ဟာ ခွေးတစ်ကောင်မထားဘူးဆိုပြီး လာခဲ့ပါသည်ဘုရား''လို့ နန့်တိန်း အရှင်ကြီး၏သံတော်ဦးတင်သံကိုကြားရသော လွှဲအိမ်အရှင်နတ်မင်းနှင့်သဘောတူနိုင်ငံတစ်စုတို့သည်အတော်ဘဲတုန်လှုပ်သွားလေသတည်း။

## စစ်ပြေငြိမ်းတော့မည်

ယောက္ခမတော်ဖြစ်သော အင်းတော်အရှင်ကြီးသည် သမက်တော်နှင့်နန့်တိန်းအရှင်အား ပြောကြားပြန်သည်မှာ''သားတော်၏ စွမ်းရည် အင်အားတန်ခိုးသတ္တိကို နိုင်ငံတကာတို့သိကြပြီးဖြစ်ပါ၍ငါတို့အား ရန်မူရန် စစ်အင္ဂေ့အသက်တောင် ရှိတော့မည်မဟုတ် နောက်ဆုတ်ကုန်ပါပြီ၊ခမည်းတော်သည် ငြိမ်းချမ်းရေးအစစ်ကိုလိုလားသော မင်းဧကရာဇ်တစ်ပါးဖြစ်ပါ၍ နိုင်ငံတကာတို့၏ ငြိမ်ဝပ်ပိပြားရေးကို မျှော်ထောက်လျက် ဖြစ်ပွားချက်ကို စဉ်းစားနေကြသော ခံသမာဓိနတ်မင်းကြီးလေးပါးတို့အား ဖြေဖြန်ရာနာခံပါမည်''ဟု ပဋိဉာဉ်ပေးလေ၏။ အင်းတော် အရှင်ကြီးပဋိဉာဉ်ပေးလျှင် မိုင်းသုံအရှင်ကြီးတောင်သုံးလုံး အရှင်ကြီး၊ငွေတောင်အရှင်ကြီး ဟိုဖာအရှင်ကြီးတို့သည် တီးတိုးစကား

တိုင်ပင်ပြောကြားပြီး ဤအမှုသွားကိုစွက် စီရင်ဆုံးဖြတ်ဖြေဖြန်ရာသုံးဦး သောအရှင်ကြီးတို့က ဟိုဖာအရှင်ကြီးအား တရားစီရင်ရန် လွှဲအပ်၍ ပြန်သွားကြလေသတည်း။

**မှတ်ချက်**။(၁)။လောဆွန့်ကျောင်း ဂိုဏ်းအုပ်ဆရာတော် အရှင် ဝဏ္ဏမဟာထေရ် စီရင်ရေးသားတော်မူသော သမိုင်းနှင့် ရွှေတွင်းဆရာတော်ရေးသားတော်မူ သော သမိုင်းတို့၌ နန့်တိန်းအရှင်ကြီးက နဂါး မင်းသမီးကိုယူသွားသည့်အတွက် လွှဲအိမ်အရှင်၊ နန့်စန်းတာ အရှင်၊ ရွှေတောင်အရှင်တို့လိုက်၍ တိုက်သော နေရာဌာနကိုမည်သည့်နေရာဌာန တွင် လိုက်၍တိုက်ကြောင်းကို ခွဲခြား၍ မဆို၊ အသျှင်ဉာဏဝံသထံမှ ရရှိသောသမိုင်း၌သာ ကင်းတပ်စီမံခြင်း၊အရက်ချက်၍ တိုက်စေခြင်းများ နှင့် လဲကာတောင်တွင် စာတမ်းကြီးရေးထိုးပြ၍ လွှဲအိမ်တို့ကို တိုက်ခဲ့ပြီးလျှင် မပူးနှင့်စိုင်လိုင်သို့ အရောက်လိုက်၍ တိုက်ခဲ့ကြောင်းကို ဆိုသည်။

၂။ ယခုစိုင်လိုင်အရပ်သည်လွှဲအိမ်အရှင်တို့ကို နန့်တိန်းအရှင်က အပြင်းအထန်တိုက်ခိုက်ခြင်းကြောင့် လွှဲအိမ်အရှင်တို့က ဆင်တပ်မြင်းတပ်တို့ကိုပစ်၍ ထွက်ပြေးသဖြင့်စစ်သည်တော်နှင့်တကွ ဆင်ရော မြင်းပါနန့်တိန်းအရှင်က သုံးပန်းရ၍ ဆင်ဖမ်းချည်ထားသည်ကို ရှမ်းဘာသာအားဖြင့် ဆင်ကို(စန့်)၊ချည်သည်ကို (လိုင်)ဆိုခြင်းကြောင့် နှစ်လုံးပေါင်းစပ်လျှင် (စန့်လိုင်)ဟုဆိုသည်။ ယခုအခါ ကာလရှည်လျား

သဖြင့် စိုင်လိုင်ဟုခေါ် ပြန်သည်။ မြင်းကိုရှမ်းဘာသာဖြင့် (မ)ဟုဆိုသဖြင့် မြင်းနှစ်ကောင် သုံးကောင်ပူးတွဲ၍ ချည်ထားသည့် အတွက်(မ)နှင့် (ပူး)ပေါင်းစပ်လျှင်(မပူး)ဟု ခေါ်သည်၊ ယခုအခါ(မပူး)(စိုင်လိုင်) အရပ်တွင် သိန်းပေါ်လူမျိုးများနေထိုင်ကြလေသ တည်း။

၃။ နန့်တိန်းချောင်းမြောက်ဘက်ချောင်းထိပ်၌ တည်ရှိသော(မန်ကင်း)ရွာသည်နန့်တိန်းအရှင်ကြီးကင်းတပ်ထားသော နေရာဖြစ်၍ယခုတိုင်မန်ကင်းရွာဟုခေါ်သည်၊ရှေးမြန်မာမင်းတို့လက်ထက် ကျောက်စိမ်းတွင်းမှကျောက်စိမ်းထုတ်ယူချလာသောအခါ ဤနေရာတွင် ကျောက်စိမ်းကင်းခွန်ကောက်ယူသောဌာနဖြစ်၍လည်း မန်ကင်းရွာဟု ခေါ်လာကြောင်းကိုတစ်နည်းအားဖြင့်ခေါ် ပြန်သည်။ ရန်သူများကို အကြာရပ်ဆိုင်းရန်အလုပ်ပန်းများ စိုက်ထားရာဌာနဖြစ်၍ ယခုအထိ ပန်းလုခေါ်သည် ရန်သူများကိုလှည့်စားခြင်းအားဖြင့် ''အသင်တို့ အပန်းဖြေကာ နားနေကြပါဦး''ဟု ကင်းတပ်ကချော့မြူသည့်အတွက် ရန်သူများ အပန်းဖြေနားကြနေရာဖြစ်၍ ယခုအထိပန်းနားပန်းလားဟု တစ်နည်းအားဖြင့်ခေါ်သည်။

၄။ ယခုအခါ လောဆွန့်ခေါ်သောရွာသည် ထိုအခါ ကင်းတပ်သားများအရက်ချက်သောနေရာဖြစ်၍ ရှမ်းဘာသာအားဖြင့် အရက်ကို (လောက်)ဟုခေါ်သည်။ ချက်သောအရက်ချဉ်သွား၍ ချဉ်ကို ရှမ်းဘာသာအားဖြင့် (ဆွန့်)ဟုဆိုသည်။ နှစ်လုံးပေါင်းစပ်လျှင် (လောက်ဆွန့်)ဟုဆိုသည်၊ ယခုအခါ ကာလရှည်လျားလာ၍ လောက်ကို လောဟုဆိုပြီး လောဆွန့်ဟုခေါ်ကြလေသည်။

၅။ ထိုအခါက ဆင်တပ်၊မြင်းတပ်ပစ်၍ ပြေးသော

လွဲအိမ်တို့သည် ယခုမပြင်ခေါ်သော အရပ်တွင်ရောက်၍ နောက်ကလိုက်ခဲ့သောကင်းတပ်တို့ကိုမြင်လျှင် ပြန်တိုက်မည်ဟု စစ်ရေးစစ်ရာတို့ကို ပြုပြင်စီမံမည်အပြုတွင် မပြင်နိုင်တော့ဘဲ အတင်းထွက်ပြေးသည့်နေရာကိုယခုထိ (မပြင်)ဟုခေါ်ကြလေသည်။

တစ်နည်းပေါ်ရာဇဝင်ဒီမှာယခုမပြင်ဟုခေါ်နေကြသော ရပ်ကွက်မှာ (မပြင်း)မျိုး ကချင်များ နေထိုင်ရာ အရပ်ဖြစ်၍ မပြင်ခေါ်သည်ဟုလည်းဆို၏။ ၎င်းစကားသည် အင်းတော်ကြီးသမိုင်းသုံးစောင်တွင် မပါရှိပါလေ။

## ဟိုဖာအရှင်ကြီးတရားစီရင်တော်မည်

ပဋိဉာဉ်ရပြီးသောတရားသူကြီးဖြစ်သူ ဟိုဖာအရှင်ကြီးသည် တရားထုံးနည်းနှင့်လျော်စွာ စီရင်ဆုံးဖြတ်တော်မူသည်မှာ ''အင်းတော်အရှင်ကြီးသည် မိမိသမီးတော်ကို လွဲအိမ်အရှင်ကြီးက လက်ထပ်ယူစားရန် စေလွှတ်သူတမန်များနှင့် စကားပေါက်၍ လျှောက်တောင်းစေရာတွင် ရှေးနှစ်ခါမှ မင်္ဂလာထိမ်းမြား၍ လက်ထပ်ပေးစားမည်ဟု အတည်တကျ မိန့်ဟပြောဆိုပြီးလျက် အင်းတော်အရှင်ကြီးမှာ အသက်၏ အန္တရာယ်ကိုယ်ဝယ်အနိဋ္ဌဘေးရောဂါဘယ ကပ်ရောက်ခြင်းကိစ္စကြောင့် ရောဂါဘယခဏလျှင် ပျောက်ကင်းစေအောင် ကုသပေးလိုက်သည့် နန့်တိန်းအရှင်ကို ပထမကတိဖျက်၍သမီးတော်ကိုပေးစားလိုက်ခြင်းသည် အလွန်မှားယွင်းပေသည်။ဆေးဘိုးဝါးခမှာအခြားပစ္စည်းများကိုပေးလျှင်လည်းဖြစ်ပါသည်။ ယခုမှာပထမက အခြားပစ္စည်းများကိုမပြဘဲ လွဲအိမ်ကိုပေးပြီးသော သမီးတော်နှင့် ဆေးဘိုးဝါးခအဖြစ် တင်ပြ၍ ဆေးကုခိုင်းသည်။ သို့သော် သမီးတော်နှင့်လွဲအိမ်အရှင်တို့မှာလွန်ခဲ့သော အတိတ်ဘဝက နှစ်ဝနှစ်ဖြာပေါင်းဆုံရန် ကုသိုလ်ကံမပါခဲ့သည့်အတွက် ပျက်ရသည်ဟု

လွှဲအိမ်အရှင်ကလည်းတရားသဘောပေါက်ထားစေလိုပါသည်။အင်းတော် အရှင်ကြီးကလည်း ပင်ပန်းကြီးစွာတည်ထောင်ခဲ့ရသော အလျား (၈)တိုင်၊ အနံ (၄)တိုင်ရှိ အင်းတော်ကြီးနိုင်ငံတော်ကိုတစ်ဝက်ခွဲ၍ လွှဲအိမ်အရှင် အားတောင်ပိုင်း(၄)တိုင်ကို တစ်နှစ်လျှင်တစ်ကြိမ်ကျ တန်ဆောင်မုန်းလ၊ နတ်တော်လ၊ပြာသိုလ၊ ဤသုံးလအတွင်းအင်းထဲရှိငါးများကို ဆေး ခပ်စားစေ၊ နန့်တိန်းအရှင်ကြီးကလည်း သမက်ဖြစ်သည့် အလျောက် ဝမ်းမြောက်ကြည်သူစွာနှင့်တစ်နှစ်လျှင်သုံးခါရတနာအမျိုးမျိုးနှင့်တကွ ထင်းနှင့်ဖက်ပါမကျန်ရအောင် ရေလမ်းဖြင့်ယူဆောင်၍ ယောက္ခမတော် အား လာရောက်ကန်တော့ရမည် နန့်စန်းတာအရှင်ကလည်း သူမသိ ငါပိုးဟူသော စကားမျိုးကဲ့သို့အင်းတော်အရှင်ကြီး၏သမီးတော်ကို လိုချင်၍ ''ရှေးနှစ်ခါ ငါယူမည်''ဟုကြံစည်ပြောဆိုသော်လည်း မရဘဲ အရှက်ခွဲခံရသည့်အတွက် နန့်တိန်းအရှင် ကန်တော့လာသောအခါ အင်းတော်ကြီးကို ဟိုဘက်ကမ်းရောက်အောင် ခပ်တန်း၍ ကင်းကောက် စားရပါမည်။ အင်းတော်အရှင်ကြီးကို စစ်ကူအားပေးသော ချောင်းရှင် များကို အဆင့်အတန်းအားဖြင့် အင်းတော်အရှင်ကြီးကဆုများပေးရမည်၊ နန့်ရင်းခံချောင်းကို ငါးဖန်းမငါးပေးရမည်၊နန့်ဖောင်းဇင်ချောင်းကို အခြား ငါးမျိုးမသွင်းဘဲ ငမြစ်ချင်းပေးရမည်။ နန့်မန်လည်နှင့် လယ်သပြေချောင်း မှာ ငမြစ်ခြင်းနောက် တရပ်ငပတ်မှာ ရှေးဦးစွာပေးရမည်။ နန့်ပဒ်မှာ ရေချမ်းနှင့်ငါးဖမ်းမမှုတစွာပေးပြီးသည်အပြင် နန့်ပြင်ပြင်ချောင်းမှာငမြစ် ခြင်းနှင့်ငါးရံ့ ငါးချေးချမ်းကို ချောင်းကမ်းပါးအပြည့်ပေး၍ သဲချောင်းနှင့် နန့်မီးလောင်မှာငါးရံ့နှင့်ငါးရှူ အတူတူပူး၍တက်စေ၊နန့်ခိုးကျင်ချောင်းမှာ တော့ ငါးပေါင်းမရော ငါးချောမပါငါးချေးချမ်းသာပေးရမည်၊ နန့်စန်းတာ

မှာ သာယာဘေးပေါင်းကင်းလွတ်ရှောင်းဘို့ စစ်ပြေငြိမ်းရေး အားထုတ်ဆောင်ရွက်သည့်အတွက် များစွာငါးပေါင်းတွဲ စုဆောင်း၍ ချောင်းလုံးပြည့်အောင် ပေးရမည်။ တစ်လီထိုမှစစ်ဖြစ်ရာကာလ အင်းတော်အရှင်ကို မကူညီသောချောင်းဟူသမျှကို အင်းထဲသို့ရေစီးဝင်ခြင်းမပြုရ’’ဟု နေရာတကျတရားသဘင်၌ စီရင်ဆုံးဖြတ်လေလျှင် နှစ်ဘက်စလုံး ကျေနပ်ကြ၍ မိမိတို့ဌာနေသို့ပြန်ကြလေသတည်း။

မှတ်ချက်။ ။၁။အလျား(၈)တိုင်၊အနံ(၄)တိုင်ကျယ်ဝန်းသော အင်းကြီးကိုလွှဲအိမ်အရှင်အား တစ်ဝက်ခွဲဝေပေးရသဖြင့် လွှဲအိမ်အရှင်ကြီးသည် ထိုအခါကစ၍ယခုတိုင်အောင် ဆေးခပ်စားရသော အင်းတော်ကြီးတောင်ပိုင်းခရီး(၄)တိုင်၊စတုရန်းပတ်လည်အားလုံးကိုနှစ်စဉ်နှစ်တိုင်းတန်ဆောင်မုန်းလကစ၍ ပြာသိုလအထိအင်းထဲရှိ ငါးများကိုထင်ရှားစွာဆေးခပ်စားလေ့ရှိ၏၊ တန်ဆောင်မုန်းလကိုလွှဲအိမ်အရှင်ကြီး ဆေးခပ်စားသဖြင့် ငါးများစွာမသေနတ်တော်လနှင့်ပြာသိုလမှာ လွှဲအိမ်အရှင်၏ ချွေးမခပ်စားသဖြင့် မိန်းမဖြစ်၍ လောဘပိုသည့်အတွက်ငါးများစွာသေသည်၊ သို့သော်တစ်နှစ်နှင့်တစ်နှစ် မတူချေ၊ တစ်ခါတလေများစွာသေ၍ တစ်ခါတစ်လေ အနည်းငယ်မျှသာ သေသည်၊ယခု ၁၃၁၂ခုနှစ် ဤသမိုင်းစာအုပ်ရေးသားသော နတ်တော်လနှင့်ပြာသိုလမှာ ကြီးကြီးငယ်ငယ်ငါးကောင်ရေအခန့်အမှန်းအားဖြင့် နှစ်သောင်းကျော်လောက်သေသည်ဖြစ်ကြောင်း၊ ထိုသေသောငါးများနှင့်တောင်ထိုးမြောက်လှည့်မူးဝေ၍ မသေသောငါးများတို့ကို အင်းနားပတ်လည်ရှိ လူများတို့က ဇဉ်နှင့်ထိုးပစ်ကောက်ယူကြ၍ ရောင်းစားကြသဖြင့် အချို့မှာ ငွေတစ်ရာ ကိုးဆယ်ရသည့်အပြင် စားဖို့ ငါးပိလည်း တစ်နှစ်တာအတွက် လုံလောက်စွာရကြ၏။အချို့မှာ

ငွေငါးရာကျော် ခြောက်ရာခန့်ရကြလေသည်။

၂။ တံငါများသည်ညနေခင်းတွင်ပိုက်တန်းရန်အင်းထဲသို့ သွား၍ ငါးပွက်ရာကိုကြည့်ပြီးလျှင် ပိုက်တန်းချထားရာတွင် ကျောက်ဆူးချအိပ်သောအခါ ငါးဆေးခပ်ရန်နတ်မင်းများ၏ ဆေးထုသံကိုကြားရလျှင်အသံကြားရာကိုမှတ်၍မိုးလင်းသောအခါသွားရောက်ကြည့်ရှုလေကငါးများစွာသေ၍ရဘူးကြ၏။ ယခု ၁၃၁၂ခုနှစ် နတ်တော်လအတွင်း ဤသမိုင်းချုပ်ရေးသားသောအခါ ယခုရှိသော (ဟဲပု)သူကြီးမင်း ဦးအိုက်ရှိနှင့်နတ်တော်လပြည့်ကျော် (၁၁)ရက်နေ့ ညဥ့်ဦးပိုင်းတွင် အင်းတော်ကြီးနယ် သစ်ထုတ်လုပ်ရေးအဖွဲ့ဝန်ထောက်မင်း ဦးစောထန်၊ စစ်ဗိုလ်ကြီးဦးပရစ်နော်၊ခရိုင်အုပ်မင်း ဦးသန်းမောင်နယ်ရှိ သူကြီးမင်းတို့နှင့် လုံးတုံရွာတွင် ပြုလုပ်ကျင်းပကြသည့် လွတ်လပ်ရေး အောင်ပွဲမှ အင်းထဲကိုလှေနှင့်စီး၍ ဟဲပုသို့ဖြတ်ကူးပြန်လာသောအခါ သူကြီးမင်းဦးအိုက်ရှိပြောပြသောစကားများနှင့် ''ကျွန်တော်သည် အသက်ခပ်ငယ်ငယ်တုန်းက နန့်မှော်ကံရွာ အနောက်တည့်တည့် အင်းထဲတွင် အဖော်တစ်ယောက်နှင့်ပိုက်တန်းချထားရာ နတ်များဆေးခပ်ချိန်ဖြစ်၍ဆေးထုသံများကြားရ၏၊ ထိုအသံကြားရာကို နှစ်ယောက်စလုံးအမြန်သွားလိုက်တော့ အနားရောက်သည်နှင့်တစ်ပြိုင်နက် အသံပျောက်သွား၏ ဒီမှာ အသံပျောက်လျှင် ဟိုမှာကြားပြန်၏။ ကြားသောနေရာကိုသွားပြန်လျှင် အသံပျောက်ပြန်၏။အဲဒါနှင့်ကျွန်တော်တို့ဟာ လှေလှော်မောပြီးနန့်မော်ကံရွာရေဆိပ်နားတွင် သွားရောက်အိပ်ကြလေ၏။မိုးလင်းလျှင်လင်းခြင်း ပိုက်ဖော်ရန်သွားလိုက်တော့ ပိုက်မဖော်ရဘဲ ညကဆေးထုသံကြားရသည့်ရပ်ကွက်အားလုံး ငါးသေတွေ များစွာတွေ့၍

လှေအပြည့်ကောက်တင်ပြီး ပိုက်ရုပ်သိမ်းပြန်ခဲ့ပြီးလျှင်ရွာသားများကို ငါးသေတွေများစွာရှိသေးသည်။ငါတို့နှစ်ယောက် လှေမနိုင်တာနှင့်ပြန်ခဲ့ရသည်ပြောတော့ ထပ်မံသွားရောက်ကောက်ယူကြသော ရွာသားများလည်း များစွာရခဲ့ကြကြောင်းကို ကျွန်တော့်အားပြောပြပါကြောင်း'' ရှေးအခါက ဤအင်းကြီးထဲတွင်ပန်းကောလုံးထွင်းလှေခန့်ကြီးသော ငါးကြီးအသေကောင် အင်းကမ်းနားတွင် တွေ့ဘူးကြောင်းပြောပြကြ၏။

## လွှဲအိမ်ခေါ် သုခနန္ဒကတောင်

လွှဲအိမ်ခေါ်သုခနန္ဒကတောင်သည် အလွန်မြင့်မောက်၍ စောက်၏၊ ထိပ်ချွန်း၏၊တောင်ထိပ်တွင် လှပသောပန်းပင်များနှင့်ကြီးစွာသောကျောက်ပလ္လင်တစ်ခုရှိ၏။ ကျောက်ပလ္လင်ဘေးနားက ညောင်ပင်ကြီးတစ်ပင်ရှိ၏၊ ကျောက်ပလ္လင်၏ ဘေးပတ်လည်တွင် အလွန်ထူးဆန်း၍ လှပသောပန်းနွယ်များ ရစ်ပတ်ပေါက်ရောက်လျက်ရှိ၏၊ ဤလွှဲအိမ်တောင်သည် အလွန်ထူးဆန်းသော တောင်ဖြစ်၏၊ တောင်ထိပ် ကို အလွန်ရောက်ခဲ၏။ တောင်သည် ကလာပ်လိုနေ၍ သစ်ပင်နှင့် နွယ်များကို ကိုင်တွယ်၍ တက်ရသောကြောင့် တောင်ထိပ်သို့ရောက်ဖူးသူ အလွန်နည်း၏။ အလွန်ထူးဆန်းသော တောပန်းများနှင့်အဖိုးတန်သော ဆေးပင်များရှိ၏။ နတ်တော်လနှင့်ပြာသိုလငါးဆေးခပ်ချိန်တွင် လွှဲအိမ်တောင်သည် အညီအစော်အနံ့လှိုင်ပြီးယင်တဝေါဝေါနှင့်ငါးပုံများ တွေ့မြင်ဘူးကြောင်းရှေးလူကြီးများပြောပြသည်ကိုကျွန်တော်အသက်တစ်ဆယ့်ငါးနှစ်သာမဏေဘဝက ကြားဖူး၏။

## မျက်စိမမြင်သောမိကျောင်းမ

အင်းတော်ကြီးထဲတွင် ငါးအမျိုးမျိုးပြည့်နှက်ပေါများလျက် အင်းတော်ကြီးမှထွက်စီးစရာအင်းပေါက်မရှိသဖြင့် ငါးချေးတို့သည် မြောက်များစွာ စုပုံလျက်ရှိရာအင်းတော်အရှင်ကြီးက မခံရပ်နိုင်အောင် ငါးချေးစော်နံသောကြောင့်မှူးတော်မတ်တော်တို့အား နန့်ပုတ်ချောင်း အတိုင်းငါးချေးများ ထွက်စီးသွားရန် နန့်ပုတ်ချောင်းအရှင်ထံသွားရောက် ခွင့်ပန်စေရာ နန့်ပုတ်ချောင်းအရှင်သဘောမတူသဖြင့် အခွင့်မရ၍ နန့်ကောက်ချောင်းဘက်သို့ဖောက်ထွက်ရန် သမက်တော် နန့်တိန်းအရှင် ကြီးအားနန့်ကောင်းချောင်းအရှင်ထံသို့ သွားရောက်အခွင့်တောင်းစေရာ တွင် ကောင်းမွန်စွာ အခွင့်ရခဲ့၏။သို့ရာတွင် တစ်နှစ်တစ်နှစ်လျှင် ငါးကောင်ရေ သုံးသိန်းပေးရမည်ဟု တောင်းသဖြင့် ပေးပါမည်။ နန့်တိန်း အရှင်ကြီးကတာဝန်ယူလျက် ရွှေတောင်ကြီးကစပြီး မျက်စိမမြင်သော မိကျောင်းမတစ်ကောင်ကို အဖောက်ခိုင်းရာ မိကျောင်းမကလည်း မျက်စိ မမြင်သဖြင့် ကျီးကန်းတစ်ကောင်းကို ရှေ့ကပျံခိုင်းပြီးကျီးသံကိုနားထောင်၍ ဖောက်လျှင် ပျံသန်းသောကျီး၏ ရှေ့တွင်ဆတ်သေတစ်ကောင်တွေ့၍ ဆတ်သားကိုစားရင်း ပျံသွားရင်း၊ ပျံလာရင်းစားရင်း၊ပျံသွားရင်းပြုသည့် အတွက် ဤမိကျောင်းမဖောက်သောချောင်းသည် ရွှေတောင်မှ နန့်ကောင်းချောင်းအထိ ကာမိုင်းသို့အရောက် အကောက်ပေါင်းသုံးရာ ခြောက်ဆယ်ရှိလေသတည်း။ နန့်ကောင်းချောင်းအထိ ဖောက်ပြီးသော် နန့်တိန်းအရှင် ဝန်ခံသည့်အတိုင်းတစ်နှစ်လျှင် ငါးကောင်ရေ သုံးသိန်းပေး ရကြောင်းကိုသမိုင်းဟောင်း၌ ဆိုထားလေ၏။

**ဆေးသမားအိုက်ကြီး**

ကားမိုင်းမြို့နှင့်မိုးကောင်းမြို့ကြားတွင်အလွန်ရေနေကောင်းသော ဆေးသမားအိုက်ကြီးရှိ၏။ဒဏ်ရာဒဏ်ချက်ရရှိသော ငါးတို့သည် ၎င်းအိုက်ကြီးသို့ရောက်ရှိလျှင်အနာအဆာဒဏ်ရာဒဏ်ချက်ပျောက်ကင်း၍ ချမ်းသာခြင်းရှိကြလေသတည်း။

**စစ်မကူသည့်ချောင်းရှင်တန်များ**

အင်းတော်အရှင်ကြီးနှင့်လွဲအိမ်အရှင်ကြီးတို့စစ်ပွဲကြီးဆင်နွှဲကြသောအခါ အင်းအရှေ့ဘက်ရှိ ချောင်းပိုင်ရှင်နတ်မင်းတို့သည် အင်းတော်အရှင်ကြီးအား တိုက်ခိုက်ရာပါသည့်အတွက် အင်းထဲ၌ ကောင်းမွန်စွာရေစီးဝင်ခွင့်မရ၊တောင်ခြေချောင်းဦးတစ်လျှောက်တွင်ချောင်းကြီး၍ ရေနေကောင်းသော်လည်း အင်းနားရောက်က ကြက်ပျောက်ငှက်ပျောက် ဖြစ်ရ၏။ အချို့ချောင်းများသည် အင်းနားတွင် အတော်တန်ချောင်းပေါက်ဝကြီးသော်လည်း ချောင်းတစ်လျှောက်တွင် ကြက်ပျောက်ငှက်ပျောက် တောက်လျှောက်မလာရ၊ ယခုခေတ်ကျအောင် ထင်ရှားစွာတွေ့မြင်ရ၏၊ အင်းအနောက်ဘက်ကမ်းရှိ ချောင်းများသည် အင်းတော်ကြီးအရှင်အား စစ်ကူသည့်အတွက် ရေနေသန့်ရှင်းကြည်လင်စွာ အင်းကြီးထဲသို့ စီးဝင်ခွင့်ရကြလေသည်။ သို့ဖြစ်၍ ဤအရာများသည် အလွန်ထူးဆန်းသော အချက်များဖြစ်ပေသတည်း။

**အင်းတော်ကြီးအတ္ထုပ္ပတ္တိ၏ သမိုင်းအချုပ်စကား**

သက္ကရာဇ်(၂၃၀)ပြည့်နှစ်တွင် (၃၈၀၁၂)သုံးသောင်း ရှစ်ထောင်တစ်ကိုပ်နှစ်ယောက်သော နဂါးတို့သည် ဘောဂဝတီနဂါးပြည်မှ ထွက်လာ

သော နှစ်ဖြစ်သည်။

သက္ကရာဇ်(၂၆၄)ခုနှစ်တွင်ဥတ္တရစောဖြူရှေ့မင်းသည် အိမ်ခြေ (၇ရာဇ်တိုင်းကိုးသန်း)တွင် တစ်သောင်းရှိသောဥတ္တရဌာနီစည်ခမ်းမြို့ တည်သော နှစ်ဖြစ်သည်။

သက္ကရာဇ်(၃၆၀)ပြည့်နှစ်တွင် တောင်မြောက်အလျား (၈)တိုင်၊ အရှေ့အနောက်အနံ(၄)တိုင်ရှိ အင်းကြီးဖွဲ့ကြောင်းကိုသမိုင်းဟောင်းတို့၌ ဆိုထားသည့်အတိုင်း ကျွန်ုပ်''ဦးသိန်းညွှန့်''သည် နှစ်ပေါင်း(၂၅)နှစ်မျှ ဤသမိုင်းအစစ်အမှတ်ကိုခဲယဉ်းစွာဖြင့် ရှာဖွေ၍ သက္ကရာဇ် ၁၃၁၂ခုနှစ်မှ ရရှိ၍ ရှမ်းဘာသာမှမြန်မာဘာသာပြန်ဆိုလိုက်ပါသည်။

**မှတ်ချက်**။ (၁) တိုင်(၂)မိုင်ဖြစ်ပါသည်။

အင်းတော်ကြီးအတ္ထုပ္ပတ္တိဝိဘာဝိနီမည်သောသမိုင်းချုပ်ကျမ်းသည် ဘေးမသီရန်မသန်းဘဲ အေးချမ်းသာယာစွာ ပြီးမြောက်အောင်မြင်ပြီ။

**ဤတွင်အင်းတော်ကြီးအတ္ထုပ္ပတ္တိသမိုင်းပြီးပါပြီ။**

⊠ ⊠ ⊠

**ဆရာကြီးဦးသိန်းညွှန့်**
(နန့်မွန်း–အင်းတော်ကြီး)

ရက်စွဲ။ ၁၃၁၂ခုနှစ်၊ တပို့တွဲလပြည့်နေ့။
(ပထမအကြိမ်)မူရင်းအတိုင်း
ပြန်လည်ရိုက်နှိပ်သည်။

## အင်းတော်ကြီးနှင့်မောရှမ်းတရုတ်(ရှမ်းလေးမြို့)အနွယ်

ဂုရုရာဇ်တိုင်း(စည်ခမ်း)ပြည့်ရှင် ဥတ္တရစောဖြူမင်း၏ သားတော် စောဝ်ဆေးဖိတ် ထမံသီအတတ်ပညာဖြင့် ကျားဖြူအဖြစ်သို့ပြောင်း၍ မိုင်းသုံစခန်းပတ်ဝန်းကျင်တွင်ကျက်စားလျက်ရှိလေသည့်၊ စောဝ်ဆေးဖိတ်ခေါ် (ကျားဖြူ)မင်းသားသည် ဇရာဝတီမြစ်သို့ရေသောက်ရန် ဆင်းလာသည် (အေဒီ ၆၄၉တွင်တည်သောမောရှမ်းတရုတ် နန်းစောနိုင်ငံသည် (၁၁ရာစု၌ ဘုရင်ဥတည်ဘွား၏သမီးတော်စောလှမယ်(ခေါ်) နန်းမွန်းမွေးစဉ်ကပင် မျက်စိမမြင်သဖြင့် ခမည်းတော်က ရှက်ရကားအရွယ်ရောက်စဉ်ဖောင်တင်၍ တာပိန်းချောင်းမှတစ်ဆင့် ဇရာဝတီမြစ်သို့ မျှောစေခဲ့လေသည်)၊ ထိုစဉ်ကျားဖြူမင်းသားသည်နန်းမွန်၏ဖောင်ကို တွေ့မြင်လေသည်။ နန်းမွန်တို့၏ချစ်ကြိုက်စုံမက်၍ စခန်းသို့ခေါ်ဆောင်လျက် ပေါင်းဖက်နေထိုင်ကြလေသည်။

ကျားဖြူမင်းသား ဆေးကု၍ နန်းမွန်သည်လည်း မျက်စိနှစ်ဖက်အလင်းရလေသည့်အပြင် သားတော်ခွန်ကံ(ခေါ်) ဆေးကော်ဖ၊ ခွန်ရုံ(ခေါ်)ဆေးတုံဖ၊ ခွန်အွန်(ခေါ်)ဆေးကျုံဖ တစ်နည်းဝန်းသိုသမိုင်းအရတွင်လည်း သိုကော်ဘွား၊သိုင်ဘွား၊ သိုကြည်ဘွား၊ သိုဟုံဘွား တို့ကို ဖွားမြင်ထွန်းကားလေသည်။

နောင်တွင် ဘိုးတော်ဥတည်ဘွားပေးအပ်သည့် အမွေပစ္စည်း (ဓား၊အိုးစည်၊ဆင်)တို့ကို အသီးသီးရယူကာ အလိုအလျောက် ဓားစိုက်သောနေရာတစ်ဘက်ပိတ်စည်မည်သော နေရာ ဆင်ဦးကင်းတပ်တွင် ဗျိုင်းနားသော နေရာ---တို့၌ ထီးနန်းအသီးသီးစိုက်ထူကြ၏။

ရှေးအတိတ ခါကာလ ဂဏနာဃက ပုဂ္ဂလအကျော်
ဆရာတော်တို့ ဘောက်မြော်စေတနာ
ရှမ်းဘာသာဖြင့် နောင်လာလူများ သိမှတ်သားဖို့
လင်္ကာစာသွား ရေးစီထားခဲ့သော
အစောင်စောင်သော

( ရွှေ မ ဋ္ဌူ ဘု ရား သ မိုင်း ဟောင်း )တို့ကို
စုဆောင်းရှာဖွေ၍ ကျွန်ုပ် ''ဦးသိန်းညွန့်''သည်
မြန်မာဘာသာ ပြန်ဆိုရေးသားအပ်သော

စေတိယပုပ္ပတ္တိ ဝိဘာဝနီမည်သော
**အင်းတော်ကြီး(အင်းလေး)ရှိ**

# ရွှေမဋ္ဌူဘုရားသမိုင်း
# [အဘိယာစက-စာတမ်း]

# ရွှေမဥ္ဇူဘုရားသမိုင်း
# အဘိယာစကစာတမ်း

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## ( စိ ရံ တိ ဋ္ဌ တု သ ဒ္ဓ မ္မော )
## နိ ဒါ န နှင့် အ ဘိ ယာ စ က က ထာ

ဤစေတီယပ္ပတိဘာဝနိမည်မှန်ကွန်းပြောင် ဤရွှေမဥ္ဇူဘုရားသမိုင်းစာစောင်ပေါ်ပေါက်လာရခြင်းအကြောင်းရင်းကားများစွာ မြို့ပြရွာဂါမနှင့်ဒေသအသွယ်သွယ် နယ်ပေါင်းအသီးသီးတို့မှ ဘုရားဖူးရောက်လာကြကုန်သောသောင်းပြောင်းရောရော များစွာသောသူတော်ကောင်းတို့သည့် ဤစေတီတော်ကြီးသည် အလျားအနံကျယ်ဝန်း၍ ထူးဆန်းအံ့ဩဘွယ်ကောင်းလှသောအင်းကြီးအလယ်ကွင် တည်ရှိသဖြင့် စေတီတော်တည်စ ပထမက ခုနှစ်သက္ကရာဇ်နှင့်တကွ သိလိုသည့် ဆန္ဒစေတနာဗလဝ ထက်သန်ကြလျက်ဘုရားကိစ္စရွက်ဆောင်ကြကုန်သော ဂေါပကလူကြီးတို့အားမေးမြန်းကြရာ ဘုရားဖူးဇည့်သည်တော်တို့ မေးမြန်းခြင်း

ခံရသော ပုဂ္ဂိုလ်တို့သည်ဘုရားကြီးအကြောင်း ကောင်းစွာသိရှိလေ့လာ ထားသောပုဂ္ဂိုလ်များနည်းပါးသည့်အတွက်အချက်ကျကျ ဖြေဆိုရန် မလွယ်ကူလှပေ၊ မေးမြန်းသူပုဂ္ဂိုလ်သည်လည်း မိမိတို့သိလိုမှတ်လို ကြည်ညိုသောဆန္ဒပြည့်ဝကြ၍ စေတနာဗလဝထက်သန်ကြစေခြင်းငှါ လည်းကောင်း၊ထူးဆန်းသောအင်းကြီး၏ အလယ်၌ တည်ရှိတော်မူသော (ရွှေမဥ္ဇူ)စေတီတော်ကြီးအကြောင်းကို ကောင်းစွာသိရှိ ကြည်ညိုကြစေ ခြင်းငှါလည်းကောင်း၊အစောင်စောင်သော ရွှေမဥ္ဇူဘုရားသမိုင်းဟောင်း တို့ကိုကောင်းစွာသုံးသပ် ဝေဖန်လျက် မှတ်သားဘွယ်အချက်တို့ကို ထည့်သွင်းပြီး နောင်လာနောက်သားလူအများတို့လွယ်လွယ်ကူကူ သိမှတ်ရခြင်း၊သဒ္ဓါပုဗ္ဗဂ်မကုသိုလ်၊ စိတ္တပ္ပသာဒ်၏တိုးပွားခြင်းအကျိုးငှါ စေတီယပုပ္ပတ္တိဝိဘာဝနီမည်သော (ရွှေမဥ္ဇူ)စေတီတော်ကြီးသမိုင်း အဘိယာစက စာတမ်းကိုရေးသားစီရင်လိုက်ရပေသည်။

အကျွန်ုပ် အပတ်တကုတ်စွမ်းအားထုတ်၍ ခဲယဉ်းစွာရှာဖွေ စုဆောင်းရသော ရွှေမဥ္ဇူဘုရားသမိုင်းဟောင်းများကို ရှမ်းဘာသာမှ မြန်မာဘာသာပြန်ဆိုရေးသားလိုက်ပါသည်။သူတော်ကောင်းတို့သည် စေ့စေ့ငုငုအားရုံပြု၍ ဖတ်ရှုနိုင်ကြပါစေကုန်သတည်း။

ကမ္ဘာဟူသည်။ ။ကမ္ဘာဟူသောစကားကို (ဘ)အက္ခရာနှင့် (မ)အက္ခရာဆင့်၍မရသေးဘဲ အဋ္ဌကထာမှာပါရှိသည့်အတိုင်း(ပ) အက္ခရာနှစ်လုံးဆင့်၍ ရေးပေအံ့၊ ကပ္ပ သည် သုညကပ္ပ အသုညကပ္ပ ဟူ၍ နှစ်မျိုးနှစ်စားပြ၏။ ထိုနှစ်ပါးတို့တွင် ဘုရားပဋ္ဌေကဗုဒ္ဓါစက္ကဝတ် မင်းဟူသော ဂုဏဝန္တဖြစ်သောသူတော်ကောင်းတို့မှ ကင်းဆိပ်သော ကပ္ပ သည် သုညကပ္ပမည်၏။ ဘုရားပဋ္ဌေကဗုဒ္ဓါ စက္ကဝတ်ဟူသော ဂုဏဝန္တ

ဖြစ်သော သုံတော်ကောင်းတို့မှမကင်းဆိပ်သော ကပ္ပါသည် အသုညကပ္ပါ မည်၏။ ထိုအသုညကပ္ပါသည်လည်း သာရကပ္ပါ၊ မဏ္ဍကပ္ပါ၊ ဝရကပ္ပါ၊ သာရမဏ္ဍကပ္ပါ၊ ဘဒ္ဒကပ္ပါဟူ၍ငါးမျိုးပြားပြန်၏။ ထိုငါးမျိုးတို့တွင် ဘုရား တစ်ဆူပွင့်သောကပ္ပါသည် ဂုဏ်အဆီအနှစ်ရှိသောကြောင့်သာရကပ္ပါ မည်၏။ဘုရားနှစ်ဆူပွင့်သောကပ္ပါသည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ စိတ်၏ကြည်လင်ရာဖြစ်သောကြောင့် မဏ္ဍကပ္ပါမည်၏။ဘုရားသုံးဆူပွင့် သော ကပ္ပါသည် လူနတ်ဗြဟ္မာသတ္တဝါတို့၏ဝမ်းမြောက်ဝမ်းသာအလိုရှိ အပ် တောင့်တရာဖြစ်သောကြောင့် ဝရကပ္ပါမည်၏။ ဘုရားလေးဆူပွင့် သော ကပ္ပါသည် သာရကပ္ပါ၊ မဏ္ဍကပ္ပါ၊ ဝရကပ္ပါတို့ထက် အလွန်အကြူး အထူးအားဖြင့် ဂုဏ်အဆီအနှစ်နှင့်ပြည့်စုံသည်ဖြစ်၍ လူနတ်ဗြဟ္မာ သတ္တဝါ တို့၏စိတ်၏ကြည်လင်ရာဖြစ်သောကြောင့်သာရမဏ္ဍကပ္ပါမည်၏။ ဘုရားငါးဆူပွင့်သော ကပ္ပါသည် များသောအားဖြင့် လူနတ်ဗြဟ္မာသတ္တဝါ တို့မှာချမ်းသာစီးပွားကောင်းကျိုးများ၏။ များမြတ်သည်အဖြစ်၊ များသော အားဖြင့် တိဟိတ်ပုဂ္ဂိုလ်တို့၏ ကိလေသာကုန်ခန်းခြင်းကို ပြုရာ၏အဖြစ်၊ များသောအားဖြင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ သုဂတိဘုံသို့ ရောက်ရာ၏အဖြစ် များသောအားဖြင့် အဟိတ်ပုဂ္ဂိုလ်တို့၏ ဒွိဟိတ်၊ တိဟိတ်ဖြစ်ရာ၏ အဖြစ် ကြောင့် အကောင်းဆုံးဖြစ်၍ ဘဒ္ဒကပ္ပါမည်၏၊ ဘုရားငါးဆူထက် အလွန် ကား ပွင့်ရိုးထုံးစံမရှိပြီ။

ထို့ကြောင့် “ဒုဝိဓေါဟိ ကပ္ပေါ သုညကပ္ပေါ အသုညကပ္ပေါစာတိ၊ တတ္ထ သုညကပ္ပေ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ စက္ကဝတ္တိနော နုပ္ပဇ္ဇန္တိတိ၊ တသ္မဂုဏဝန္တပုဂ္ဂလ သုညတ္တာ သုညကပ္ပေါတိ ဝုစ္စတိ၊ အသုညကပ္ပေါ ပဉ္စဝိဓေါ သာရကပ္ပေါ မဏ္ဍကပ္ပေါ ဝရကပ္ပေါ သာရ မဏ္ဍကပ္ပေါ အဒ္ဒကပ္ပေါတိ ဧကော ဗုဒ္ဓေါ သာရကပ္ပေ မဏ္ဍကပ္ပေ ဗိနာဒုဝေ၊ တယောဗုဒ္ဓေါ ဝရကပ္ပေ သာရမဏ္ဍေစတ္တရော ဗုဒ္ဓေါ၊ ပဉ္စဝိဓါဘဒ္ဒကပ္ပေ၊ တတ္တောနတ္ထာဓိကာဗိနာ”၊ ပဒုမုတ္တ ဗုဒ္ဓဝံသအဋ္ဌကထာ၊ ဇာတကနိဒါန အဋ္ဌကထာ၊ အပဒါန အဋ္ဌကထာတို့၌ လာ၏။ အနက်ကား–ဟိ။ သတ္တနိကာယ် များသိလွယ်အောင် အကျယ်ချဲ့ဦးအံ့။ ။

ကပ္ပေါ၊ ကပ္ပါသည်၊ သုညကပ္ပေါစ၊ သုညကပ္ပါလည်းကောင်း၊ အသုညကပ္ပေါစ၊ အသုညကပ္ပါ လည်းကောင်း၊ ဣတိ ဤသို့ ဒုဝိဓေါ နှစ်ပါးအပြားရှိသည်၊ ဟောတိဖြစ်၏၊ တတ္ထတသ္မိံ ဒုဝေဓေကပ္ပေ၊ ထိုနှစ်ပါးအပြားရှိသော သုညကပ္ပါ အသုညကပ္ပါတွင် သုညကပ္ပေ၊ သုညကပ္ပါ၌ (ဝါ) သုဉ်းသော ကပ္ပါ၌ ဗုဒ္ဓပစ္စေက ဗုဒ္ဓစက္ကဝတ္တိနော ဘုရားပစ္စေကဗုဒ္ဓါစကြဝတ်မင်းတို့သည် န ဥပ္ပဇ္ဇန္တိ၊ မပွင့်ထွန်း မပေါ်ပေါက်ကုန်၊ တသဿကပ္ပဿ ထိုကပ္ပါ၏ ဤတိတသ္မာ ဂုဏဝန္တပုဂ္ဂလ သုညတ္တာ၊ ထိုသို့ဂုဏ်ထူးရှိသော ပုဂ္ဂိုလ်မြတ်တို့မှ ကင်းဆိတ်သည်၏ အဖြစ် ကြောင့်သော ကပ္ပေါ၊ ထိုကပ္ပါကို၊ သုညကပ္ပေါတိ၊ သုညကပ္ပါဟူ၍ (ဝါ)သုဉ်းသောကပ္ပါဟူ၍ ဝုစ္စတိ၊ ဆို၏ အသုညကပ္ပေါ၊ အသုညကပ္ပါသည် (ဝါ)မသုဉ်းသော ကပ္ပါသည် သာရကပ္ပေါ သာရကပ္ပါလည်းကောင်း၊ မဏ္ဍကပ္ပေါလည်းကောင်း၊ ဝရကပ္ပေါ၊ ဝရကပ္ပါလည်းကောင်း၊ သာရ မဏ္ဍကပ္ပေါလည်းကောင်း၊ ဘဒ္ဒကပ္ပေါ၊ ဘဒ္ဒကပ္ပါလည်းကောင်း (ဝါ)

ကပ္ပါအပေါင်းတို့ထက် အကောင်းဆုံး၏အဖြစ်ကြောင့် ဘဒ္ဒမည်သော ကပ္ပါလည်းကောင်း၊ ဣတိ ဤသို့ပဥ္စဝိဓော ငါးပါးအပြားရှိသည်၊ ဟောတိဖြစ်၏။

သာရကပ္ပေ၊ သာရကပ္ပါ၌ ဧကော တစ်ဆူသော ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်၊ ဥပ္ပဇ္ဇန္တိ၊ ပွင့်ထွန်းပေါ်ပေါက်တော်မူ၏၊ မဏ္ဍကပ္ပေ၊ မဏ္ဍကပ္ပါ၌၊ ဒွေ၊ နှစ်ဆူကုန်သောဇိနာ၊ မြတ်စွာဘုရားတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ပွင့်ထွန်းပေါ်ပေါက်တော်မူကြကုန်၏၊ ဝရကပ္ပေ၊ ဝရကပ္ပါ၌ တယော၊ သုံးဆူကုန်သော၊ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ပွင့်ထွန်းပေါ်ပေါက်တော် မူကြကုန်၏၊ သာရမဏ္ဍေ၊ သာရမဏ္ဍ–ဝရကပ္ပါ ထိုသုံးဖြာထက် လွန်စွာအထူးမြတ်ကျေးဇူး ဖြင့် ကြည်နူးစည်ပင် စိတ်ကြည်လင်ရာ၏ အဖြစ်ကြောင့် သာရမဏ္ဍမည်သော ကပ္ပါ၌၊ စတုရော၊ လေးဆူကုန်သော ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ပွင့်ထွန်းပေါ်ပေါက်ကြ ကုန်၏၊ ဘဒ္ဒကပ္ပေ–ဘဒ္ဒကပ္ပါ၌၊ ပဥ္စ–ငါးဆူကုန်သော၊ ဗုဒ္ဓါ–မြတ်စွာဘုရားတို့သည်၊ ဥပ္ပဇ္ဇန္တိ–ပွင့်ထွန်းပေါ်ပေါက်ကြကုန်၏။တတောပဥ္စသို့ ဗုဒ္ဓေဟိ၊ ထိုငါးဆူကုန်သော မြတ်စွာဘုရားတို့ထက် အဓိကာ၊ လွန်ကုန်သော၊ ဇိနာ၊ မြတ်စွာဘုရားတို့သည်၊ နတ္ထိမရှိကုန်၊ (ဝါ) ပွင့်တော်မူရိုး မဟုတ်ကုန်။

(၁) သာရကပ္ပံ၊ မြတ်ဗုဒ္ဓံ ဧကန် တစ်ဆူမှတ်။

(၂) မဏ္ဍကပ္ပံ၊ စောဇိနံ ပွင့်ရန် နှစ်ဆူမှတ်။

(၃) ဝရကပ္ပံ၊ အရဟံ၊ ပွင့်မှန် သုံးဆူမှတ်။

(၄) သာရမဏ္ဍံ၊ ကပ္ပံ၊ နာထံ လေးဆူမှတ်။

(၅) ဘဒ္ဒအမည်ခံ၊ မြတ်ကပ္ပံ၊ ပဉ္စငါးဆူမှတ်။

(၆) ဤသို့ဘုရား ပွင့်ပုံများ၊ များနားခွဲဝေမှတ်။
(၇) မေတ္တာမိုးခွေ၊ များဒိုလ်ခြေ၊ သိလေမနောဓါတ်။

ငါတို့ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဘုရားမဖြစ်မီ အစဉ်အားဖြင့် ဒီပင်္ကရာအစ ကဿပအဆုံး ပေါင်းရုံးတွက်စိတ် နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့၏ ရှေ့တော်အောက်ဝယ် မျက်မှောက်ထင်ထင် ဖူးတွေ့မြင်လျက် စည်ပင်ပွင့်လန်း ဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့ရသော ရာဇာဓိရာဇ်နှ ဒေဝါဓိဒေဝိနှ သက္ကာ ဒိုသက္ကိန္ဒြပြဟ္မာဓိပြဟ္မိန္ဒ ဇေဋ္ဌသေဋ္ဌ အတုလဂုဏ ဇိနဘဂဝါ အမိတပရမာ တဝိတ ယဿဝသတ္တာ သုဂတဉက္ကဋ္ဌ သာဓိ နုတ္တရညာဏ သမုဂ္ဂတ သမာဓိမုနိသကျထုတိဘဂ္ဂ၂၀ ဇုတိအနဏ္ဍ အသမဘူရိ ဇုတိပုညဇ ထုတိသုန္ဒရ မုန်ပုင်္ဂဝ ညာဏဓိအနတိ ဒွိဒုတ္တမ ဝိဇယုဿဝ တြိဉက္ကဋ္ဌအစစ် ဖြစ်ကြီးဖြစ်တော်မူ၍ အမော်တကာတို့၏ထိပ်သီး၊ အကြီးတကာတို့၏ ထိပ်တင် ဘုရင်တကာတို့၏ ထိပ်ထား သိကြားတကာတို့၏ ထွဋ်ချာ ပြဟ္မာတကာတို့၏ ထိပ်ပန်း၊ ဓမ္မရာဇ်မုန်ကူ စံမတူ ပြည်နိဗ္ဗာန်ရည် စိတ်သန်သည့် သယမ္ဘူဟု စံတူကင်းပျောက် စက်ဝဠာတွင်း ဘဝဂ်ပါ ကင်းအောင်၊ သီတင်းမောက်လျက် ဝင်းတောက်ကျက်သရေ ကံအမျိုးမျိုး ဉာဏ်တန်ခိုးဖြင့် ထက်ဖြိုးဝေ၍ ကိုးထွေဂုဏ်တော် ဆည်းပူးအမှုသမ္ဘာ ရသည့် အာနုဘော်ဖြင့် အဟောအစ္ဆရိ သတင်းနှံ့လွှယ် သင်းပျံ့ ကျယ်အောင် အံ့ဘွယ်ရှိသည့် မုနိထိပ်တင် နိကယ် အများ ငြိတွယ်သနား သည့် ငါတို့ဘုရားရှင်သည် ဒီပင်္ကရာ သောင်းလောကဓါတ်၊ ပြောစမှတ် သည့် စောမြတ်စွာ၏ရှေ့မှာ ဝပ်စင်း၊ ဘုရားဉာဏ်သွား ဆုပန်ထားလျက် တံတား ခင်းသဖြင့် ရင်းနှီးကမ္ဘာ ဗိုလ်ထုဝေနေ ကြိုတ်ဆုဝေမည့်

သုမေဓါဟုမဟာအစစ် ဉာဏ်တော်ဓလေ့ ချွန်ပျော်မွေ့သည့် ရသေ့အဖြစ်မှ၊ ဝေဿန္တရာ၊ ပါရမီအရှင် အထွဋ်တင်သည့် ဘုရင်ရာဇာဟု မဟာမင်းဖျား ပါရမီမြင့်သုံး ဖြည့်ကျင့်ရှုန်းဖြင့် နောက်ဆုံးထား၍ အများရှည်ကြာ သချေ်ာ သချာ မယှဉ်သာသည့် ကပ္ပါပါ၌ မဟာဆန္ဒကာ ယဒုက္ခာမဆုတ်ခွာသည့် ဉဿဟဖြင့် လုံ့လအားခဲအလောင်းဓမ္မတာ မပြောင်းသာအောင် ကောင်းစွာစွဲလျက် အမြဲစိတ်ကူး ပရမီရင့်သန်အစွန့် မြန်အောင် ကျင့်ဟန်ထူးသောကြောင့် ကွန့်မြူးထွေထွေ လုပ်ငန်းစုံပြီး ပြေလျက် ဝေဿန္တရာမင်းအဖြစ်မှ စုတေခဲ့၍ တုတိသာနတ်ပြည်၌ သေတ ကေတုအမည်ရှိသော နတ်သားဖြစ်၍ တစ်ပါးသောနတ်ပေါင်းတို့ကို အာယု၊ ဝဏ္ဏ၊ သုခ၊ ယသအဓိပတေယျ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ ဟူသော ဆယ်ပါးသော အကြောင်းတို့ဖြင့် လွှမ်းမိုးတော်မူ၍ လူတို့၏ အရေအတွက်အားဖြင့် အနှစ်ငါးဆယ်၊ ခုနစ်ကုဋေခြောက်သန်းတို့ ပတ်လုံးနတ်၏စည်းစိမ်ကို ခံစားတော်မူစဉ် စုတေလတ္တံ့သော ခဏ၌ (၁)အဝတ်ပုဆိုးတို့၏ ညစ်နွမ်းခြင်း၊ (၂)ပန်သောပန်းတို့၏ညှိုးနွမ်းခြင်း၊ (၃) လက်ကတီးကြားမှ ချွေးထွက်ခြင်း၊ (၄)ကိုယ်၌အဆင်းဖောက်ပြန်ခြင်း၊ (၅) နတ်တို့၏နေရာ၌ မရပ်တည်နိုင်ခြင်း၊ ဤငါးပါးသော ပုဗ္ဗနိမိတ်တို့ ထင်လတ်သော တစ်သောင်းသော စကြာဝဠာတိုက်မှ စည်းဝေးရောက် လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် ကာလောဒေဝမဟာဝီရ ဥပ ပဇ္ဇမာတုကုစ္ဆိယံ သာဒေဝကံတာရယန္တော ဗုဇ္ဈဿုအမတံပဒံ၊ မဟာဝီရ၊ ပြိုင်ဘက်မရ ကြီးမြတ်လှသည့် လုံ့လရှိတော်မူသော အလောင်းတော်နတ်မင်း၊ အယံ ဤအခါသည် ကာလောဘုရားဖြစ်ရာ အချိန်အခါပါတည်း။ တသ္မာ–ထို့ကြောင့်၊ တွံ–အရှင်အလောင်း

တော်နတ်မင်းသည် မာတုကုစ္ဆိယံ–လူတို့ထုံးတမ်းမယ်တော်ဝမ်း၌၊ ဥပပဇ္ဇ–ပဋိသန္ဓေစွဲကပ် တည်နေတော်မူပါလေ့၊ ဥပ္ပဇ္ဇိတွာ–ပဋိသန္ဓေစွဲကပ်တော်မူ၍ သဒေဝကံ–နတ်နှင့်တကွ သော လောကံ–သတ္တလောကကို တာရယန္တော–သံသရာဝဲသြဃထဲမှ ထုတ်ဆွဲကယ်တော်မူလိုက်သည်၊ ဟုတွာ ဖြစ်၍ အမတံ မအိုမသေ အမြဲနေရာဖြစ်သော ပဒံ နိဗ္ဗာကို၊ ဗုဇ္ဈသု – အပတ်တကုတ်သိအောင် အားထုတ်တော်မမူပါလေ့။

ဤသို့ဘုရားဖြစ်ခြင်းငှါ နတ်ဗြဟ္မာတို့ အညီညွတ်တောင်းပန်အပ်သည်ဖြစ်၍ အဆောတလျင် ပဋိဉာဉ်မပေးသေးဘဲ၊ ကာလဒီပ–ဒေသ–ကုလ–ဇနေတ္တိ–အာယုပမာဏ ဤငါးပါးသောကြည့်ခြင်းတို့ကို ကြည့်တော်မူသည်ရှိသော် အနှစ်တစ်သိန်းတန်းမှအထက် ဖြစ်သောကာလသည် အနိစ္စ–ဒုက္ခ–အနတ္တတည်းဟူသော လက္ခာယာဉ်သုံးပါး၏ မထင် နိုင်ခြင်းကြောင့် ဘုရားတို့၏ ပွင့်ရာကာလမဟုတ်၊ အနှစ်တစ်ရာအောက် ဖြစ်သောကာလသည်လည်း ရေဉ္စရိုက်အပ်သော ဒုတိရာသို့ ပေးအပ်သော အဆုံးအမတော်၏ပျက်လွယ်သောကြောင့် ဘုရားတို့၏ ပွင့်ရာကာလမဟုတ် တသိန်းတန်းမှစ၍ တစ်ရာတန်းတိုင်အောင်သောကာလသည် ဘုရားရှင်တို့၏ပွင့်တော်မူရာကာလပေတည်းဟု ကာလကိုမြင်တော်မူ ၏၊ ထို့နောက် ဒီပကိုကြည့်ပြန်သည်ရှိသော် ဤစကြာဝဠာမှတစ်ပါးသော အနန္တစကြာဝဠာ တို့၌ ဘုရားရှင်တို့ ပွင့်တော်မူရိုးမဟုတ်ကုန်။ ဤစကြာဝဠာတွင်လည်း ဇမ္ဗူကျွန်းမှ တပါးသောကျွန်းတို့၌ ပွင့်တော်မူရိုးမဟုတ်ကုန် ဤဇမ္ဗူကျွန်း၌သာ ပွင့်ရိုးဖြစ်ပေကုန်၏ဟု ဇမ္ဗူဒိပ်ဟူသော ကျွန်းကိုမြင်တော်မူ၏။

ထို့နောက်ဒေသကို ကြည့်ပြန်သည်ရှိသော် ဤဇမ္ဗူဒိပ်

တွင်လည်း အရှေ့ဇဂ် လာနိဂုံး၏ ပြင်ပ၌ အင်ကြင်းပင်ကြီး အရှေ့တောင်ထောင့်အရပ်၌ သလ္လဝတီမြစ်၊ တောင်အရပ် သေတကဏ္ဏိကနိဂုံး၊ အနောက်အရပ်၌ ထုမနသဘောပုဏ္ဏားရွာ၊ မြောက်အရပ်၌ ဖသိရဒ္ဓဇတောင်း၊ ဤနိမိတ်ငါးရပဖြင့် သတ်မှတ်ပိုင်းခြားအပ်သော အလျားယူဇနာသုံးရာ၊ အနံယူဇနာနှစ်ရာ့ငါးဆယ်၊ အဝန်း ယူဇနာကိုးရာရှိသော မဇ္ဈိမဒေသ၌သာ ပွင့်မြဲပေတည်း။ ဤ–မဇ္ဈိမဒေသတွင်လည်း ကပ္ပိလဝတ္ထုမြို့၌ ဖြစ်ရမည်ဟု ဘုရားပွင့်ရာ အရပ်ဟူသောဒေသကို မြင်တော်မူ၏။ ထို့နောက် ကုလကို ကြည့်တော်မူပြန်သည်ရှိသော် အသည်မျိုး ဟူသော ဝေဿကုလ၊ သူဆင်းရဲမျိုးဟူသော သုဒ္ဒကုလ၌ ဖြစ်တော်မူရိုးမဟုတ်ကုန်၊ လောက၌ အမြတ်ဟူ၍ သမုတ်အပ်သော မင်းမျိုးပုဏ္ဏားမျိုး၌သာ ဖြစ်တော်မူကြကုန်၏။ ထိုတွင်လည်း မင်းမျိုးကိုသာအမြတ်ဆုံးဟူ၍ သမုတ်သည့်အခါ မင်းမျိုး၌သာ ဖြစ်တော်မူကြကုန်၏။ ပုဏ္ဏားမျိုးကို အမြတ်ဆုံးဟု သမုတ်သည့်အခါ ပုဏ္ဏားမျိုးသာဖြစ်တော်မူကြ ကုန်၏။

ဤအခါသည်ကားမင်းမျိုးကို အမြတ်ဆုံးဟူ၍ သမုတ်သည့်အခါဖြစ်၍ ငါသည် မင်းမျိုး၌သာဖြစ်ရလိမ့်အံ့၊ သုဒ္ဓေါဒနမင်းမြတ်သည် ငါ၏ခမည်းတော်ဖြစ်လတ္တံ့ဟု ဘုရား အလောင်းဖြစ်ရာ အမျိုးဟူသော ကုလကို မြင်တော်မူ၏။ ထို့နောက် ဇနေတ္တိအာယု ပမာဏကို ကြည့်တော်မူပြန်သည်ရှိသော ဘုရားလောင်း မယ်တော်သည် သေသောက် ကြူးလဲမဖြစ်ရ၊ ပပ္ပါတစ်သိန်းပတ်လုံးပြည့်အပ်ပြီးသော ပါရမီရှိသည်ဖြစ်၍ ဖွားသည်မှစ၍ မကျိုးမပေါက် မပြောက်ကျားသော ငါးပါးသီလရှိရမည်၊ မဟာမာယာအမည်ရှိသော ဤ– မိဖုရားကြီး

သည်လည်း ထိုကဲ့သို့သဘောရှိ၏။ ဤမဟာမာယာအမည်ရှိသော ဤမိဖုရား ကြီးသည် ငါ၏မယ်တော်ဖြစ်ရလတ္တံ့၊ ဘုရားလောင်း ကိန်းအောင်းတော်မူအပ်သော အမိဝမ်းတိုက်သည်လည်း စေတီ သိုက်နှင့်တူသည်ဖြစ်၍ တစ်ပါးသောသူတို့ ကိန်းအောင်း ခြင်းငှါလည်း မထိုက်၊ ဘုရားလောင်း ခမည်းတော်သည်လည်း မိဖုရားကြီးအဖြစ်ဖြင့် သုံး ဆောင်ခြင်းငှါမထိုက်၊ ဘုရားလောင်းမယ်တော် ရှိလျက် ဘုရားမယ်တော်ကိုပယ်၍ တစ်ပါးသောမိဖုရားကို မိဖုရားကြီးအရာ ထားခြင်းငါလည်း မထိုက်၊ ထိုသို့ မထိုက်သောကြောင့် မဟာမာယာ မိဖုရားကြီးအသက်ကား အဘယ်မျှတိုင်း အရှည်ရှိသနည်းဟု ဆင်ခြင်တော်မူ ပြန်သော် ဆယ်လနှင့် ခုနှစ်ရက်သာ အသက်ရှည်လတ္တံ့ဟု မယ်တော်၏ အသက်အတိုင်း အရှည်အပိုင်းခြားဟူသော မာတုအာယု ပမာဏကို မြင်တော်မူ၏၊ ဤသို့ကြည့်အပ်ကြည့် သင့်ကြည့်ထိုက်သော ငါးပါးသောအကြောင်းအရာကြီးဟူသော ပဉ္စမဟာဝိလောကနည်း ကြည့်တော်မူပြီး၍ တစ်သောင်းသော ` စကြာဝဠာတိုက်မှလာ၍ တောင်းပန်ကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ပဋိညာဏ်ကို ပေးတော်မူ၍ တုသိတာ နတ်ပြည်မှစုတေတော် မူခဲ့၍ လူ့ဘုံကပ္ပိလဝတ် ပြည် သုဒ္ဓေါဒနမင်းကြီး၏ အဂ္ဂမဟေသီမဟာမာယာမိဖုရားကြီး ဝမ်း၌ မဟာသက္ကရာဇ်(၆၇)ခု ဝါဆိုလပြည့်နေ့ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျက် မေတ္တာ၏ ဖြစ်သော သောမနဿံ သဟာဂုတ် ဉာဏသမ္ပယုတ် အသင်္ခါ ရိက မဟာကုသိုလ်စိတ်၏ အကျိုးဖြစ်သော သောမနဿသဟာဂုတ်ဉာဏ သမ္ပယုတ် အသင်္ခါရိက မဟာဝိပါတ်စိတ်ဖြင့် ပဋိသန္ဓေယူတော်မူ၍ မဟာသက္ကရာဇ်(၆၈)ခု ကဆုန်လပြည့်ဝိသာခါနက္ခတ်နှင့် ယှဉ်လျက်

နေမွန်းတည့်ချိန် သောကြာနေ့ဖွားမြင်တော်မူ၏။ ဖွားမြင်တော်မူပြီး ခဏ၌ ရဟန္တာပြဟ္မာ ကြီးလေးယောက်လာ၍ ရွှေဇာကွန်ယက်ဖြင့် ခံယူကြကုန်၏။ ရဟန္တာပြဟ္မာကြီးတို့လက်မှ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် နူးညံ့သော အတွေ့ရှိသော သစ်နက်ရေဖြင့် ခံယူကြကုန်၏။ နတ်မင်းကြီးလေးယောက်တို့လက်မှ ဘွဲ့ဖြူပုဆိုးအနီးဖြင့် လူများခံယူကြကုန်၏။ ဘွဲ့ဖြူပုဆိုးဟူသည် နှမ်းကြပ်လျှော်ဖြင့် ယက်အပ်သော ပုဆိုးပေ တည်း။ (နှမ်းကြပ်ဟူသည့်လည်း နှမ်းလျှ၊ နှမ်းကြီးကဲ့သို့ နှမ်းတစ်မျိုးပေတည်း) ထိုနှမ်းကြပ် ပင်သည် မြန်မာနိုင်ငံဧတော် ရက္ခိုင်ပြည်၌ ရှိကြောင်းကို ပခုက္ကူမြို့မဟာဝိသုတာထေရ်၏ အဆုံးအဖြတ်ကျမ်းတွင် တွေ့ဘူး၏။

ဘုရားလောင်းတော်သည် လူများထက်မှလွတ်၍ အရှေ့မျက်နှာကိုကြည့်တော် မူသည်ရှိသော် အသောင်းမက စကြာဝဠာတို့သည် ဟင်းလင်းအပြင်ထင်ရကုန်၏၊ အသောင်း မကသော အရှေ့စကြာဝဠာ၌ နေကြကုန်သော နတ်လူတို့သည် နံ့သာပန်းစသည်ဖြင့် ပူဇော်ကြကုန်လျက် ယောက်ျားမြတ် ဤအရှေ့အရပ်၌ အသျှင်နှင့်တူသောသူ မည်သည်မရှိပါ။ မြတ်သောသူကား ဆိုဘွယ်မရှိပြီဟု လျှောက်ကြသော အခါ အရပ်လေး မျက်နှာ၊ ရှစ်မျက်နှာ၊ ဆယ်မျက်နှာကို ကြည့်တောမူပြီး၍ မိမိနှင့်တူသောသူ တစ်စုံတစ် ယောက်မျှ မြင်တော်မမူရခြင်းကြောင့် မြောက်အရပ်သို့ ရှေ့ရှုခုနစ်ဖဝါး ကြွလှမ်းသွားတော် မူ၍ "အဂ္ဂေါဟမသ္မိ လောကဿ။ ဇေဋ္ဌောဟမသ္မိ လောကဿ။ သေဋ္ဌောဟမသ္မိ လောကဿ၊ အယမန္တိမာဇာတိ၊ နတ္ထိဒါနိပုနဗ္ဘဝေါ အ[illegible]ဝါသည် လောကဿ လောက ထက်။ အဂ္ဂေါမြတ်သည် အသ္မိဖြစ်[illegible]၏။

အဟံငါသည် လောကဿထက်။ ဇေဋ္ဌောထူးသဖြင့် ကြီးသည် အသျှီဖြစ်တော်မူ၏။ ဟံသည်၊ လောကဿထက် သေဋ္ဌော၊ အထူး သဖြင့် ချီးမွမ်းအပ်သည် အသျှီဖြစ်တော်မူ၏။ အယံဇာတိ ဤဖြစ်ရခြင်းသည် မေ၊ ငါ၏ အန္တိမာနောက်ဆုံး၌ဖြစ်သော ဇာတိဖြစ်ရခြင်းပေတည်း။ ဒါနိဤအခါ ပုနဗ္ဘဝေါ တစ်ဖန် ဘဝသစ်၌ ဖြစ်ရခြင်းသည် နတ္ထိမရှိတော့ပြီ" ဘုရား အလောင်းတော်သည် ခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့ ဤသို့ရဲရင့်သော စကားတော်ကို မိန့်တော်မူ၏၊ ငါတို့ဘုရားအလောင်းတော် သည် မဟောသဓါဘဝ၊ ဝေသန္တရာဘဝ၊ သိဒ္ဓတ္ထဘဝ ဤသုံးဘဝတို့၌ ဖွားတော်မူစကပင် စကားပြောတော်မူ၏ ဤသိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်နှင့်တစ်ချိန်တည်း ဖွား ဘက်တော်ကား ခုနစ်ပါးတည်း၊ ခုနစ်ပါးဟူသည်ကား ညီတော်အာနန္ဒာ၊ ဗောဓိပင်၊ ကာဠုဒါရီ၊ ယသော်ဓယော၊ ငစံအမတ်၊ ရွှေအိုးကြီးလေးလုံး၊ ကဏ္ဍကမြင်းဟူ၍ ခုနစ်ပါးတည်း၊ ဤခုနစ်ပါးကို အတိုမှတ်ရန်ကား အာ–ဗော–ကာ–ယ–င–ရွှေ–ကဏ်တည်း (အာ)အာနန်မည်ကျော် မြတ်ညီတော် ပျော်ပျော် မှတ်ကွဲ့ ဖွားဘက်တဲ့၊ (ဗော) ဗောဓိညောင်ရွှေငါးမာန်ချွေ မှတ်ပါလေကွဲ့ ဖွားဘက်တဲ့၊ (ကာ)ကာဠုဒါရီမြတ်မထေရ်တည်တည်မှတ်တဲ့ ဖွားဖက်တဲ့၊ (ယ)ယသော်ဓယော ကြင်ဘက်မှာ သေချာမှတ်ကွဲ့ ဖွားဘက်တဲ့၊ (င) ငဆန်မည်ခေါ် မတ် မင်းကျော် ပျော်ပျော်မှတ်ကွဲ့ ဖွားဘက်တဲ့၊ (ရွှေ)ရွှေအိုးရတနာ ပေါ်ထွက်လာ မြဲစွာမှတ်ကွဲ့ ဖွားဘက်တဲ့၊ (ကဏ်)ကဏ္ဍကခေါ် နတ်မြင်းကျော် ပျော်ပျော်မှတ်ကွဲ့ ဖွားဘက်တဲ့ ဤခုနစ်ပါး ဖွားဘက်များ ရေးသားပြီကွဲ့ မှတ်လေတဲ့။

ဘုရားလောင်းတော် သိဒ္ဓတ္ထမင်းသားမွေးပြီးနောက် သက်တော်

တစ်ဆယ့်ခြောက် နှစ်ရောက်လှစ်သောအခါ မင်းဆက်တကာမစံရဘူး သော ရမ္မ–သုဘ–သုရမ္မဟူသော ရွှေနန်း ပြာသာဒ်သုံးဆောင်တို့၌ ဘုန်းရောင်ပ,ဝင်း သိကြားမင်း၏ အသရေကဲ့သို့ အောင်မြေကပွဲလ ထက် မင်းဖြစ်နန်းရ ပိုင်သထွဋ်ဖူး ယသော်ဓယာအမှူး လေးသောင်းကြူးသော မောင်းမ တို့ဖြင့် ခြံရံလျက် နတ်စည်းစိမ်နှင့်တူသော မင်း၏စည်းစိမ်ကို ခံစားတော်မူစဉ် "သူအို– သေနာ–သူသေ–ရဟန်း"တည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူသဖြင့် သက်တော် (၂၉)နှစ်ရောက်လှစ် သောအခါ ဆန္နအမတ်နှင့်တကွ ကဏ္ဍကမြင်းတော်ကို တက်စီးတော် မူလျက် တောထွက်တောမူ၏၊ ထိုသို့ဘုရားအလောင်းတော် တော ထွက်တော်မူ၍ အနော်မာသောင်ပြင်သို့ရောက်တော်မူလျှင် ဒွင်္ဂုလမတ္တံဟု ကျမ်းဂန်၌ ဆိုသည့်အတိုင်း လက်နှစ်သစ်မျှ ခြွင်းချန်၍ ဆံတော်ကို ပယ်ဖြတ်လျက် အစိဋ္ဌာန်ဖြင့် ကောင်းကင်သို့မြှောက် တော်မူသည့်ရှိသော် ကောင်းကင်၌တည်နေတော်မူသည်ကို သိကြားမင်းမြင်၍ ရွှေပန်း တောင်း ဖြင့် ခံယူတော်မူပြီး တာဝတိံသာနတ်ပြည်တွင် တစ်ယူဇနာအတိုင်း အရှည်ရှိသော စူဠာမဏိအမည်ရှိသော စေတီတော်တည်၍ ဌာပနာ လေ၏။ ဃဋိကာရဗြဟ္မာဆက်ကပ်လာသော ကပ္ပါတန်ဆာရွှေကြာ သင်္ကန်းနှင့် ရဟန်းတို့၏အသုံးဆောင် လက္ခဏာပရိက္ခရာ ရှစ်ပါးကို ခံယူတော်မူပြီးသော် တောထွက်ခါနီး၌ ဝိသုကမ္မနတ်သားတန်ဆာ ဆင်အပ်သော နတ်ဝတ်တော်ကို ပယ်တော်မူ၍ ရဟန်းပြုတော်မူ၏။ နတ်ဝတ်ပုဆိုးအစုံကို ဃဋိကာရ ဗြဟ္မာယူ၍ ဗြဟ္မာပြည်၌ တစ်ဆယ့် နှစ်ယူဇနာရှိသော ဒုဿစေတီတည်တော်မူလေ၏။ ဤစူဠာမဏိစေတီ၊ ဒုဿစေတီနှစ်ဆူကား ဘုရားမဖြစ်မီ ဘုရားလောင်းလက်ထက်ဘော်က

တည်ထားကိုးကွယ်အပ်သော သာရီရိက ပရိဘောဂ စေတီတော်များ ပေတည်း။

၁။ စူဠာစေတီ၊ နတ်တို့ပြည်၊ တည်သည်ဆံတော်မြတ်။

၂။ နတ်ဝတ်လဲသော်၊ ဒုဿခေါ်၊ တည်တော်ဗြဟ္မာ့ရပ်၊

၃။ ဃဋိကာရ၊ ဗြဟ္မိန္ဒ၊ တည်ကြစေလိုမှတ်။

ဤစေတီတော်မြတ်နှစ်ဆူနှင့် ဟိမဝန္တာမှ ဟိမဝန္တာနတ်တို့တည် ထားသော စေတီ တော်တစ်ဆူ ပေါင်းသုံးဆူသောစေတီတော်တို့ကို သာမည လူပုဂ္ဂိုလ်တို့ သွားရောက်ဖူး မြော်ခြင်းငှါမတတ်ကောင်း၍ စွယ်စုံကျော်ထင်အမေးအဖြေကျမ်းတွင် "နတ်သာဖူးအပ်၊ လူမစပ်၊ ရောက်လျှင်ဘုရားမည်မျှနည်း" ဟု မေးခွန်းထုတ်ထားလေသည်။

ဘုရားလောင်းတော်သည် ရဟန်း၏အသွင်ကို ယူတော်မူလျက် သူတစ်ပါးတို့ ကျင့်နိုင်ခဲသော ဒုက္ကရစရိယာကို ခြောက်နှစ်ပတ်လုံး ကျင့်တော်မူ၍ ဘုရားဖြစ်ချိန် နီးကပ် လာသောအခါ မဟာအောင်မြေ ညောင်ရွှေဗောဓိသို့အကြွ နတ်တို့ပြုပြင်အပ်သော ခရီး လမ်းမတွင် ဖေဒင်ကျမ်းကို သင်ယူတတ်သော သောတ္ထိယဟူသောမြက်ထမ်းသမားနှင့် တွေ့၍ ကပ်လှူအပ်သော သမန်းမြက်ရှစ်ဆုပ်ကို ခံယူတော်မူပြီးလျှင် အရှေ့ မျက်နှာ ဗောဓိပင်ရင်း၌ ကြဲဖြန့်တော်မူသောအခါ ရတနာခုနစ်ပါးအတိ ပြီးသော အလွန်ဆန်းကျယ်သော ရတနာ ပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ဗောဓိပင်ကို ကျောပေးပြီးလျှင် အရှေ့သို့မျက်နှာမူလျက် "သဗ္ဗညုတ ဉာဏ်တော်မရမခြင်း ဤပလ္လင်တော်မှ ငါမထပြီ" ဟု မဆုတ်မနစ်သော လုံ့လ ဖြင့် တင်ပလ္လင်ဖွဲ့ခွေနေတော်မူစဉ် ပလ္လင်လုရန် ချဉ်းကပ်လာသော ဒေဝပုတ္တမာရ်နတ်ကို နေမဝင်မီအောင်တော်မူ၍ ပထမယာမ်၌

ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမယာမ်၌အရုဏ် မတက်မီ လင်းအားကြီးအချိန် မဟာသက္ကရာဇ်(၁၀၃)ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ အာသဝက္ခယဉာဏ်ဟူသော အရဟတ္တမဂ်ဉာဏ်ကိုရတော်မူ၍ စတုဝေသာရဇ္ဇဉာဏ် ဆအသာဓါရဏဉာဏ် ဒသဗလဉာဏ်စသော မရေမတွက်နိုင်သော ဉာဏ်တို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ဗောဓိပင် အောက်၌ ကဆုန်လဆုတ်တစ်ရက်နေ့ ညဉ့်သုံးယာမ်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံဆင်ခြင် တော်မူပြီး၍ ခုနစ်ရက်ပတ်လုံးအရဟတ္တဖိုလ် ချမ်းသာဟုဆိုအပ်သော ဝိမုတ္တိသုခကို ခံစားလျက်နေတော်မူ၏ ဤကား ဗောဓိပလ္လင်သတ္တာဟမည်၏၊ ထို့နောက် ဗောဓိပင်မှ စဉ်းငယ်အရှေ့ကို မှီသော မြောက်အရပ်၌ ရပ်တော်မူ၍ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံးဖြည့်ဆည်းပူးအပ်သော ပါရမီတော်၏ အစွမ်းကြောင့် ရအပ်သော ပလ္လင် ဗောဓိကို မမှိတ်သော မျက်စိတော်ဖြင့် ကြည့်တော်မူ လျက် ခုနစ်ရက်ကို လွန်စေတော်မူ၏။ ထိုအရပ်ကားအနိမ္မိသစေတီ အနိမ္မိသသတ္တာဟမည်၏၊ ထို့နောက် ပလ္လင်နှင့် ရပ်တော်မူရာ အရပ်တို့၏ အကြားအရှေ့အနောက် အလျားရှည်သော ရတနာစင်္ကြံ၌ စင်္ကြံ ကြွသွား တော်မူလျက် ခုနစ်ရက်လွန်စေတော်မူ၏၊ ထိုအရပ်ကား ရတနာစင်္ကမ စေတီ၊ ရတနာစင်္ကမ သတ္တာဟမည်၏၊ အဋ္ဌသာလိနီ၌ကား ရတနာဃရ စေတီဟူ၏၊ ထို့နောက် ဗောဓိပလ္လင်၏ အနောက်အရပ်နတ်တို့ ဖန်ဆင်း အပ်သော ရတနာဃရရတနာကျောင်းတော်၌ တင်ပလ္လင် ဖွဲ့ခွေနေတော်မူ၍ အဘိဓမ္မာပိဋကတ်ကို အထူးအားဖြင့် အနန္တနယ သမန္တပဋ္ဌာန်းကျမ်း

ကြီးကို ဆင်ခြင်တော်မူ၍ ခုနစ်ရက်ကို လွန်စေတော်မူ၏၊ ထိုအရပ်ကား ရတနာဃရစေတီ၊ ရတနာဃရသတ္တာဟမည်၏၊ ထို့နောက် ဗောဓိပင်၏ အရှေ့အရပ်၌တည်သော အဇပါလ ညောင်ပင်အောက်၌ရံခါ အဘိဓမ္မာကို ဆင်ခြင်တော်မူလျက် ရံခါဝိမုတ္တိသုခကို ခံစားလျက် ခုနစ်ရက်ပတ်လုံးနေတော်မူ၏၊ ဤကား အဇပါလသတ္တာဟပေတည်း၊ ထို့နောက်မဟာဗောဓိပင်၏ အရှေ့တောင့်အရပ်၌ တည်သော ကျည်းပင်အောက်၌ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိသုခကို ခံစားလျက်နေတော်မူ၏၊ ထိုအခါ စက္ကဝတ်မင်းဖြစ်ရာ ဘုရားဖြစ်ရာအခါတို့၌ ရွာမြဲဖြစ်သော မိုဃ်းကြီးသည် ခုနစ်ရက်ပတ်လုံးရွာ၏၊ မိုဃ်းကြီးခုနစ်ရက်ဆက်ရွာလျှင် ကျည်းပင်၏ အနီးရေကန်အောက် နဂါးဘုံ၌ဖြစ်သော မုစလိန္ဒနဂါးမင်းသည် မြတ်စွာဘုရား၏ ကိုယ်တော်ကို ခုနစ် ပတ်ပတ်၍ ဘေးရန်မနှိပ်စက်နိုင်အောင် ထိပ်တော်ထက်၌ ပါးပျဉ်းမိုးကာနေ၏၊ နဂါး၏ အခွေတွင်းကား သီဟိုဠ်ကျွန်းကြေးပြာသာဒ် ဘဏ္ဍာတိုက်ပမာဏရှိ၏ဟု မဟာဝဂ္ဂမဟာခန္ဓက အဋ္ဌကထာ၌ဆို၏၊ ကြေးပြာသာဒ်အောက်ထပ် ပမာရှိသည်ဟု မူလပဏ္ဏာသ အဋ္ဌကထာ၌ ဆို၏၊ ဤကားမုစလိန္ဒသတ္တာဟပေတည်း၊ ထို့နောက် မဟာဗောဓိပင်၏ တောင်အရပ်၌ တည်သော လင်လွန်းပင်အောက်၌ ခုနစ်ရက်ပတ်လုံး ဝိမုတ္တသုခကို ခံစားလျက် နေတော်မူ ၏၊ ခုနစ်ရက်မြောက်သောနေ့၌ သိကြားမင်းသည် ဆေးဖြင့်ထုံအပ်သော ကျဇုသီးဒန်ပူကို ကပ်လှူလာ၏၊ မြတ်စွာဘုရားလည်း ဘုန်းပေးတော်မူ၏၊ ဘုန်းပေးပြီးသောအခါ ကိုယ်လက် သုတ်သင်တော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် လင်လွန်းပင်အောက်၌ ရပ်တော်မူ၏ ထိုအခါ ဥက္ကလာပတိုင်းသား မွန်ဘာသာ (တပေါတပု) မဂဓဘာသာ

တဖုဿဘလ္လိက မည် ရှိသော ကုန်သည်ညီနောင်နှစ်ယောက်တို့သည် ကုန်ရောင်းသွားကြစဉ် ငါးဘဝမြောက်က အမိဖြစ်ခဲ့ဘူးသော နတ်သမီးသည် လှည်းများမသွားနိုင်အောင် ဖန်ဆင်းလေ၏၊ ထိုအခါ ခရီးစောင့်နတ်တို့အား ပူဇော်ပသကြလေ၏၊ အမိဖြစ်ခဲ့ဘူးသော နတ်သမီးလည်း ကိုယ်တိုင် ပြလျက် "အချင်းတို့မြတ်စွာဘုရားသည် လင်လွန်းပင်အောက်၌ ရှေးဦးစွာ သစ္စာလေးပါး တရားကို သိတော်မူသည်ဖြစ်၍ နေတော်မူ၏၊ သင်တို့သွားချေကြကုန်၊ မုံ့၊ ထောပတ်၊ ပျား တင်လဲစသည်တို့နှင့်ရောက်၍ ဖဲ့အပဆုပ်အပ်သော မုံ့ဖြင့် မြတ်စွာဘုရားကို လုပ်ကျွေးကြ ကုန်လော့၊ ထိုလုပ်ကျွေးခြင်းသည် သင်တို့အား ရှည်မြင့်စွာသော နေ့ညပတ်လုံးအကျိုးစီးပွား များလတ္တံ့"ဟု ပြောလေ၏။ ကုန်သည်ညီနောင်နှစ်ယောက်သည်လည်း နတ်သမီးပြောဆိုသည့်အတိုင်း သွားကြကုန်၍ မဖွဲ့မဆုပ်အပ်သော မုံ့၊ ဖွဲ့ဆုပ်အပ်သော မုံ့လုံးတို့ကို မြတ်စွာ ဘုရားအား ကပ်လှူကြကုန်၏။

တဖုဿ–ဘလ္လိကကုန်သည်ညီနောင်တို့၏ဘခင် သုဝဏ္ဏ သူဌေးကြီးနှင့် လမ်းခရီး ညောင်ပင်စောင့်နတ်သမီးနှင့် ငါးဘဝမြောက် သူငယ်ချင်းဖြစ်ခဲ့ဘူးကြောင်း၊ ရွှေတိဂုံသမိုင်း၌ဆို၏၊ မြတ်စွာဘုရား သည်လည်း ဒုက္ကရစရိယာကျင့်စဉ်က ဆောင်အပ်သော သပိတ်တော် သည် သုဇာတာသူဌေးမဃနာနို့ဆွမ်းကပ်စဉ်ကပင် ကွယ်ခဲ့ပြီဖြစ်၍ သပိတ်မရှိသောကြောင့် အဘယ်ဝတ္ထုဖြင့် ကုန်သည်ညီနောင်တို့၏ အလှူကို ခံယူရအံ့နည်းဟု ကြံတော်မူ၏။ထိုအခါ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် မြတ်စွာဘုရား၏အကြံတော်ကို သိကြ၍ အရပ်လေးမျက်နှာမှလာကြကုန်၍ ပဲနောက်ညိုအဆင်းရှိသော

ကျောက်ညို့ဖြင့် ပြီးသော သပိတ်လေးလုံးကို ကပ်လာကြကုန်၏။ မြတ်စွာဘုရားလည်း နတ်မင်းကြီးတို့၏ သဒ္ဓါတရားကို သပိတ်လေးလုံးကို တစ်လုံးပေါ် တစ်လုံးဆင့်၍ လက်ဝါးတော်ဖြင့် အသာနှိပ်တော်မူလျှင် တစ်လုံးတည်းဖြစ်လေမူ၏။ ဤသပိတ်ဖြင့်အလှူခံပြီးလျှင် ကုန်သည် ညီနောင်မဖွဲ့မဆုပ်အပ်သော မုန့်မှုန့်ဟုဆိုအပ်သော မန္ထ၊ ဖွဲ့ဆုပ်အပ်သော မုန့်လုံးဟု ဆိုအပ်သော မဓုပိဏ္ဍိကတို့ကို အလှူခံ၍ ဘုန်းပေးတော်မူ၏။

ဤမန္ထ မဓုပိဏ္ဍိကတို့ကို ဘုန်းမပေးမီ သတ္တသတ္တာဟ၊ လေးဆယ့်ကိုးရက်ပတ်လုံး သုဇာတာသူဌေးသမီးကပ်လှူအပ်သော နို့ဃနာဆောဇဉ်သည်သာ သြဇာအစဉ်ဖွဲ့ သောအားဖြင့် တည်သောကြောင့် မွတ်သိတ်ဆာလောင်ခြင်းမဖြစ်၊ ကိုယ်၏အားနည်း ခြင်းလည်း မဖြစ်၊ ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားထံ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံဂစ္ဆာမိ" ဟု ရှေးဦးစွာ ဒွေဝါစိက သရဏဂုံနှစ်ပါးဆောက်တည်ကြ၍ နောင်အစဉ်ကိုးကွယ်ဘို့ စေတီတည်ရန် တောင်းပန်ကြကုန်၏ ထိုအခါ မြတ်စွာသည် လကျ်ာလက်တော်ဖြင့် ဦးခေါင်းကိုသုံးသပ်တော်မူ၍ ရှစ်ဆူသော ကေသဓါတ်တို့ကို ကုန် သည်ညီနောင်တို့အား ပေးတော်မူ၏ ဟု ဥပါသက–ပါဠိအဖွင့် ဧကနိပါတ်ဧတဒဂ္ဂ ဝဂ္ဂတဖုဿ–ဘလ္လိကသုတ် အင်္ဂုတ္တိုလ်ဋ္ဌအဋ္ဌကထာ၌ ဆို၏၊ မဟာဝဂ္ဂမဟာခန္ဓက အဋ္ဌကထာ၌ကား ကေသာဟုသာမည ဆို၏။ အနာဂတ္တဝံသအဋ္ဌကထာဋီကာ ကေသဓာတုယော ဆံတော်ဓါတ် တစ်ဆုပ်ဟုဆို၏၊ ထိုကုန်သည် ညီနောင်နှစ်ယောက်တို့သည် ရှစ်ဆူသော ကေသဓါတ်တို့ကိုရွှေပန်းတောင်း၌ ကိန်းဝပ်စေ၍ မိမိတို့မြို့သို့ပင့်ဆောင်ခဲ့ကြကုန်၍ အသိတဥ္စနမြို့တံခါးဝ၌ စေတီတည်၍ ဌာပနာကြကုန်၊ ဥပုသ်နေ့တိုင်း စေတီတော်မှ ညိုသောရောင်ခြည်တော်

ထွက်၏၊ ထို့နောက် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၍ တဖုဿ–ဘလ္လိကတို့ကို ရှေးဦးစွာသရဏဂုံ တည်သော ဥပါသကာအပေါင်းတို့တွင် အမြတ်ဆုံးဟူ၍ ဧတဒဂ်အရာ၌ ထားတော်မူ၏ဟု ဓကနိပါတ်၊ ဧတဒဂ်ဝဂ်အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ဆို၏၊ ထေရဂါထာ အဋ္ဌကထာ၌ကား တဖုဿ–ဘလ္လိကညီနောင်နှစ်ယောက် တို့သည် ရာဇဂြိုဟ်ပြည်၌ တရား တော်ကိုနာကြကုန်၍ သောတာပန်ဖြစ် ကြ ကုန်၏။

ညီဘလ္လိကကား ရဟန်းပြု၍ ရဟန္တာဖြစ်၏ဟုဆို၏။ မြို့ကို လည်း ပေါက္ခရဝတီမြို့ဟုဆို၏၊ မဟာဝဂ–မဟာခန္ဓကပါဠိအဋ္ဌကထာ ၌ကား ဥက္ကလဇနပုဒ်ဟုဆို၏၊ မှန် ရာဇဝင် သမိုင်း၌ကား သိဂ်ီတွ ကုန်းတော်ကို ဝန်းရံ၍ ပေါက္ခရဝတီမြို့၊ ပေါက္ခရဝတီမြစ်၊ တရိကုမ္ဘမြို့၊ တရိကုမ္ဘမြစ်၊ ရမ္မာနဂရမြို့၊ ရမ္မာနဂရမြစ်၊ အသိတဉ္စနမြို့၊ အသိတဉ္စနမြစ် ဟူ၍ မြို့လေးမြို့၊ မြစ်လေးမြစ်တည်ရှိ၏၊ ထိုတွင် အရှေ့အရပ်က အသိတဉ္စနမြို့နှင့်အသိ တဉ္စနမြစ်၊ တောင်အရပ်ကို ပေါက္ခဝတီမြို့နှင့် ပေါက္ခဝတီမြစ်၊ အနောက်အရပ်က ရမ္မာနဂရ မြို့နှင့် ရမ္မာနဂရမြစ်၊ မြောက်ဘက်အရပ်က တရိကုမ္ဘမြို့နှင့် တရိကုမ္ဘမြစ်တည်ရှိကြ၏။ ယခုအခေါ် အားဖြင့်ကား အရှေ့အရပ်က အသိတဉ္စနမြို့ကား သံလျင်မြို့၊ ဒေါပုံမြစ်၊ တောင်အရပ်က ပေါက္ခရဝတီကား တွံတေးမြို့၊ တွံတေးမြစ်၊ အနောက်အရပ်က ရမ္မာ နဂရကား ဝါးတရာမြို့၊ ဝါးတရာမြစ်၊ မြောက်အရပ်က တရိကုမ္ဘကား သောင်းလင်းမြို့၊ ငမိုးရိပ်မြစ်ဟု ယူရန်ရှိ၏၊ ပေါက္ခရဝတီအမှန်ကား တွံတေးမြို့နှင့် ဘုရားကြီးရွာစပ်[illegible]ားမှာ ရှိ၏၊ တရိကုမ္ဘအမှန်ကား ဝါးတရာမြစ်ဖျားမှာရှိ၏၊ ယခုမြို့ကုန်း[illegible]ဖြဲ့ဟု

ဆို၏၊ မွန်ရာဇဝင်သမိုင်း၌ကား ကုန်သည်ညီနောင်တို့ ဆံတော်ဓါတ်ရှစ်ဆူကို ပင့်၍ ပြန်ခဲ့ကြရာ အဇ္ဈုတ္တနဂရမြို့သို့ရောက်သဖြင့် ထိုမင်းက ဆံတော်ဓါတ်နှစ်ဆူကို ကင်းခွန်ကောက်ယူလိုက် ၏၊ ထိုနောက် သင်္ဘော စီး၍ လာခဲ့ပြန်ရာ နာဂရာဇ်ဝဲအမော်သို့ရောက်၍ ကျောက်ချ နေခိုက် ထိုဝဲအမော်၌နေသော နဂါးမင်းသည် ဆံတော်ဓါတ်နှစ်ဆူကို ခိုးယူပြန်၏၊ ကုန်သည် ညီနောင်တို့လည်း နှလုံးမကြည်သာဘဲ ကျန်ဆံတော်ဓါတ် လေးဆူတို့ကိုပင့်၍ ပြန်ခဲ့ကြရာ အလုံးစုံသော အကြောင်းအရာကိုပြော၍ ဥက္ကလာပမင်းအား အပ်နှင်းကြကုန်၏၊ ဥက္ကလာ ပမင်းလည်း ကုန်သည်ညီနောင်တို့အား နှစ်သိမ့်စေ၍ဆံတော်ဓါတ်လေးဆူကို ပတ္တမြား ကြုတ်၌ ထည့်သွင်းလျက် ပတ္တမြားကြုတ်ကို ရွှေပန်းတောင်း၌ထည့်၍ အမိဋ္ဌာန်ပြုရာ ဆံ တော်ဓါတ်ရှစ်ဆူဖြစ်လာပြန်၏။

ဤဆံတော်ဓါတ်ရှစ်ဆူကို ဥက္ကလာမင်းကြီးသည် မှူးမတ် သေနာပတိတို့နှင့် စေတီတည်ရန် ညှိနှိုင်းတိုင်ပင်ပြီးလျှင် တိုင်းသူပြည်သား သိကြားဒေဝါ၊ မှော်ဘီနတ်၊ ဆူးလေနတ်၊စသော အသီးသီးသော လူနတ်တို့နှင့်တကွ ရှေးက ကောက္ကသံဂေါဏဂုံ၊ ကဿပသုံးဆူသော မြတ်စွာဘုရားတို့၏အသုံးအဆောင်ဖြစ်သော တောင်ဝှေးတော်၊ ရေ သနုတ်တော်၊ ရေစစ်တော်တို့ဌာပနာရာ သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေ၍ တွေ့ကြသော အခါ ရွှေသားဖြင့် သင်္ဘောပုံပြုလုပ်၍ တောင်ဝှေးတော်၊ ရေသနုတ်ဟော်၊ ရေစစ်တော်၊ ဆံတော်ဓါတ်ရှစ်ဆူတို့ကို ဌာပနာ၍ ရွှေတိဂုံစေတီတော်ကို တည်ထားတော်မူလေ၏၊ ရွှေတိဂုံစေတီတော် ကြီးသည် မြန်မာပြည်တွင်း၌ ဦးစွာရောက်ရှိသော ဆံတော်ဓါတ်ကြီးစွာ သော စေတီတော်မြတ်ဖြစ်ပေသတည်း၊ ဤကား ဗုဒ္ဓဝံသနှင့် တိဂုမ္ဘာ စေတီတော်တည်ထား ခြင်းအပိုင်းအခဏ်းကဏ္ဍကားပြီး၏။

အင်းတော်ကြီးအင်လယ်ရှိ"ရွှေမဋ္ဌုစေတီတော်ကြီး"ဖြစ်ပေါ်လာရခြင်း အကြောင်း ရင်းကား ဤသို့တည်း၊ မန္တလေးမြို့မြောက်ဘက် ယူဇနာ သုံးဆယ်ကျော်ခန့် ကွာဝေးသော ဦးဒိဂိရိရဋ္ဌတိုင်း မိုင်း(၉၉)မိုးကောင်း မြို့နယ်အပါ ကြော်ငြာသတင်းဝေဖြာ လင်း၍ သတင်းနံ့ကျော်အဟော အစ္စရိအံ့ဘွယ်ရှိသည့် အင်း၏အခြင်းအရာရှေးက ပေါ်ရာဇာကထာနှင့် သမိုင်းလာအရ အလျား(၈)တိုင်၊ အံ(၄)တိုင်(၁-တိုင် ၂-မိုင်)ကျယ်ဝန်း လျက် ပြန့်ရှန်းခွေကာသေလာရစ်သန်းသော တောတန်းအထပ်ထပ်၊ မြိုင်ရပ် အလီလီမဟိဝနာတညီတညာဖြင့် စီကာရီကာ ဆယ်နှစ်ရာသီ အခါမှာ သရဖီစကဝါမာလာ ပန်းအမျိုးမျိုးတို့ဖြင့် အခိုးရနံ့သင်းကြိုင်၍ ဂနိုင်ဟေမဝါမြိုင်သေလာအထပ်ထပ်ပတ်ရံကာ ပိတ်ဆို့လျက် မိုးကောင်း မြို့အနောက်တောင်မိုးညှင်းမြို့အနောက်မြောက်၊ တောင်-မြောက် အလျားအားဖြင့် အလွန်သန့်ရှင်းကြည်လင်သော ရေပြင်အထိ ပြည့်လျက် ဤအင်းကြီး သည် တည်ရှိ၏။

ဤအင်းတော်ကြီး၏ အနီးအနားပတ်ဝန်းကျင်၌ နေထိုင်ကြ ကုန်သော လူအများတို့သည် ရှေး၌ လေးစုလေးအုပ်ရှိကြကုန်၏ လေးစု သော လူတို့အား ထိန်းသိမ်းအုပ်ချုပ်ရန် တစ်စုလျှင် လူကြီးတစ်ယောက်စီ၊ နယ်သီးနယ်ခြားပိုင်းခြားဝေဖန်၍ မိုးကောင်းစော်ဘွားကြီး၏ လက် အောက်ခံ အင်းတော်ကြီးအနောက်ကမ်းတွင် နေထိုင်ကြကုန်၏၊ ထိုလေး အုပ်စုတို့၏ အမည်များကား အင်းတော်ကြီး အနောက်မြောက်ပိုင်း (မိုးပင်း)နယ်မြေ၊ အလယ်ပိုင်း (စည်ခမ်း)နယ်မြေ၊ (ငွန်စင်း)နယ်မြေ၊ တောင်ပိုင်း (မောက်တောင်း)နယ်မြေဟူ၍ နယ်လေး နယ်ပိုင်းခြား၍ နယ်စားကြီးလေးဦး ရုံးတစ်လုံးဒါးတစ်စင်းအနေဖြင့် အာဏာပိုင်

အမိန့်တော် စာချွန်နှင့် ခန့်အပ်လွှာများ အပ်နှင်းအုပ်ချုပ်စိုးစံနေထိုင်ကြကုန်သတည်း။

အင်းကြီးတည်ထွန်းပေါ်စက ရှေးနှစ်ပေါင်းရာစုအထက်တွင် အနောက်ကမ်းမှ အရှေ့အင်းထဲသို့ တိုးဝင်ဖြစ်ပေါ်လျက်ရှိသော နံ့ပုဒ်ကြီးရွာနားမှ အရှေ့အင်းထဲသို့တာ ပေါင်း(၂၇၆)တာရှိ (လင်လုံ)ခေါ် သဲသောင်ပြင်ကြီး ကျွန်ုပ်သမိုင်းရေးသူ အသက်(၈)နှစ်သား အရွယ်(သက္ကရာဇ် ၁၂၆၅ခုခန့်)က မိဘများနှင့်အတူ ရွှေမဥ္ဇူစေတီတော်ကြီးကို အဖူးအမြော်ရောက်စဉ်က အတွေ့အမြင်အားဖြင့် ဆိုသော် (၁၀)ပေခန့်မြင့်မောက်ပြီး သဲသောင်ပြင် ဘေးတစ်လျှောက်တွင် ရှမ်းဘာသာအားဖြင့် ပု–ဆန်း၊ မြန်မာဘာသာသဲကွမ်းခေါ် အပင် ကလေးများ စီတန်းလျက် ပေါက်၏၊ ဤသဲသောင်ပြင်ကြီးသည် အလွန်မြင့်မြတ်ထူးဆန်း သောသောင်ပြင်ကြီးဖြစ်၏ဟု လူအပေါင်းတို့ကောင်းချီးဩဘာ ထောပနာပြုကြကုန်၏၊

နယ်သီးနယ်ခြား နယ်စားပေး၍ လေးမြတ်ယုံကြည်စွာ သူကောင်းပြုခံရသော အရာရှိကြီးလေးဦးတို့သည် မိမိတို့၏နယ်မြေ၊ လူနေအိမ်ခြေတိုးပွားရာ တိုးပွားကြောင်း ဘာသာရေး၊ သာသနာရေး၊ စီးပွားရေး၊ ဘဝသမ္ဘတ္တိအရေးတို့ကို အားပေးဆောင်ရွက် လျက် နယ်သူနယ်သားတို့အား သနားချစ်ခင် မေတ္တာဝင်၍ ရိုးသားဖြောင့်မတ်တည်ကြည် စွာ ထိန်းသိမ်းစီမံအုပ်ချုပ် မင်းပြုလုပ်ကြကုန်၏၊ ထိုအရာရှိတို့၏ ရာထူးမှာ ရှမ်းဘာသာ အားဖြင့် ပေါမိုင်းဟုခေါ်၏၊ မြန်မာပြန်သော် မြို့ဘဟု ခေါ်၏။

ဤမြို့ဘဟူသော ရာထူးသည်သတ်ထိုက်အောင်အပြစ်ကျူး

အဘိယာစကစာတမ်း

သွန်သူ တစ်ယောက် ကို သတ်ပိုင်ခွင့်ရှိ၏၊ ပေါမိုင်းဟူသော ရာထူးလည်း
ဦးဒိဂရိရဋ္ဌတိုင်း မိုင်း(၉၉)မိုးကောင်းမြို့ အာဋ္ဌဝီပူရတိုင်း မိုင်း(၁၉)မိုးညှင်း
မြို့ဟုဆိုခြင်းသည် မဟာရာဇာဘွဲ့ခံ စော်ဘွားကြီးများ လက်အောက်
ယ် အတွင်း အမတ်လေးပါးအပြင် အမတ်လေးပါး ဤရှစ်ပါးသော
အမတ်ကြီးများအောက်က နယ်စားအဖြစ်ဖြင့် မိုးကောင်းမြို့၌
ပါမိုင်းပေါင်း(၉၆)ယောက်၊ မိုးညှင်းမြို့၌ ပေါမိုင်းပေါင်း(၁၉)ယောက်တို့ကို
ချုပ်ချုပ်စေခဲ့၏၊ မိုးကောင်းမြို့စော်ဘွား ဆက်သည် ပရမာဘိဓေ
ဟာဓမ္မရာဇဂရု သွန်းထုခပ်နှိပ်တံဆိပ်နာမံအလှူတော်ခံရသော
ဘမမိုးကောင်းမြို့ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးသည် ၁၂၃၀ပြည့်နှစ်
ပို့တွဲလတွင် ရွှေသာလျောင်းဘုရားကြီးတည်တော်မူသည့်အခါ
ရီးတော်ဖြစ်သော မိုးကောင်းစော် ဘွားကြီး(ခန်းရှက်မိုင်း)နှင့်တိုင်ပင်၍
ည်ကြောင်း ရွှေသာလျောင်းသမိုင်းတွင် တွေ့ဘူး၏။ ဤသမိုင်းကို
ာက်သောအားဖြင့် ၁၂၃၀ပြည့်နှစ်လောက်တွင် မိုးကောင်းမြို့သည်
ာ်ဘွားစားဖြစ်သေး၏၊ ထိုနောက် ခန်းရှက်မိုင်းကြီး ကွယ်လွန်သောအခါ
ဲမြို့စားဖြစ် လေ တော့သတည်း၊ မိုးညှင်းမြို့လည်း ၁၂၄၇ခုနှစ်
န်ဆောင်မုန်းလဆုပ်(၈)ရက်နေ့တွင် အသျှင်နှစ်ပါးအနောက်နိုင်ငံ
ာတော်မူပြီးနောက် မိုးညှင်းစော်ဘွားကြီးဦးဘိုးသိန်းသည် ဝန်းသို
်ဘွားကြီးနှင့်အတူ အင်္ဂလိပ်စစ်တပ်ကို ဖိညှပ်ခုခံတိုက်ခိုက်သော်လည်း
ရေး နိမ့်ခဲ့သဖြင့် ၁၂၈၄ခုနှစ် အင်းတော်ကြီး မိုင်းနောင်ရွာတွင်
ညှင်းစော်ဘွားကြီးဦးဘိုးသိန်း တိမ်းရှောင်နေထိုင်လာသေး၏၊ ထို့နောက်
ဆားမှော် အရှေ့တောင်ပေါ်တွင် ကွယ်လွန် ပြီးနောက် စော်ဘွား
ပြတ် လေတော့သတည်း။

အင်းတော်ကြီးအရပ်၌ မြို့စားနယ်စားဖြစ်သော ပေါမိုင်းကြီး လေးယောက်တို့သည် တစ်ယောက်ပြီးတစ်ယောက် သူ့နယ်နှင့်သူ မျိုးရိုးစဉ်ဆက်အားဖြင့် ဆက်ကာဆက်ကာ အဆက်မပြတ် ခန့်အပ် စိုးစံကြကုန်၏။ နှစ်ပရိစ္ဆေဒများစွာကြာမြင့်လာ၍ ကောဇာ သက္ကရာဇ် ၁၂၃၀ပြည့်နှစ်ရောက်ခဲ့လျှင် နယ်လေးနယ်၌ အုပ်ချုပ်ခဲ့သော လက်ရှိ ပေါမိုင်းလေးဦးတို့မှာ (၁)မိုးပင်းပေါမိုင်းဦးအိုက်ကာစ်၊ (၂) စည်စမ်း ပေါမိုင်း ဦးအိုက်ပုံ၊ (၃) ငွန်ဇင်းပေါ မိုင်းဦးဆန်ညီ၊ (၄) မောက်တာမ်း ပေါမိုင်း ဦးစံမင်းတို့ ဖြစ်ကြကုန်၏၊ ထိုလေးဦးသော ပေါမိုင်းတို့နှင့်အတူ နယ်ခရိုင်အုပ်ချုပ်ရန် ခြောက်လစားခရိုင်အုပ်တစ်ယောက်ခန့်အပ်လိုက်၏၊ ထိုအချိန် ခရိုင်အုပ်သည် ဦးရွှေအုးဖြစ်သည်။ ထိုလေးဦးသောပေါမိုင်းကြီး တို့သည် မိမိတို့ နယ်ပယ်တွင် သာသနာတော်ကြီးပွားရာ ကြီးပွား ကြောင်းကို မြှော်ထောက်လျက် ကျောင်း ကန်၊ ဇရပ်၊ စေတီ၊ ပုထိုးစသော ကောင်းမှုကုသိုလ်မျိုးကို တတ်အားသလောက် ဆောက်လုပ် စိုက်ပျိုးကြ ကုန်သတည်း။

တစ်နေ့သ၌ ထိုလေးဦးသော ပေါမိုင်းတို့တွေ့ဆုံကြပြီးလျှင် အင်းတော်ကြီးနယ်၌ သာသနာဝုဍ္ဎိ သာသနာဝေပုလ္လဖြစ်စေအောင် စည်ခမ်းနယ်မြေအတွင်းရှိ တာပေါင်း(၂၇၆) ရှည်လျားသော သဲသောင်ပြင်ကြီးအဆုံး၌ စေတီတစ်ဆူတည်ထားရသော်ကောင်း၏ဟု ဆွေးနွေးကြကုန်၏ "တာပေါင်း(၂၇၆)တာရှည်လျား၍ ထူးမြတ်လှသော သောင်ကြီး၌ စေတီတစ်ဆူတည်ကြမည့်ကိစ္စသည် လွယ်ကူလှသည် မဟုတ်ပေ၊ ကျွန်ုပ်တို့မြို့နယ်ခရိုင်တွင် တည်ခဲ့ကြပြီးသော စေတီတော် တို့သည် မိမိတို့က ပန်းရံပညာကိုကောင်းစွာ မကျွမ်းကျင်ကြ၍ ပန်းရံ

ဆရာတို့သဘောအတိုင်းသာ တည်ထားကြရပါသည်၊ စေတီပုထိုး ဘုရားတည်ထားခြင်းကိစ္စကို ကောင်းစွာသိရှိတော်မူသော လင်္ဗီပေသလ သိက္ခာကာမဖြစ်တော်မူသည့် အရည်ဝါသီမဟာထေရ်တောရဆရာတော် ဦးသာအေးကို ပင့်လျှောက်ရသော်ကောင်း၏” ဟု တညီတညွတ်တည်း သဘောတူကြကုန်၏။

ထိုအခါ တောရဆရာတော်သည် သုဝဏ္ဏပဗ္ဗတ ရာဇာဘွဲ့ခံ ဦးရှုချောင်းရိုး ပေါမိုင်းကြီးဆောက်လုပ်လှူဒါန်းသော ရေပေါ်မီးရွာကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး တော်မူသည်ကို ကြားသိကြသည့် အတိုင်း အင်းတော်ကြီးဒေသတွင် ဗုဒ္ဓသာသနာထွန်းကား ရာ ထွန်းကား ကြောင်း ဗုဒ္ဓသာသနာနုဂ္ဂဟဖြင့် အင်းတော်ကြီးတွင် တာပေါင်း(၂၇၆)တာ ရှည်လျားသော သောင်ပြင်ကြီး၌ ငါးထောင်သာသနာများမြောင် ကြာအောင် စေတီတစ်ဆူ တည်ထားလိုကြောင်းဖြင့် ခရိုင်အုပ်မင်း ဦးရွှေအူးနှင့် ပေါမိုင်းကြီးလေးဦးတို့က ပင့်ဖိတ်လွှာ ရေးသားပြီးလျှင် ပေါမိုင်းကြီးလေးဦးတို့သည် မိမိတို့၏နယ်ခရိုင်နှင့် ဒါးပီးလှံပီးသေနတ်ပီး သော သတ္တိကောင်းလူတစ်ယောက်စီရွေးချယ်၍အင်းတော်ကြီးသို့ တောရဆရာတော် ကြွရောက်ရန် အပင့်လွှတ်ကြကုန်၏၊ ရှေးခေတ် အခါက အင်းတော်ကြီးမှ ရေပေါ်မီးသို့သွား လာရခြင်းသည် တောရိုင်း တိရစ္ဆာန်ဘေးနှင့် လူဆိုးဘေးတို့အတွက် အလွန်စိုးရိမ်ရသော လမ်းခရီး ဖြစ်၍ သတ္တိမရှိသူများ မသွားဝံ့ကြပေ၊ သို့ဖြစ်၍ အေးချမ်းသာယာစွာ ဆရာတော် ဘုရားပင့်လျှောက်နိုင်ရန် သတ္တိကောင်းလူလေးယောက်ကို ရွေးချယ်၍ လွှတ်ခြင်းဖြစ်ပါ သည်။

တောရဆရာတော်ဘုရားအား အပင့်သွားသော ပုဂ္ဂိုလ်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်- (၁)ကျောင်းတကာဦးသာမြတ်၊ (၂) ကျောင်းတကာ ဦးရှင်ငို့၊ (၃) ဦးသာတိုး၊ (၄) ဦးမြတ်စံပေါင်း ဤ ပုဂ္ဂိုလ်လေးယောက်တို့ဖြစ်ပါသည်။

ခရိုင်အုပ်မင်းနှင့် ပေါမိုင်းကြီးလေးဦးတို့အကြီးအမှူးပြု၍ နယ်သူနယ်သားလူအများ တို့နှင့် လျှောက်ထားပင့်ဖိတ်စေလွှတ်လိုက်သူ လူလေးယောက်တို့ ဘေးမခရန်ဲ၊သန်းဘဲ အေးချမ်းချောမောစွာ ဆရာတော်ထံမှောက်ရှေ့တော်အောက်သို့ရောက်လျှင်ရောက်ခြင်း ရှိသေစွာကန်တော့ကြပြီးလျှင် "တပည့်တော်တို့အင်းတော်ကြီးမှ ဆရာတော်ထံမှောက်သို့ လာရောက်ကြောင်း"လျှောက်ထားကြပြီး ပင့်လျှောက်လွှာကို ကပ်လှူကြလျှင် ဆရာတော် ဘုရားကြီး ဖတ်ရှုတော်မူပြီး အင်းတော်ကြီးဒေသတွင် ဗုဒ္ဓသာသနာထွန်းကားရာ ထွန်းကားကြောင်း၊ နယ်သူနယ်သား၊ ဒါယကာ၊ ဒါယိကာမများနှင့် ဝေးနီးရပ်ရွာအရပ်လေးမျက်နှာ၊ ရှစ်မျက်နှာမှ ဒါယကာ၊ ဒါယိကာမများ တို့သည်လည်း သဒ္ဓါတရားတတ်အားသမျှ ဤဒေသ တွင် ဗုဒ္ဓပူဇ် ကရဏ္ဍာနကုသလမျိုး စိုက်ပျိုးကြဲချနိုင်စေရန် ရည်သန်နှလုံးသွင်းတော် မူပြီးလျှင် ကိုးကွယ်ရင်းဖြစ်သော ဦးရှုချောင်းရိုးပေါမိုင်းကြီးနှင့် ဒါယကာ၊ ဒါယိကာမတို့အား အင်းတော်ကြီးပေါမိုင်းကြီးများက စေတီတော်တည်ရန် ဗုဒ္ဓသာသနာနုဂ္ဂအဖြစ် ချီးမြှောက်ရန် ပင့်ဖိတ်သူလူလေးယောက်နှင့်အတူ လိုက်ပါဦးမည်၊ ဒါန၊သီလ၊ ဘာဝနာစသော ကုသိုလ် ကောင်းမှုများ မမေ့မလျော့အပ္ပမာဒထားပြီး ကြိုးစားကြရန်တိုက်တွန်းအားပေး၍ ရေပေါ်မီးကျောင်းမှ အင်းတော်ကြီးရွှေမဥ္ဇူဘုရားတည်ရန် အနီးအနားသို့ ကြွတော်မူခဲ့လေသည်။

တောရဆရာတော်ဘုရားကြွတော်မူခဲ့ကြောင်းကို ဆရာတော်ဘုရား ရောက်တော်မမူခင် သတင်းစကားကြားရပြီးဖြစ်သော ပေါမိုင်းကြီးလေးဦး နှင့် ခရိုင်အုပ်မင်းတို့သည် နယ်သူ နယ်သားတို့နှင့်တိုင်ပင်၍ ဆရာတော် ဘုရားကြီးအား ကြိုဆိုရန် တံခွန်ကုက္ကား၊ မုလေးပွားတို့နှင့်တကွ ပူဇော်ရန် ဝတ္ထုအစုစုတို့ကို ယူဆောင်၍ သွားရောက်ပူဇော်ကြပြီးလျှင် ရွှေမဥ္ဇူစေတီတော်တည်မည့် အနီးအနားသောင်ပြင်ရင်း ခေတ္တ တည်းကျောင်းတွင် သီတင်းသုံးတော်မူ၏။

ထိုအခါ လေးဦးသောပေါမိုင်းကြီးတို့နှင့်ခရိုင်အုပ်မင်းတို့သည် ဤသောင်ကြီး အဆုံးတွင် စေတီတစ်ဆူတည်ပါမည့်အကြောင်း စေတီ တော်တည်ရန် လိုသမျှဝတ္ထုပစ္စည်းမှာ တပည့်တော်များတာဝန်ဖြစ် ကြောင်းဖြင့် လျှောက်ထားကြကုန်၏၊ ထိုအခါဆရာတော် ဘုရားကြီးသည် ဤသို့မိန့်တော်မူ၏၊ "ဒါယကာတို့ လျှောက်ထားကြသောစကားသည် သာသနာတော်တောက်ပထွန်းလင်းတိုးတက်ကြီးပွားရာသော စကား ဖြစ်ကြီးဖြစ်ပေ၍ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဗုဒ္ဓပူဇာကရ ကုသလမျိုးကြဲ စိုက်ပျိုးရာဌာနလည်းဖြစ်ပေ၏၊ သို့သော် ဤနေရာသည် စေတီဘုရား တည်ထားကိုးကွယ်ခြင်းကို အင်းတော်အရှင်ကြီး၊ အရှင်နဂါးမင်း သဘောတူမည်မတူမည်ကိုမသိရသေးဖြစ်၍ ယနေ့ညသိရအောင် စုံစမ်းပါ ဦးမည်"ဟု အမိန့်ရှိတော်မူသတည်း။

နက်ဖြန်နံနက်အာရုဏ်တက်လျှင် ခရိုင်အုပ်မင်းနှင့်ပေါမိုင်းကြီးလေးဦးတို့က ဆွမ်းခဲဘွယ် ဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတို့ကို များစွာသော ဒါယကာ - ဒါယိကာမတို့က လှူဒါန်း ဆက်ကပ်ကြပြီးလျှင် တရားတော်နာကြ ကုန်၏၊ တရားတော်နာကြားပြီးအဆုံးတွင် ဆရာတော်ဘုရားကြီး အမိန့်

ရှိတော်မူသည်မှာ ဒါယကာတို့ စေတီဘုရားတည်ထား ကိုးကွယ်ရန် အခွင့်တော့ရပါပြီ၊ သို့သော်စက်ကွင်းကဲ့သို့ အရစ်ကြီးသုံးရစ်ရစ်သန်း၍ သူခွင့် ပြုလှူဒါန်းသော စက်ဝိုင်း၌ စေတီတည်ရမည်ဟု လျှောက်ကြား သွားကြောင်းဖြင့် မိန့်တော် မူရာ များစွာသောလူမင်းအပေါင်းတို့သည် သောင်းသောင်းဖျဖျတာရိယာငါးဝတို့နှင့်တကွ ဝမ်းသာအားရတီးမှုတ် ကခုန်အလုံးစုံသော လူအပေါင်းတို့သည် နှစ်ထောင်းကြည်သာ ပျော်ရွှင်စွာ သွားရောက်ကြည့်ရှုကြရာ ထင်စွာအဖြစ် အရစ်ကြီးသုံးရစ် ရစ်ဝိုင်းလျက် စက်ကွင်းထဲသို့ ရစ်ပတ်၍ အင်းစပ်သို့ဆင်းသွားသောအရာကိုမြင်ကြ၍ လွန်စွာ အံ့သြ ကြလျက် တသောသောတည်းည်းဖြင့် ဆရာတော်ဘုရားထံ ပြန်လာကြကုန်၏၊ ဤနေရာသည် ဘုရားတည်ရန် မလွယ်ကူလှပေ၊ မိုးဃ်းတွင်းအခါ ရေနစ်သည်ဖြစ်၍ ရေလွန်အောင် ပလ္လင်ဖွဲ့၍ တည်မှ ဖြစ်နိုင်မည်ဟု ဆရာတော်ဘုရားကြီး အမိန့်ရှိလျှင် ပေါမိုင်းကြီးလေးဦး တို့သည် မိမိတို့နယ်သူနယ်သားများနှင့် ကျွန်းသားကို ခုတ်ယူပိုင်းဖြတ်၍ အသီးသီးခွဲဝေသယ်ပို့ကြကုန်၏၊ ပလ္လင်ဖွဲ့ရန် မြေနှင့်မလုပ်ဘဲ အနီးအနားရှိ အင်းနား ကျောက် တို့ကို အချို့ကလှေ၊ အချို့မှာ ဝါးဖော်ဖွဲ့၍ သူ့နယ်သား၊ ငါ့နယ်သားသဒ္ဓါတရား ပွားများကြကုန်လျက် များစွာသောလူတို့သည် လှေ၊ ဖောင်တို့ဖြင့် ကျောက်ကို များစွာသယ်ယူပို့ဆောင်ကြကုန်၏၊ တိုင်အတွက် တန်းအတွက် ကျွန်းသားများနှင့်ကျောက်များ လုံလောက်စွာ ရောက်ရှိလျှင် သက္ကရာဇ်၁၂၃၀ပြည့်နှစ် တပေါင်းလဆန်း(၁၁)ရက်၊ စနေနေ့ နေမွန်းတည့်အချိန်တွင် ကျောက်တိုက် ပလ္လင်တည်ရန် (၈)ထောင့်ထား၍ ပန္နက်ချတော်မူသတည်း။

**မှတ်ချက်**။ ။ရေးအတိတ်နှစ်ပေါင်းများစွာက အရှင်ဦးညီသူ အစီအစဉ်ဖြင့် ကျောက်တုံး (၃)လုံး ရေးဦးပန်းကျချထားအပ်သောနေရာဖြစ်ပါသည်။

ဤတွင် ၇၆ ရွှေမဥ္ဇူဘုရားသမိုင်း
အဘိယာစက စာတမ်းပြီးပါပြီ။
ဆရာကြီး ဦးသိန်းညွန့် (နန့်မွန်း–အင်းတော်ကြီး)

● ● ● ● ● ● ●

# ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

**တည်နေရာ**။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး အင်း(အိုင်) အတွင်း (ယေဘုယျအားဖြင့် အင်းလယ်)တွင် တည်ရှိလေသည်။ တောင်မှမြောက်သို့အလျားလိုက် တည်ရှိသော ထိုအင်းအနောက်ဘက်၌ စွယ်ကြီး (၄)ခု ထင်ရှားစွာ တည်ရှိလေသည်။ ထိုစွယ်ကြီးလေးခုတွင် "ရေးနှစ်"ရာစုအထက်၌ သဲသောင်ပြင်ကြီး အသီးသီးတည်ရှိခဲ့လေ၏။ ယခုထိ သဲသောင်ပြင်ကြီးများ မရှိတော့ သော်လည်း အမည်တွင်လျက် ရှိလေသည်။

**ထိုသောင်စွယ် သဲသောင်ပြင်တို့မှာ–**

(၁) မမုံကိုင်ရွာနားမှာ **နန့်ရင်းခါသောင်စွယ်သောင်ပြင်ကြီး**။

(၂) နန့်ပတဲကြီးရွာနားမှ လင်လုံသောင်စွယ်သောင်ပြင်ကြီး။

(၃) နန့်မီးလောင်းရွာနားမှ လင်ပါဟုတ်သောင်စွယ် သောင်ပြင်ကြီး။
(၄) ညောင်ပင်ရွာနားမှ နန့်စန်းတာသောင်စွယ်သောင်ပြင်ကြီး ဟူ၍ သောင်စွယ် သောင်ပြင်ကြီးလေးခုတည်ရှိလေသည်။ ယင်းသောင်စွယ် သောင်ပြင်ကြီးတို့အနက် လင်လုံ သောင်စွယ်သောင်ပြင်ကြီးသည် ရေးနှစ်(၁၀၀)အထက်၌ နွေဥတုရေကျချိန်တွင် ရေပေါ် အမြင့် (၁၂)ပေ သောင်ပြင်ကြီးဖြစ်ပေါ်တည်လေသည် ဟူ၏ (အင်းရေမြင့်တက် ကျယ်ပြန့်လာခြင်းရှု။)

ထိုလင်လုံခေါ် သောင်စွယ်သောင်ပြင်ကြီးထိပ်(ကမ်းစပ်မှ ယခင် ၂၇၆တာ၊ ယခုပြန်လည်တိုင်းတာချက်အရ ၁၅၀၀ပေရှိ)တွင် ရွှေမဥ္ဇူ စေတီတော် (ရေလယ်ဘုရား) တည် ရှိတော်မူသတည်း။

**သမိုင်းကြောင်း။** ။ဗုဒ္ဓရှင်တော်မြတ် ဂေါတမမြတ်စွာ ဘုရားသည် အခါတစ်ပါးသော် "မဇ္ဈိမ"ဒေသမှ ဒေသစာရီကြွချီတော်မူသည်မြတ်စွာဘုရားသည် တစ်ခုသောတောင် ခြေညောင်ပင်ရင်း၌ နေသော ရှင်ရသေ့တစ်ပါးကို တွေ့မြင်တော်မူသည်၊ ရှင်ရသေ့က ဆိတ်ဆိတ်မျှနေလေ၏၊ မြတ်စွာဘုရားသည် ကြွမြဲကြွချီတော်မူသည်၊ တစ်ခုသော ကောင်းကင်ယံ၌ ခဏမျှရပ်တန့်တည်နေတော်မူ၏၊ မြတ်စွာဘုရားသည် ကြွမြဲကြွတော်မူသည် တစ်ခုသောတောင်ထိပ် (နာဋ္ဌာဂီရိ ဆင်ခေါင်းတောင်)(မှော်)တွင် ရပ်နားတော် မူသည်။ မြတ်စွာဘုရားသည် တောင်ထိပ်မှ မြေပြင်သို့ ကြည့်ရှုတော်မူသည်၊ မဲ့တော်သော ခဏ၌ ပြုံးတော်မူသည်။

**(မှော်)။** ။ဦးကံဆက်ရေးသမိုင်းအဆိုဖြစ်သည် တစ်ဦးသောစာ ရှမ်းစာဆေယရပိုက်မှုအရ ရွှေတောင်(သို့)ကဝါပုန်းတောင်ထိပ်၌ မြတ်စွာ

ဘုရားရပ်နားတော်မူသည်ဟု ဆို၏၊ ဦးသိမ်းညွှန့်ရေးသမိုင်းနှင့် ဦးဉာဏ ဝံသ ရေးသမိုင်းတို့တွင် ဗျာဒိတ်တော်အခန်းမပါရှိပေ၊ သို့ရာတွင် ခိုင် လုံလောက်သည်ဟု မှတ်ယူသင့်ပေသည်။

ထိုအကြောင်းခြင်းရာတို့ကို သိလိုသော ညီတော်အာနန္ဒာက "ဘုန်းတော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား မဲ့တော် မူသောခဏ၌ ပြုံးတော်မူသော အကြောင်းအရာတို့ကိုကား မည်သို့သော နိမိတ်လက္ခဏာဖြစ်လတ့်နည်းဟု လျှောက်ထား ရာ ဘုရားရှင်က –

ညီတော်အာနန္ဒာ ငါဘုရားပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက် ငါ၏ သာသနာတော် အတွင်းမှာပင် ဤအရပ်ဒေသကား(ရှေးနောင်တော်များ ကကုသန်ဘုရားလက်ထက်၌ သုနာ ပရန္တ၊ ကောဏဂုံဘုရားလက်ထက်၌ ကာမဝစရ။ ကဿပဘုရားလက်ထက်၌ စေတဿ၊ ငါဂေါတမဘုရား လက်ထက်၌ တမ္ဗဒီပ၊ ဟူ၍ အမည်တွင်သော အရပ်၏ ဥတ္တရမြောက်ပိုင်း) နောင်တရားမရှိသောမင်းစိုးစံအုပ်ချုပ်စဉ် သံဒတ္တရအိုင်အမည်ဖြင့် ရေအတိဖြစ်လတ့်၊ ငါဘုရားအား ခရီးဦးကြိုမပြုသော တောင်ခြေ အနောက်ဘက်ရသေ့သည် နောင်အခါ ဤအိုင်ဖြစ်ရာ လူမျိုးတို့၏ အုပ်စိုးသူဖြစ်လတ့်သည်ကို မြင်တော်မူ၍ သတ္တဝါတို့အသက် ပေါင်းများစွာ ပျက်စီးမည့်အဖြစ်ကို သနားတော်မူ၍ ငါဘုရားမဲ့တော်မူ၏၊ ငါဘုရား ခေတ္တမျှရပ်တံ့တော်မူသောနေရာကား နောင်ငါဘုရား၏ သာသနာတော် တွင် ထင်ပေါ်ကျော်စောသော သရီယဓါတ်တော်၊ မွေတော်များ ကိန်းဝပ် တည်ရှိရာ စေတီတော်(ဘုရား)တစ်ဆူ တည်ရှိလတ့်သည်ကို မြင်တော်မူ၍ လူ၊ နတ်၊ သတ္တဝါများစွာ နတ်ရွာနိဗ္ဗာန်ရောက် ရာရောက်ကြောင်း၊ ကောင်းမှုကုသိုလ်ပြုမည့်အဖြစ်ကို စမ်းသာတော်မူ၍ ငါဘုရား ပြုံး တော်မူသည်"ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူလေ၏။

**မှတ်ချက်။** ။ဗျာဒိတ်တော်အရ သံဒတ္တရ အင်းတော်ကြီး (အင်းအိုင်)ဖြစ်စဉ်နှင့်၎င်းအင်း ၎င်းအိုင်ဖြစ်ရာ လူမျိုးတို့၏ အုပ်စိုးသူမင်းအကြောင်းအရာတို့ကို အင်းတော်ကြီးသမိုင်း အင်းတော်ကြီး (အဋ္ဌုပ္ပတ္တိ)တွင် ရှုပါရန်။

ယခု(လင်လုံခေါ်သော) သောင်စွယ်သဲသောင်ပြင်၌ (ရှေးယခင်အတိတ်ကာလက ဗုဒ္ဓရှင်တော်မြတ်ဂေါတမမြတ်စွာဘုရားသည် အထက်ကောင်းကင်ယံတွင် ခဏမျှရပ်တန့် တည်တော်မူခဲ့သောနေရာနှင့် ဗျာဒိတ်တော်မိန့်ကြားထားသည့်အတိုင်း ဗုဒ္ဓရှင်တော်မြတ်၏ သရီယဓါတ်တော်၊ မွေတော်များ ကိန်းအောင်းတည်ရာ ရွှေမဥ္ဇူစေတီတော် (ရေလယ် ဘုရား)ကို ဖြဟ္မာနတ်လူပြည်သူအပေါင်း သောင်းသောင်းဖျဖျ ဂုသလများစွာတိုးပွား စေခြင်းငှါတည်ရှိတော်မူလေသတည်း။

**ဗျာဒိတ်တော်သိုက်။** ။အခါတစ်ပါးသော် မြတ်စွာဘုရားသည် ညီတော်အာနန္ဒာအားမိန့်တော်မူသည်မှာ "အာနန္ဒာငါဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် ငါဘုရား၏ သာသနာတော်သည် ဇရာဝတီမြစ်ဝှမ်းတစ်လျှောက် (အင်း၊ အိုင်)ကို ခေါက်ရှာငှက် ပျံသကဲ့သို့ ဆန်တက်တော် မူလိမ့်မည်ဟု မိန့်တော်မူလေသော်–

ညီတော်အာနန္ဒာ"ဘုန်းတော်နေဝင်းထွန်းလင်းတောက်ပတော်မူပါသော မြတ်စွာဘုရား အရှင်မြတ်ဘုရား၏ သာသနာတော်သည် ဇရာဝတီမြစ်ဝှမ်း(အင်း၊အိုင်)၌ မည်သို့သောအခြင်းအရာဖြင့် ခေါက်ရှာငှက်ပျံသကဲ့သို့ ဆန်တက်တော်မူပါလတ္တံ့နည်းဟု လျှောက်ထားရာ။

ဘုရားရှင်က "အာနန္ဒာ ငါဘုရား၏ သာသနာတော်သည် ရှေးဦးစွာ သီဟိုဠ်ကျွန်း၌ နှစ်ပေါင်း(၃၀၀)၊ မင်း(၅၁)ဆက်၊ တိုင်အောင်

တည်လိမ့်မည်၊ ထို့နောက် သထုံပြည်၌ နှစ်ပေါင်း(၂၀၀) မင်း(၃၁)ဆက် တိုင်အောင်တည်လိမ့်မည်၊ ထို့နောင် သရေခေတ္တရာ၌ နှစ်ပေါင်း(၅၀၀)၊ မင်း(၃၆)ဆက်တိုင်အောင် တည်လိမ့်မည်၊ ထို့နောင် အရိမဒ္ဒန(ပုဂံ)၌ သာသနာတော်(၁၀၀၀)၊ မင်း(၅၄)ဆက်၊ ပန်းရပြည်၌သာသနာတော် (၂၀၀)၊ မင်း(၆)ဆက်၊ စစ်ကိုင်းပြည်၌ သာသနာတော်(၂၀၀)မင်း(၆)ဆက်၊ စစ်ကိုင်းပြည်၌ သာသနာတော်(၂၀၀)၊ မင်း(၆)ဆက်၊ အင်းဝပြည်၌ သာသနာတော်(၃၀၀)၊ မင်း(၃၆)ဆက်၊ ဥဿာပဲခူး၌ သာသနာ တော် (၁၀၀)၊ မင်း(၅)ဆက်၊ သက်သာပန်းတောင်း၌ သာသနာတော်(၁၀၀)၊ မင်း(၅)ဆက် မြေဘုံသာ၌ သာသနာတော်(၁၀၀)၊ မင်း(၂)ဆက်၊ မန္တလေး၌ သာသနာတော်(၇၀၀)၊ မင်း (၆၆)ဆက်၊ တကောင်းပြည်၌ သာသနာတော်(၆၀၀)၊ မင်း(၉၆)ဆက်၊ ကောင်းတုံ၌ သာသနာတော်(၆၀၀)၊ မင်းဆက်မရှိ၊ ကောင်းစင်၌ သာသနာတော်(၂၀၀)၊ မင်းဆက်မရှိ၊ ကျွန်းတွင်း၌ သာသနာတော်(၂၀၀)၊ မင်းဆက်မရှိ၊ ချောင်းဆုံ(မြစ်မင်းအင်းအိုင်)၌ သာသနာတော်(၂၀၀)မင်းဆက်မရှိ" ဟူ၍ ဗျာဒိတ်တော် မိန့်ကြားခဲ့လေသည်။

**မှတ်ချက်။** ။ဗျာဒိတ်တော်သိုက်လာသော အထက်တွင် ဖော်ပြသောအကြောင်းအရာတို့ကို ရွှေထီးဌာနရှာရေးသမိုင်း မှတ်တမ်းမှ) ဖြစ်ပါသည်။

ထိုဗျာဒိတ်တော်သိုက်မှ လာရှိသော မြတ်စွာဘုရား၏ ဗျာဒိတ်တော်မိန့်လာသည်နှင့် လျော်ညီစွာ မြတ်စွာဘုရား၏ သာသနာတော်သည် ဤအင်းဤအိုင်တို့၌ သာသနာနှစ် ၂၀၀မက သာသနာတော် နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲရှိနေလိမ့်မည် ရွှေမဥ္ဇူစေတီတော်

(ရေလယ်ဘုရား)သည် ကျော်စောသတင်းပျံ့နှံ့စွာ တည်ရှိလေမည်သာ တည်း။

●●●●●●

## သစ္စာအဓိဋ္ဌာန် ပြုတော်မူခြင်း

### တောရဆရာတော် ဦးညီသူ

ရှေးနှစ်ပေါင်းများစွာက အခါတစ်ပါးသော ဦးညီသူအမည်တွင်သော တောရဆရာတော်တစ်ပါးသည် အင်းတော်ကြီးအင်းဘေး ပတ်ဝန်းကျင်၌ သီတင်းသုံးတော်မူလေသည်။ ထိုတောရဆရာတော်သည် ထွက်ရပ်ပေါက်(သို့မဟုတ်) ဝိပဿနာ ကမ္မဋ္ဌာန်း ပေါက်မြောက်သော ပုဂ္ဂိုလ်ထူးဟူ၍ ကျော်စော၏၊ ဂန္ထဓူရ၊ ဝိပဿနာဓူရ၊ နှစ်ရပ်တွင် ကြိုးပမ်းရာ၌ ထင်ပေါ်သော ရဟန်းဖြစ်သည်ဟူ၏။

ထိုအချိန်ကာလတွင် အင်းတော်ကြီး(အင်းအတွင်း)၌ လှိုင်းပုံပိုးတိုက်ခတ်ရာတွင် အလွန်အမင်းကြောက်မက်ဖွယ် ဖြစ်လေသည်၊ အင်းအတွင်း(အင်းထဲ)သို့မည်သည့် လှေကြီးလှေငယ်မျှ ကူးလှော် (ကူးလူးသွားလာ) ခြင်းမရှိကြပေ။ (အင်းတော်ကြီးအရှင်သခင်က မကြိုက်မနှစ်သက်ဟူ၍ လူတို့ အယူရှိကြ၏ လှေမဆိုထားဘိ လှေ(စက္ကူ) ပုံစံငယ်ပင်လျှင် အင်းထဲသို့အချမခံ၊ အကယ်၍ ချမိလျှင် လှိုင်းလုံး လှိုင်းတံပိုးများဖြင့် တိုက်ခတ်တင် လိုက်သည်ဟုဆိုသည်။ အင်းဘေး ပတ်လည်၌ နေထိုင်ကြသော လူတို့သည် (လပစ်၊ လတောင်) မိကျောင်း ဘေးရန်ကိုလည်း အလွန်ကြောက်ရ၏၊ လူတို့သည် ရေဆိပ်၊ အင်းဆိပ်သို့ ဆင်းသက်ရေချပ်ခြင်း၊ ရေချိုးခြင်းသည်ပင်လျှင် အဆိုပါ မိကျောင်း

တို့က လူတို့အား ဖမ်းယူဝါးမျိုစားသောက်ဖန်များလေသည်၊ ဤ၌လည်း အင်းတော်ကြီးအရှင်သခင်က ကြမ်းတမ်းသည်ဟူ၍ လူတို့ယုံကြည်ကြ၏၊ လူတို့အလွန်ကြောက်ရွံ့ကြ၏ (အင်းတော်ကြီးအရှင်သခင်အကြောင်း၊ အင်းတော်ကြီးသမိုင်းတွင်ရှု)။

တစ်နေ့သ၌ လူတို့သည် စုရုံးတိုင်ပင်ကြ၏ အင်းထဲသို့ လှေဖြင့် ကူးလူးသွားလာခြင်းနှင့် အင်းအတွင်း၌ ဆိုးရွားနေသော (လပစ်၊ လတောင်)မိကျောင်းကို ထိန်းသိမ်းပေးရန် အင်းတော်ကြီးအရှင်သခင် အား တောင်းပန်ရသော် ကောင်းလေစွဟူ၍ အကြံပြု၏၊ ထို့ ကြောင့် တောရဆရာတော် ဦးညီသူထံပါးအရောက်သွားကြ၍ အကြောင်းစုံ လျှောက်ထားရာ ဆရာတော်က ကောင်းပါပြီ တကာတို့ သစ္စာ၊ မေတ္တာ အားထားပြီး အင်းတော်ကြီး အရှင်သဘင်ကို "ကျုပ်ခြေချတ်တောင်းပန် ပါမည်၊ သင်တို့စိုးရိမ်ပူပန်ခြင်းမရှိကြလင့်"ဟူ၍ မိန့်ကြားလေလျှင် လူတို့သည် ဝမ်းပန်းတသာဖြစ်ကြလေသည်။

တစ်နေ့သော် တောရဆရာတော် ဦးညီသူသည် မေတ္တာ ကရုဏာ ရှေ့ထားပြီး အင်းတော်ကြီးအရှင်သခင်အား ခြေချတ် တောင်းပန်အဓိဋ္ဌာန်ပြုသည်၊ ဆရာတော်သည် လောင်းလှေ(တစ်စီးပေါ်၌ ကောက်တုံးငယ်)(၃)လုံးတင်ကာ–

"ဤကျောက်တုံးငယ်တို့သည် အင်းပြင်ထဲသို့သယ်ဆောင်သွားကာ ချထားအပ်သော နေရာသည် နောင်အနာဂါတ်ကာလ၌ ဗုဒ္ဓသာသနာ တော်၏ ထွန်းကားရာမြတ်စွာဘုရား၏ သရီယဓါတ်တော်မွေတော်များ ကိန်းဝပ်ရာ စေတီတော်(ဘုရား)တည်ရာဌာနဖြစ်စေ သတည်း" ဟကျွန်ုပ် တို့အား ဘေးမသီရန်မခပါစေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူသည်။

ဤသို့လျှင် လောင်းလှေကို ကျောင်းသားတို့အား လှော်စေလျက် ဆရာတော်သည် လောင်းလှေဦးတွင် မတ်တပ်ရပ်ကာ ဖါနန်းမုံ (ကျောက်အိုက်) (ဝါ)လွဲနန်းမုံ(လွဲမွန်)ဒေသမှ စတင် ထွက်တော်မူသည်။ ဆရာတော်သည် ကိုယ်စိတ်နှစ်ပါးတို့၌ စောင့်ထိန်းသီလ၊ ဒါနစာဂီ ပါရမီအရပ်ရပ်ကို သုံးသပ်ဆင်ခြင်အောင်းမေ့ရင်း မည်သူတစ်ဦး တစ်ယောက်မျှ မရောက်ဝံ့ဘူးသော အင်းတော် ကြီး(အင်းရေပြင်)သို့ သွားရောက်တော်မူလေပြီ၊ ဆရာတော်သည် အင်းတော်ကြီးအရှင် သခင်ကိုယ်၌က မိမိ၏ဘုန်းတန်ခိုးအာနုဘော်ကြောင့် ဖြစ်စေအပ်သည်ဟု ယုံကြည်ရပါ သော လှိုင်းတံပိုးတို့၏ ရန်ကလည်းကောင်း၊ မိကျောင်း၊ ငါးကြီးတို့၏ရန်ကိုလည်းကောင်း၊ ဂရုမမူဘဲ လောင်းလှေကို လှော်မြ လှော်စေလျက် အင်းရေပြင်ထဲသို့ ထွက်မြဲထွက်ခွာတော် မူလေသည်။

ထိုစဉ်တွင် လေများတဟူးဟူးတိုက်ခတ်လာလေသည်၊ လျှပ်စစ် လျှပ်နွယ်များ ယှက်သန်းကာ မိုးသားတိမ်တိုက်များ အုံ့ဆိုင်းဖြစ်ပေါ်လာ၏ တမဟုတ်ခြင်းလိုလိုပင် မိုးကုတ်စက်ဝိုင်းတစ်ခုလုံး မည်းမှောင်လာ၏ အင်းရေပြင်ကြီးသည် ဆူပွက်သကဲ့သို့ ပြင်းထန်သော လေမုန်တိုင်း တိုက်ခတ်လာလျက် ကြီးမားသော လှိုင်းလုံးလှိုင်းတံပိုးတို့သည် တဝေါဝေါ တဝုန်းဝုန်းပြည်ဟီးတိုက်ခတ်လာလေသည်။

အင်းရေပြင်တစ်ဝန်းလုံး အလင်းရောင်ကွယ်ပျောက်လေ၏ လေကြားလှိုင်းကြား၌ မိုဃ်းကြီးပင် သည်းထန်စွာရွာသွန်းချလေပြီ၊ ကြောက်မက်ဖွယ်သောအကြောင်းခြင်းရာပင် ဖြစ်လေသည်။

အင်းတော်ကြီးအင်းကမ်းဘေးတို့၌ ရှိနေရစ်ကုန်သော တပည့် များနှင့်တကာ၊ တကာမများတို့သည် လောင်းလှေဖြင့် အင်းရေပြင်သို့

ထွက်သွားသော ဆရာတော်ဦးညီသူနှင့် တပည့်များတို့ ရေနစ်သေဆုံးကြလေပြီဟူ၍ သောသောညံ ငိုကြွေးကြကုန်၏ သို့ရာ တွင် ဆရာတော်၏ သစ္စာအဓိဋ္ဌာန်နှင့် မေတ္တာဘုန်းတန်ခိုးတို့ကြောင့် ဆရာ၊ တပည့်များ ရေနစ်သေဆုံးခြင်းမရှိဘဲ ရှိနေ၏၊ မိုယ်းရွာရာ၌ မိုယ်းရပ်စဲချိန်တွင် ဆရာတပည့်လောင်း လှေအား အင်းရေပြင်ထဲ၌ မမြင်ရပေ၊ တခါတရံသော် လှိုင်းလုံးကြီးကြားတွင် ဆရာတော်ကြီးကိုသာ ခပ်ဝေးဝေး ခရီး၌ ခပ်မှုံမှုံလှမ်းမြင်ရသည်ဟူ၏။

ဆရာတော်ဦးညီသူသည် လေပြင်းမုန်တိုင်းကြားတွင် လည်းကောင်း၊ လှိုင်းတံပိုးကြားတွင်လည်းကောင်း၊ ထို(လေလှိုင်းမိုးယ်း)သားအန္တရာယ်ကြားတို့၌ လောင်းလှေကို ဆက်လက်လှော်ခတ်စေခဲ့ရာ အပြင်းထန်ဆုံးသောအချိန်တွင် ဆရာတော်သည် "ဤကျောက်တုံးငယ်(၃)လုံး ချထားအပ်သောနေရာမရှိပါက တစ်စုံတစ်ရာထူးခြားမှုမပြဘဲ အကာ၍ ဤကျောက်တုံးငယ်(၃)လုံးကာ ချထားအပ်သောနေရာ ရှိပါက ထူးခြားစွာ ဖြစ်ပေါ် ပြစေသတည်း"ဟု အဓိဋ္ဌာန်ပြုပြန်လေသည်။

ထိုအခါတွင် ကြီးမားသောရေသတ္တဝါကြီး(တစ်ကောင်)သည် အင်းကိုကန့်လန့် ဖြတ်၍ လှေကို တားဆီးနေလေသည်။ တစ်ခုသော သဲသောင်ပြင် မှိုမှိုကလေးကိုလည်း ခပ်လှမ်းလှမ်း၌ မြင်လိုက်ရသည်ဟူ၏။

သဲသောင်းပြင်ကလေးသို့လောင်းလှေကို လှော်စေ၍ သဲသောင်ပြင်သို့ရောက်လေ၏၊ ယင်းသို့သောအခါ ဆရာတော်ဦးညီသူသည် သဲသောင်ပြင်သို့ဆင်းသက်ပြီး သဲ သောင်ပြင်ထိပ်တွင် တောင်ဝှေးဖြင့် ထောက်လေသည်။ ပြီးသော် ဆရာတော်သည် "နောင် သာသနာတော် ထွန်းလင်းတောက်ပမည့် ဒေသစေတီတော် ဘုရားကျောင်းက [illegible]၌ရှိ

မည့်နေရာ"ဟူ၍ ရေရွတ်ကာ လောင်းလှေပေါ်တွင် ပါလာသော ကျောက်တုံးငယ်(၃)လုံး ကိုထိုလဲဒသောင်ပြင်ထိပ်၌ ချထားတော်မူလေသည်။

ထိုစဉ်၌ ရေသတ္တဝါကြီးကလည်း ကွယ်ပျောက်လေ၍ နေရောင်ခြည်လည်း လင်းလာပြီး မိုဃ်းသက်လေပြင်းနှင့် လှိုင်းများ ငြိမ်သက်စဖြစ်လာ၏ နောင်မိုဃ်းသက်လေ ပြင်းလှိုင်းများ ကင်းစင်လေလျှင် ဆရာတော်ဦးညီသူနှင့်တပည့်တကာ၊ တကာမတို့ ပြန်လည်တွေ့ကြရာ တပည့်တကာ၊ တကာမတို့က ဝမ်းသာလှိုက်လှဲပျော်ရွှင်ကခုန်ကြလေသည်။

ထိုအချိန်မှစပြီး အင်းတော်ကြီး(အင်းရေပြင်)ထဲတွင် လှေများဖြင့် လှော်ခတ်သွား လာစရှိခဲ့ရာမှ နောင်၌ လှေ(ကြီး)ငယ်တို့ဖြင့် ကူးလူးလှော်ခတ်သွားလာကြသည်ဟူ၏၊ ဤသို့လျှင် အင်းတော်ကြီး အရှင်သခင်ကလည်း အင်းထဲ၌ ဆိုးရွားနေသော (လပစ်၊ လတောင်) မိကျောင်းနှစ်ကောင်းအား အမိန့်ရှိသည်မှာ "သင်တို့သည် သမုဒ္ဒရာ ပင်လယ်သို့ ပြန်မည်လော၊ ရွှေတောင်ကြီးအောက် ကျောက်လှိုင်ဂူတွင် နေမည်လော"ဟုမေးလျှင် (လပစ်၊လတောင်)တို့က "အကျွန်ုပ်တို့အား သနားသောအားဖြင့် ရွှေတောင်ကြီးအောက်တွင် နေပါရစေ"ဟု လျှောက်လေ၏။ ထို့ကြောင့် အင်းတော်ကြီးအရှင်သခင်က (လပစ်) မိကျောင်းကို အမြီးတစ်ပိုင်းဖြတ်၊ (လတောင်)မိကျောင်းကို လည်ပင်း သံကွင်းစွပ်၍ ရွှေတောင်ကြီးအောက်တွင် အမြဲသွင်းထားသည်ဟူ၏ ထိုကြောင့် အင်းတော်ကြီးအရှင် သခင်သည် အလွန်ဆိုးရွားကြမ်းကြုပ်သည်ဟူသော ရှေး(ဘ၊ဘိုး၊ဘီ၊ဘင်၊ဘောဘောင်) လူကြီးတို့ယုံကြည်

## အင်းတော်ကြီးရွှေမဥ္ဇူစေတီတော်ရေလယ်ဘုရားသမိုင်း

လာရာမှ ဆရာတော် ဦးညီသူခြွေချွတ်တောင်းပန်ထားသဖြင့် အင်းဘေး ပတ်လည်တွင် နေထိုင်ကြကုန်သော လူတို့သည် ထိုအခါမှစ၍ ယခုတိုင်အောင် ဘေးဥပါဒ် အန္တရာယ်ပြုတတ်သော မိကျောင်းဆိုး၊ ငါးဆိုးများ၏ ဘေးရန်တို့ကို မတွေ့မြင်ရတော့ပေ။

တောရဆရာတော်ဦးညီသူ ကိုယ်တော်ကြီး အမိဋ္ဌာန်ဖြင့် တောင်ဝှေးစိုက်ထူတော်မူသောနေရာနှင့် ကျောက်တုံးငယ်(၃)လုံးချထား တော်မူသောနေရာသည်ကား နောင်အခါ ရွှေမဥ္ဇူစေတီတော် (ရေလယ် ဘုရား) တည်ထားတော်မူသော နေရာဒေသဖြစ် လေသတည်း။

မှတ်ချက်။ ။ဦးကံဆက် (မြသီတာဟိုပင်)မော်ကွန်းဝင် ပထမဆင့်ရေး သမိုင်းမှတ်တမ်း ကို မှီငြမ်းကိုးကား၍ ပြန်လည် ရေးသားတင်ပြသည်။

နေလင်း
အင်းတော်ကြီး

# ရွှေမဥ္ဇူစေတီတော် (ရေလယ်ဘုရား)

## တည်တော်မူခြင်း

လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုဏာ ဂုဏ်နှင့်ပြည့်စုံသော တောရဆရာတော် ဦးသောဘိတ(လူအမည် ဦးသာအေး)

မြန်မာသက္ကရာဇ်၁၂၃၀ခုနှစ် မတိုင်မီတွင် တောရဆရာတော် ဦးသာအေးအမည် တွင်သော ရဟန်းပုဂ္ဂိုလ်ကျော်သည် သုဝဏ္ဏပဗ္ဗတ ရာဇာဘွဲ့ခံ(၃၇၊ ချောင်းရိုး)ပေါမိုင်းက ဆောက်လုပ်လှူဒန်းသော ရေပေါ်မီးရှာကျောင်း၌ သီတင်းသုံးတော်မူရန် (တောင်သုံးလုံး တောရကျောင်းမှ)ရပ်ရွာတကာ၊ တကာမများက ပင့်ဆောင်၍ ကြွမြန်းသီတင်းသုံးတော်မူသည်။

ဆရာတော်သည် နောင်တွင် အင်းတော်ကြီးမှ ဘုရားကျောင်း တကာများဖြစ်ကြသော ဦးသာမြတ်၊ ဦးရှင်ပို့၊ ဦးသာဘိုး၊ ဦးမြတ်စံတို့ (၄)ဦးက အင်းတော်ကြီးဒေသ၌ စေတီတော်(ဘုရား)တည်ရေးကိစ္စကို ဦးစီးနာယကဆောင်ရွက်တော်မူပါရန် လျှောက်ထားသဖြင့် အင်းတော်ကြီး သို့ မြန်မာသက္ကရာဇ်၁၂၃၀ခုနှစ်၊ နှစ်ဦးလောက်တွင် ကြွရောက်တော် မူသည်။ အင်းတော်ကြီးမှ တကာ၊တကာမများ ဝမ်းပန်းတသာ ကြိုဆို ပူဇော်ကြ ဖူးမြော်ကြလေသည်။

**မှတ်ချက်။** ။ထိုဆရာတော်သည် ဦးသောဘိတဟူ၍ အမည် မတွင်ဘဲ ဦးသာအေးဟူ၍သာ ခေါ်တွင်ကျော်စေသည်။

စေတီတော်ဘုရားတည်ရေးကို ဘူမိနက်သံမြေနေရာမှန်ကို စိစစ်ရွေးချယ်ကြရာ၌ မြောက်ဘက်လားသော် အင်းရေပြင်ကြီး၊ အရှေ့

ဘက် လားသော် အင်းရေပြင်ကြီး၊ တောင်ဘက်လားသော် အင်းရေပြင်ကြီး၊ အနောက်ဘက်လားသော် ရှည်လျားမို့မြင့် (ကမ်းစပ်ထိ)သော သဲသောင်ခုံသောင်ပြင်တန်းကြီး(၂)တန်း(လူလမ်းနတ်လမ်း(မှော်)တို့ ဖြင့် ဝန်းရံဗဟိုပြုသော ကမ်းစပ်မှ (မြောက်ဘက်လူလမ်း ၂၇၆တာ) ရှည်လားသော သဲသောင်ခုံသောင်ပြင်ထိပ်တွင် စေတီတော်ဘုရားတည်ရန် ဆုံးဖြတ်တော်မူလေသည်။ (အဘိယာစကစာတမ်းတွင်ရှု)

---

မှော်။ ။လူလမ်းနတ်လမ်း။ ။သဘာဝလျောက်ဖြစ်တည် ဖန်တီးထားသောသဲသောင်ခုံသောင်ပြင်ဖြစ်သည်။ မြောက်ဘက်သောင်ပြင်သောင်ခုံသည် အင်းစပ်မှရွှေမဥ္ဇူစေတီတော်တည်ရှိရာထိ ရှည်လျားစွာတည်ရှိလေသည်။

ဆရာတော်သည် အများသဘောဆန္ဒအရ စေတီတော်ဘုရားတည်ရန်နေရာကို သဘောကျဝမ်းမြော်တော်မူသည်ဖြစ်၍ အစစရာရာ (အုတ်၊ ထုံး၊ အင်္ဂတေ)တို့ကို ပြည့်စုံ လုံလောက်အောင်(လချင်း၊ ရက်ချင်း) စုဆောင်းရရှိတော်မူလေလျှင် စေတီတော်ဘုရား (တစ်ဆူ)ကို မြန်မာသက္ကရာဇ်၁၂၃၀ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက်၊ အေဒီ(၂၀-၂-၁၈၆၉) စနေနေ့၊ နေမွန်းတည့်(စက် ၁၁း၀၀နာရီခန့်)ချိန်တွင် အောင်စည်တည်းပြီး နောင်တွင် ရွှေမဥ္ဇူစေတီတော် (ရေလယ်ဘုရား)ဟူ၍ အမည်တွင်ကျော်စောသော စေတီတော်ဘုရား ကို ပန္ထက်ချတော်မူသည်။

ဆရာတော်သည် စေတီတော်ဘုရားတည်ရာ၌ (နေ့အချိန်တွင် လူသားများလုပ် အားပေးတည်ကြ၍ ညအချိန်တွင် နတ်များ လုပ်အားပေးကြသမျှ)လျှင်မြန်စွာ ပြီးစီးအောင်မြင်သဖြင့် (စေတီတော်)အား လူ

တစ်ပိုင်း နတ်တစ်ပိုင်းတည်သောဟူ၍ ကျော်စော လေသည်။

ဆရာတော်သည် ၁၂၃၀ခုနှစ်၊ နောက်ပိုင်းတွင် အင်းတော်ကြီး (ငွန်ဇင်းပေါမိုင်းနယ်မြေ) လုံးကောက်၊ နန့်ဖေါင်းဇင်ကြား (မိုင်းပုတ်ကြီး)ကုန်းပေါ် (ကျောင်းတွင်) သီတင်း သုံးတော်မူသည်။ ၁၂၃၃ခုနှစ်၌ သက်တော်(၇၈)နှစ်ခန့် သိက္ခာတော်(၅၈)ဝါခန့်အရတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

တောရဆရာတော် ဦးသာအေး(ဘွဲ့တော် ဦးသောဘိတ)သည် ရွှေမဥ္ဇူစေတီတော် (ရေလယ်ဘုရား)ကို စတင်တည်တော်မူသော ပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊လူတစ်ပိုင်း၊ နတ်တစ်ပိုင်းစေတီတော်ဟူ၍ လည်းကောင်း ထင်ပေါ်ကျော်စောခြင်းသည်ကား ယနေ့တိုင် သမိုင်းတွင် နေရစ်သည်။ နောင်၌လည်း သမိုင်းတွင်ရစ်နေအုံးမည်သာတည်း။

## နှစ်လရက်ချုပ်မှတ်တမ်းတင်ခြင်း

**ပန္နက်တော်တင်ခြင်း။** ။ ရှေးအတိတ်နှစ်ပေါင်းများစွာက အရှင်ဦးညီသူ (တောရဆရာတော်၊ ဘွဲ့တော် ----------)သည် အစိဋ္ဌာန်ဖြင့် ဗုဒ္ဓသရီယဓါတ်စေတီတော် တည်နိုင်ရေးအတွက် ကျောက်(၃)လုံးချထားအပ်ပန္နက်တော်တင်အပ်သော (လင်လုံ-ခေါ်)သဲသောင်စွယ်သောင်ပြင်ထိပ်တွင် ရွှေမဥ္ဇူစေတီတော် (ရေလယ်ဘုရား)ဟူ၍ နောင်တွင် အမည်နာမခေါ်တွင် ကျော်စောသော စေတီတော်ဘုရားကြီးကို သက္ကရာဇ်၁၂၃၀ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက်၊ အေဒီ၁၈၆၉ခု၊ ဖေဖော်ဝါရီလ(၂၀)ရက်၊ စနေနေ့၊(သိကြားမင်းမြေခံထဲဝင်

အထဲရက်ရာဇာကြုံသော) နေမွန်းတည့်(စက်၁၀း၃၀နာရီခန့် နတ်သမီး ရကိန်း)ချိန်တွင် ကျောက်တိုက် ပလ္လင်တည်ရန် (၈)ထောင့်ထား၍ ပန္နက်ချ တော်မူသည်။ တပေါင်းလပြည့်ဗုဒ္ဓဟူးနေ့တွင် တိုင်စိုက်တန်းကပ်ပြီးလျှင် ကျောက်တိုက်ပလ္လင်တော်ဖွဲ့တည်လေသည်။

မှတ်ချက်။ ။ဤကျောက်တိုင်ပလ္လင်နှင့် ရပ်စဲ၍ မိုးတွင်းရေအမြင့်ဆုံးအခြေအနေကို ကြည့်ကြလေ၏ဟူ၍ သမိုင်းဟောင်း တို့၌ ဆိုလေသည်၊ သို့ရာတွင် ရှေ့ဤသမိုင်းတွင် ရှင်းလင်းချက် အစီရင်ခံ တင်ပြထားပါသည်။

**ရွှေအုတ်ငွေအုတ်ချခြင်း။** ။၁၂၃၁ခု၊ ကဆုန်လဆန်း (၁၃) ရက် (၂၂-၄-၆၉)ကြာသပတေးနေ့ (ပြဿဒါးမင်းမြေခံထွန်းပ ရက်ရာဇာ ကြုံသော) နေမွန်းတည့်(စက်၁၀း၃၀နာရီခန့်ရွှေအိုးရကိန်း)ချိန်တွင် ရွှေအုတ်ငွေအုတ်ချတော်မူသည်။

ဌာပနာတော်မူခြင်း။ ။၁၂၃၁ခု၊ ကဆုန်လပြည့်ကျော်(၁၂)ရက်၊ (၆-၅-၆၉) ကြာသပတေးနေ့၊ ပြဿဒါးမင်းမြေခံထွန်းပရက်ရာဇာကြုံသော နေ မွန်းတည့်(စက်၁၀း၃၀နာရီခန့်)ချိန်တွင် ဌာပနာတော်ပစ္စည်းအရပ်ရပ် တို့ကို ထည့်ဌာပနာတော်မူလေသည်။

ဌာပနာတော်မူပုံ။ ။တောရဆရာတော် ဦးသာအေး (ဘွဲ့တော် ဦးသောဘိတ) ကိုယ်တော်တိုင် ရန်ကုန်မြို့သို့ကြွသွားတော်မူ၍ ရွှေစင်တစ်ကျပ် ပန်းထိမ်အပ်၍ ခတ်လုပ်ပြီးစီးအပ်သော ရွှေကြုတ်ဖလားကို ရွှေတိဂုံစေတီတော်ကြီး၌ အမိဋ္ဌာန်ဖြင့် ချထားပင့်ဆောင်ပူဇော်ကြွမြန်း လာအပ်သော မြတ်စွာဘုရား၏ သရီယဓါတ် တော်မွေတော်မြတ်(၅)ဆူကို ရွှေစင်ရွှေကောင်းတို့ဖြင့် သွန်းလောင်းခတ်နှိပ်ပြီးသော ရွှေ လောင်းပေါ်တွင်

ရွှေသေတ္တာ(ရွှေကြုတ်ဖလား)တင်၍ ဖိနပ်တော်(၅)တောင်တစ်ထွာ အထက် ပထမပစ္စယာအနောက်မျက်နှာစူးစူး၌ (အလျားတစ်တောင်၊ အနံ့ရှစ်လက်မ၊ အနက် သုံးတောင်ရှိသော အထက်ဘုံပစ္စယာထိအောင် အခေါင်းထားကာ)ဓါတ်တော်၊ မွေတော်များနှင့် ရွှေ၊ ငွေ၊ ရတနာ ကျောက်မျက်ရတနာများတို့ဖြင့် ဌာပနာတော်မူလေ သည်။

မှတ်ချက်။ ။ဓါတ်တော်မွေတော်များ ဌာပနာတော်မူ ရာတွင် ဖိနပ်တော်(ပလ္လင်)အထက်ပင်ဖြစ်လေရာ နောင်၌စေတီတော်၏ ဖိနပ်တော်အခါခါပြုန်လည်မြှင့်တင်လာသဖြင့် ဓါတ်တော်မွေတော်များ၊ စေတီတော် ပလ္လင် အောက်တွင် တည်လေသည်။ (သို့ရာတွင် လောင်း လှေပေါ် ၌ ရွှေသေတ္တာ ရွှေကြုတ်ဖလားတို့ဖြင့် တည်ထားဌာပနာ အပ်သော ဓါတ်တော်တို့သည် အင်းရေကျချိန်တွင် အောက်သို့လျော ဆင်း၍ အင်းရေမြင့်တက် (မိုးရာသီ)ချိန်တွင် အထက်သို့တက်လေသည် ဟု ယူဆဖွယ်ဖြစ်၏။ ထိုကြောင့် အထူးသဖြင့် မိန်းကလေး(မိန်းမ)များသည် စေတီတော်၏ဖိနပ် တော်ပလ္လင်အထက်သို့ တက်ရောက်ဖူးမြော်ခြင်း မတင့်တယ်သည်ဟု (မိန်းမများမတက်ရ)ဟူသော စာတမ်းကို ဂေါပက အဖွဲ့မှ သတိပေးတား မြစ်ထားလေသည်။

## ရွှေမဥ္ဇူဟူ၍ ဘွဲ့နာမခေါ်တွင်ခြင်း

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးမှ အဓိဋ္ဌာန်ဖြင့် ပင့်ဆောင် ကြွမြန်းလာအပ်သော ဓါတ်တော်၊ မွေတော်မြတ်(၅)ဆူနှင့် အခြားသော ဓါတ်တော်မွေတော်များတို့ကို ရွှေ သေတ္တာ ရွှေကြုတ်ဖလားဖြင့်ထည့်၍ ရွှေလှေ(ရွှေလောင်း၊ရွှေသင်္ဘော) ပေါ်တွင်တင်ပြီး ဌာပနာသဖြင့်

(ရွှေတံတင်း၊ ရွှေသေတ္တာကို မဥ္ဇူသသဒ္ဒါ)ပါဠိပျက်မှဆင်းသက်လာသော အခိပ္ပါယ်ကို မြန်မာလိုဘာသာပြန်ရသဖြင့် စေတီတော်ကြီးအား ရွှေမဥ္ဇူ စေတီတော်ဟူ၍ လည်းကောင်း၊ ယေဘူယျအားဖြင့် အင်းရေလယ်၌ တည်နေသဖြင့် ရေလယ်ဘုရားဟူ၍ လည်းကောင်း ဘွဲ့တော်အမည်နာမ (၂)မျိုးကို ခေါ်တွင်ကျော်စောလေသည်။ ထိုမှတစ်ပါး ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်ဂူဝ၌ ပေါက်နေသော (ဇမ္ဗူဒီပစာတမ်းအရ) နတ်ပန်း(မဥ္ဇူသက) ပမာဆင်းရန့်ပျံ့သင်း၍ ထူးခြားကျော်စောတင်စားခေါ်ဆိုအပ်သော ဘွဲ့တော်တစ်ရပ် ဖြစ်သည်ဟူ၍လည်း တည်းဖြတ်မှတ်ယူနိုင်ဖွယ်ပင်ဖြစ်၏။ (မဥ္ဇူသက) ဟိမဝန္တာ၌ တောင်ကြီး(၇)လုံးရှိရာ (၁၂)ယူဇနာမြင့်သော ဂန္ဓမာဒနတောင်လည်း ပါဝင်သည်။ ရွှေရောင်လိုဝင်းလက်တောက်ပသော တောင်ဖြစ်သည်ဆို၏။

ထိုတောင်ကြီး၏မြောက်ဘက်၌ မန္ဒာဂိရိရေကန်ကြီးရှိသည် ၎င်း၏အရှေ့တောင်၌ နန္ဒမူလိုဏ်ဂူရှိ၏။

ရဟန္တာ(၅၀၀)တို့ နေ့ကာလသီတင်းသုံးသည်ဟု ဆိုသည်၊ ထိုလိုဏ်ဂူဝ၌ မဥ္ဇူသကနတ်ပန်းရှိသည်ဟု ဆိုကာ စာဆိုတော်များ အမျိုးမျိုးစပ်ဆိုကြလေသည်။

ပန်းလည်(ပိန္နဲ)တိုင်စိုက်ထူခြင်း။ ။၁၂၃၁-ခု၊ နယုန် လဆန်း(၂)ရက် (၁၁-၅-၆၉) အင်္ဂါနေ့၊ (နတ်သမီးမြေခံညွန့်စ၊ ရက်ရာဇာ ကြုံသော) နေမဝင်လေးချက်တီး၊ (စက်ဝဖ်း၀၀ နာရီခန့် ရွှေအိုးရကိန်း) ချိန်တွင် ပန်းလည်(ပိန္နဲ)တိုင်စိုက်ထူတော်မူသည်။

## ရွှေမဥ္ဇူစေတီတော်မြတ်ထီးတော်တင်ခြင်း

ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)သည် ဖိနပ်တော် (၅) တောင်(၁)ထွာ၊ ဦးကံ ဆက်ရေးသမိုင်း၌ ဖိနပ်တော်မပါ ဉာဏ်တော်(၁၀) ကျော် ဟုလည်းကောင်း၊ ဦးဉာဏဝံသ ရေး သမိုင်း၌ ဖိနပ်တော်၅-တောင်၁-ထွာ)၊ ဉာဏ်တော် ၉တောင်၁-မိုက်ဟူ၍လည်း ကောင်း) တည်ရှိပြီးစီးလေသော် ထီးတော်မြတ်ကို တင်လှူတော်မူလေသည်။

(၁) ပထမထီးတော်မြတ်ကို အများပြည်သူအလှူတော်ငွေဖြင့် သက္ကရာဇ်၁၂၃၁ခု၊ ပထမဝါဆိုလဆုပ်(၈)ရက်၊ (၁-၇-၆၉)ကြာသပတေး နေ့ နေဝင်(စက်ညနေ၀၆း၀၀နာရီခန့်) ချိန်တွင် တင်လှူတော်မူသည်။

**မှတ်ချက်။** ။ရေးသမိုင်း(၃)စောင်လုံးသည် တိုက်ဆိုင် ကိုက်ညီ တူညီကြလေသည်။

(၂) ဒုတိယထီးတော်မြတ်ကို ဒါယကာများဖြစ်ကြပါသော လုံးကောက်ကျောင်းဆရာတော် ဦးဇိနဂိုဏ်းချုပ်/ဦးစီးနာယက)က ကာလတန်ဖိုးငွေကျပ်(၅၀၀)တန်ကြေး ရွှေထီးတော်၊ မိုင်းနောင် ကျောင်းဆရာတော်(လှူအမည် ဦးရွှေလှော်)က ကာလတန်းဖိုးငွေ၁၅၀-တန် စိန်ဖူးတော်၊ နန့်မီးလောင်ရွာဦးဘိုးညွှန့်-ဒေါ်အေးမြတို့က ကာလတန်ဘိုးငွေကျပ် ၁၂၅၀တန် ငှက်မြတ်နားတော်တို့ဖြင့် စုစည်း၍ မြန်မာသက္ကရာဇ်၁၂၈၄ခု၊ တပေါင်းလဆန်း (၁၅)ရက်၊ (၁-၃-၁၉၂၃)ကြာသပတေးနေ့တွင် တင်လှူတော်မူလေသည်။

ထီးတော်၏ အခြင်းအရာမှာ ထီးအရပ်တော်(၇)တောင်၂-မိုက်၊ (ဦးဉာဏဝံသရေး သမိုင်း၌ ၁၀-ပေ၊ ဖလက်မ) ရှိလေသည်။ ထီးအဝ တော်၂-တောင်၂-မိုက် (ဦးဉာဏဝံသ ရေးသမိုင်းမှ ၅-ပေ)ရှိလေသည်။

ထို၁၂၈၄ခု၊ ထီးတော်တင်ချိန်၌ ရွှေမဥ္ဇူစေတီတော်သည် ဖိနပ်တော်၂၆–တောင်၊ ၁–မိုက် ၄–သစ်ရှိလေသည်။ ဉာဏ်တော်၃၃–တောင်၊၂–မိုက်ရှိလေသည်။ အရန်စေတီတော် ပေါင်း၁၅၂ဆူ၊ (ဦးဉာဏဝံသရေးသမိုင်း၌ ၁၆၄–ဆူ)ရှိလေသည်။ ကျောက်တိုက် ပလ္လင်တော်သည် အရှေ့မှအနောက်၁၂၀–ပေ၊ တောင်မှမြောက်၁၁၈–ပေရှိလေသည်။

**မှတ်ချက်။**　　။ ၁၂၈၄ခုနှစ် တင်လှူသော ထီးတော် မြတ်သည် ၁၃၄၅ခုနှစ်တွင် ရွှေသင်္ကန်း ပြန်လည်ကပ်လှူပူဇော်သည်။ နောက်တဖန် ၁၃၅၃ခုနှစ်တွင်လည်းကောင်း၊ ၁၃၅၇ခုနှစ်တွင် လည်းကောင်း ရွှေသင်္ကန်းပြန်လည်ကပ်လှူပူဇော်ပါသည်။ ယနေ့တိုင် ခိုင်မြဲ(တည်တံ့) စွာ ရှိလေသည်။

**ရှင်းလင်းတင်ပြခြင်း။**　　။ရွှေမဥ္ဇူစေတီတော်သမိုင်းသည် လေးစား စွာဖြင့်အစီရင်ခံလိုသည်မှာ ရေးသမိုင်းရေးဆရာ(အာစရိယ)များ ဖြစ်ကြပါသော ဦးသိန်းညွန့်၊ ဦးကံဆက်၊ ဦးဉာဏဝံသတို့ ရေးသား တင်ပြထားကြသော သမိုင်းသုံးစောင်တို့၌ ရွှေမဥ္ဇူစေတီတော်ကြီးကို သက္ကရာဇ်၁၂၃၀ခုနှစ် တပေါင်းလဆန်း(၁၁)ရက်စနေနေ့တွင် ပန္နက်ချ၍ လပြည့်ဗုဒ္ဓဟူးနေ့တွင် ကျောက်တိုက်ပလ္လင်ဖွဲ့တည်ပြီး ၎င်းကျောက်တိုက် ပလ္လင်ဖြင့် ရပ်စဲကာ မိုးတွင်းရေတက်အမြင့်နှုန်းကို ကြည့်ကြရန် စောင့်ဆိုင်း လေသည်ဟု ဆိုလေသည်။

နောက်တဖန်၁၂၃၁ခု၊ ပထမဝါဆိုလဆုတ်(၈)ရက် ကြာသ ပတေးနေ့တွင် စေတီတော်တည်ရေးကို ပြီးစီး၍ ထီးတော်ကို တင်လှူ လေသည်ဟူ၍ ဆိုလေသည်။

အမှန်စင်စစ် မိုးတွင်းရေကြီးမြင့်နှုန်းကို စောင့်ကြည့်ကြမည်ဆိုပါလျှင် တစ်နှစ် စောင့်ဆိုင်းကြရပေတော့မည်ဖြစ်လေ၏။ အကယ်၍ တစ်နှစ်စောင့်ဆိုင်းလေလျှင် ၁၂၃၁ခုနှစ် တွင် ရွှေအုတ်ငွေအုတ်ချခြင်း၊ ဌာပနာခြင်း၊ ထီးတော်တင်ခြင်းစသော စေတီတော်တည်ရေး ကိစ္စရပ် မပြုလုပ်နိုင်တော့လေပြီတည်း။ ထို့ကြောင့် မိုးတွင် ရေကြီးမြင့်နှုန်းကို စောင့်ကြည့် ကြရန်စေတီတော်တည်ရေးကို ကျောက်တိုက်ပလ္လင်ဖြင့် ရပ်စဲလေသည်ဆိုသော အမိပ္ပါယ် စကားရပ်သည် ပယ်သင့်လေသည်၊ ဆက်တိုက်တည်လေ ဆောင်ရွက်သည်ဟူ၍ မှတ်ယူ သင့်၏ သို့မဟုတ်ပါက ၁၂၃၂ခုနှစ်သာလျှင် ရွှေအုတ် ငွေအုတ်ချခြင်း၊ ဌာပနာခြင်း၊ ထီး တော်တင်ခြင်းစသော စေတီတော်တည်ရေးတွင် ဖြစ်နိုင်လေတော့၏။

အကြောင်းရင်းသည်ကား ၁၂၃၀ခု၊ နှစ်ကုန်သည် ကဆုန် လဆန်း(၅)ရက် ၁၄-၄-၁၈၆၉ ဗုဒ္ဓဟူးနေ့တွင် နှစ်ဆန်းဖြစ်၍ ၁၂၃၁ခုနှစ်သို့ ကူးပြောင်း၏ ထိုနှစ်ကဆုန်လတွင် စေတီတော်တည်ရေး ရွှေအုတ်ငွေအုတ်စသော လုပ်ငန်းရပ်စလေသောကြောင့် တစ်မိုးမဝင် သေးမီ (မိုးတွင်းအင်းရေကြီးမြင့်နှုန်းကို စောင့်မကြည့်တော့ဘဲ) ဆက်တိုက် တည်လေ ဆောင်ရွက်သည်ဟူ၍ မှတ်ယူသင့်ပေသည်။

တိုက်ဆိုက်သည်ကား ၁၂၃၁ခုနှင့် ၁၂၃၂ခုတို့သည် ကဆုန် လဆန်း(၁၃)ရက် ကြာသပတေးနေ့ ကဆုန်လဆုတ်၁၂ရက် ကြာသပတေးနေ့၊ နယုန်လဆန်း(၂)ရက် အင်္ဂါ နေ့ချင်းတူလေသည်။ သို့ရာတွင် ၁၂၃၁ခု၊ ပထမဝါဆိုလဆုတ်(၈)ရက် ကြာသပတေးနေ့ ဖြစ်ပြီး ၁၂၃၂ခု၊ ဝါဆိုလဆုပ်(၈)ရက်၊ ဗုဒ္ဓဟူးနေ့ဖြစ်လေသည်၊ ထိုကြောင့် ၁၂၃၁ခု၊ ပထမ ဝါဆိုလဆုပ်(၈)ရက်ကြာသပတေးနေ့ထီးတော်တင်သည်ဆိုသော

စကားရပ်သည် မှန်သည်ဟု ယူဆလေသည်၊ ယင်းသို့ဖြစ်လေရာ စေတီတော်တည်ရေးကိစ္စကို တစ်နှစ်မလွန်သေးမီ (၅)လအတွင်း ထီးတော်တင်ပြီးလေသဖြင့် ရေးသမိုင်းတို့၌ပြဆိုထားအပ်သော–

ဤကျောက်တိုင်ပလ္လင်ဖြင့် ရပ်စဲ၍ မိုးတွင်းအင်းရေအမြင့်နှုန်း အခြေအနေကို ကြည့်ကြရန် စောင့်လေသည်ဆိုသော စကားရပ်ကို စဉ်းစားချင့်ချိန်သင့်လေသည်။

## ရေးသမိုင်းရေးဆရာ(အာစရိယ)သုံးဦး။

**ဦးသိန်းညွန့်။**　　　။ အင်းတော်ကြီးဒေသရေး၌ တောင်ပေါ် တိုက်နယ်သူကြီးဦးဘိုးမြိုင်နှင့် စာရေးသူ၏အဖွား မွေးချင်း ငါးယောက် ရှိသည့်အနက် စတုတ္ထမြောက်)မွေးချင်းဖြစ်သည်။ ငယ်နာမည် မောင်ဘိုးညွန့်ဟူ၍ ခေါ်တွင်သည်၊ ၁၂၈၇ခု လောက်တွင် သာသနာ့ ဘောင်သို့ ဝင်ရောက်ကာ(ဦးပုည)ဟူသောဘွဲ့အမည်ဖြင့် အင်းတော် ကြီး၌ ထင်ပေါ်ခဲ့သည်။ နှောင်တွင် ရဟန်းဘဝဖြင့် မပျော်တော့သဖြင့် လူဝတ်ဦးသိန်းညွန့် ဖြစ်လာခဲ့သည်၊ အင်းတော်ကြီးသမိုင်း၊ ရွှေမဥ္ဇူ စေတီတော်သမိုင်း၊ ငွေမဥ္ဇူစေတီတော် သမိုင်း၊ မုဆိုးမစေတီတော် သမိုင်းတို့ကို ရေးသားပြုစု၍ ပုံနှိပ်စာအုပ်အဖြစ် ပထမဦးဆုံးထုတ်ဝေ ခဲ့သည်။

၁၃၄၀ခုနှစ်တွင် အသက်(၈၀)ကျော်အရွယ် အင်းတော်ကြီး နန့်မွန်းရွာနေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ဦးကံဆက်။** ။ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင် (မြသီတာ) ရပ်ကွက်တွင် နေထိုင်သည်။ မြသီတာဆေးတိုက်ပိုင်ရှင်နှင့် ပုံနှိပ်တိုက်လုပ် ငန်းပိုင်ရှင်လည်းဖြစ်သည်။ ဦးကံဆက်(မြသီတာ)ဟူ၍ ထင်ပေါ် ကျော်စောၤ၏။ အင်းတော်ကြီးသမိုင်း၊ ရွှေမဥ္ဇူစေတီတော် သမိုင်းတို့ကို ရေးသား၍ မိမိပုံ နှိပ်တိုက်တွင်ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ သက္ကရာဇ် (၁၃၁၃-ခုမှ ၁၃၂၁-ခုထိ) ရွှေမဥ္ဇူစေတီတော် (သူကြီး သမဂ္ဂကာလတွင်)ဂေါပကအဖွဲ့ဝင်ဖြစ်ခဲ့သည်။ (၁၃၂၂-ခုမှ ၁၃၃၀ခုထိ) ရွှေမဥ္ဇူစေတီတော် (တပ်မဟာ-၇ ပြည်နယ်အဆင့်ကာလတွင်) ဂေါပကအဖွဲ့ဝင်စာရင်းစစ်ဖြစ်ခဲ့သည်။ နောင်တွင် မန္တလေးမြို့ ၈၄လမ်း မင်းသားစုရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်လေသည်၊ နောင်တွင် ရန်ကုန်မြို့ သာသနာရေးဦးစီးစာပေစိစစ်ရေးဌာနမှ ပုံနှိပ်ထုတ်ဝေခွင့်ရယူပြီး စာအုပ်စာတမ်းများ ရေးသားပုံနှိပ် ထုတ်ဝေခဲ့သည်။ နိုင်ငံတော် မော်ကွန်းဝင်(ပ)ဆင့် ဖြစ်လေသည်။

**ဦးဥာဏဝံသ။** ။ မိုးညှင်းမြို့နယ် အင်းတော်ကြီး ဒေသလုံး ဆိုင်ရာ သံဃာတော်များ ဂိုဏ်းဂဏ ဩဝါဒါ စရိယ်နာယကဆရာတော်ဖြစ်သည်။ ရွှေမဥ္ဇူ စေတီတော်ဂေါပကအဖွဲ့၏ ဦးစီးနာယကဆရာတော်လည်းဖြစ်လေသည်။ အေဒီ၁၀-၁-၁၉၇၅ခုတွင် အင်းတော်ကြီးအတ္ထုပ္ပတ္တိနှင့် ရွှေမဥ္ဇူစေတီတော်သမိုင်းတို့ကိုရေးသား၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၃၃၁ခုတွင် (ဟိုဖါစေတီကုန်း၌) မြမဥ္ဇူစေတီကို လည်းကောင်း၊ ၁၃၄၁ ခုတွင် လွှဲကျော်(ရန်ကင်း)တောင်၌ ကမ္ဘာအေး ကပ်ကျော်စေတီကိုလည်းကောင်း၊ ဦးစီးနာယက ဆောင်ရွက်တည်တော်

မူခဲ့သည်။ ၁၃၄၄ခု၊ သီတင်းကျွတ်လဆုပ်၁၁ရက်၊ (၁၂-၁၁-၈၂) သောကြာနေ့ ညနေစက်၅း၂၀နာရီအချိန် သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါအရ တွင် ပျံလွန်တော်မူသည်။ ဆရာတော်၏ သာသနာဝင်မှတ်တမ်းအမှတ်မှာ (၂၁၄၁၇၁)ဖြစ် လေသည်။

## ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)

## ပွဲတော်ကျင်းပခြင်း

**ဗုဒ္ဓပူဇနီယပထမပွဲတော်**

မြန်မာသက္ကရာဇ် ၁၂၃၁ခုနှစ်တွင် ပထမဝါဆိုလ၌ ထီးတော်တင် လှူပူဇော်ပွဲကျင်းပပြီးစီးလေလျှင် ထိုနှစ်၁၂၃၁ခုနှစ် တပေါင်းလဆန်း (၈)ရက်မှ လဆုတ်(၁)ရက်နေ့နံနက်ထိ (၇)ရက်တိုင်အောင် ဗုဒ္ဓပူဇနီယ ပထမဆုံးသော ပွဲတော်ကို ဆင်ယင်ကျင်းပတော်မူလေသည်။

**မှတ်ချက်။** ။ဦးသိန်းညွှန့်ရေးသမိုင်းအရဖြစ်လေသည်။ ဦးကံဆက်၊ ဦးဉာဏဝံသရေး သမိုင်းအဆိုမှာ ၁၂၃၅ခုနှစ်တွင် ပွဲတော်ကို ဆင်ယင်ကျင်းပလေသည်ဟူ၍ ဆိုလေသည်။ ခုနှစ် သာ ကွဲပြား၍ ရက်တို့ကား တိုက်ဆိုင်တူညီလေသည်။

**အစဉ်အဆက်ဆက်သောပွဲတော်။**

မြန်မာသက္ကရာဇ်၁၂၄၆ခုသို့တိုင်လေသော် မြန်မာနိုင်ငံတော် အစွန်အဖျား နိုင်ငံတော်၏မြောက်ပိုင်း(အင်းတော်ကြီးဒေသ)တောရွာ

(ဇနပုဒ်)တို့တွင် မငြိမ်မသက်ဖြစ် လာရာ အစဉ်နှစ်တိုင်းကျင်းပလာလေသော စေတီတော်ဘုရားပွဲကို ထိုနှစ်မှစ၍ ၁၂၅၇ခု၊ (၂၂)နှစ်ထိ ပျက်ပြားခဲ့လေသည်။

မှတ်ချက်။ ။ဦးသိန်းညွန့်ရေးသမိုင်းအရဖြစ်၏။ ဦးကံဆက်ရေးသမိုင်းအဆိုမူ ၁၂၄၆ခုမှ ၁၂၅၇ခု(၁၂)နှစ်အထိဟူ၍ ဆိုလေသည်။

ထို့ကြောင့် ရွှေမဥ္ဇူစေတီတော်ဗုဒ္ဓပူဇနိယပူဇော်ပွဲ(၂၅) နှစ်မြောက် ငွေရတုသဘင် (၁၂၅၅)ကို ဆင်ယင်ကျင်းပနိုင်ခြင်းမရှိနိုင်ပါပေ၊ သို့ရာတွင် ၁၂၅၈ခုမှစပြီး ရေးယခင်နှစ်များ အစီအစဉ်အတိုင်း တပေါင်းလဆန်း(၈)ရက်မှ လဆုတ်(၁)ရက်နေ့နံနက်အထိ (၇)ရက် တိုင်အောင် ဗုဒ္ဓပူဇနိယပူဇော်ပွဲကိုဆင်ယင်ကျင်းပတော်မူသည်။

ထိုနှစ်ထိုပွဲတော်မှစတင်ပြီး ယနေ့မျက်မှောက်ကာလပွဲတော်တိုင် နှစ်စဉ်မပျက် ဆက်လက်ကာ ပူဇော်ပွဲကြီးဆင်ယင်ကျင်းပမြဲပြုလုပ်ခဲ့ရာ၌ နှစ်အခါအားလျော်စွာ လဆန်း (၈)ရက်တွင်လည်းကောင်း၊ လဆန်း (၁၀)ရက်တွင်လည်းကောင်း ပွဲတော်ကိုစတင် ဆင်ယင်ကျင်းပပြုခဲ့လေသည်။

ရွှေမဥ္ဇူစေတီတော်ဗုဒ္ဓပူဇနိယပူဇော်ပွဲ (၅၀)နှစ်မြောက် (ရွှေရတုသဘင်)ကို သက္ကရာဇ်၁၂၈၀ခုနှစ် တပေါင်းလဘုရားပွဲတော်နှင့် အတူ ကုန်းပွဲ၊ ရေပွဲ၊ (ကရိဝိက်ဖေါင် တော်)တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပတော်မူလေသည်။ (၇၅)နှစ်မြောက် (စိန်ရတုသဘင်)ကို ၁၃၁၅ခုနှစ်တွင် တပေါင်းလဘုရားပွဲတော်နှင့်အတူ ဆင်ယင်ကျင်းပတော်မူသည်၊ရွှေမဥ္ဇူစေတီတော်ဗုဒ္ဓပူဇနိယပူဇော်ပွဲ(၁၀၀)နှစ်တစ်ရာမြောက် (ပတ္တမြားရတုသဘင်–ရာပြည့်ပွဲတော်ကို သက္ကရာဇ်၁၃၃၀ခုနှစ်

တပေါင်းလ ဘုရားပွဲတော်နှင့်အတူ ကုန်းပွဲ ရေပွဲ ပြပွဲပြိုင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်(တမူထူးခြား)စွာ ဆင်ယင်ကျင်းပတော်မူလေ သည်။

ထိုစေတီတော်(ရာပြည့်နှစ်)ဘုရားပွဲတော်သည် သမိုင်းတစ်လျှောက် မှတ်တမ်း တင်အပ်သော ပွဲတော်တစ်ရပ်ဖြစ်လေသည်။ ကုန်းပွဲတွင် ဇာတ်ပွဲ၊ လိပ်ပြာတောင်ပဒေသာ ကပွဲ၊ မီးပုံပွဲ(မီးပုံကပွဲ၊ ဆက်ကပ်၊ ကျွမ်းဘားပြပွဲ၊ ရုပ်ရှင်(ပုဂ္ဂလိက)၊ ရုပ်ရှင်(ပြည်နယ်ပြန်ကြားရေး)ပြသရေးနှင့် ဗဟိုပြန်ကြားရေး(ပွဲတော်တွင်း) ရုပ်ရှင်ရိုက်ကူးရေး စသည်ဖြင့် ပါဝင်လေသည်။

ရေပွဲတွင် လောင်းလှေပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ ဆီးမီးတစ်ထောင်ပူဇော်ပွဲ၊ အင်းရေပြင်(အင်းစပ်) အငြိမ့်ကပွဲစသည်တို့ဖြင့် ပါဝင်လေသည်၊ ပြပွဲတွင် ပြည်နယ်ပညာရေးပြခန်း၊ ပြည်နယ် ဆည်မြောင်း(ဝါရှောင်)ပြခန်း၊ ပြည်နယ်လယ်ယာစိုက်ပျိုးရေးပြခန်း၊ ပြည်နယ်ကျန်းမာရေး ပြခန်း (ကုသရေးပါသည်)၊ သယံဇာတ(ဒေသခံ)တွင်းထွက်ပစ္စည်း ပြခန်းစသည်တို့ဖြင့် ပါဝင်လေသည်။ ပြိုင်ပွဲတွင် လယ်ယာဥယျာဉ်ထွက်သီးနှံပြိုင်ပွဲ၊ လှေ၊ ရေကူးပြိုင်ပွဲအပြင် ဘော်လီ ဘော၊ ဘောလုံး၊ ထုပ်စည်းတိုး၊ ကဗျာရွတ်၊ အပျော်တမ်းခြင်းဝိုင်းစသည်တို့ဖြစ်လေသည်။

ယင်းသို့သော ကုန်းပွဲ၊ ရေပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ(ပျော်ပွဲရွှင်ပွဲအပါအဝင်)တို့၌ ဆုရအသင်း၊ ဆုရ ကျေးရွာ၊ ဆုရပုဂ္ဂိုလ်အသီးသီးတို့အား ဆုများ ချီးမြှင့်ရာတွင် ဒေသခံဗုဒ္ဓဘာသာဝင် အဘိ ဓမ္မာစာမေးပွဲအောင်မြင်ကြသော လူငယ်မောင်မယ်တို့အားလည်း အောင်လက်မှတ်ချီးမြှင့် သောအခမ်းအနားပါ တစ်ဆက်တည်း ကျင်းပတော်မူလေသည်။

ရွှေမဥ္ဇူစေတီတော်(ပတ္တမြားရတုသဘင်ရာပြည့်ပွဲတော်)သည်

ဒေသခံတိုင်းရင်း သားအများစုတို့၏ ပွဲတော်ဟူ၍၎င်း၊ စည်းလုံးရေးပွဲတော် ဟူ၍လည်းကောင်း တင်စားခေါ် ဆိုထိုက်သောပွဲတော်ဖြစ်လေသည်။ ဒေသခံတိုင်းရင်းသားအချင်းချင်းချစ်ခင်ရင်းနှီးစွာ မျက်နှာစုံညီစုံစည်းကြ ရာသော ပွဲတော်ကြီးပင်မဟုတ်ပါလော။ ထိုကြောင့် (၁၅-၅-၁၉၆၈ နေ့ထုတ် ရှေ့သို့စာစောင်အတွဲ(၁၂)အမှတ်(၁၂)တွင် "အင်းတော်ကြီး သို့မဟုတ် တိုင်းရင်းသားစည်းလုံးရေးပွဲတော်"ဟူ၍ (ရွှေမဥ္ဇူစေတီတော် ရာပြည့်နှစ်)အထိမ်းအမှတ်အဖြစ် စာရေးဆရာ(ရွှေဗိုလ်)က ရေးသား တင်ပြခဲ့လေသည်။ နောင်လည်းဒေသခံပြည်သူ တစ်ရပ်လုံး၏ ပွဲတော်၊ တိုင်းရင်းသားစည်းရုံးရေးပွဲတော်၊ ဗုဒ္ဓပူဇနိယပွဲတော်ဟူသော ဂုဏ်ပုဒ်နှင့် အညီ ဆင်ယင်ကျင်းပမြဲဖြစ်သော ပွဲတော်ကြီးဖြစ်လေသည်။

ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား) အဆက်ဆက်သော ဗုဒ္ဓပူဇနိယပွဲတော်သည် ဒေသခံပြည်သူတစ်ရပ်လုံးမှ တစ်နှစ်စာမျှဝယ်ယူ သိုမှီးရာသော ဈေးတန်း၊ ရပ်ကွက်၊ ကျေး ရွာအလိုက် ယာယီနေထိုင် တည်းခိုသော တဲခန်း၊ ဘုရားဖူးလာဗုဒ္ဓဘာသာဝင်ဧည့်သည်တော် များ၊ တည်းခိုနားနေရာတဲခန်းအဆောက်အဦး(ပြည်နယ်၊ မြို့နယ်)ပြခန်း၊ ကျန်းမာရေး ဆေးခန်း၊ လုံခြုံရေးစခန်း၊ ဌာနဆိုင်ရာများ၊ ယာယီနေထိုင်ရာမင်းတဲ၊ သောက်ချိုးရေ တံတား၊ သံဃာတော်များ တည်းခိုကျိန်းစက်ရာကျောင်း၊ သံဃာတော်များ ဆွမ်းဘုန်းပေး ရာ ကျောင်း၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံ၊ မီးစက်ရုံတော်ကျင်းပရေး ကော်မတီ ရုံးစသည်တို့တည်ရှိရာ၌ စေတီတော်ဘုရားပွဲခင်း(စေတီတော်ဘုရားမြို့) ဖြစ်သဖြင့် လူနေရွာအိမ်ခြေ မရှိသော အရပ်တွင် ဤမျှကြီးကျယ် ခမ်းနား ခန့်ညားထည်ဝါလှသော ပွဲတော်ကို ဆင်ယင်ကျင်းပရာ၌ အထူး အံ့လောက်ဖွယ်ဖြစ်လေသည်။

ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)ပွဲခင်း (စေတီတော်ဘုရားမြို့)တော်မှ အင်းစပ်အထိ(၁)ဖာလုံခန့် (ပွဲခင်းအကျယ်အဝန်း) အရှေ့အနောက်(၂)ဖာလုံ၊ တောင်မြောက်(၁)မိုင်ခန့်ရှိသည်။ အင်းစပ်မှ ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)တည်ရှိ ရာထိ ရေးသမိုင်းတို့အဆို (၂၇၆)တာ ယခုပြန်လည်တိုင်းတာချက်အရ(၁၅၀၀–ပေ)ရှိလေ သည်။ စေတီတော်ဘုရားပွဲခင်းတစ်နေရာစေတီတော်(ရေလယ်ဘုရား)က တစ်နေရာ ဖြစ်လေသည်။ ဤသို့လျှင် အစဉ်အဆက်ဆက်သော ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၂၄)နှစ်မြောက်(၁၃၅၄)ခုအထိ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ရာတွင် တစိတ်တစ်ဒေသသော အကြောင်းခြင်းရာများသာ မှတ်တမ်းတင်ခြင်းပင်ဖြစ်ပေသည်။

## အဆက်ဆက်ဖြင့်　ဦးစီးနာယက　ဆောင်ရွက်တော်မူခြင်း

ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)ကြီးကို　သက္ကရာဇ် ၁၂၃၀ခုနှစ်တွင် တောရ ဆရာတော်ဦးသာအေး (ဦးသောဘိတ) (လူတစ်ပိုင်း နတ်တစ်ပိုင်းတည်ဟူ၍ ကျော်စော သော)စေတီတော်အား ဆရာတော်ပန္နက်ချစတင် တည်တော်မူခဲ့သည်၊ ထိုဆရာတော်သည် ၁၂၃၃ခုနှစ်တွင် ပျံလွန်တော်မူပြီးနောက် တပည့်ရင်းဖြစ်သော ဦးပညာ၊ ဦးသာရနှစ်ပါးက စေတီတော်တည်ရေးကို ဦးစီးနာယကဆောင်ရွက်တော်မူ ခဲ့သည်။ ၁၂၅၆ခုအထိတိုင်ဖြစ် ပေသည်။

၁၂၃၅ခုတွင် နန့်ဖေါင်းဇင်ရွာ ဦးရှင်ညီ(မိသားတစ်စု)က အုတ်(၁၅၀၀)ဖုတ်လုပ်ပြီးစေတီတော်ကြီးအား ထပ်မံ၍ တည်တော်မူခဲ့သည်။ ဖိနပ်တော်၉–တောင် ၂–မိုက် ၆–သစ်ရှိပြီး ဉာဏ်တော်၁၈–တောင် ၂–မိုက် ၄–သစ်ရှိလေသည်။

၁၂၅၇ခုတွင် ဦးဝဏ္ဏ(ဂိုဏ်းအုပ်ဆရာတော်)လောဆွန်ကျောင်း၊ (၁၂၃၄ခုတွင် ရှမ်းဘာသာဖြင့် အင်းတော်ကြီး စေတီတော်သမိုင်းကို ပေထက်အက္ခရာရေးခဲ့သူ)ဆရာတော်က ဦးစီးနာယကပြုပြီး (အုတ်ခုနစ်ဖို) ဖုတ်လုပ်စီမံကာ စေတီတော်ကြီးအား ပြန်လည် ပြုပြင် တည်တော်မူခဲ့သည်။ ၁၂၅၈ခု မိုးဥတုကာလ အင်းလှိုင်းတံပိုးအပြင်းအထန်တိုက်ခိုက်သဖြင့် ဝါခေါင်လဆန်း(၈)ရက်နေ့တွင် စေတီတော်ကျောက်တိုက်ပလ္လင်များ ပြိုကျပျက်စီး ခဲ့လေသည်။

၁၂၅၈ခုတွင် ထိုစဉ်ဂိုဏ်းအုပ်ဆရာတော်ဖြစ်သော ဦးဓမ္မသာမိ (နန့်မီးလောင် ကျောင်း)ဆရာတော်သည် စေတီတော်ပြုပြင်ရေးကို ဦးစီးနာယကဖြစ်ခဲ့သည်။ ထိုဆရာ တော်သည် ပြိုကျပျက်စီးလေသော စေတီတော်ကျောက်တိုက်ပလ္လင်တို့ကို ခိုင်ခန့်စွာ ပြုပြင် ခဲ့သည်။ ပျက်စီးယိုယွင်းခဲ့သော စေတီတော်ကြီးကိုလည်း ပြုပြင်ထိန်းသိမ်းခဲ့လေသည်။ သို့ရာတွင် ၁၂၆၀ခုနှစ်၌ မိုးအလွန်ရွာသွန်းသဖြင့် အင်းလှိုင်းတံပိုးကြီးကျယ်စွာ တိုက်ခိုက်၍ အုတ်ရင်းမှော်ဒိုက်ကြီးတို့သည် စေတီတော်ပလ္လင်ကို ဖုံးလွှမ်းကာ စေတီတော်ပလ္လင် ပျက်စီး(ပြန်ပျက်စီး) လေသည်။

၁၂၆၁ခုတွင် ဆရာတော်နှင့် အင်းတော်ကြီးဒေသမှ (၄)ခရိုင်(၆)ဌာန အတွင်းရှိကြ သော တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့ဖြင့် ဝိုင်းဝန်းပြီး တစ်နိုင်တစ်ပိုင်ကျောက်တုံး များကို နန့်ပြင်ပြင်စွယ် ဝိုင်းလုံစွယ်တို့မှ ရေလမ်း၊လှေလမ်းလှေဖြင့် တစ်သွယ်၊ ကုန်းလမ်း အထမ်းအပိုးတို့ဖြင့် လုပ်အားပေးခဲ့ကြသည်။ အလျင်ကထက် နှစ်ဆသာလွန်အောင် ကျွန်းသစ်သားကြီး (ရေခေါကျောင်းထိုင်၊

လုံးကောက်ကျောင်းတိုင်)တို့ဖြင့် (၄)နှစ်တိုင် ခိုင်ခန့်အောင် စီမံတည်ဆောက်ခဲ့လေသည်။

၁၂၆၅ခုတွင် ပလ္လင်တော်ကို ထုံးအင်္ဂတေသုတ်လိမ်းပြီးလေလျှင် ပလ္လင်တော် အထက်(၄)မျက်နှာ၌ စေတီအရံ၄-ဆူကို တည်တော် မူလေသည်။ ထိုစေတီအရံလေးဆူ၏ ဒါယကာတို့မှာ (၁)လုံးတုံ့ရွာ ဦးစီမိသားတစ်စု၊ (၂) လုံးတုံ့ရွာဦးဆန်ကြွင်းမိသားတစ်စု၊ (၃) ကုံးမနရွာ ဦးအိုက်မိသားတစ်စု၊ (၄)လယ်ပုံကြီးရွာ ဦးရွှေသီး(သူကြီး)မိသားတစ်စုတို့ ဖြစ်လေသည်။ ၁၂၆၇ခုတွင် စေတီတော်အရံလေးဆူတို့ကို ထီးတော်တင်လှူပူဇော်ပွဲကျင်းပ တော်မူသည်။

၁၂၈၀ခုတွင် အင်းတော်ကြီးနယ်လုံးဆိုင်ရာ သံဃာတော်ဂိုဏ်းဂိုဏ်းချုပ်ဆရာတော်ဖြစ်သော ဆရာတော်ဦးဓမ္မသာမိ(ရွှေမဥ္ဇူစေတီတော် ဦးစီးနာယက)သည် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

၁၂၈၁ခုတွင် ဂိုဏ်းချုပ်ဆရာတော်ဖြစ်လာသော ဦးဇီနာလင်္ကာရ၊ ဦးဇိန(လုံးကောက်ကျောင်း)ဆရာတော်သည် စေတီတော် ပြုပြင်တည်ဆောက်ထိန်းသိမ်းရေးကို ဦးစီးနာယကဖြစ်ခဲ့လေသည်။ ဆရာတော်သည် ထိုနှစ် တပေါင်းလပြည့်(၃-၃-၁၉၂၀)ဗုဒ္ဓဟူး၊ (၃)ချက်တီးကျော် (စက်၃း၃၀နာရီခန့် နတ်သမီးရကိန်း)ချိန်တွင် ရတနာ ရွှေအုတ်ငွေအုတ်၊ သတ္တဌာနနှင့်တကွ ရွှေဘုရား၊ ငွေဘုရား၊ ငွေတံခွန် စသည် တို့ကို ဌာပနာတော်ပြန်သွင်းလေသည်။

ထိုနှစ်တွင် အုတ်(၈)ဖို(တစ်ဖိုတစ်သောင်း)ကို စေတီတော်အား ပန်းရံဆရာ ဦးညီ ဦးစီးသောအဖွဲ့ဖြင့် ထပ်တည်ခဲ့ရာ ချိန်မကိုက်၍ (၁-နွေ)ဒေါင့်သို့ငိုက်စောင်းဖြစ်ရာ၌ ဆရာ တော်စိတ်သဘောမကျသဖြင့်

၁၂၈၂ခုတွင် အုတ်(၁၂)ဖိုကို စီမံခါ ပန်းရံဆရာဦးကျော်စံဦးစီး သော အဖွဲ့ကို အသစ်တစ်ဖန်ပြုပြင်တည်စေခဲ့ရာ ၁၂၈၀ခုတွင် ပြီးမြောက် တော်မူသည်။

၁၂၈၄ခုတွင် ဆရာတော်ဦးဇိနဦးစီးနာယကဆောင်ရွက်ပြုပြင် ပြန်လည်တည် ဆောက်ခဲ့ရာ စေတီတော်သည် ဖိနပ်တော်၂၆–တောင် ၁–မိုက် ၄–သစ်နှင့် ဥဏ်ာတော် ၃၃–တောင် ၂–မိုက်ရှိခဲ့လေသည်။ ထိုနှစ်တပေါင်းလပြည့်(၁–၃–၁၉၂၃)ကြာသပတေးနေ့ (စက်၀၉း၀၀ နာရီခန့်အချိန်တွင် ထီးတော်တင်လှူတော်မူခဲ့သည်။

အရံစေတီတော်ပေါင်း(၁၅၂)ဆူ ရှိလေသည်။ ကျောက်တိုက် ပလ္လင်တော်ထက်တွင်–

| | | | | | |
|---|---|---|---|---|---|
| ၁။ | ပထမအပတ်၌ | ။ | ။ | ။ | (၂၀)ဆူ |
| ၂။ | ဒုတိယအပတ်၌ | ။ | ။ | ။ | (၂၈)ဆူ |
| ၃။ | တတိယအပတ်၌ | ။ | ။ | ။ | (၃၆)ဆူ |
| ၄။ | စတုတ္ထအပတ်၌ ပထမပန်းတင်ပေါ်တွင် | | | | (၂၈)ဆူ |
| ၅။ | ပဉ္စမအပတ်၌ ဒုတိယပန်းတင်(ပစ္စယာ)တွင် | | | | (၄၀)ဆူ |

အရံစေတီပေါင်း (၁၁၅၂)ဆူ ပေါင်း(၁၅၂)ဆူဦးဉာဏဝံသရေး သမိုင်းတွင် (၁၆၄)ဆူရှိသည်။

၁၃၁၂ခုတွင် အင်းတော်ကြီးနယ်လုံးဆိုင်ရာ သံဃာတော်ဂိုဏ်း (တောင်ပိုင်းတွင် ဂိုဏ်းချုပ်ဆရာတော်ဖြစ်တော်မူသော ဦးဇိန(ရွှေမဉ္ဇူ စေတီတော်ဦးစီးနာယက)သည် အိုမင်းမစွမ်းမကျန်းမမာဖြစ်ခဲ့ရာမှ ၁၃၁၃ခု၊ တော်သလင်းလဆုပ်(၄)ရက်၊ နံနက်စက်(၅း၀၀) နာရီအချိန် သက်တော်(၇၆)နှစ် ဝါတော်(၅၆)ဝါအရတွင် ဘဝနတ်ထံပျံလွန်တော် မူသည်။

၁၃၁၂ခုတွင် ကာမိုင်းမြို့နယ် အင်းတော်ကြီးဒေသ ခရိုင်အုပ် ဦးသန်းမောင် အမှူးပြုသော အင်းတော်ကြီး(သူကြီးသမဂ္ဂ)မှ သူကြီး တိုက်နယ်(၁၆)သော သူကြီး(၁၆)ဦးတို့သည် စေတီတော်ပြုပြင် တည်ဆောက်ထိန်းသိမ်းရေးကို ဦးစီးနာယက ဆောင်ရွက်တော်မူခဲ့လေ သည်။

၁၃၁၃ခုနှစ်တွင် ရွှေမဥ္ဇူစေတီတော် အဆောက်အဦးသည် အောက်၌ဖော်ပြသော စာရင်းအတိုင်းဖြစ်လေသည်။

(က) **ရင်ပြင်တော်ဌာန**

| | | |
|---|---|---|
| ၁။ | အာရုံခံတန်ဆောင်းပြာသာဒ် | (၄)ဆောင် |
| ၂။ | ခေါင်းလောင်း | (၃)လုံး |
| ၃။ | အုတ်လှေခါး | (၁)ခု |
| ၄။ | အရံစေတီတော်ပေါင်း | ၁၆၄/၁၅၂ ဆူ |

(ခ) **ပွဲခင်းဌာန**

| | | |
|---|---|---|
| ၁။ | အဆောက်အဦး(သွပ်မိုး) | (၄)ဆောင် |
| ၂။ | အဆောက်အဦး(ပျဉ်မိုး) | (၁)ဆောင် |
| ၃။ | အဆောက်အဦး(ရုံးမိုး) | (၂)ဆောင် |
| ၄။ | ဇာတ်ရုံ(သွပ်မိုး) | (၁)ဆောင် |
| ၅။ | ဇေတဝန်(သုံးထပ်ကျောင်း) | (၁)ဆောင် |

၁၃၂၁ခု၊ ပြာသိုလဆန်း(၈)ရက်နေ့တွင် အင်းတော်ကြီးဒေသ လုံးတုံ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သော အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ ကချင်ပြည်နယ် တပ်မဟာ(၇) ဗိုလ်ကြီးမောင်ရွှေ (ပ–

လ–ကပိုလ်ကြီးရွှေဟူ၍လည်း ခေါ်ကြသည်)အမှူး ပြုသော ပြည်နယ် အဆင့်ဆင့် ပုဂ္ဂိုလ်များနှင့် နောင်တွင် ကချင်ပြည်နယ်ဦးစီးရုံးသာသနာရေး ဦးထွန်းရင်၊ ဒုသာသနာရေးဝန် ဦးတင်ဟန် အစရှိသော ပြည်နယ်မှ ပုဂ္ဂိုလ်တို့နှင့် အင်းတော်ကြီးဒေသမှ ဂေါပကအဖွဲ့ဝင်တို့သည် ရွှေမဥ္ဇူစေတီတော်အား ဦးစီးနာယက ဆောင်ရွက်တော်မူခဲ့သည်။

၁၃၂၃ခုခန့်တွင် စေတီတော်ရင်ပြင်၌ အာရုံခံတန်ဆောင်း ပြာသာဒ်(၄)ဆောင်လုံးသည် ဘုရားဖူးများ ဖယောင်းတိုင်မီးထွန်းညှိ ပူဇော်ထားရာမှ မီးခပျက်စီးခဲ့လေသည်။ နောင်တွင် အောက်ခြေ မီးခံအဆောက်အဦး(၂)ဆောင်ကို (၁) မန္တလေးမြို့ ၈၄လမ်း မလွန်ရပ် နဂါးနီဆေးပေါ့လိပ်ပိုင်ရှင်(နဂါးနီဒေါ်ဦး)မိသားတစ်စုမှ (၈ခန်း–၃ခန်း)နှင့် အလားတူယွန်း ပြာသာဒ်အာရုံခံ ဓမ္မာရုံတစ်ဆောင်ကို ကားမိုင်း မြို့နယ်ဖါးကန့် ကျောက်စိမ်းတွင် ရှာနေ ဦးထွန်းကြီး–ဒေါ်အိုက်ခန်း မိသားတစ်စုမှ ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ ၁၃၅၀/၁၃၅၂ ခုနှစ်တွင် ဂေါပကအဖွဲ့မှ မွမ်းမံပြုပြင်သည်။ ယခုထိပင် တည်ရှိသော အဆောက် အဦး ဓမ္မာရုံများ ဖြစ်လေသည်။

၁၃၂၇ခုတွင် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များနှင့် ဒေသခံဂေါပက အဖွဲ့တို့သည် စုံညီညှိနှိုင်းအစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်အရ အင်းတော်ကြီးဒေသ မမုံကိုင် ဆရာတော် ဦးဉာဏဝံသ (သုဓမ္မာ ဂိုဏ်းထောက်)အား ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့၏ ဦးစီးနာယက ဆောင်ရွက်တော်မူပါရန် လျှောက်ကြားတော်မူသည်။ ဆရာတော်လည်း သာသနာတော်လုပ်ငန်းဖြစ်သည့်အလျောက် ငြင်းပယ်ရန် ဝန်လေး လှသဖြင့် လက်ခံတော်မူခဲ့သည်။

၁၃၃၀ခု၊ နတ်တော်လဆန်း(၁၅)ရက်နေ့တွင် အင်းတော်ကြီးဒေသ မမုံကိုင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သော အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ မမုံကိုင်ကျောင်း ဆရာတော် ဦးဉာဏဝံသ(သုဓမ္မာဂိုဏ်းထောက် ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့၏ ဦးစီးနာယက)အား အင်းတော်ကြီးဒေသ နယ်လုံးဆိုင်ရာ ဩဝါဒါစရိယနာယကဆရာတော် (မှူး)အဖြစ် ရွေးချယ်တင်မြှောက်တော်မူလေသည်။

(မှူး)နာယကဆရာတော်။ ။အင်းတော်ကြီးဒေသသံဃာတော်များ၊ တောင်ဂိုဏ်း၊ မြောက်ဂိုဏ်း(ဝဲယာ)ဂိုဏ်းဂဏဆရာတော်များအစုံနှင့် ကချင်ပြည်နယ်ဦးစီးရုံး သာသနာရေးဆိုင်ရာတာဝန်ခံဥက္ကဋ္ဌ ဦးထွန်းရင်၊ သာသနာ့ဝန် ဦးတင့်ဟန်၊ ဒုသာသနာဝန် ဦးလှကို၊ မိုးကောင်း၊ မိုးညှင်း(မြို့နယ်)ရဲအုပ်များ၊ လုံးတုံ၊ ချောင်းဝလက်ထောက်မြို့ပိုင်များ အင်းတော်ကြီးဒေသမှ တိုက်နယ်သူကြီးများ၊ ရွာသူကြီး များတို့သည် မမုံကိုင်ဘုန်းတော်ကြီးကျောင်း၌ သက္ကရာဇ်၁၃၃၀ခု၊ နတ်တော်လဆန်း(၁၅) ရက်၊ (  –  –၁၉၆၈) နေ့တွင် အင်းတော်ကြီးဒေသ သာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရန် ဂိုဏ်းနာယက ပုဂ္ဂိုလ်များအဆင့်အတန်းခွဲခြားပြီး သမုတိတင်မြှောက်တော်မူကြသည်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်လေသည်–

| | | | |
|---|---|---|---|
| (၁) | ဩဝါဒါစရိယနာယက | ဦးဉာဏဝံသ | (မမုံကိုင်)ဆရာတော် |
| (၂) | ဂိုဏ်းချုပ် | ဦးနေမိန္ဒ | (နန့်မွန်း)ဆရာတော် |
| (၃) | ဂိုဏ်းအုပ် | ဦးကောသလ္လ | (ညောင်ပင်)ဆရာတော် |
| (၄) | လက်ျာဂိုဏ်းထောက် | ဦးကောဝိဒ | (လုံးစန့်)ဆရာတော် |
| (၅) | လက်ဝဲဂိုဏ်းထောက် | ဦးတေဇဝန္တ | (နန့်ပတဲ)ဆရာတော် |

(၆) ပူးတွဲဂိုဏ်းထောက် ဦးစန္ဒိမာ (မပြင်)ဆရာတော်
(၇) ဂိုဏ်းအတွင်းရေးမှူး ဦးဥဒ္ဒေယျ (နန့်မောက်ကန်)ကျောင်း

အင်းတောကြီးဒေသလုံးဆိုင်ရာ ဂိုဏ်းအတွင်း၌ ပါဝင်သော ကျောင်းပေါင်းမှာ (၂၉)ကျောင်းဖြစ်လေသည်။ သက္ကရာဇ်၁၃၄၈ခုတွင်မူ ကျောင်းပေါင်း၃၂ကျောင်းဖြစ်၏၊ သက္ကရာဇ်၁၃၃၀မတိုင်မီ၌ အင်းတော်ကြီး ဒေသတွင် သံဃာတော်ဂိုဏ်း၂ဂိုဏ်းဖြစ်ခဲ့သည်။ အင်းတော်ကြီး တောင်ပိုင်းတွင် သီတင်းသုံးတော်မူသော သံဃာတော်များသည် မိုးညှင်း မြို့နယ် ဟိုပင်ဆရာတော်ဂိုဏ်း၌ပါဝင်လေသည်။ အင်းတော်ကြီး မြောက်ပိုင်းတွင် သီတင်း သုံးတော်မူသော သံဃာတော်များသည် ကာမိုင်း မြို့နယ် လုံးခင်းဆရာတော်ဂိုဏ်း၌ ပါဝင် လေသည်။

သက္ကရာဇ်၁၃၄၄ခုနောက်တွင် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား ရေးဂိုဏ်းပေါင်းစုံ သံဃာတော်ညီညွတ် ရေးနိုင်ငံတော်၏ မူဝါဒအစီအစဉ် ကာလ(မျက်မှောက်)တွင် မိုးညှင်းမြို့နယ် သံဃနာယက၊ သံဃဝန်ဆောင်၊ သံဃဝိနည်းဓိုရ်၊ သံဃအဖွဲ့အစည်း၌ အဖွဲ့ဝင်သံဃာတော်များပါဝင်လေ သည်။

ဦးဉာဏဝံသနာယကဆရာတော်သည် ရွှေမဥ္ဇူစေတီတော်ကို ဦးစီးနာယက (တည် ဆောက်ပြုပြင်ထိန်းသိမ်း)ဆောက်ရွက်ခဲ့ရာ၌ သမိုင်းတင်အပ်သော ပုဂ္ဂိုလ်ကျော် တစ်ဦးအပါအဝင်ဖြစ်၏၊ အထူးသဖြင့် ရေလယ်တွင် တည်ရှိသော စေတီတော်မှ အင်းကမ်း စပ်အထိ ပေပေါင်း ၁၅၀၀ရှည်လျားသော ဘုရားဖူးများသွားလာနိုင်ရန် အုတ်တမံသလင်း လမ်း၊ ရင်ပြင်တော်(မိန်းမပတ်လမ်းနှင့် ပွဲခင်းဌာနတွင် ကျောင်းမေ့ရုံစ သည်တို့ဖြစ်လေသည်။

ထို့အတူအောက်ဖော်ပြသော အဆောက်အဦးတို့ကိုလည်း ဦးစီးနာယကစီမံ ဆောင်ရွက်တော်မူခဲ့လေသည်။ စေတီတော်ရင်ပြင် ပလ္လင်အထက်၌ တည်ရှိသော ဗုဒ္ဓရုပ် ပွားတော်နှင့် တန်ဆောင်းပြာသာဒ် ဂန္ဓကုဋိတိုက် ၄–ဆောင်အနက် အရှေ့ဘက်မှ တောင် သို့ အစဉ် အတိုင်းဖော်ပြမှတ်တမ်းတင်အပ်ပါသည်။ (၁) နန့်မွန်းရွာ ဦးစံသောင်း (ဟော္ဂလုံသူကြီး)–ဒေါ်နန်းသောင်းမိသားစုမှ ဆောက်လုပ်လှူဒါန်းသော၊ (၂) မန္တလေးမြို့ ၈၀လမ်း၊ တရုတ်တန်းနေ ဦးဘဉာဏ်–ဒေါ်သိန်းညွှာမိသားစုမှ ဆောက်လုပ်လှူဒါန်းသော၊ (၃) မမုံကိုင်ရွာနေ ဦးဆာစိန်–ဒေါ်အေးစိန် မိသားစုမှ ဆောက်လုပ်လှူဒါန်းသော၊ (၄)လုံးတုံ့ရွာနေ ဦးစိန်ခို–ဒေါ်နန်းအိုင် သမီးဒေါ်စိန်ရှင်မိသားစုမှ ဆောက်လုပ်လှူဒါန်းသော အဆောက်အဦးတို့ ဖြစ် လေသည်။

**(မှတ်ချက်)** ၁။ အမှတ်စဉ်(၁)နှင့်(၄)အဆောက်အဦးမှာ ကချင်ပြည်နယ် တပ်မဟာ –၇ ပြည်နယ်အဆင့် ဦးစီးနာယက ဆောင်ရွက်ခဲ့သော ကာလတွင်ပင် တည်ဆောက်ခဲ့လေသည်။

၂။ ပြုပြင်မွမ်းမံတည်ဆောက်ရေးစာရင်းသို့ရှုရန်။

အုတ်လှေကား အုတ်တံဆောင်းပြာသာဒ်ကုသိုလ်ရှင် တာမခံ ရွာနေ ဦးချစ်ဖေ– ဒေါ်ခင်မေဦးမိသားစုတို့ကိုလည်း ဆရာတော်ကိုယ်တိုင် ဩဝါဒပေးဆောင်ရွက်တော်မူ၍ ဆောက်လုပ်လှူဒါန်းတော်မူခဲ့၏။

ဤသို့လျှင် ဆရာတော်သာ် ရွှေမဋ္ဌုစေတီတော်ရင်ပြင်ဌာန ပွဲခင်းဌာန(၂)ဌာန၌ တည်ဆောက်ပြုပြင်မွမ်းမံထိန်းသိမ်းသင့်သည်များ ဆောင်ရွက်ရင်းသာသနာတော်လုပ်ငန်းကို (၁၆)နှစ်တာကာလ ဦးစီးနာယက ဆောင်ရွက်တော်မူခဲ့သည်။

မြန်မာသက္ကရာဇ်၁၃၄၂ခုတွင် အင်းတော်ကြီးဒေသလုံးဆိုင်ရာ ညြဝါဒါစရိယ နာယက ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)ဂေါပကအဖွဲ့၏ ဦးစီးနာယကဆရာတော် ဦးဥာဏဝံသသည် မိမိ၏အိုးမင်းမစွမ်း ကျန်းမာရေးချို့တဲ့သော အကြောင်းရင်းကြောင့် စေတီတော် လုပ်ငန်းရပ်တို့အား ဦးစီးနာယကမဆောင်ရွက်နိုင်တော့သဖြင့် အင်းတော် ကြီးဒေသအတွင်းရှိ ကျေးရွာအသီးသီးမှ တာဝန်ရှိကျေးရွာလူကြီးများ၊ ကျေးရွာပါတီပြည်သူ့ကောင်စီအဖွဲ့အစည်းတို့အား ပြန်လည်အပ်နှင်းလေသည်။

အင်းတော်ကြီးဒေသမှ ကျေးရွာလူကြီးများ၊ ကျေးရွာပါတီပြည်သူ့ကောင်စီအဖွဲ့ အစည်းအသီးသီးတို့သည် ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)ပွဲတော်ကျင်းပရေးနှင့် လုပ်ငန်းအရပ်ရပ်ကို ဦးဆောင်လမ်းညွှန်ပေးရန် မိုးညှင်းမြို့နယ် ပါတီပြည်သူ့ကောင်စီ အဖွဲ့အစည်းသို့ ပြန်လည်အပ်နှင်းခဲ့လေသည်။

ထိုကြောင့် မြန်မာသက္ကရာဇ်၁၃၄၃ခု၊ တန်ဆောင်မုန်းလဆန်း (၅)ရက်၊ (၁-၁၁-၁၉၈၁)တနင်္ဂနွေနေ့တွင် အင်းတော်ကြီး မမုံကိုင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်အရ မိုးညှင်းမြို့နယ် မြို့နယ်ပါတီကောင်စီအဖွဲ့အစည်း ၃ရပ်တို့မှ ဦးဆောင်လမ်းညွှန်မှု၊ ကြီးကြပ်ကွပ်ကဲမှုကို ခံယူပြီး မြို့နယ်အဆင့်(ပွဲတော်ကျင်းပရေးကော်မတီ)ဂေါပကအဖွဲ့ ဆပ်ကော်မတီ အသီးသီးတို့ကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်ကြလေသည်။

၁၃၄၇ခုတွင် အင်းတော်ကြီးဒေသမြို့နယ်သံဃနာယက အဖွဲ့ဝင်ဖြစ်သော (ဘဒ္ဒန္တ ဥဇ္ဇောယ)ဦးဥဇ္ဇောယနှင့် မောက်ကန်ကျောင်းဆရာတော်အား ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)၏ ဂေါပကအဖွဲ့

ဝင်တွင် နာယကဆရာတော်အဖြစ်လည်းကောင်း၊ ဦးဇိန (နန့်မီးလောင်ကျောင်း)၊ ဆရာတော်ဦးနန္ဒိယ(နန့်မွန်းကျောင်း) ဆရာတော်နှစ်ပါးအား ဒုတိယနာယက ဆရာတော်အဖြစ် လည်းကောင်း၊ ဆရာတော်(၆)ပါးတို့အား အကျိုးတော်ဆောင် ဆရာတော်အဖြစ် လည်းကောင်းအသီးသီးရွေးချယ်တင်မြှောက်တော်မူလေသည်။

အင်းတော်ကြီးဒေသနာယကဆရာတော် ဦးဥေဿယျသည် ၁၃၅၁ခုနှစ်ကွင် ဘဝနတ်ထံပျံလွန်တော်မူ၍ (ဘဒ္ဒန္တ ဇိန)ဦးဇိန(နန့်မီး လောင်ကျောင်း)ဆရာတော်အား ဒေသနယ်လုံးဆိုင်ရာနှင့် ရွှေမဥ္ဇူစေတီ တော်(ရေလယ်ဘုရား)၏ နာယကဆရာတော်အဖြစ် ရွေးချယ်တင် မြှောက်တော်မူလေသည်။

ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)အရပ်ရပ်သော နာယက ကော်မတီဆပ်ကော်မတီများမှ အောက်ဖော်ပြပါအတိုင်း မှတ်တမ်း တင်အပ်ပါသည်။

(၁) သံဃာတော်နာယကအကျိုးတော်ဆောင်အဖွဲ့
(၂) အမြဲတမ်းအကျိုးဆောင် ဂေါပကအဖွဲ့
(၃) ပွဲတော်ဖြစ်မြောက်ရေး ကျင်းပရေးကော်မတီ
(၄) ရင်ပြင်တော်(ဘုရားလှူကြီး)ဂေါပကအဖွဲ့
(၅) ဘဏ္ဍာရေး ဆပ်ကော်မတီ
(၆) ဆောက်လုပ်ရေး ဆပ်ကော်မတီ
(၇) ဈေးဆိုင်ခန်းနေရာချထားရေး ။
(၈) ပွဲခင်းလုံခြုံရေး ။
(၉) အားကစား အား/ကာ ။

(၁၀) သယ်ယူပို့ဆောင်ရေး(ကုန်း/ရေယာဉ်) ဆပ်ကော်မတီ
(၁၁) စာရင်းစစ်ဆေးရေး ။
(၁၂) ကျန်းမာရေး(ကျန်းမာရေးလုပ်သားကြက်ခြေနီ)အပါ
(၁၃) အငြိမ့်ဇာတ်သဘင်ငှါးရမ်းရေး ။
(၁၄) လျှပ်စစ်မီးထွန်းညှိရေး ။
(၁၅) စေတီတော်မှန်၊ ရွှေထုံး၊ ဆေးသင်္ကန်းစိစစ်ရေး
(၁၆) သမိုင်းဓာတ်ပုံမော်ကွန်းထိန်းနှင့်ပြန်ကြားရေး ။
(၁၇) ပြပွဲပြိုင်ပွဲကျင်းပရေး ။
(၁၈) သောက်သုံးရေ ချိုးရေ ဖြန့်ဖြူးရေး ။
(၁၉) လေဟာပြင်စျေး နေရာချထားရေး ။
(၂၀) ဆက်သွယ်ပံ့ပိုးပစ္စည်းဝယ်ယူထိန်းသိမ်းရေး ။
(၂၁) အနီးကပ်ဆောက်လုပ်ပြင်ဆင်ထိန်းသိမ်းရေး ။
(၂၂) ရင်ပြင်တော်ဌာနတည်ဆောက်ပြုပြင်
မွမ်းမံထိန်းသိမ်းရေး ။
(၂၃) ဘဏ္ဍာရေးရင်ပြင်တော် ။
(၂၄) ဇာတ်ရုံလှည့်လည်အလှူခံရေး ။
(၂၅) ဇာတ်ရုံဖျာရောင်းချရေး ။
(၂၆) မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ရေဘေး
ကယ်ဆယ်ရေး ။
(၂၇) ပွဲတော်တရားစီရင်ရေး ။
(၂၈) မော်တော်ကား/ရေယာဉ်စက်လှေ
ကြီးကြပ်ရေး ။

အထက်တွင်ဖော်ပြသော နာယကကော်မတီ၊ ဆပ်ကော်မတီ

အသီးသီးအပြင် လိုအပ်သလိုအပြန်အလှန် ညှိနှိုင်းဆောင်ရွက်ရသော အထောက်အကူပြု လုပ်သားပြည်သူတို့၏ ဆန္ဒနှင့်လျော်ညီစွာ ရှေ့သို့ တည်းဟူသော စေတီတော်တိုးတက်တည်တံ့ခိုင်မြဲရေးကို အစဉ် သတိ မူလျက် အဆက်ဆက်သော ဦးစီးနာယကဆောင်ရွက်တော်မူခဲ့သော (အရပ်ရပ်)သမိုင်းမှတ်တမ်းပင်ဖြစ်ပေသတည်း။

**ရငွေသုံးငွေစာရင်း၊** ။အတိတ်ကာလ(၃၀)နှစ် (၁၃၂၃–၁၃၄၅) အတွင်း ရွှေမဥ္ဇူစေတီတော် (ရေလယ်ဘုရား)တည်ဆောက်ပြုပြင်မွမ်းမံ ထိန်းသိမ်းရေး(ရငွေ–သုံးငွေ)စာရင်းရှင်းတမ်းကို လေ့လာသူသုတေသီ များသိသာရန် သမိုင်းမှတ်တမ်းတင်အပ်ပါသည်။

(မှတ်ချက်) ဦးကံဆက်၊ ဦးဘဒင် ၁၃၂၃–ခု ၁၃၃၂–ခု ရှင်းတမ်းမှ

| ခုနှစ် သက္ကရာဇ် | ရငွေ တန်ဘိုး | သုံးငွေ တန်ဘိုး | လက်ကျန် ငွေတန်ဘိုး | ရင်းနှီး တန်ဘိုး |
|---|---|---|---|---|
| ၁၃၂၁ | ၂၃၃၄၀ | ၁၃၈၈၉ | ၉၄၅၁ | |
| ၁၃၂၂ | ၃၈၆၈၀ | ၂၇၃၁၃ | ၁၁၃၆၇ | |
| ၁၃၄၃ | ၁၄၉၉၃၃ | ၁၂၀၅၉၀ | ၂၉၃၄၃ | ၁၄၂၉၅ |
| ၁၃၅၂ | ၁၁၂၃၁၆၄ | ၆၃၉၇၁၄ | ၄၈၃၄၅၀ | ၇၀၈၇၆၅ |
| ၁၃၅၃ | ၁၇၂၈၀၃၄ | ၁၀၃၈၅၃၅ | ၆၈၉၄၉၈ | ၇၄၃၃၈၀ |
| ၁၃၅၄ | ၆၃၅၀၁၂ | ၇၅၅၁၀၂ | | ၁၀၆၃၃၈၀ |

**မှတ်ချက်။** ၁။ ဆက်လက်၍ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး စာရင်းသို့ဆက်ရန်။

၂။ အထက်တွင် မှတ်တမ်းတင်အပ်သော ငွေစာရင်းတို့သည် တစ်နှစ်ပတ်လုံး၌ ပွဲတော်ရက်ပေါင်း (၁၀)ရက်အတွင်းသာလျှင် အများဆုံးရငွေစာရင်းဖြစ်သည် တစ်နှစ်ပတ်လုံး ရငွေစာရင်းဟူ၍လည်း ဖြစ်သည်၊ အသုံးပြု သော ငွေစာရင်းထက် ပိုငွေလက်ကျန်ငွေများသည်သာ စေတီတော်ရင်ပြင်၌ တည်ဆောက် ပြုပြင် ထိန်းသိမ်းရေးနှင့် ပွဲခင်းဌာနတည်ဆောက်ပြုပြင် ထိန်းသိမ်းရေးတို့တွင် (သဘာဝ၊ ရေ၊ လေ၊ လှိုင်း၊ မိုးဘေးဒဏ်)တို့ကြား၌) ချိုးခြံ ချွေတာစွာ အသုံးပြုခဲ့ရဖွယ်ဖြစ်၏။

ထို့ကြောင့် ဒေသ၊ ကာလ၊ ကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်သော စံနှုန်းအရ ရငွေပမာဏအားနည်းသဖြင့် တိုးတက်မှုနှေးကွေးရခြင်း၏ အချက်တစ်ရပ်ဖြစ်လေသည်။

ပုဂ္ဂလိက အလှူရှင်များမှ စေတနာအလျောက် ထည့်ဝင်လှူဒါန်းသော ငွေကြေးပမာဏသည်သာ အားထားရာရငွေအဖြစ် အသုံးပြု တည်ဆောက်မွမ်းမံပြုပြင် ထိန်းသိမ်းနေလေရာ ဗုဒ္ဓဘာသာဘုရားဖူး လာ လုပ်သားပြည်သူများထံမှ မိမိတို့၏ စေတနာသန်ရာ စေတီ၊ တန် ဆောင်း၊ ပြာသာဒ်၊ အဆောက်အဦး(အရပ်ရပ်)တို့တွင် လုံးချင်းဖြစ်စေ၊ စုပေါင်းပါဝင်၍ဖြစ်စေ လှူဒါန်းနိုင်ကြပါကြောင်းကို ဂေါပကအဖွဲ့မှ နိုးဆော်ထားလေသည်၊ ဂေါပကအဖွဲ့မှ တာဝန်ယူဆောက်ရွက်ပေးလျက်ရှိ ပါသည်၊ ဘက်စုံ မွမ်းမံ ပြုပြင်ရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ပေး လျက်ရှိပါသည်။

**အဆောက်အဦးမှတ်တမ်း။** ။၁၃၄၂ခုနှစ်ထိ တည်ရှိနေသော အဆောက်အဦးစာရင်းမှာ အောက်တွင်ဖော်ပြပါရှိသည့်အတိုင်းဖြစ်ပါ သည်။

(ရင်ပြင်တော်ဌာန)

(၁) ပလ္လင်တော်အထက်တွင် တည်ရှိသော
အရံစေတီတော်ပေါင်း (၁၁၀)ဆူ

(၂) ပလ္လင်တော်တံဆောင်းပြာသာဒ်ဂန္ဓကုဋီတိုက် ၄–ဆောင်

(၃) ပလ္လင်တော်အထက်–အောက်တွင်ရှိသော
ခေါင်းလောင်း ၄–လုံး

(၄) ပလ္လင်တော်အောက်တစ်ဆင့်(မိန်းမ)ပတ်လည်လမ်း ၁–ထပ်

(၅) ၈ခန်း၃–ခန်း အာရုံခံမဏ္ဍပ်(ယွန်းပုံ၊သွပ်မိုး) ၂–ဆောင်

(၆) အုတ်ပြာသာဒ်၊အုတ်လှေကား
(ခြသေ့်နှစ်ကောင်ရံလျက်) ၁–ဆောင်

(၇) ၂–ခန်း၁–ခန်းအရှင်ကြီးများနတ်နန်း(သွပ်မိုး) ၁–ဆောင်

(၈) တံဆောင်း၊ ပြာသာဒ်၊ ဂန္ဓကုဋီတိုက်
အတွင်းရုပ်ပွားတော် ၄–ဆူ

(၉) ၂၇၆–တာ (၁၅၀၀ပေ)ရှည် အုတ်ကွန်ကရစ်ဘုရားဖူး(လူသွား)
လမ်း ရင်ပြင်တော်မှအင်းကမ်းစပ်သို့ဆက်သွယ်ထားသည်။

(၁၀) ရွှေမဥ္ဇူစေတီတော်ကြီးအား မှန်သကန်းကပ်လှူ ပူဇော်ထား
လေသည်။

(ပွဲခင်းဌာန)

(၁) ၈–ခန်း ၃–ခန်း သစ်ထုတ်ရေးလှူ
(သွပ်မိုးတည်းကျောင်း) ၁–ဆောင်

(၂) ၈–ခန်း ၃–ခန်း(သွပ်မိုးတည်းကျောင်း) ၁–ဆောင်

(၃) ၈–ခန်း ၃–ခန်း ဆွမ်းကျွေးမဏ္ဍပ် ၁–ဆောင်

| | | |
|---|---|---|
| (၄) | ၉ခန်း ၃ခန်းသက်ကယ်မိုးတည်းကျောင်း | ၂–ဆောင် |
| (၅) | ၄ခန်း ၂ခန်းသွပ်မိုးမြသီတာတည်းခိုဆောင် | ၁–ဆောင် |
| (၆) | ၆ခန်း ၄ခန်း သွပ်မိုးဇာတ်ရုံ | ၁–ဆောင် |
| (၇) | ၄ခန်း ၄ခန်း သွပ်မိုး လိပ်ပြာတောင်ကဇာတ်ရုံ | ၁–ဆောင် |
| (၈) | ၇ခန်း ၃ခန်း သက်ကယ်မိုးရိပ်သာ တည်းခိုဆောင် | ၃–ဆောင် |
| (၉) | သံဃာတော်များ အသုံးပြုရန် အမိုးစုံကုဋီ | ၃–လုံး |

**မှတ်ချက်။** ။အမှတ်စဉ်(၆–၇)လိပ်ပြာတောင်ကပွဲဇာတ်ရုံနှင့် ရိပ်သာတည်းခိုဆောင်များ ၁၃၄၅ခုနှစ်၌ ဖျက်ပြီးဖြစ်သည်။

၁၃၄၂ခုနှစ်မှ စပြီး မိုးညှင်းမြို့နယ် (မြို့နယ်အဆင့်ပွဲတော်ကျင်းပရေးကော်မတီကာလ ရွှေမဋ္ဌုစေတီတော် တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းရပ်များမှာ အောက်တွင် ဖော်ပြပါရှိသော စာရင်းအတိုင်းဖြစ်လေသည်။

| | | |
|---|---|---|
| ၁၃၄၃–ခု၊ | ၃ခန်း ၂ခန်း ကျင်းပရေးကော်မတီရုံး | ၁၃၆၇၃ |
| | (၈)ပေါက်ရှိသောလုံးချင်းအိမ်သာ ၂–လုံး (အထက်တွင်ပါပြီး) | |
| ၁၃၄၄–ခု၊ | စေတီတော်ကြီး မုန်သင်္ကန်းကပ်လှူသည် | ၁၆၈၀၀ိ |
| | ၃ခန်း ၂ခန်း ကျန်းမာရေးဆေးခန်း | ၅၄၀၀ိ |
| | ၄ပေါက်ရှိသော လုံးချင်းအိမ်သာ ၃–လုံး | ၉၃၀၀ |
| ၁၃၄၅–ခု၊ | သောက်ရေကန်အုတ်ကွန်ကရစ်ဖြင့် ၁–လုံး | ၃၀၀၀ိ |
| | ထီးတော်ကို အသစ်တဖန်ပြန်လည်ရွှေချ | ၂၂၀၀၀ိ |
| | ဆွမ်းကျွေးမဏ္ဍာရုံကို ကွန်ကရစ်ဖြင့်ပြုပြင် | ၈၂၀၀ိ |

| | | |
|---|---|---|
| ၁၃၄၆–ခု၊ | ၁၃ခန်း ဖြခန်းဇာတ်ရုံ(၁)လုံးတန်ဖိုး | ၃၈၅၀ဝိ |
| | ၃ခန်း ၂ခန်းလုံခြုံရေးပြည်သူ့ရဲစခန်း | ၅၇၀ဝိ |
| ၁၃၄၇–ခု၊ | စေတီတော်ညောင်ရွက်ရွှေချပ္ပူဇော်သည် | ၂၆၄၅ဝိ |
| | ၄ပေါက်ရှိသော လုံးချင်းအိမ်သာ ၂လုံး | ၈၄၀ဝိ |
| | ရင်ပြင်တော်ပွဲခင်းဌာနပြုပြင်ထိန်းသိမ်း | ၃၀၂၇၅ိ |
| ၁၃၄၈–ခု၊ | စေတီတော်အထက်၌ ရွှေချပ္ပူဇော်သည် | ၃၅၀၀ဝိ |
| | မြောက်ဘက်ဂန္ဓကုဋိတိုက်ပြန်ဆောက် | ၄၈၆၀ဝိ |
| | စေတီရံ၁၀ဆူအား ထီးတော်တင်လှူသည် | ၁၆၀၀ဝိ |
| | အုတ်၅၀၀၀၀ဖုတ်လုပ်သည် | ၂၂၅၀ဝိ |
| | ကျား/မရေချိုးကန် ၂ကန်တည်ဆောက်၏ | ၃၅၀ဝိ |
| ၁၃၄၉–ခု၊ | အုတ်၅၀၀၀၀ဖုတ်လုပ်သည် | ၂၂၅၀ဝိ |
| | စေတီတော်အထက်၌ ရွှေချပ္ပူဇော်သည် | ၄၂၅၀ဝိ |
| | ရှေ့ဘက်ဂန္ဓကုဋိတိုက်ပြန်ဆောက်တည် | ၄၀၇၀ဝိ |
| | ကျား/မရေချိုးကန် ၂ကန်တည်ဆောက်၏ | ၃၅၀ဝိ |
| | မြသီတာကျောင်းဆောင်ပြုပြင်ထိန်းသိမ်း | ၁၈၄၃ဝိ |
| ၁၃၅၀–ခု၊ | အုတ်၅၀၀၀၀ဖုတ်လုပ်သည် | ၂၅၀၀ဝိ |
| | သွပ်ပြား ၅၀၀ ဝယ်သည် | ၉၅၄၀ဝိ |
| | နဂါးနီစမ္ဗာရုံပြုပြင်မွမ်းမံသည် | ၃၈၀၀ဝိ |
| | အမှတ်(၃)ကျောင်း ပြုပြင်မွမ်းမံသည် | ၃၂၀၀ဝိ |
| ၁၃၅၂–ခု၊ | ဦးထွန်းကြီးဓမ္မာရုံ ပြုပြင်မွမ်းမံတည် | ၃၈၀၂၅ |
| | သွပ်ပြား ၅၀၀–ဝယ်သည် | ၁၀၂၀၀ဝိ |
| | စက်လှေ(၁)စီးဝယ်သည် | ၅၂၃၅ိ |
| | ကျင်းပရေးကော်မတီရုံးဆောက်သည် | ၁၂၇၇၉၃ိ |
| | အမှတ်(၄)ကျောင်းပြုပြင်မွမ်းမံသည် | ၅၈၅၁၄ိ |

| | | |
|---|---|---|
| ၁၃၅၃-ခု၊ | ထီးတော်ကို ရွှေသင်္ကန်းဆက်ကပ်သည် | ၂၀၅၀၀ဝိ |
| | စက်လှေဘုတ်(၁)စီး တည်ဆောက်သည် | ၂၆၂၈ဝိ |
| ၁၃၅၄-ခု၊ | ၁၉ခန်း ၃ခန်း ကျောင်းစဆောက်သည် | ၄၂၅၀၀ဝိ |
| | ၁၆ပေါက်ရှိသော လုံးချင်းအိမ်သာဆောက် | ၄၄၂၅ဝိ |

**မှတ်ချက်။** ၁၁။ဆက်လက်၍ ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ခြင်း စာရင်းတွင် ရှုရန်။

၂။ အထက်တွင် ဖော်ပြသော ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းနှင့်တည်ဆောက်ရေးလုပ်ငန်းရပ်တို့တွင် အမှန်တကယ် ကုန်ကျတန်ဖိုးအသေးစိတ်ကို နှစ်စဉ် နှစ်ချုပ်စာရင်းရှင်းတမ်း၌ အပြည့်အစုံပါရှိပြီးဖြစ်ပေရာ စာရင်းရှင်းတမ်းတွင်သာ ကြည့်ရှုလေ့လာကြပါကုန်၊ အထက်ဖော်ပြပါရှိသော အချက်သည်ကား အကျဉ်းမျှသာဖြစ်လေသည်။

ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးလုပ်ငန်း

**ညွှန်ကြား။** ။၁၃၅၂ခုနှစ် ပြာသိုလဆန်း(၁၁)ရက် (၁၅-၁-၉၂) ဗုဒ္ဓဟူးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်အဖွဲ့ ရွှေမဥ္ဇူစေတီတော် ရေလယ်ဘုရား ရင်ပြင်တော်သို့ ရောက်ရှိလာကြသည်။ စေတီတော်ကြီးအား ကြည်ညိုသဒ္ဓါပွားကြလျက် လက်ျာရစ်လှည့်လည်ပူဇော်ကြသည်၊ ဆက်လက်၍ စေတီတော်၏ တောင်ဘက်အုတ်တရိုး တံဆောင်းပြာသာဒ် ဂန္ဓကုဋိတိုက်အတွင်း၌ သီတင်းသုံးလျက် ရှိတော် မူသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပူဇဝန္ဒနာပူဇော်ကန်တော့ကြည်ညိုကြသည်၊ ယင်းဖြင့် ရုပ်ပွားတော်၏ ပလ္လင်တော်နှင့် တံကဲတို့တွင် ပြုလုပ်ထားသော (ပန်းတော့)ရုပ်လုံးရုပ်ကြွပုံများ(ပန်းပညာရှင်)၏

လက်ရာများကို ကြည့်ရှုလေ့လာကြသည်၊ တဆက်တည်းတွင် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ထိုစဉ်၌ ဗိုလ်ချုပ်ခင်ညွန့် န–ဝ–တအတွင်းရေးမှူး(၁)၊ ဒုဗိုလ်ချုပ်ကြီးဘုန်းမြင့်၊ ဝန်ကြီးပြည်ထဲရေးနှင့်သာသနာရေး ဗိုလ်ချုပ်သိန်းဝင်း ဒု–ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ဗိုလ်ချုပ်သန်းညွန့် ဒု–ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ဗိုလ်မှူးချုပ်မျိုးသန့် ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေး၊ ဦးကျော်အေး ညွှန်ကြားရေးမှူးချုပ်၊ န–ဝ–တရုံး၊ ဦးကျော်လွင် ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ပြန့်ပွားရေး၊ ဗိုလ်ချုပ်ကျော်ဘ ဥက္ကဋ္ဌ၊ ပ–ဝ–တတိုင်းမှူး၊ မ–ပ–ခ မြစ်ကြီးနား၊ ဗိုလ်မှူးချုပ်မောင်ဆက် အမှတ်(၅၀၃)လေတပ်စခန်းမှူး၊ မြစ်ကြီးနား၊ ဗိုလ်မှူးမောင်ကို ဥက္ကဋ္ဌ၊ မ–ဝ–တ မိုးညှင်းနှင့် ရွှေမဥ္ဇူဘုရားဂေါပကအဖွဲ့၊ ရ–ဝ–တ အဖွဲ့တို့ရှေ့မှောက်တွင် ဤရွှေမဥ္ဇူဘုရား ဘက်စုံမွမ်းမံပြုပြင်ကြရန် အတွက် နိုင်ငံတော်မှ အလှူတော်ငွေကျပ် တစ်သိန်းထည့်ဝင်လှူဒါန်း သည်၊ ကုန်ကျမည့် ငွေအားနှင့် ပစ္စည်းများကို ပ–ဝ–တ၊ ခ–ဝ–တ၊ မ–ဝ–တနှင့် ဘုရားဂေါပကအဖွဲ့ဖြင့် ညှိနှိုင်းဆောင်ရွက်ကြရန် ညွှန်ကြားအကြံပေးပြောကြားသည်။

ဆက်လက်ပြီး ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဇနီးနှင့်အဖွဲ့သည် ရင်ပြင်တော်ဓမ္မာရုံတွင် ဆရာတော်၊ သံဃာတော်တို့အား နဝကမ္မအလှူတော်ငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်း၍ ရေစက်ချအမျှပေးဝေပြီး စက်လှေများမှတဆင့် ရဟတ်ယာဉ်တို့ဖြင့် မိုးညှင်းမြို့သို့ ထွက်ခွာသွားကြသည်။

**လုပ်ငန်းစတင်ခြင်း။** ။ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းကော်မတီကို မိုးညှင်းမြို့၌ (၂၁–၁–၉၂)ရက်တွင် ရှေ့တန်းတပ်ရင်းမှူးက နာယက)ဥက္ကဋ္ဌ၊ မ–ဝ–တက ဥက္ကဋ္ဌအဖြစ်ဖြင့် မြို့နယ်

ဌာနဆိုင်ရာအကြီးအကဲနှင့် ဘုရားဂေါပကအဖွဲ့တို့က အဖွဲ့ဝင် ကော်မတီ ဖွဲ့စည်းကြပါသည်။ ပထမအကြိမ်အလှူတော်ငွေပေးအပ် လှူဒါန်းပွဲကိုလည်း တဆက်တည်း ကျင်းပပြုလုပ်၍ ဘက်စုံလုပ်ငန်းစတင် ဆောင်ရွက်သည်။

**ကော်မတီဖွဲ့စည်းပုံ**

၁။ နာယကအဖွဲ့ရဟန်းပုဂ္ဂိုလ်
၂။ နာယကအဖွဲ့ လူပုဂ္ဂိုလ်
၃။ မွမ်းမံပြုပြင်တည်ဆောက်ရေးအဖွဲ့ (မိန်းကော်မတီ)
၄။ အလှူတော်ငွေရရှိရေးအဖွဲ့
၅။ ဘဏ္ဍာရေး(ဗဟို)အဖွဲ့
၆။ ဘဏ္ဍာငွေထိန်းသိမ်းရေးအဖွဲ့
၇။ စာရင်းစစ်ဆေးရေးအဖွဲ့တို့ဖြင့် ဖွဲ့စည်းကြပါသည်။

**အလှူတော်ငွေများ။** မိုးညှင်းမြို့နယ်(ပ-ဒ-တ)အကြိမ်အလှူတော်ငွေပေးအပ်ပြီးအထိ ကျပ်တစ်ဆယ်သိန်းကျော်၊ မိုးကောင်းမြို့နယ်မှ အလှူတော်ငွေကျပ်တစ်ဆယ်သိန်း၊ ကာမိုင်းမြို့နယ်မှ အလှူတော်ငွေကျပ်ငါးသိန်းကျော်နှင့် အင်းတော်ကြီး ရွှေမဥ္ဇူစေတီ တော်ရေလယ်ဘုရားရင်ပြင်တော်တွင် အနယ်နယ်အရပ်ရပ်မှ အလှူတော်ငွေကျပ် နှစ်ဆယ့်ကိုးသိန်းကျော် စုစုပေါင်းငွေကျပ်(ငါးဆယ့်လေးသိန်းကျော်)၁၃၅၆-ခုနှစ်အထိ သိန်း(၇၀)ကျော်နှင့် ၁၃၅၇-ခုနှစ်အထိ သိန်း(၁၀၂)ကျော်မျှ ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းမတည်ရင်းနှီး တည်ဆောက်လျက်ရှိပါသည်။

## ဘက်စုံမွမ်းမံပြုပြင်ခြင်း

၁၃၅၃-ခု၊ ၁။ စေတီတော်ကြီးမွမ်းမံပြုပြင်သည်။
၂။ (ပ)ပစ္စယာအရံစေတီတော်(၂၈)ဆူ တည့်မှမွမ်းမံသည်
၃။ (ဒု)ပစ္စယာဗြိုဟ်ရှစ်ခွင် မုခ်ပွားတော်မွမ်းမံပြုပြင်သည်

၁၃၅၄-ခု ၁။ အရံစေတီတော်(၆၂)ဆူ တည့်မှတ်မွမ်းမံပြုပြင်သည်။
၂။ ဒေါင့်အရံစေတီ(၄)ဆူ တည့်မှတ်မွမ်းမံပြုပြင်သည်။
၃။ စေတီတော်ကြီး ပန်းဆွဲအထက် ရွှေသင်္ကန်းဆက်ကပ်သည်။
၄။ မုခ်ပွားအတွင်း ရုပ်ပွားတော်များ ရွှေသင်္ကန်းဆက်ကပ်သည်။
၅။ ပင်မစေတီတော်ကြီးနှင့် အရံစေတီတော်များ တီအိုအေ ဆေးသင်္ကန်းဆက်ကပ်သည်။
၆။ အရံစေတီတော်များ (၂၈-၆၂-၄)ပေါင်း (၉၄)ဆူ ထီးတော်အသစ်ကို ၁၃၅၄ခု၊ တပို့တွဲလပြည့်ကျော် (၁၂) ရက်(၂၈-၂-၉၃)ကြာသပတေးနေ့နံနက် (၇း၃၇း၄၉) စက္ကန့် အချိန်တွင် တင်လှူတော်မူသည်။
၇။ ပွဲတော်ကျင်းပရေး(ပွဲခင်း)တွင် သောက်သုံးရေကန် (၁)လုံး
၈။ ၂၀-ပေါက်စီရှိသော လုံးချင်းအိမ်သာ(၂)လုံးကို ပုဂ္ဂလိကအလှူရှင်တို့က တည်ဆောက်လှူဒါန်းသည်။
၉။ ပန်းချီကားများ

| | | |
|---|---|---|
| (က) | ရွှေမဥ္ဇူဘုရားသမိုင်းရုပ်စုံ | ၁၈။ |
| (ခ) | ဦးစီးနာယက ဆရာတော်များပုံ | ၉။ |
| (ဂ) | ၃၈–ဖြာ မင်္ဂလာရုပ်စုံ | ၃၈။ |
| (ဃ) | ဗုဒ္ဓဝင်(ဖွားတော်မူမှ) | ၆။ |
| (င) | သီလငါးပါး အကျိုးအပြစ် | ၁၀။ |
| (စ) | ဗုဒ္ဓဝင်မှုဒြာ(၄ x ၉ – ၃၆) ပုံ | ၉။ |

ပန်းချီကားပေါင်း(၉၀)ဖြစ်ပါသည်။

## ၁၃၅၅–ခုနှစ်

၁။ ဂန္ဓကုဋိတိုက် တည်ဆောက်ရန် လိုအပ်သော သံချောင်းသံဆောင် ထုံး၊ ဘိလပ်မြေများ စုဆောင်းရရှိထား၍ မိုးရာသီကုန်ဆုံးလျှင် လုပ်ငန်း များ စတင်ဆောင်ရွက်ကြရန်ဖြစ်သည်။

**စစ်ဆေး။** ။ ၁၃၅၅ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၃)ရက် (၁၁–၇–၉၃)ကြာသပတေးနေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁၁)ဒု–ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဒု–ဗိုလ်ချုပ်ကြီးမောင်သင့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး၊ ဒု–ဗိုလ်ချုပ်ကြီး ကျော်ဘ ဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ ဦးစိုးသာ ဝန်ကြီး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း၊ ဗိုလ်ချုပ်ကြီးဖေသိန်း ဝန်ကြီး ပညာရေး၊ ဗိုလ်မှူးကြီးသန်းဇင်၊ ဒု–ဝန်ကြီး ကျန်းမာရေး၊ ဗိုလ်မှူးချုပ်တင်အေး ဒု–ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ဗိုလ်မှူးချုပ်တင်ငွေ ဒု–ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ဒုဗိုလ်မှူးကြီးဖေညိမ်း ညွှန်ကြားရေးမှူးချုပ်

န–ဝ–တရုံး၊ ဗိုလ်မှူးချုပ်စောလွင် ဥက္ကဋ္ဌ ပ–ဝ–တတိုင်းမှူး၊ မ–ပ–ခ၊ မြစ်ကြီးနား၊ ဗိုလ်မှူးကြီးစိုးညွန့် အမှတ်(၅၀၃)လေတပ် စခန်းမှူး မြစ်ကြီးနားတို့နှင့် ပ–ဝ–တ၊ ခ–ဝ–တအဖွဲ့ဝင်များ၊ ဦးဇော်ဝင်း ဥက္ကဋ္ဌမ–ဝ–တနှင့်အဖွဲ့ဝင်များ၊ မိုးညှင်းမြို့နယ်ဌာနဆိုင်ရာအကြီးအကဲများတို့သည် ရွှေမဥ္ဇူစေတီတော် ရေလယ်ဘုရား ရင်ပြင်တော်သို့ရောက်ရှိလာကြသည်၊ စေတီတော်ကြီးအား ကြည်ညိုသဒ္ဓါပွားကြလျက် လက်ျာရစ်လှည့်လည်ဖူးမြော်ပူဇော်ကြသည်၊ ဆက်လက်၍ ဒု–ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေများ ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာသို့မှာကြား၍ စေတီတော်ဘုရားဂေါပကအဖွဲ့သို့ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ဒု–ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် စက်လှေရေယာဉ်များမှတစ်ဆင့် ရဟတ်ယာဉ်တို့ဖြင့် ဟိုပင်သို့ ထွက်ခွာသွားကြသည်။

ဆက်လက်မွမ်းမံပြုပြင်တည်ဆောက်ခြင်း

၁၅၅၃–ခု၊ ၁။ ရင်ပြင်တော်ပတ်လမ်း မွမ်းမံပြုပြင်သည်။
၂။ ရှင်ဥပဂုတ္တကျောင်းဆောင် ဆောက်လုပ်သည်။
၃။ ဓမ္မာရုံ(၂)ဆောင် ဆေးသုတ်မွမ်းမံသည်။
၄။ စေတီတော်များ တီအိုအေ ဆေးသင်္ကန်းပြန်လည်ဆက်ကပ်သည်။
၅။ ၁၀–ကီလိုဝပ် မီးစက်(၁)လုံး မော်တော်ယာဉ်မှ လှူဒါန်းသည်။
၆။ ပွဲခင်းတွင် (၉ x ၃–ခန်း)ကျောင်းအပြီးသပ်ဆောက်လုပ်သည်။

၁၃၅၆–ခု၊ ၁။ ဂန္ဓကုဋိတိုက်(၄)ဆောင်စလုံး အသစ်တည်ဆောက်သည်။
၂။ ဂန္ဓကုဋိတိုက်အတွင်း ရုပ်ပွားတော်(၂)ဆူပြန်လည် တည်ဆောက်သည်။
၃။ ၁၅၀၀–ပေရှည် ဘုရားဖူးလမ်း မွမ်းမံတည်ဆောက်သည်။
၄။ ပွဲခင်းတွင် (၁၀ x ၄–ခန်း)ဆွမ်းကျွေးဓမ္မာရုံအသစ် ဆောက်လုပ်သည်။
၅။ ၈ x ၂ခန်း တည်းခိုဆောင် ဆောက်လုပ်သည်။
၆။ ၄ x ၃ခန်း အကျိုးဆောင်ဝေါပကရုံးဆောက်လုပ်သည်

၁၃၅၇–ခု၊ ၁။ ရင်ပြင်တော်ရေလွှတ်မီးစက်ရုံ တည်ဆောက်သည်။
၂။ ရင်ပြင်တော်တွင် ညစဉ်လျှပ်စစ်မီးပူဇော်ခြင်းကို အလှူရှင်များ အလျှောက် ဆောင်ရွက်လျက်ရှိပါသည်။
၃။ ပင်မစေတီတော်ကြီး ထီးတော်ရွှေသင်္ကန်း ဆက်ကပ်ပူဇော်သည်။

၁၃၅၈–ခု၊ ၁။ ရင်ပြင်တော်ပတ်လမ်း အကျယ်(၁၅–ပေ)အမြင့်(၂ပေ) တိုးချဲ့တည်ဆောက်သည်။
၂၊ ဂန္ဓကုဋိတိုက် (၁–၂–၃–၄)အဲဆောင်များ ပြာသာဒ် တည်ဆောက်သည်။
၃။ စေတီတော်အားလုံး (ဆေးအရောင်)သင်္ကန်းဆက်ကပ်ပူဇော်သည်။

**ဆက်လက်ဆောင်ရွက်ရန်။** ။ရွှေမဥ္ဇူစေတီတော် ရေလယ်ဘုရားဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းအဆင့်ဆင့်သော ဦးစားပေးဖြင့် ပျက်စီး

ယိုယွင်းနေသော ရင်ပြင်တော်ပတ်လမ်း မြှင့်တင်ရန် ဓမ္မာရုံရေလွှတ်ကျောင်း အရှင်ကြီးများ နတ်ကွန်းမှအစ၊ ရင်ပြင်တော်ခြသေ့်နှစ်ကောင်၊ လှေကားမုခ်ဦး၊ အင်းကမ်းဘေးပွဲတော်ကျင်းပရာ ပွဲခင်းသို့ ဆက်သွယ်ဘုရားထူးလမ်း(လူလမ်း)တို့ကိုလည်း တိုးမြှင့်မွမ်းမံ ပြုပြင်တည်ဆောက်ရန်နှင့် အလုံးစုံသော လုပ်ငန်းတို့တည် နှစ်ရှည်လုပ်ငန်းဖြစ်ပေသည်။

**ရွှေမဥ္ဇူစေတီတော် ရေလယ်ဘုရား ပူဇဝန္ဒနာတေးကဗျာ**

– အင်းရေပြာ ရစ်ဝိုင်းလို့၊
တံတိုင်းက အပြာခံ၊
မားမတ် ပျော်စံ
ရွှေပေါင်းငယ်၍ ကြယ်ရံတဲ့လဝန်း
ပုထိုး စေတီ ဂူတို့၊
ရွှေမဥ္ဇူ ရံထားညွတ်တယ်၊
ထုလွတ် နတ်ကျွန်း။ ။ ။

– မြူမင်းလွှင် ကြွေလောင်းတဲ့၊
တပေါင်းလ ပွဲတော်ခါ၊
ကြွေးကြော်သံ ချိမ့်ငြာ၊
သဲခုံကသာ ရေပြာက အေး၊
အမောဖြေ တထောက်နားလို့၊
ဘုရားဆီ ရင်ပြင်ဆိုက်အောင်၊
လိုက်ခဲ့ပါ့လေး။ ။ ။

– ကျွန်းလယ်ခေါင် သောင်ဦးက
ကြာဖူးထွင့် သဲသောင်ခုံ၊

ခြည်းမိ ပြန်တုံ၊
လူမျိုးကစုံ ခိုလှုံသည့် ပြည့်ကြမ်း၊
မောင်လဲသဒ္ဒါဝေ၍ မယ်လဲသဒ္ဒါဝေ၊
အင်းတော်မြေ ငွေသောင်ပြန့်မှာ၊
ဖူးအံ့မခန်း။ ။ ။

ကချင်မြေညိုနွဲ့။

## ရွှေမဋ္ဌူစေတီတော် ရေလယ်ဘုရား ဘွဲ့တေးထပ်

– အင်းတော်ကြီး တိုင်းမဟာဒေသ မြတ်ဗုဒ္ဓတည်ရာ
(တောင်တန်း အထပ်ထပ် ပတ်လည်ကာသည်)၊
– မပြတ်စီကာ ကာရံထား
အလျားဆယ့်ခြောက်မိုင်–ရှစ်မိုင်နော် အနံထားလတ်
အင်းမြတ်ရေကြည်။
– (ရွှေတောင်နှင့် ဆင်ခေါင်းတောင်လယ်မှာ)
နေရောင်ကွယ် ရေကြည်ဟတ်ရင်ဖြင့် ရွှေရည် ပြာသာဒ်
မစဲအတည် ဆွဲလဲသံကညီ။
– (လူတစ်ရစ် နတ်တစ်ရစ် ဖန်ခါတည်သည်)
– အင်းပတ်ရန် အလယ်ဗဟိုတည်ပါလို့
နေညိုသည့် သည်ချိန်ခါ အံ့မခန်းလှပေတာ။
– (တပေါင်းလမှာဖြင့် ပွဲတော်သာသည်)
– နွဲ့ပျော်စရာ သဘင် အငြိမ့်တွေနှင့်၊
ရှင်သိမ့်သိမ့် လူမျိုးစုံမှာ စီကားလှပေတာ။

- ရွှေမဥ္ဇူဟု ဝေါဟာရ အမည်သာသည်)
  ဩကာသ အလီလီ။
- ဖူးလိုက်မယ် ဘုရားလေး။ ။

ကြည်သန်း(အင်းတော်ကြီး)

# "ပူဇဝန္ဒနာ"

ရွှေမဥ္ဇ ဇမ္ဗူဝယ် ကျော်ကြား
အင်းလယ်ရေမှာ အချေစံတော်မူပေ။
မြတ်ဗုဒ္ဓေ
စိန္တေမြတ်မြသား
သဲသောင်စွယ်နစ်သွယ်တဲ့ လူနတ်လမ်းဆီသို့
လျှောက်လှမ်းကာ စေတီဦးဝယ်
ဖူးစို့ ဘုရား။

ဤတွင် ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)သမိုင်းပြီးပြီ။

**နေလင်း**
အင်းတော်ကြီး
ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့

ဤစာမျက်နှာမှ နောက်ဆက်တွဲတွင်–

၁။ ဘုရား စေတီတော် တည်ရာတွင် လိုအပ်သည့်အချက်အလက်များ။

၂။ စေတီတော်ဘုရားသမိုင်းများ မှတ်တမ်းရေးသား တင်ပြပါသည်။

| စဉ် | အမျိုးအမည် | ဖြည့်စည်းမှု | ၅လက်မ အုတ်ရိုးစီ | ၅လက်မ အုတ်ရိုးစီ | ကျောက်ထုပ် သမံတလင်း | အချောဖြင့် |
|---|---|---|---|---|---|---|
| ၁ | ကော်ရည် | ၁–ဆ | | | | |
| ၂ | ဘိလပ်မြေ | | ၁–ဆ | ၁–ဆ | ၁–ဆ | ၁–ဆ |
| ၃ | ထုံး | ၅–ဆ | ၅–ဆ | ၇–ဆ | | ၅–ဆ |
| ၄ | အုတ်မှုံ့ | ၃–ဆ | ၃–ဆ | ၅–ဆ | | |
| ၅ | သဲ | ၅–ဆ | ၁၀–ဆ | ၁၀–ဆ | ၂–ဆ | ၇–ဆ |
| ၆ | ကျောက် | | | | ၃–ဆ | |
| ၇ | ရေ | | | | | |

မှတ်ချက်။ ။ပစ္စည်းနှင့် လုပ်ငန်းအခြေအနေအရ အတိုးအလျှော့ ဖျော်စပ်နိုင်ပါသည်။

## မြတ်ဗုဒ္ဓစေတီတော်ဘုရားတည်နေပုံ

၁။ ဆတ္တာဝလိ(ပေါ်စိန်ဖူးတော်)
၂။ ငှက်မြတ်နား
၃။ ထီးတော်
၄။ ချယ်သားထီး(ပေါ် )ငှက်ပျောဖူး
၅။ ကြာရင့်
၆။ ကြာပန်း
၇။ ကြာနု
၈။ ရွဲ
၉။ ကြာမှောက်
၁၀။ ဖောင်းရစ်
၁၁။ ပန်းဆွဲ
၁၂။ သပိတ်မှောက်
၁၃။ ရင်ဖွဲ့
၁၄။ ခေါင်းလောင်းပုံ
၁၅။ ခေါင်းလောင်းနား
၁၆။ ကြေးဝန်း(ရှစ်မြောင့်၊ စက်ဝိုင်း)
၁၇။ ပစ္စယာ(၃ဆင့်/၅ဆင်)
၁၈။ ဘိနပ်(ပန္နက်မြေဝင်အုတ်ခံ)
၁၉။ စေတီရံများ
၂၀။ ပလ္လင်တော် ဟူ၍
များသောအားဖြင့် နည်းယူမှတ်သားကြသည်။

# မြတ်ဗုဒ္ဓစေတီတော် ဘုရားတည်နည်း

# ပန္နက်တိုင်စိုက်ထူနည်း တွက်ချက်ပုံ

တောင်ကိုမိုက်ဖွဲ့၊ (၇) နှင့်စား

၁။ ကြွင်းလျှင် တည်သူထိခိုက်

၂။ ။ မင်းကိုးကွယ်

၃။ ။ ဆင်းရဲ

၄။ ။ လာဘော/ဘာဃ

၅။ ။ မီးဘေး

၆။ ။ ချမ်းသာကြွယ်ဝ

၇။ ။ ကြီးစွာပျက်စီး

ဟူ၍ တွက်ချည်နည်း ဖြစ်ရာသည်။

**မှတ်ချက်။** ။၁၀–ဆံခြည် ၁–နှမ်း

၆–နှမ်း ၁၀မုယော

၄–မုယော ၁–လက်သစ်

၈–လက်သစ် ၁–မိုက်

ဟူသော နည်းဖြင့် မိုက်ကို တွက်ချက် ရယူနိုင်ပါသည်။

# အေးမြမဥ္ဇူ ရတနာမဥ္ဇူစေတီတော်
# ဘုရားသမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

**တည်နေရာ။** ။ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ (အင်းအနောက်ဘက်ကမ်း)လွဲမွန်ကျေးရွာအုပ်စု (ရွှေမဥ္ဇူစေတီတော် ရေလယ်ဘုရားမြောက်ဘက် တမိုင်ခွဲခန့်အကွာ)ဝိုင်းလုံတောင်တော်အထက်တွင် တည်ရှိသည်။

**တည်ထားတော်မူခြင်း။** ။ရန်ကုန်မြို့ဗုဒ္ဓသာသနာနှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာ ပြန့်ပွားရေး(အဏ္ဏဝါသာသနာပြု)အဖွဲ့၊ အမှတ်၂၆၂/၂၆၈ အခန်း(၃၀)ကုန်ဈေးတန်း ဖုန်း–၇၄၁၀၃၊ (၁၃၄၆–ခု)မှ အဏ္ဏဝါဦးသန်းအောင်(ဥက္ကဋ္ဌ)အမှူးပြုသော ဒုတိယဗိုလ်မှူးကြီးဦးမင်းကြည် အငြိမ်းစားတို့သည် ဦးစီးနာယကဆောင်ရွက်၍ ရှေးစေတီတော်ဟောင်းကို အသစ်တဖန်ထပ်ပိုးပြီး တည်တော်မူသော နောင်တော်စေတီ"မဟာဝိဇယ"ဟူသော ဘွဲ့တော်ကိုလည်းကောင်း၊ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ပုံတူညီတော် အေးမြဇမ္ဗူရတနာမဥ္ဇူဟူသော ဘွဲ့တော်ရ စေတီတော်ကိုလည်းကောင်း စေတီ တော်နှစ်ဆူတို့ကို ရှေ့နောက်အတိုင်း တည်တော်မူခဲ့သည်။

**သမိုင်းကြောင်း။** ။ရှေးအဆက်ဆက်သော စေတီဟောင်းတို့၏သမိုင်းအကြောင်းအရာတို့ကို မှတ်တမ်းများမတွေ့ရသော်လည်း မူလစေတီတော်ဟောင်းမှ အောက်ခြေပန္နက်၏ အုတ်ချပ်ကြီးများကို ထောက်ဆ၍ ရှေးနှစ်ပေါင်း(၇၀၀)ကျော်က မောရှမ်းကြီးမျိုးဘိန္နကရာဇ်မင်းများ တည်ထားခဲ့သော စေတီတော်ဖြစ်ဖွယ်ဟု အဏ္ဏဝါ

အဖွဲ့ သမိုင်း သုတေသီများက ယူဆမှတ်တမ်းတင်ခဲ့သည်။

သို့ရာတွင် မြန်မာသက္ကရာဇ် ၆၂၀၊ အေဒီ၂၅၂–ခုတွင် ပုဂံမင်းဆက်များလက်ထက် (သို့တည်းမဟုတ်) မြန်မာသက္ကရာဇ် ၇၂၅၊ အေဒီ ၁၃၅၇ခုတွင် စစ်ကိုင်းမင်းဆက် (မပျက်စီးမီတစ်နှစ်အလို) မင်းပျောက်လက်ထက် မိုးညှင်းစား (စော်ဘွား) သိုဟန်ဘွား သိုချိဘွား လက်ထက်ဟူ၍ ခန့်မှန်းဖွယ်ကာလတွင် တည်ခဲ့သလော။

နောက်များ၌ ပျက်စီးယိုယွင်းလျက် ဖြစ်နေသောစေတီတော်ဟောင်းကို လူများတွေ့ရှိသဖြင့် သက္ကရာဇ်၁၃၁၂–ခုခန့်တွင် တောရဆရာတော် ဦးကေသရနှင့် ရသေ့(လူအမည်ဦးသာအတ်)တို့နှစ်ပါး ဦးစီးနာယက ဆောင်ရွက်ပြီး ပြန်လည်ပြုပြင်တည်ခဲ့သည်။ ယခုပျက်စီးယိုယွင်းသဖြင့် မျို(ထပ်မျို)ပြီး တည်ခဲ့သော နောင်တော်မဟာဝိဇယစေတီတော်ဖြစ်သည်။

၁၃၃၈–ခု၊ သီတင်းကျွတ်လဆန်း(၁၅)ရက်၊ (၇–၁၀–၇၆)ကြာသပတေးနေ့တွင် ရှေးမော်ရှမ်းကြီးမျိုး ဘိန္နကရာဇ်မင်းများ တည်ခဲ့သောစေတီတော်များကို (လောကီ သိုက်စာများအရ) ရှာဖွေဆဲကာလ အင်းတော်ကြီး မုဆိုးမစေတီတောင်တော်စခန်းတွင် အဏ္ဏဝါအဖွဲ့မှ သာသနာဝန်း အစုံခင်း၍ အဓိဋ္ဌာန်ပန္နက်ရိုက်ခဲ့သည်။

၁၃၄၅–ခု၊ တပေါင်းလဆန်း(၁၁)ရက်၊ (၁၂–၃–၈၄)တနင်းလာနေ့ နံနက် စက် ၁၁း၁၆နာရီတွင် (၇)နှစ်အတွင်း ဇူးစမ်းရှာဖွေတွေ့ရ သောရှေးစေတီတော်ဟောင်းတည်ရာ) အင်းတော်ကြီး ဝိုင်းလုံတောင်တော်တွင် နောင်တော်မဟာဝိဇယစေတီတော်တည်ရေးနှင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ပုံတူ ညီတော်အေးမြဇမ္ဗူ ရတနာမဥ္ဇူစေတီတော် တည်ရန် အဏ္ဏဝါအဖွဲ့မှ ရွှေပန္နက်ရိုက်ခဲ့သည်။

၁၃၄၆–ခု၊ ကဆုန်လဆန်း(၁၅)ရက်၊ (၁၄–၅–၈၄)တနင်းလာ နေ့တွင် ရတနာရွှေအုတ်၊ ငွေအုတ်များဖြင့် အုတ်မြစ်ချပြီး မြေတိုက် ဌာပနာတိုက်များ ပိတ်ကာ ဆက်လက်တည်ခဲ့သည်။

## ထီးတော်တင်ရန် အစီအစဉ်ပြုခြင်း

အေးမြဇမ္ဗူ ရတနာမဉ္ဇူစေတီ (ဆုတောင်းပြည့် အဓိဋ္ဌာန် အောင်စေတီ)ဟူ၍ ဘွဲ့တော် အမည်နာမကို ခံယူအပ်သော စေတီတော် (မန္တာဝရ)ထီးတော်မြတ်အတွက် အိုးရှင်းရှစ်ပင်း သဆော်ကုမ္ပဏီ ( )မှ ကွယ်လွန်သူ စက်ခန်းအုတ်ကြီး ဦးတင်အေးအတွက် ကျန်ရစ်သူ ဇနီးဒေါ်ကျင်သန်းနှင့် သား၊သမီး တစ်စုက လှူဒါန်း၍ အောက်ဖော်ပြသော အလှူရှင်အသီးသီးတို့တွင် အနေကဇာတင်မှု ကုသိုလ်ပြုရင်း ထီးတော်မြတ် ရပ်နားခဲ့ပြီး အစဉ်အတိုင်း ပင့်ဆောင် ကြွချီတော်မူခဲ့သည်။

(၁) ပထမအကြိမ် ၁၃၄၆–ခု၊တော်သလင်းလဆန်း(၁၄)ရက်<br>
၈မှ ၁၄–၉–၈၄ အထိ၊<br>
ဒေါ်စိုးစိုးနိုင်သားသမီးတစ်စုကျောက်မြောင်း

(၂) ဒုတိယ ။ ၁၅ မှ ၂၁–၉–၈၄ ထိ<br>
ဒေါ်ကျင်သန်း မိသားစု ဗိုလ်တထောင်

(၃) တတိယ ။ ၂၂ မှ ၂၈–၉–၈၄ ထိ<br>
ဦးကြည်သန်း မိသားစု အောင်မင်္ဂလာ<br>
ဦးချာလီမိသားစု အောင်မင်္ဂလာ<br>
ဒေါ်ခင်မာရီမိသားစု အောင်မင်္ဂလာ

(၄) စတုတ္ထ ။ ၂၉ မှ ၅-၁၀-၈၄ ထိ
ဦးခင်မောင် မိသားစု (၁၄၇)လမ်း
(၅) ပဥ္စမ အကြိမ် ၆ မှ ၁၂-၁၁၀-၈၄ ထိ
အဏ္ဏဝါသီရိယာမအဖွဲ့ မိသားစုကုန်စျေးတန်း
(၆) ဆဋ္ဌမ ။ ၁၃ မှ ၁၉-၁၀-၈၄ ထိ
ဦးမျိုးမြင့် မိသားစု ကုက္ကိုင်း
(၇) သတ္တမ ။ ၂၀ မှ ၁၆-၁၀-၈၄ ထိ
ဦးခင်ဝင်း-ဒေါ်စိန်စိန် မိသားစုတောင်ညွန့်
(၈) အဋ္ဌမ ။ ၂၇ မှ ၂-၁၁-၈၄ ထိ
ဦးထွန်းအောင် မိသားစု အိုးဘိုကွက်သစ်
(၉) နဝမ ။ ၃ မှ ၁၁၁-၁၁-၈၄ ထိ
ဒေါ်ရီမိသားစု ရေနံ့သာ သုဝဏ္ဏ
(၁၀) အထူးအစီအစဉ် ၁၀ မှ ၁၆-၁၁-၈၄ ထိ
ဦးကျော်သောင်း အောင်မြင့်ဇော် သာကေတ
အဏ္ဏဝါမိသားစု။
(၁၁) ။ ၁၆ မှ ၂၉-၁၁-၈၄ ထိ
အဏ္ဏဝါသာသနာပြုရုံး ကုန်စျေးတန်းတွင်
စံပါယ်ပါသည်။
(၁၂) ။ ၃၀ မှ ၁-၁၂-၈၄ ထိ
ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့် ပင့်ဆောင်
ပါသည်။
(၁၃) ။ ၁ မှ ၂-၁-၈၄ ထိ
ဟိုပင်တွင် ည စံပါယ်ပါသည်။

(၁၄) ။ ၄-၁၂-၈၄ ထိ
နန့်မွန်းတွင် ည စံပါယ်ပါသည်။
(၁၅) အထူးအစီအစဉ် ၅-၁၂-၈၄ ထိ
လုံးတုံတွင် ည စံပါယ်ပါသည်။
(၁၆) ။ ၆-၁၂-၈၄ ထိ
နန့်ပတဲတွင် ည စံပါယ်ပါသည်။
(၁၇)နတ်တော်လပြည့် ၇-၁၂-၈၄ ထိ
လွှဲမွန်တွင် ည စံပါယ်ပါသည်။

ဆက်လက်၍ ပူဇော်ခံလိုပါက အောက်ပါအစီအစဉ်အတိုင်း ဖြစ်ပါသည်-

(၁၈) နန့်မီးလောင်၊ ညောင်ပင်၊ ချောင်းဝသို့ ဆက်လက်လှည့်လည် အပူဇော်ခံ စံပါယ်ရန် ကိစ္စကို (ဂေါပကအဖွဲ့မှ ဆက်လက်စီစဉ်ပါရန်) အင်းတော်ကြီး ဝန်းကျင်ရွာများ တောင်းခံပါက ခွင့်ပြုပါရန်။ ရွှေထီးတော်မြတ်ကို တင်လှူ ဆက်ကပ်ရန်အတွက် သက်ဆိုင်ရာဂေါပကအဖွဲ့နှင့် ဒေသခံကျေးရွာလူထုတို့၏ စီစဉ်သတ်မှတ်ပေးထားမည့် ၁၃၄၆-ခု၊ တပေါင်းလဆန်းတွင် တင်လှူဆက်ကပ်ပွဲသဘင် ဆင်ယင်ကျင်းပပါသည်။

**ထီးတော်မြတ်ကိုတင်လှူခြင်း။** ။သက္ကရာဇ်၁၃၄၆ခု၊ နတ်တော်လပြည့်နေ့မှ လွှဲမွန်ရွာ (ဝေပုလ္လ)ကျောင်းတော်ပေါ် စံပါယ်ရပ်နားတော်မူ၍ ထိုနှစ် တပေါင်းလဆန်း(၄)ရက်မှ (၆)ရက်အထိ၊ စေတီတော်တည်ရာ ယာယီတည်းခိုကျောင်းတွင် ကမ္ဘောဇရှမ်းပြည်နယ်မှ ဝန်ဆောင်ဆရာတော်ကြီးများနှင့်

ကချင်ပြည်နယ်မှ ဝန်ဆောင်ဆရာတော်ကြီးများ ဖူးပေါင်း၍ အသံမစဲပဋ္ဌာန်းရွတ် ဖတ်ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပတော်မူခဲ့သည်။

၁၃၄၆ခု၊ တပေါင်းလဆန်း(၉)ရက် (၂၇-၂-၈၅)ဗုဒ္ဓဟူးနေ့ နံနက် စက်(၉းဝဝ)နာရီအချိန် လှိုင်မွန်ရွာမှ စတင်၍ (မန္တလေး) ရွှေထီးတော် ကို စေတီတော်တည်ရှိရာ ဝိုင်းလုံတောင်တော်သို့ အရောက်ပင့်ဆောင် ကြပါသည်။ ပင့်ဆောင်ရာ၌ (သိင်္ဂီဝင်း) (မြဝင်း)(ရာဇဝင်း)(ကမ္ဘောဇ ရှမ်းကြီးဝင်း)တို့ဖြင့် ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်တော်မူရာ ထီး တော်စံပါယ်ရာ ကျောင်းတော်မှ စေတီတော်တည်ရာ ဝိုင်းလုံတောင် တော် နှစ်မိုင်ခန့်ကွာသို့ နေ့(၁၂းဝဝ)နာရီခန့်တွင် ရောက်တော်မူသည်။ ၁၃၄၆ခု၊ တပေါင်းလဆန်း(၁၀)ရက် ကြာသပတေးနေ့ နေ့စက် (၂းဝဝ)နာရီမှ စတင်၍ အထက်ပါ ဝင်းလေးဝင်းများနှင့်အတူ အတီး အမှုတ် အက အခုန်များဖြင့် ခမ်းနားသိုက်မြိုက်စွာ ရွှေထီးတော်ကို တင်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူသည်။

## အေးမြဇမ္ဗူ ရတနာမဉ္ဇူ ၊ စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဆင်ယင်ကျင်းပခြင်း

၁၃၄၆ခု တပေါင်းလဆန်း(၇)ရက်မှ စ၍ လဆန်း(၁၁)ရက် နံနက်အထိ ထီးတော်တင်လှူပူဇော်ပွဲနှင့် အတူ ဗုဒ္ဓပူဇနီယပူဇော်ပွဲကြီး ကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပတော်မူသည်၊ ထိုဗုဒ္ဓပူဇနီယ ပူဇော်ပွဲကြီးတွင် ရန်ကုန်မြို့ အလင်္ကာဝါသာသနာပြုအဖွဲ့မှ အထူးအစီ အစဉ်ဖြင့် သက်ဆိုင်ရာအဝတ်တန်ဆာအစုံပေါင်း (၁၅၀)ခန့်၊ ဝတ်စား ဆင်ယင်ထားကြ (သိင်္ဂီဝင်း) (မြဝင်း)(ရာဇဝင်း)(ကမ္ဘောဇရှမ်းကြီးဝင်း)

အပြင် လဆန်း(၈)ရက် (၉)ရက် (၁၀)ရက်နေ့ညများတွင် မြန်မာ့ယဉ်ကျေးမှုအနုပညာ ပြန့်ပွားရေးအဖွဲ့မှ သီရိရာမဇာတ်တော်ကြီးဖြင့် တင်ဆက်ကပြဖျော်ဖြေခဲ့လေသည်။

အဏ္ဏဝါ သာသနာပြု (မှတ်တမ်းတင်)အဖွဲ့မှလည်း မှတ်တမ်းတင် ဓါတ်ပုံများ၊ မှတ်တမ်းတင်ဗီဒီယို ရုပ်ရှင်များ ရိုက်ကူး၍ နောင်၌ အများပြည်သူတို့အား အခမဲ့တင်ဆက်ပြသခဲ့လေသည်။ ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား)(၁၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပူဇော်ပွဲကြီးနှင့် တိုက်ဆိုင်သဖြင့်လည်း ဘုရားဖူးလုပ်သားပြည်သူများ ပျားပန်းခတ်မျှ အထူးစည်ကားသော ပွဲတော်ကြီးတစ်ရပ်ပင် ဖြစ်လေတော့သည်။

ထိုပွဲတော်ကြီးနှင့်အတူ အင်းတော်ကြီး ဒေသအတွင်းရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်(၉)ဦးတို့အား ဒုလ္လဘရဟန်းခံပူဇော်ပွဲကိုလည်း အဏ္ဏဝါသာသနာပြုအဖွဲ့မှ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့လေသော (၂၆၀-ပါးမြောက်တိုင်) ဆင်ယင်ကျင်းပခဲ့လေရာ၌ ချီးကျူးထောပနာပြုထိုက်၍ သာသနာ့ဒါယကာများ ဖြစ်ထိုက်ပါသော ဤသာသနာပြုလုပ်ငန်းရပ်အား ဝမ်းမြောက်ဖွယ် သာဓုခေါ် မှတ်တမ်းရေးသားအပ်ပေသတည်း။

ဤတွင်နောင်တော်၊ မဟာဝိဇယ စေတီတော်နှင့်
ညီတော်၊ အေးမြ ဇမ္ဗူ ရတနာမဥ္ဇူစေတီတော်သမိုင်းပြီးပါပြီ

နေလင်း (အင်းတော်ကြီး)
ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့

# ငွေမဥ္ဇူစေတီတော်ဘုရားသမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

**တည်နေရာ။** ။ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး ဒေသ(အင်းအနောက်ဘက်ကမ်း) လွဲမွန်ကျေးရွာ အုပ်စု၊ လွဲမွန်ရွာ(အဘယဂီရိ) တောင်ကုန်း(မှ)တွင် တည်ရှိတော်မူ သည်။

**တည်ထားတော်မူခြင်း။** ။ အင်းတော်ကြီးဒေသ၊ ဂိုဏ်းအုပ်ဆရာ တော်ဖြစ်တော်မူခဲ့သော ဘဒ္ဒန္တပညာ သာမိ(ဦးပညာသာမိ) (မှာ) လွဲမွန်ကျောင်းဆရာတော်ကြီးသည် ဦးစီး နာယကဆောင်ရွက်တော်မူ၍ လွဲမွန်ကျေးရွာ တိုက်နယ်သူကြီးဦးစံလေး အမှူးပြုသော ကျေးရွာလူကြီးများ၊ ရပ်ရွာတကာ၊ တကာမများစုစည်း ပြီးသကာလ မြန်မာသက္ကရာဇ် ၁၃၁၀ခုနှစ် တပို့တွဲလတွင် ငွေမဥ္ဇူစေတီ တော် ဟူသော ဘွဲ့တော်အမည်ရ စေတီတော် စေတီရံများတို့ကို အများ ပြည်သူ ကောင်းမှုဖြင့် တည်တော်မူခဲ့သည်၊ ဗုဒ္ဓရုပ်ပွားတော်များကို ပုဂ္ဂလိကအလှူရှင်တို့က တည်တော်မူခဲ့လေသည်။

(မှ) အဘယဂီရိ၊ တောင်ကုန်း၊ ရှေးအခါ၌ ဤတောင်ကုန်းကို (အင်း တော်ကြီးသမိုင်းအရ လွဲမုန်ဟူ၍ခေါ် တွင်ခဲ့လေသည်။ ရှမ်းဘာသာ အခေါ် ဖြစ်သည်၊ မြန်မာဘာသာပြန်သော် မျှော်တောင်(မျှော်ကြည့် တောင်)ဟူ၍ အဓိပ္ပါယ်ရလေသည်။ (လွဲ)ကို မြန်မာဘာသာဖြင့် (တောင်–

တောင်ကုန်း)ဟူ၍ အမိပ္ပါယ်ရ၏၊ (မုန်) ကို မြန်မာဘာသာဖြင့် (မျှော်မျှော်ကြည့်)ဟူ၍ အဓိပ္ပါယ်ရ၏၊ နှစ်လုံး ပေါင်းလျှင် လွှဲမုန်–တောင်မျှော် ဘာသာပြန်ရသော်လည်း အဓိပ္ပါယ် မပေါ်လွင်ပေ၊ မျှော်တောင်(မျှော်ကြည့်တောင်)ဟူ၍သာ အဓိပ္ပါယ်ပေါ် လွင်လေသည်၊ နောင်၌ (လွှဲမွန်)ဟူသော ပေါရာဏဝါဒီဖြင့်ရွေ့လျား၍ ပြောင်းလဲ ခေါ်တွင်ခဲ့လေသည်။

တစ်နည်းအားဖြင့် အင်းတော်ကြီး(အိုင်)အင်းဖြစ်ပေါ် တည်လာချိန်တွင် ဤတောင်ကုန်းပေါ်သို့ မုဆိုးမနှင့် မျိုးရိုးရင်းချာ တစ်စုတက်ပြေးခဲ့၍ ရေဘေးမှ လွတ်မြောက်သောကြောင့် ရှေးလူကြီးများက ပုဗ္ဗန္တပရန္တ အတော်မြင်စွမ်းကြသော် ပုဂ္ဂိုလ်များ ဖြစ်ကြ၍ဤတောင်ကုန်းကို (အဘယဂီရိ တောင်ကုန်း)ဟူ၍ လည်း ခေါ်တွင်ခဲ့လေသည်။

(မှာ) ဦးပညာသာမိ။ ။ဦးပညာဟူသော ဘွဲ့တော်အတိုဖြင့် ခေါ်ဝေါ်ကြလေသည်။ ၁၃၁၃–ခုနှစ်တွင် (ဦးဇိနဂိုဏ်းချုပ်ဆရာတော် ပျံလွန်တော်ပြီးသည့်နောက်) ဂိုဏ်းချုပ်ဆရာတော်ဖြစ်ခဲ့သည်။ မုဆိုးမစေတီတော်ကိုလည်း ဦးစီးနာယကဆောင်ရွက်တည်တော်မူခဲ့၏၊ ၁၃၂၁–ခု၊ ပြာသိုလဆုပ်(၈)ရက် ည စက်(၇း၀၀)နာရီတွင် သက်တော်(၇၆)နှစ် သိက္ခာတော် (၅၆)ဝါအရ၌ ပျံလွန်တော်မူသည်။

**သမိုင်းကြောင်း။** ။ မြန်မာသက္ကရာဇ် ၁၃၀၉–ခု၊ တန်ဆောင်မုန်းလဆန်း(၉၊ ၁၀၊ ၁၁)ရက်တို့၌ (၃)ရက် ဆက်တိုင် အင်းတော်ကြီး(အင်းအတွင်း)တွင် ကြီးကျယ်သော လှိုင်းတံပိုး တို့သည် (ထူးခြားစွာ) တိုက်ခတ်နေလေသည်၊ အင်းဘေးတွင် နေထိုင် ကြသော လူတို့သည် အင်းသို့ရေဆင်းခတ်ခြင်း ရေချိုးခြင်း၊ ဧရာလှမ်း ခရီးသွားလာခြင်း၊ ရေအလုပ်သမားများ လုပ်ငန်းဆင်းခြင်း စသည်၌ လုံးဝ

မရှိတော့ပေ။ လဆန်း(၁၁)ရက် ညနေစက်(၃း၀၀)နာရီခန့်တွင်မှ လှိုင်း(လုံးဝမရပ်သော်လည်း) အနည်းငယ်ငြိမ်သက်ရပ်တန့်သွားလေသည်။

လှိုင်းများ ရပ်စဲလေလျှင် လှေမှန်ရွာ ဦးဘိုးညို (ထိုစဉ်အသက် ၂၀ကျော်)သည် ဘုန်းတော်ကြီးကျောင်း ရေဆိပ်တွင် ရေဆင်းချိုးလေသည်။ ဦးဘိုးညို ရေချိုးရာ (ရေအနက်လည်ပင်းခန့်)မှ မနီးမဝေးသော ရေပြင်ပေါ်တွင် ပေါလောပေါ်နေသော ပုလင်းငယ်အတွင်း၌ ဝင်းဝင်းလက်လက်တောက်ပလင်းထိန်နေသော (ဖြူ၊ ရွှေ၊ ညို၊ မောင်းစသော) ရောင်ခြည်တော် ခြောက်သွယ်ပေါင်းတို့သည် ကွန့်မြူးပျံသန်းတည်နေသည်ကို မြင်လေလျှင် အလွန်ဝမ်းမြောက်မဆုံး ပီတိလုံးသောမနသဖြစ်ပြီး စေတနာထက်သန်လွန်း၍ အကြိမ်ကြိမ် ဖူးမြော်ကန်တော့ကာ ဆရာတော် ဦးပညာသာမိထံတော်သို့ အပြေးအလွှား သွားရောက်လျှောက်ကြားလေ၏။

ဆရာတော် ဦးပညာသာမိသည် ဝမ်းမြောက်ဝမ်းသာမဆုံး ကြွချီကာ အင်းစပ်သို့ ရောက်လေသည်၊ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် တစ်ရွာလုံးသို့ သတင်းပျံ့လေလျှင် လူကြီးလူလတ်၊ လူငယ် အရွယ်အစားစား ရပ်သူ ရွာသားများ စုရုံးရောက်ရှိလာကြသည်၊ မည်သည့်အခါကာလတွင်မှ မကြွချီစဘူး မရောက်ခဲ့ဘူး (ထူးခြား)သေ သရီယ (ဓါတ်တော်)ကို ဦးဘိုးညို ကိုယ်တိုင် အင်းကမ်းပေါ်သို့ ဆယ်ယူပင့်ဆောင်တော်မူ၍ ဆရာတော်ကိုယ်တိုင် လက်ခံစီစစ်တော်မူရာ ဓါတ်တော်မြတ် (ငါးဆူ)ဖြစ်သည်ကို မြင်တွေ့ကြလေသော် အလွန်ကြည်ညိုလျက် ဝမ်းသာလိုက်လှဲ ပူဇနိယ ပူဇော်ပွဲသဘင် ဆင်ယင်တော်မူကြလေသည်၊

ရွှေထီး၊ ငွေထီး၊ ထီးဖြူတော်တို့အား (ကျောင်းမှ) ငှါးယူစီစဉ်၍

အလံနီ၊ အလံဖြူ၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာ၊ ဆန်ပန်း ပေါက်ပေါက်တို့အား အားချင်းစီစဉ်ပြီး ဝမ်းမြောက် ပျော်ရွှင် မဆုံးနိုင်အောင် သဒ္ဓါတရား တိုးပွားကြလျက် ကုသိုလ်ကံကောင်းလေစွဟူသော ပီတိသောမနဿဖြစ်ကြ၍ တီးမှုတ်၊ ကခုန်၊ အင်းဆားကပ် သောင်ခုံမှ ဓါတ်တော်မြတ်(ငါးဆူ)အား ဆရာတော်ဦးပညာသာမိ စံမြန်းရာ ကျောင်းဝိဟာ(ဘုရားစင်)ပေါ်သို့ ပင့်ဆောင်ကြွချီ(ယာယီ) စံမြန်းတော်မူသည်။

ဥပမာဆောင်ရသော်–

ဂေါတမမြတ်စွာဘုရားသည် (၆)ဝါအလွန် (၇)ဝါအရ ဝါကျွတ်သဖြင့် တာဝတိံသာ နတ်ပြည်မှ သင်္ကာဿနဂိုရ်ပြည်သို့သီတင်းကျွတ် လပြည့်နေ့တွင် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း တည်းဟူသော စောင်းတန်းသုံးသွယ်တို့ဖြင့် နတ်ဗြဟ္မာတို့ ခြံရံလျက် မြတ်စွာဘုရားတို့၏ အသရေတော်ကို ဆောင်၍ ဆင်းသက် ကြွမြန်းတော်မူလာသည်ကို သင်္ကာဿနဂိုရ်ပြည်စောင်းတန်းဦးတွင်လူပရိသတ်တို့သည် တီးမှုတ်ကခုန်၍ စောင့်ဆိုင်းကြိုဆို ပျော်ရွှင်မြူးတူးဖူးမြော် ကြလေသည်။ ထိုအခါ လူပရိသတ်တို့သည် မြတ်စွာဘုရား၏ အလွန်တင့်တယ်လှစွာသော အသရေတော်ကို ဖူးမြော်ရသဖြင့် လူတိုင်းလူတိုင်းတို့သည် ဘုရားဆုကို ပန်ဆင်ကြလေသည်ဟူသော သာကေများနည်းတူ ရပ်ရွာ ပြည်သူများတို့သည်လည်း နတ်ရွာ(နိဗ္ဗာန်)ရောက်ကြောင်းဆုကို ပန်ကြကုန်သည်၊ ဆန်ပန်းပေါက်ပေါက်ဖြန့်ကြဲပူဇနိယ ပင့်ဆောင်ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပတော်မူလေသည်။

ဆရာတော်ဦးပညာသာမိသည် ဦးဇိန(ဂိုဏ်းချုပ်)လုံးကောက်ကျောင်းဆရာတော်နှင့် ဝဲယာသံဃာတော် ၁၅–ပါးတို့အား ပင့်လျှောက်

ပြီး ရပ်ရွာလူကြီးများနှင့်အတူ (ဓါတ်တော်မြတ်များ ဌာပနာရန် စေတီတော်တည်ရေးကိစ္စ) ညှိနှိုင်းတိုင်ပင်ကြရာ လွဲမွန်ရွာ တောင်ဘက်၌ရှိသော (အဘယဂီရိ)တောင်ကုန်းတွင် စေတီတော် တည်ရန် အများဆန္ဒအရ အစည်းအဝေးမှ ဆုံးဖြတ်အတည်ပြုလေသည်၊ ဆရာတော်အား စေတီတော်တည်ရေးကို ဦးစီးနာယက ဆောင်ရွက်တော်မူပါရန် နှင့် ရပ်ရွာတကာများတွင် ဂေါပကကော်မတီအကျိုးတော်ဆောင် အစ ရှိသော အဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။

ပင့်သံဃာတော်များတွင် သံဃာတော်ကြီး(၅)ပါးတို့က ဓါတ်တော်(၅)ဆူတို့သည် "ကောဏ္ဍသံဂုံ ကောဏာဂုံ ကဿပ ဂေါတမနှင့် ဤကမ္ဘာတွင် ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျဘုရားငါးဆူနှင့် အညီအမျှဖြစ်လေသည်ဟု မိန့်ကြားတော်မူကြပြီးလျှင် ဓါတ်တော်တစ်ဆူကျစီပင့်ဆောင်သွားကြမည်ဟု ခွဲဝေကြကြောင်းကို ရဟန်းဒါယကာကြီး ဦးသာဇံ(နောင်တွင်) နန့်မီးလောင်ဆရာတော်ဖြစ်လာ မည့် ဦးမေဓာအား ဥပသမ္ပဒကံထပ်ရဟန်းဒါယကာဖြစ်သည်) ကြားသိရကြောင်းကို ဆရာတော်ဦးပညာသာမိထံ သွားရောက်လျှောက်ကြားလေလျှင် ဆရာတော်ဘုရားက "ဘယ့်နှယ်ယူသွားကြမှာလဲ"ဟု မိန့်တော်မူလေ၏။

ထိုအခါ ဦးသာဇံက "ဆရာတော် အရှင်မြတ်တို့အား လွဲမွန်ရွာ တကာ–တကာမတို့မှာ ဓါတ်တော်မြတ်(၅)ဆူတို့ကို ကိုးကွယ်ထိုက်လို့ ဒေသစာရီကြွချီတော်မူခဲ့သည်ကို အရှင်မြတ်တို့ ခွဲဝေပင့်ဆောင်သွားကြမည်ဆိုလျှင် တပည့်တော်တို့ လွဲမွန်ရွာတကာ–တကာမတို့က တစ်ဆူမျှ ခွဲဝေမပေးနိုင်ကြောင်း"ဟူ၍ လျှောက်လေ၏၊ ဆရာတော်ဘုရားများလည်း "ဟုတ်ပါပေသည် သဘောမတူလျှင်မပင့်ယူကြပါဘူး"

ဟု အမိန့်ရှိတော်မူပြီး ဆရာတော် ဦးမေဓါ ရဟန်းခံကုပ်ထုပ်ကိစ္စ ပြီး လျှင် ဆရာတော်များ ပြန်ကြွသွားတော်မူကြလေသတည်း။

တောင်ကုန်း ခုတ်ထွင်ရှင်းလင်းခြင်း

လွှဲမုန်(လွှဲမွန်)ခေါ် အဘယဂီရိဟူ၍ နေ့ဝင်၌ခေါ်တွင်သော တောင်ကုန်းပေါ်တွင် စေတီတော်ဘုရား တည်ရေးကို တစ်ရွာလုံးစိတ် အားထက်သန်လျက်ရှိရာ တောခုတ်ထွင်ရေးကိစ္စတွင် ရွာလုံးကျွတ် ရက်ဆက် ခုတ်ထွင်လုပ်အားအပြည့်ပေးကြသည်၊ မကြာမီ ရက်အတွင်း ဝမ်းပန်းတသာ တပျော်တပါး ခုတ်ထွင်ရှင်းလင်းပြီးစီးလျှင် စေတီတော် ဘုရားတည်ရေးကို စတော်မူသတည်း။

## စေတီတော် ဘုရားတည်တော်မူခြင်း

မြန်မာကောဇာသက္ကရာဇ် ၁၃၁၀–ခု၊ တပို့တွဲလဆန်း(၇)ရက် (အေဒီ–၄–၂–၁၀၄၉) သောကြာနေ့ (အောင်မြင်မြင်းမြေခံ)၊ နှစ်ချုပ် ရက်ရာဇာကြုံသော (မှ) နံနက်စက်ရုးဝဝနာရီအချိန်တွင် ဖိနပ်တော် (၈– တောင်)ထား၍ ပန္နက်တော်ရိုက် စတည်တော်မူသည်၊ ရွှေအုတ် ငွေအုတ်(အုတ်မြစ်)ချတော်မူသည်၊ ပျောစည် အငြိမ့်ကပွဲသဘင်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပတော်မူလေသည်။

## ငွေမဥ္ဇူဟူ၍ အမည်နာမခေါ်တွင်ခြင်း

ဤစေတီတော်ဘုရားတည်ရာ တောင်ကုန်းမှ တောင်ဘက် ၃– မိုင်ခန့်ကွာဝေးသော အရပ်၌ နေ့ဝင်တော်ရွှေမဥ္ဇူစေတီတော် (ရေ လယ်ဘုရား)တည်ရှိတော်မူသည်၊ ယခုအုတ်မြစ်ချတည်တော်မူရာ စေတီတော်ဘုရားမှာ ညီတော်မျှသာဖြစ်သည်ကို အမှီပြု၍ လည်း

ကောင်း၊ အသပြာတန်ဖိုးအားဖြင့်လည်း ရွှေပြီးလျှင် ငွေဖြစ်သည်ကို အမှီပြု၍ လည်းကောင်း၊ နောင်တော် ရွှေမဥ္ဇူ ယခုညီတော် ငွေမဥ္ဇူဟူသော ဘွဲ့တော်အမည်နာမကို ခေါ်တွင်တော်မူလေသည်။ ထို့ကြောင့် ငွေမဥ္ဇူ စေတီတော်ဟူသော ဘွဲ့တော်အမည်ကို အများပြည်သူများ အသိအမှတ်ခေါ်ဝေါ်ခဲ့ပေသတည်း။

ဌာပနာတော်သွင်းပွဲ။ ။သက္ကရာဇ် ၁၃၁၁ဝခု၊ တပို့တွဲ လဆုပ်(၁၄)ရက် ၂၆-၂-၁၉၄၉ စနေနေ့ နံနက် စက် ၁၀း၀၀နာရီအချိန်တွင် ဓါတ်တော်မြတ်ငါးဆူနှင့် အခြားအရပ်ရပ်တို့မှ ပင့်ဆောင်ထားအပ် သော သရီယဓာတ်တော်မွေတော် ဌာပနာသင့် ဌာပနာထိုက်သော ပစ္စည်း၊ ရွှေရတနာ၊ ငွေရတနာ၊ ကျောက်ရတနာတို့ အား ဌာပနာတော်သွင်း၍ ဌာပနာတိုက်ပိတ်ကာ စေတီတော်အား ဆက်လက်တည်တော် မူသည်။

ဤတွင် ငွေမဥ္ဇူစေတီတော် ဘုရားသမိုင်းပြီးပြီ။

နေလင်း
အင်းတော်ကြီး
ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့

# မုဆိုးမစေတီတော်သမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

**တည်နေရာ။** ။ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ (အင်းအနောက်ဘက်ကမ်း) လွှဲမွှန်ကျေးရွာအုပ်စု လွှဲမွှန်ရွာ(ရှေးအခေါ် လွှဲမုန်)အဘယဂီရိတောင်ကုန်းတွင် ငွေမဥ္စူစေတီတော်၏ အရှေ့တောင်ထောင့် ( )ပေခန့်အကွာ၌ တည်ရှိတော်မူသည်။

**တည်ထားတော်မူခြင်း။** ။အင်းတော်ကြီးဂိုဏ်းချုပ်ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တပညာသာမိ(ဦးပညာသာမိ) လွှဲမွှန်ကျောင်း(ငွေမဥ္စူ စေတီတော် ဦးစီးနာယက ဆောင်ရွက်တည်တော်မူခဲ့သော ) ဆရာတော်ကြီးသည် (နန့်ပတဲကျောင်းဆရာတော် ဦးဝါယမအား မုဆိုးမအိပ်မက်ပေးအရ) ရပ်ရွာပြည်သူများကို ဦးစီးနာယက ဆောင်ရွက်၍ တည်တော်မူခဲ့လေသည်။

**သမိုင်းကြောင်း။** ။ ဂေါတမဘုရားရှင်လက်ထက်တွင် သုနာပရန္တတိုင်းဟူ၍ ခေါ်တွင်သော တိုင်းနိုင်ငံ၏မြောက်ဘက် နောင်တွင် ဂုရုရာဇ်တိုင်း စိနရဋ္ဌ(စိမ့်)တိုင်းဟူ၍ အသီးသီးခေါ်တွင်ခဲ့လေသည်။

သာသနာသက္ကရာဇ် ၃၆၀–ခု၊ (ဘီစီ–၁၈၄)တွင် ဂုရုရာဇ် တိုင်း ဥတ္တရဌာနီ စည်ခန်းမြို့ကြီးကို (ထမန်သီ)ရှမ်းလူမျိုး ဥတ္တရစောဖြူ ရှေ့မင်းတည်ထောင်ပြီးသည်မှ နှစ်ပေါင်း ၉၆နှစ် ပြည့်မြောက်သောနှစ်

ဥက္ကလာရစောဖြူမင်းနှင့် တကွသော မူးမတ်ပြည်သူပြည်သား အပေါင်းတို့သည် ပရဒါရကံ စသော လူတို့ကျင့်စဉ် နိစ္စသီလဖြစ်သော ဂရုမမွတရား (ငါးပါးကို တစ်ပါးမျှ မတည်အောင် ကိုယ်ကျင့်တရားများ အလွန်ပျက်ပြားကြသည့်အတွက် နှစ်ပေါင်းအတန်ကြာလျှင် တစ်နေ့ သဋ္ဌ ညဥ့်အခါ ကောင်းကင်ယံမှ ကြွေးကြော်သည်မှာ "ဥက္ကလာရဋ္ဌာနီ စည်ခမ်းမြို့သူမြို့သားအပေါင်းတို့ ရေ့ခုနစ်ရက်တိုင်လျှင် သင်တို့၏မြို့ကို ရေပြင်အတိ အင်းဖြစ်လိမ့်မည်"ဟု တစ်မြို့လုံးမကြားမသိ မရှိ လေအောင် ကောင်းကင်ယံမှ နတ်တို့ကြွေးကြော်သည်ကို ဥက္ကလာရဋ္ဌာနီ စည်ခမ်းမြို့သူမြို့သားတို့၏ အကုသိုလ်တို့ကြောင့် မုဆိုးမတစ်ယောက် ကလွဲ၍ မည်သူမျှ မကြားမသိကြချေ၊

(အင်းတော်ကြီးသမိုင်းတွင်ရှု)

နံနက်မိုးသောက်အလင်းသို့ ရောက်လျှင် မုဆိုးမက မိမိညတွင် ကြားရသည့်အတိုင်း တစ်အိမ်တက်ဆင်း ပြောကြားလေသော် မြို့သူ မြို့သားအပေါင်းတို့သည် တစ်ဦးတစ်ယောက်မျှ မယုံကြပါပေ၊ ကဲ့ရဲ့ ရှုံ့ချ စကားများသာ ပြောဆိုကြလေ၏၊ ဘာ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘော၊ ဘောင်စဉ်ဆက်ကစ၍ ယခုချိန်ခါထိ မကြားစဘူး ထူးခြားအော်ဆဲ ငေါက် ငမ်းကြမ်းတမ်းသောစကား လင်ရချင်တိုင်း မဟုတ်မလျား ပြောကြား သည်ဟု ပြန်ပြောလိုက်ကြလေသတည်း။

တစ်နေ့သော် မုဆိုးမသည် သမီး၊ မြေး၊ မြစ်၊ ဆွေမျိုးရင်းချာ အနည်းငယ်မျှတို့နှင့်တကွ မြို့အနောက်ဘက်သို့ ထွက်ပြေးကြ လေသော် ကုန်းမောက်သေလာ ယခုလွှဲမွှန်ကျေးရွာ၏ ဒက္ခိဏာတောင် ဘက် ယခု အဘယဂီရိခေါ် တောင်ကုန်းပေါ်ထက်သို့ တက်ပြေး၍ လာရင်း အနောက်(အရှေ့)ဘက်သို့ မျှော်ကြည့်လိုက်လေလျှင် ဥက္ကလာ ဋ္ဌာနီ

စည်ခမ်းမြို့ကြီး ရေပြင်အထိ အင်းဖြစ်နေသည်ကို မြင်လေ သတည်း။

**မှတ်ချက်။** ၁။ဤမုဆိုးမ၏ အမည်ကို ရှေးသမိုင်းဟောင်းတို့၌မပါ ရှိလေ၊ မုဆိုးမသည် ဥတ္တရဌာနီစည်ခမ်းမြို့တွင် မွေးဖွား၍ အရွယ်ရောက်သောအခါ ရှမ်းကလိမ်း ခန္တီး (ထမန်သီ)လူမျိုး တစ်ယောက်နှင့်အိမ်ထောင်ကျသည်ဟူ၏။

၂။ ရှမ်းကလိမ်း ခန္တီးလူမျိုး လင်ယောကျ်ားနောက်သို့ လိုက်ပါသွားပြီးနောက် သမီး(မင်းအပ်)ကို မွေးဖွားပြီး လင်ယောကျ်ားသေဆုံးလေသည်။ သမီးမင်းအပ်လည်း အရွယ်ရောက်လျှင် အိမ်ထောင်ကျ၍ သားကလေး(မောင်သာယ)ကို မွေးဖွားပြီး လင်ယောကျ်ားသေဆုံးလေသည်၊ မုဆိုးမသည် ထိုမြို့ ထိုရွာတွင် ဆွေမျိုးရင်းချာမရှိသဖြင့် သမီး မြေးနှစ်ယောက်နှင့်အတူ ဥတ္တရဌာနီ စည်ခမ်းမြို့သို့ ပြန်ခဲ့လေသည်၊ ဥတ္တရ ဌာနီ စည်ခမ်းမြို့သို့ ပြန်ရောက်ပြီး နှစ်နှစ်အကြာတွင် ဥတ္တရဌာနီ စည်ခမ်းမြို့ကြီး အင်းဖြစ်သော နှစ်အခါပေတည်း ဟူ၏။

၃။ မုဆိုးမသည် အဘယဂီရိ တောင်ကုန်းသို့ ရောက်လာကြပြီး နောက် သမီး၊ မြေးနှင့် အနည်းငယ်မျှပါလာသော ဆွေရင်းမျိုးချာတို့နှင့် အတူတကွနေထိုင်ကြပြီး ကုသိုလ်ကံအလျောက် သေဆုံးသွားကြရာ မုဆိုးမနှင့် သမီး၊ မြေးတို့က နတ်ဘဝဖြင့် အတူတကွ နေကြပြန်ရာ မြေး မောင်သာယသည် ပြောမရ ဆိုမရဖြစ်၍ လွှဲမွန်အရှင်ကြီး၏ စစ်ကဲကြီး (ဦးဝဏ္ဏ)ထံသို့ အပ်နှင်းလိုက်လေသည်။ မုဆိုးမသည် မိန်းမအချွေအရံ ပေါင်းများစွာ တို့ဖြင့် အိမ်ဗိမာန်ကြီးကျယ်စွာနှင့် လွှဲမွန်တောင်ထိပ်တွင် နေကြလေသည် ဟူသတည်း။

## “မုဆိုးမအိပ်မက်ပေးခြင်း”

မြန်မာသက္ကရာဇ်၁၃၁၀ခုနှစ်၊ (မုဆိုးမသည် အဘယဂီရိ တောင်ကုန်းသို့ ရောက်ပြီးသည့်နောက် နှစ်ပေါင်း၂၁၃၃နှစ်ကြာတွင်) ဝါဆိုလဆန်း(၄)ရက်၊ (၂၈-၆-၁၉၄၉)အင်္ဂါနေ့ည (၁၁)နာရီအချိန်၌ “နန့်ပတဲကျောင်းဆရာတော် ဘုန်းကြီး ဦးဝါယမအား မုဆိုးမအထင် အရှား အိပ်မက်ပေးသည်မှာ” “တပည့်တော်မသည် ဥတ္တရဌာနီ စည်ခမ်းမြို့ကြီး အင်းဖွဲ့မည့်နေ့ရက်တွင် သမီးနှင့် မြေး၊ ဆွေမျိုးရင်းချာ အနည်းငယ်မျှနှင့် ယခုလှဲ့မွန်ရွာ တောင်ဘက် (ထိုစဉ်) ရွာ၏တောင်ဘက် ဖြစ်သည့် အဘယဂီရိကုန်းဟုခေါ်သော ကုန်းပေါ်သို့ တက်ပြေး၍ သေ ဘေးမှ လွတ်မြောက်ပြီး အသက်ထက်ဆုံးနေ၍ သေဆုံးသွားကြသော အခါ နတ်အဖြစ်သို့ ရောက်၍ လှဲ့မွန်ရွာတောင်ထိပ်တွင် ချမ်းသာစွာ နေရပါသည်ဘုရား၊ တပည့်တော်မ ပြေးတက်ခဲ့သော ကုန်းသည် ရေ ဘေးမှ လွတ်မြောက်ရာဌာနဖြစ်သောကြောင့် ဤကုန်းတွင် တပည့် တော်မ ဘုရားတစ်ဆူတည်လိုပါသည်ဘုရား၊ သို့သော်လည်း နတ်ဘဝ နှင့်တော့ တပည့်တော်မ ဘုရားတည်ရန် မဖြစ်နိုင်ပါ၊ အရှင်မြတ်တို့ ကသာ တပည့်တော်မနှင့် သမီး၊ မြေးတို့ကို ရည်စူး၍ တည်ပေးတော်မူပါ ဘုရား”ဟု လျှောက်ထားအိပ်မက်ပေးလေသည်။

ထိုအခါ အိပ်မက်ထဲတွင် နန့်ပတဲဘုန်းတော်ကြီးက “ဘုရား တည်စေလိုတာကတော့ ကောင်းပါသည်၊ သို့သော် ဘုန်းကြီးမှာ ဘုရား တည်ရန်ငွေမရှိပါ”ဟု အမိန့်ရှိတော်မူလျှင် ထိုအခါ မုဆိုးမက ပြန်လျှောက်သည်မှာ “ဝတ္ထုငွေအတွက်ကို အရှင်ဘုရား မစိုးရိမ်ပါနှင့် ဘုရား၊ ပြည့်စုံနိုင်တဲ့နည်းကို တပည့်တော်မ လျှောက်ပါမည်၊ ကုန်းကြီး

ကို စောင့်လျှင် ကုန်းငယ်အတွက် နှောင့်နှေးသွားမည်ဘုရား၊ တတ်နိုင်သလောက် ကုသိုလ်ပါဝင်ထည့်လှူကြပါစေ၊ ထည့်ဝင်လှူဒါန်းကြသောငွေကို လက်နှင့် ခံတော်မမူပါနှင့် (ရေစဉ်အိုး)နှင့် ခံ၍ ထည့်လှူကြပါစေ၊ ငွေစက္ကူဖြစ်လျှင် ငွေစက္ကူထည့်ရန် သေတ္တာဖြစ်စေ၊ (သို့မဟုတ်)သင့်လျော်သည့် ဝတ္ထုတစ်ခုခုနှင့်ခံထားပါဘုရား၊ အလှူပါဝင်သည့် အလှူရှင်တို့၏အမည်စာရင်းကို သေချာစွာစာရင်းရေးမှတ်ထားတော်မူပါ၊ ကုသိုလ်ပါဝင်ထည့်လှူသူများသည် တပည့်တော်မ၏ပရိသတ်ဖြစ်ပါ သည်ဘုရား၊ စေတနာကောင်းကောင်းနှင့် အလှူပါဝင်သူများ၏စာရင်း ကို လိပ်ပြီးလျှင် ဘုရားစေတီတော် ဌာပနာတိုက်၏ အနောက်က အပေါက်တစ်ပေါက် လုပ်ထားပါ၊ ဌာပနာသွင်းသောအခါ အလှူရှင်စာရင်း လိပ်ကို ၎င်းပေါက်တွင်းသို့ ထည့်သွင်းတော်မူပါဘုရား။

နောင် စေတီတော်ဘုရားတည်ပြီးလျှင် သာစုအနုမောဒနာပြုမည့်အခါ သောတာပန်ပုဂ္ဂိုလ်မ အလှူစာရင်းနာမည်တွေကို ဖတ်ပါစေဘုရား၊ သာစုခေါ်မည့်အခါ တပည့်တော်မကို ခေါ်ပေးပါဘုရား၊ သာစုအနုမောဒနာခေါ်ပြီးလျှင် အဒိပတိသစ်ပင် ညောင်ပင်ကြီးသော်လည်းကောင်း၊ တကောင်းက ရေစက်နှင့် ညောင်ရေအိုးက ပန်းတွေပါသွန်၍ တပည့်တော်မတို့ကို အမျှဝေပေးပါဘုရား။

ထို့နောက်မှ ဤစာရင်းတွေကို တပည့်တော်(တာဝတိံသာ)သုဓမ္မာဇရပ်သို့တိုင် သိကြားစေသော နတ်မင်းကြီးတို့ရှေ့မှောက်တွင် ဖတ်ရပါဦးမည်ဘုရား၊ ဖတ်ပြီးလျှင် သိကြားမင်းစသော နတ်ပရိသတ်တို့အား အမျှပေးဝေရပါဦးမည်ဘုရား၊ စေတနာဖြူစင်စွာဖြင့် မိမိတို့တတ်နိုင်သလောက် ကုသိုလ်ပါဝင်ထည့်လှူကြသူများသည် သာစုအနုမောဒနာခေါ်ပြီးလျှင် (၇)ရက်သားသတ်လွတ်စား၍ ဥပုဒ်စောင့် သမထ

ဘာ၀နာ၀ိပဿနာ ဘာ၀နာကို ပွားများပါလျှင် ရတနာ ရွှေမိုး‌ငွေမိုး ရွာသွန်း၍ ကြွယ်၀ချမ်းသာကြပါသည်ဘုရား”ဟု အိပ်မက်နှင့်လျှောက် ထားလေသတည်း။

အင်းတော်ကြီး လွှဲမွှန်ရွာတောင်ဘက် (အဘယဂီရိတောင် ကုန်းမှ)(၂)မိုင်ခန့် ကွာဝေးသော နန့်ပတဲရွာဘုန်းတော်ကြီးကျောင်း ဆရာတော် (ဘုန်းကြီးအို)ဦးဝါယမအား သုံးကြိမ်တိုင်တိုင် မုဆိုးမကြီး သည် စေတီတော်ဘုရားတည်ရေး အိပ်မက်ပေးသည့်အတွက် မနေသာ တော့ဘဲ လွှဲမွှန်ကျောင်း(ဂိုဏ်းချုပ်)ဆရာတော် ဦးပညာသာမိထံသို့ မုဆိုးမအိပ်မက်ပေးခန်းကို လျှောက်ထားရလေသည်။

## “မုဆိုးမစေတီ တည်ကြတောမည်”

ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးက ဦးဝါယမအား မိန့်တော် မူသည်မှာ “အရှင်ဘုရားအိပ်မက်အရ သုံးကြိမ်သုံးခါ တိုင်တိုင် သူ တောင်းဆိုလျှောက်ထားသည့်အတိုင်းဟာ တပည့်တော်တို့(၂)ပါးရှက် ဆောင်မှ ဖြစ်တော့မည်ဟု” မိန့်တော်မူ၏၊ ထိုအခါ ဦးဝါယမက “တပည့် တော်လည်း အသက်ကြီးတော့ တယ်ပြီး မသွားနိုင်၊ မလာနိုင်ပါဘုရား၊ အရှင်ဘုရားကသာ အစစ ဦးစီးနာယကပြုလုပ်တော်မူ၍ စီမံတော်မူပါ ဘုရား၊ တပည့်တော်တတ်နိုင်သလောက် ကူညီပါမည်ဘုရား”ဟု လျှောက်ထားတော်မူ၏။

ထိုအခါ ဆရာတော်နှစ်ပါးတို့က ရပ်ရွာ ဒါယကာများတို့နှင့် ညှိနှိုင်းတိုင်ပင်ကြပြီး စေတီတော် ဘုရားတည်ရေးကို စီစဉ်ဆောင်ရွက် တော်မူသတည်း။

## ပန္နက်တော် ချတည်တော်မူခြင်း

မြန်မာသက္ကရာဇ် ၁၁၃၁၁ခု၊ နတ်တော်လဆန်း(၈)ရက် အေဒီ ၂၇-၁၁-၁၉၄၉) တနင်္ဂနွေနေ့ (နှစ်ချုပ်ရက်ထွန်းကြုံသော) နေ့နံနက် စက် ၈း၀၀ နာရီအချိန်တွင် ခမ်းနားကြီးကျယ်သော တီးမှုတ်ကပွဲသဘင်တို့ဖြင့် ဆင်ယင်ကျင်းပကြပြီးလျှင် ပန္နက်တော်ချပြီး ဖိနပ်တော်(၈)တောင် ထား၍ မုဆိုးမစေတီတော်ဟူသော ဘွဲ့တော်အမည်ကို ဂိုဏ်းချုပ်ဆရာတော် ဦးပညာသာမိ ဦးစီးနာယက ဆောင်ရွက်တည်တော်မူသည်။

## ဌာပနာသွင်းတော်မူခြင်း

ထိုနှစ် နတ်တော်လဆန်း(၁၅)ရက်၊ (၄-၁၂-၁၉၄၉)တနင်္ဂနွေနေ့၊ နံနက် စက် ၈း၀၀နာရီအချိန်တွင် ဗုဒ္ဓဓါတ်တော် မွေတော်များ၊ ရွှေရတနာ၊ ငွေရတနာ၊ ကျောက်ရတနာများ ဌာပနာသင့် ဌာပနာ ထိုက်သော အရပ်ရပ် ပစ္စည်းများ တို့ကို ပွဲတော်သဘင် ဆင်ယင်ကျင်းပပြီး ဌာပနာတော်သွင်းပိတ်ကာ စေတီတော်အား ဆက်လက်တည်တော်မူသည်။

## ထီးတော်တင်ပွဲတော် ကျင်းပခြင်း

ထိုနှစ်မှာပင် တပေါင်းလဆန်း(၁၄)ရက် (၁-၃-၁၉၅၀)ဗုဒ္ဓဟူးနေ့ (ရက်ရာဇာကြုံသော)နေ့ နံနက်စက်(၇း၀၀)နာရီအချိန်တွင် ထီးဒါယကာ လှိုင်မွန်ရွာ ဦးသာဇံ-ဒေါ်မဇံတို့က လှူဒါန်းသော ထီး၀(၁ပေ၊ ၆လက်မ)ရှိ ထီးတော်ကို ကြီးကျယ်ခမ်းနားသော အတီးအမှုတ်ကပွဲသဘင်နှင့်ဗျောစည်တီး တင်လှူတော်မူသည်။

**မှတ်ချက်။** ၁။ အထက်ဖော်ပြသော မုဆိုးမစေတီတော်သမိုင်းအဆို

သည် ဦးသိန်းညွန့်ရေး သမိုင်းမှတ်တမ်းမှ အဆိုဖြစ်ပါသည်။

၂။ ဤစေတီထီးတော်မြတ်သည် ဆရာတော်ဦးမေဓါ ထံပါးလိုက်ပါသွား၍ ရဟန်းတကာတော်ဦးသာဇံအတွက် မန္တလေးမှ ဝယ်ယူကျုံးဆောင်ခဲ့သော စာရေးသူနှင့်ဖော်ကျောင်းသားတစ်ဦးဖြစ်ပါသည်။

## ဒုတိယထီးတော်တင်လှူခြင်း

မုဆိုးမစေတီတော်၌ ယခုတည်ရှိသော ထီးတော်မြတ်သည် သက္ကရာဇ်၁၃၃ –ခုတွင် ငွေမဉ္ဇူစေတီတော်မှ ယာယီချထားခဲ့သော ထီးတော်မြတ်ကို မွမ်းမံပြီး မုဆိုးမစေတီတော်တွင် လင်လှူထားတော်မူသည်။ မုဆိုးမစေတီတော်မှ ထီးတော်သည်လည်း ပြုပြင်မွမ်းမံ၍ အရံစေတီတော်တစ်ဆူမှ တင်လှူထားတော်မူသည်။

## စေတီတော်နှစ်ဆူ ပြည်သူများသိရန်အချက်

အမှန်စင်စစ် ဤလွဲမွန်ရွာ အဘယဂီရိတောင်ကုန်းပေါ်တွင် စေတီတော်နှစ်ဆူ တည်ရှိတော်မူသည်။ ငွေမဉ္ဇူစေတီတော်နှင့်မုဆိုးမစေတီတော်တို့ဖြစ်၏၊ ငွေမဉ္ဇူစေတီတော်အား (ပထမ)အရင် တည်ခဲ့သည်။ မုဆိုးမစေတီတော်မှာ (ဒုတိယ) နောက်မှတည်ခဲ့ခြင်းဖြစ်၏၊ ထိုစေတီတော်နှစ်ဆူတို့သည် ပေခန့်သာကွာဝေးသော်လည်း အမှတ်မဲ့ (သတိမမူ)လျှင် ကွဲပြားစွာ မသိကြပါပေ၊ သို့ဖြစ်ပေရာ ဤတောင်ကုန်းပေါ်၌ စေတီတော်နှစ်ဆူ(အရံစေတီများမပါ)စေတီတော်ဘွဲ့အခေါ် အမည်နာမနှစ်မျိုးတည်ရှိကြောင်း (သမိုင်းအဆိုများ

အရကို) သုတေသီများ လွယ်ကူစွာမှတ်သားနိုင်ရန် ရှင်းလင်းမှတ်တမ်းတင်ခြင်း ပင်ဖြစ်ပေသည်။

ယင်းတို့တွင်–

(၁) ငွေမဥ္ဇူစေတီတော်ဘုရား

(၂) မုဆိုးမစေတီတော်ဘုရားဟူ၍ တည်ရှိတော်မူသတည်း ဤတွင် မုဆိုးမစေတီသမိုင်း ပြီးပြီ။

နေလင်း
အင်းတော်ကြီး
ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့

# မဏိရတနာမဥ္ဇူစေတီတော်သမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**တည်နေရာ။** ။မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ(အင်း) မြောက်ဘက် ရွှေတောင်မှ အရှေ့မြောက်ဘက် ၅-မိုင်ခန့်အကွာ)စည်ခမ်း(လည်လောင်း)ချောင်းနှင့် နန့်တိန်းချောင်းတို့ဆုံရာတွင် တည်သော ချောင်းဝရွာမှ ၁-မိုင်ခန့်ကွာ ပန်းလားရွာအရှေ့ (ယခုအခေါ် ဘုရားကုန်း)တွင် တည်ရှိသည်။

**တည်ထားတော်မူခြင်း။** ။သက္ကရာဇ် ၁၃၃၄ခု နတ်တော်လဆုပ် (၈)ရက် (အေဒီ ၂၈-၁၂-၁၉၇၂) ကြာသပတေးနေ့တွင် အင်းတော်ကြီးဒေသ လက်ဝဲဂိုဏ်းထောက် ဆရာတော် ဦးစန္ဒိမာ(မပြင်)ကျောင်းကို အကြီးအမှူးပြု၍ အင်းတော်ကြီးမြောက်ပိုင်း ထိုစဉ်ချောင်းဝမြို့နယ်ခွဲ)ရှိ ကျေးရွာတိုက်နယ်-အုပ်စု၊(၄)စု အတွင်းရှိသော သံဃာတော်များ၊ ရပ်မိရွာဖများ၊ ကျေးရွာရ-လ-က၊ မ-ရ-က၊ သမဝါယမ၊ လ-ယကော်မတီများ၊ ရွာလူကြီးများတို့သည် ပန်းလားဘုန်းတော်ကြီးကျောင်း၌ စုံညီအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ပါသည်။

ယင်းစုံညီအစည်းအဝေးမှ တောင်ကုန်းပေါ်ရှိ ရှေးဟောင်းစေတီတော်သည် မြေငလျင်ဘေးဒဏ်ကြောင့် ပျက်စီးပြီးဖြစ်ပေရာ (တတိယအကြိမ်)အသစ်တစ်ဖန် ပြုပြင်မွမ်းမံတည်ဆောက်ရန်နှင့်ပတ်လည်း အုတ်တံတိုင်းကာရံရန်တို့ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြလေသည်၊ ထိုစေတီတော်မြတ်ကိုလည်း ရှေးဘွဲ့တော်အမည်ဟောင်း ဝေနေယျသုခ "မဏိရတနာမဥ္ဇူ"ဟူ၍ ခေါ်တွင်သမုတ်မယုတ်ပွဲတော် ကျင်းပပူဇော် ရန်

အများဒါယကာ၊ ဒါယိကာမအပေါင်းတစ်စုကပါ မွန်မြတ်သော ဆန္ဒ ဖြင့် ဆုံးဖြတ်ပြီး စေတီတော်တိုးချဲ့တည်ရေးကို အောက်ပါနာယက ကော်မတီဂေါပကတို့ကို ရွေးချယ်တင်မြှောက်ကြသည်။

**နာယကဆရာတော်များ။** ။ ဦးနာယဒ(အိုင်လေးထူ) နာယက ဦးစန္ဒိမာ(မပြင်) ဒု–နာယက၊ ဦးဝိဇယ(ချောင်းဝ)၊ ဦးဝိဇယ(လောဆွန့်) ဦးပညာသာရ(ပန်းလှ)၊ ဦးဇယန္တ(နားလဘန်း)အဖွဲ့ဝင်များ၊ ဦးတေဇောဘာသ(လွှဲပေါ်) အတွင်းရေးမှူး၊ ဦးသုမန(ဘုရားကုန်း) အကျိုးတော်ဆောင်ဖြစ်ကြလေသည်။

**ဖြစ်မြောက်ရေးလူကြီးများ။** ။ဦးမို(ပန်းလှ) ဥက္ကဋ္ဌ၊ ဦးစိန်(နားလဘန်း)ဒု–ဥက္ကဋ္ဌ၊ ဦးဘ(မပြင်)ရေးမှူး ဦးရွှေလိုက်(မှန်ကင်း)ဒု–အတွင်းရေးမှူး၊ ဦးဘိုးလယ်(မပြင်)အဖွဲ့ဝင်၊ ဦးကြာသိး(နားလဘန်း)အဖွဲ့ဝင်၊ ဦးလှုရင်(ချောင်းဝ) စာရင်းစစ်၊ ဦးထွန်းရွှေ(မပြင်)စာရင်းစစ် ဖြစ်ကြလေသည်။

**ဂေါပကဘုရားလူကြီးများ။** ။ ဆရာ ဆန်ကြီး ၊ ဆရာထွန်းတင်၊ ဆရာဆန်၊ ဦးဘိုဦး၊ ဦးကျောက်ထွန်း၊ ဦးအောင်လှ၊ ဦးအောင်မြင်၊ ဦးဘိုးပေါ်၊ ဦးအောင်စိန်၊ ဦးထွန်းရှိန်တို့ဖြစ်ကြလေသည်။

## ဗုဒ္ဓပူဇနိယ (ထီးတော်တင်)ပွဲတော်ကြီး

သက္ကရာဇ်၁၃၃၅ခု တပေါင်းလတွင် မဏိရတနာမဥ္ဇူ စေတီတော်ဟူ၍ ဘွဲ့တော် အမည်တွင်ပြီးသော ဘုရားစေတီတော်သည် ပြန်လည် တည်၍ ပြီးမြောက်လေသည်၊ ဖိနပ်တော် ( )ပေ၊ ဉာဏ်တော်( ) ပေရှိ၏၊ အရံစေတီ( )ဆူနှင့် ပါတ်လည်အုတ်တံတိုင်းများ ကာရန် တည်ထားတော်မူသည်။

စေတီတော် ဗုဒ္ဓပူဇနိယ(ဘုရားပွဲတော်)ကို ထိုနှစ်နှောင်း တန်ခူးလဆန်း(၁၂)ရက်၊ (၃-၄-၇၄)ဗုဒ္ဓဟူးနေ့မှစ၍ လဆန်း(၁၃-၁၄-၁၅)ရက်နေ့အထိ ပူဇော်ပွဲကြီး သဘင်ဆင်ယင်ကျင်းပတော်မူသည် ဘုရားပွဲတော်ပရိသတ်အား မန္တလေးမြို့ ပန်တျာမြကြည် ဇာတ်အဖွဲ့ ဖြင့် ဧည့်ခံဖျော်ဖြေရာ အထူးစည်ကားသော ပွဲတော်ဖြစ်လေသည်၊ အထူးသဖြင့် ဒေသ၏ အရှေးအစဉ်အလာအရ သင်္ကြန်ရေသဘင်ပွဲ အကြို(၁၀)ရက်ကပင် သိဘူးရင်းနီးခင်မင်ဖူးသော(ငယ်ချင်းများ) အချင်းချင်း ရေသဘင်နွှဲကြခြင်းပင်ဖြစ်သည်။ ပွဲတော်နှင့် တိုက်ဆိုင်နေ ၍ ပွဲတော်လည်း အထူးစည်ကားလှ၏။ လဆန်း(၁၄)ရက် နံနက်စက် ၁၀း၀၀နာရီအချိန်တွင် အချင်း( )အရပ်တော်( )ပေရှိသော ထီး တော်မြတ်ကို အခမ်းအနားဖြင့်တင်လှူတော်မူသည်။ လဆန်း(၁၅)ရက် နံနက်(၄း၀၀)နာရီအချိန်တွင် သံဃာတော်မြတ်များက အနေကဇာတင် ဆင်ယင်ကျင်းပပူဇော်ပြီး ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းတော်မူသည်။ နံနက်(၇း၀၀)နာရီတွင် စေတီယင်္ဂဏဗုဒ္ဓပူဇနိယစေတီတော် ပူဇော်ပွဲ ထီးတော်တင်ပွဲတော် ပြီးစီးအောင်မြင်တော်မူ၍ အောင်စည်(သီတင်း စည်တီပြီး) သာဓုအနုမောဒနာခေါ်တော်မူကြလေသတည်း။

**သမိုင်းကြောင်း။** ။သက္ကရာဇ် (၈၉၇)ခု (က) အေဒီ၁၅၃၅တွင် အင်းတော်ကြီးမြောက်ပိုင်း ဒေသကို စော်ဘွားစာဟွန်မိုင်းအုပ်ချုပ်စဉ် ကာလ (၁၅)နှစ်မြောက် ၉၁၂ခုနှ ဤတောင်ကုန်းပေါ်တွင် မြတ်စွာဘုရား ၏ သရီယဓာတ်တော်မွေတော်များကို ဌာပနာ၍ စေတီတော်တစ်ဆူ တည်ထားတော်မူခဲ့သည်ဟု ရှေးဟောင်းစေတီတော်သမိုင်း၌ ဆိုထား သည်။ ရှေးဟောင်းစေတီတော်ပြိုကျ ပျက်စီးနေသည်ကို ဒုတိယ အသစ် တစ်ဖန်တည်ရန် စီစဉ်ဆောင်ရွက်ရာ၌ (စေတီပျက်အတွင်းမှ )သမိုင်း

အထောက်အထားများ တွေ့ရသည်ဟု ယင်းစေတီဂေါပကအဖွဲ့မှ ထုတ်ပြန်ကြေညာသော စာတမ်းတွင် မှတ်တမ်းတင်အတည်ပြုအပ်ပါပေသတည်း။

(က) ထိုသက္ကရာဇ် (၈၉၇)ကာလတွင် –

(၁) သရေခေတ္တရာပြည်တွင် ဘုရင်ထွေးသားတော် (ဘိုးတော်သခင် နရပတိမင်းပြုသည်)

(၂) ရာမတိုင်း ဟံသာဝတီတွင် တလိုင်းဗညားရံသား သုရှင်တကာရွတ်ပိ မင်းပြုသည်။

(၃) ဇေယဝရတိုင်း တောင်ငူတွင် မဟာသီရိဇေယျသူရသား မင်းတရားသား ရွှေထီးမင်းပြုသည်။

(၄) ကုန်းဘောင်တွင် ခံမိုင်း၏သား ခံမိုင်းငယ်မင်းပြုသည်။

(၅) အင်းဝတွင် မိုးညှင်းစလုံ၏သား သိုဟန်ဘွားမင်းပြုသည်။ နောက် (၉၁၂)ခုတွင် မိုးဗြဲသား နရပတိမင်းပြုသည်။

(၆) **မှတ်ချက်**

အထက်ပါကာလတို့၌ အင်းတော်ကြီး မြောက်ပိုင်း ဒေသစားစော်ဘွား စော်ဟွန်မိုင်း(သိုဟန်ဘွားသို့မဟုတ် နရပတိမင်းလက်ထက်ဖြစ်ဖွယ်)ဟု တောင်ကုန်းပေါ်ရှိစေတီတော်ဘုရားပျက်မှ သမိုင်းအထောက်အထားများနှင့် စိစစ်မှတ်တမ်းတင်နိုင်သည်။

**နှစ်ပေါင်း(၄၀၀)ကျော်မှတွေ့သောစေတီဟောင်း**

သက္ကရာဇ် (၁၃၁၁)ခုတွင် ပန်းလှကျေးရွာမှ လူများတို့ကို ရွေးနှစ်

ပေါင်းများစွာက တည်ထားခဲ့သော တောင်ကုန်းပေါ်ရှိ စေတီပျက်တစ်ဆူကို သစ်ပင်ခြုံနွယ်များ ပိတ်ဖုံးနေသည်ကို တွေ့ရှိကြလေသည်။

ထိုစဉ်၌ အင်းတော်ကြီးမြောက်ပိုင်းဒေသ သံဃာတော်ဂိုဏ်းအကြီးအမှူး အိုင်လေးထူဆရာတော် ဦးသာဂရဦးဆောင်၍ နမ့်တိန်းချောင်းဘေး(ဝဲ၊ ယာ)ရှိ ရွာများမှ ဆရာတော်၊ သံဃာတော်များ ရွာဒါယကာ၊ ဒါယိကာမများစုပေါင်းတိုင်းပင်ကြပြီး စေတီပျက်တည်ရှိရာတောင်ကုန်းကို စတီတော်အသစ် ပြန်တည်ရန်အလို့ငှာ ခုတ်ထွင်ရှင်းလင်းကြလေသည်။

အများပြည်သူတို့ကလည်း လူလုပ်အား၊ ငွေအားကူညီထောက်ပံ့လှူဒါန်း၍ မူလစေတီပျက် (အဟောင်း)နေရာတွင်ပင် ဒုတိယအသစ်တစ်ဖန် စေတီတော်တည်တော်မူသည်။ စေတီတော်အား ဘွဲ့တော်ဝေနေသုခအမည်ကို ခေါ်တွင်တော်မူသတည်း။

ထိုဝေနေသုခစေတီတော် (၂၂)နှစ်မြောက် သက္ကရာဇ် (၁၃၃၃)ခုနယုန်လဆန်း(၃)ရက် ( - -၁၉၆၂ခု)ည စက် ၁၁း၀၀နာရီအချိန်၌ တုန်လှုပ်သော မြေငလျင်၏ ဘေးဒဏ်ကြောင့် စေတီတော်ပျက်စီးခဲ့လေသည်။

နောက်တစ်ဖန် ပျက်စီးယိုယွင်းနေသော စေတီတော်အားသက္ကရာဇ် (၁၃၃၄)ခုနှစ်တွင် ဤသမိုင်းရေး၌ ဖော်ပြပြီးခဲ့သော တတိယမြောက် စေတီတော် ပြန်လည်တည်ရေးနှင့် ပွဲတော်ဖြစ်မြောက်ရေးနာယကဆရာတော်များ၊ လူကြီးများ၊ ဂေါပကအဖွဲ့များ၊ ပန်းလှကျေးရွာနှင့် ပြည်သူဒကာ၊ ဒကာမများစုပေါင်းပြီး တည်ခဲ့သော ဝေနေသုခစေတီဘွဲ့တော်အမည်ဟောင်းကို "မဏိရတနာမဥ္ဇူ"စေတီတော်ဟူသောဘွဲ့တော်အမည်သစ်ဖြင့် ခေါ်ဝေါ်ကျော်စောခဲ့သော စေတီတော်သမိုင်းမှတ်တမ်းဖြစ်ပေသတည်း။

မှတ်ချက်။ ။ (၁) စည်ခမ်း (လည်လောင်း)အင်းတော်ကြီးအိုင်မှ မြောက်ဘက်သို့စီးထွက်သော ချောင်းအမည်ဖြစ်သည်။ (၂) ပန်းလား(ပန်းလှ)ရွာအမည်တစ်ရွာတည်း ဖြစ်သည်။ ရွှေ့လျားပြောင်းလဲခေါ်တွင်သော (ပေါ်ရာဇာ) အမိပ္ပာယ်တို့ကို အင်းတော်ကြီး (အထုပ္ပတ္တိ)တွင် ရှုကြရန် ။

ဤတွင် မဏိရတနာမဥ္ဇူစေတီတော် ဘုရားသမိုင်းပြီးပြီ

နေလင်း
အင်းတော်ကြီး
ရွှေမဥ္ဇူစေတီတော် ဂေါပကအဖွဲ့။

# ရွှေပြည်သာ စေတီတော်သမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တည်နေရာ။ ။ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး (အင်းအရှေ့ဖက်ကမ်း ) ဟဲပုကျေးရွာအုပ်စု၊ နတ်မောက်ကန်ရွာ ဘုန်းတော်ကြီးကျောင်း အရှေ့ဘက်တွင် တည်ရှိတော်မူသည်။

တည်ထားတော်။ အင်းတော်ကြီးနယ်လုံးဆိုင်ရာ သံဃာဩဝါဒ
မူခြင်း စရိယနာယကဆရာတော် (ဘဒ္ဒန္တ ဥာဏဝံသ)

ဦးဥာဏဝံသ သက္ကရာဇ် ၁၃၄၄ခုနှစ် သီတင်း ကျွတ်လပြည့်ကျော် (၁၁)ရက် ပျံလွန်ပြီးသည့်နောက် သံဃသြဝါဒါစရိယ နာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ဧ ယ (ဦးဧယ) နှင့်မောက် ကန်ကျောင်း ဆရာတော်သည် သက္ကရာဇ် ၁၃၄၂ခုနှစ် ကဆုန်လဆန်း (၁၅)ရက် အဒေီ(၂၈–၄–၁၉၈၀၊ တနင်းလာနေ့)တွင် ဖိနပ်တော် ၁၅ တောင်ထားပြီး စေတီတော်အား ပန္နက်တော်ချ၍ ဦးစီးနာယက ဆောင်ရွက်တော် မူခဲ့သည်။

## ရွှေပြည်သာဟူသော ဘွဲ့တော်ခေါ်တွင်ခြင်း

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ သမေစိတ္တေ သမံဖလံ၊
စေတော ပဏိတိ ဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ
(ဝိမာန ပါဠိ)

**ပါဠိအနက်။** ။ ယော–အကြင်သူသည် တိဋ္ဌန္တေ–သက်တော်ထင်ရှား ရှိတော်မူသော ဘုရားရှင်ကိုလည်းကောင်း၊ နိဗ္ဗုတေဇာပိ – ပရိနိဗ္ဗာန် ဝင်စံလွန်ပြီးတော်မူသော မြတ်စွာဘုရားရှင်၏ ရုပ်ပွားဆင်းတုတော် သရီယဓာတ် စေတီတော်မြတ်တို့ကိုလည်းကောင်း စိတ္တေ–လေးမြတ် သဒ္ဓါ ကြည်ညိုစွာသောစိတ်သည် သမေ–တူမျှသည်ရှိသော် ဖလံ– စီးပွားကောင်းကျိုး ချမ်းသာမျိုးသည် သမိ–တူမျှပါပေ၏။ စေတော ပဏီတိ ဟေတုဟံ–စိတ် စေတနာကို ကောင်းစွာထားခြင်းတည်း ဟူသောအကြောင်းတို့ကြောင့်သတ္တာ – လူနတ်ဖြဟ္မာ သတ္တဝါတို့သည် သုဂတိံ–ႀတ်ဖြဟ္မာ လူ့ရွာ ချမ်းသာသုဂတိသို့ ဂစ္ဆန္တိ– လာ:ရ သွား ရောက်ပျော်စံရကုန်အံ့သတည်း။

ဒုံ – သူတော်ကောင်းအပေါင်းတို့ အထက်ပါဠိတော် အနက်

ဘာသာပြန်အရ ဗုဒ္ဓမြတ်ဘုရား၏ စကားတော်ကို ယုံကြည် လေးစား အားကိုးသောအားဖြင့် လှူနတ်ပြဟ္မာ သတ္တဝါတို့အား လောကီ လောကုတ်၊ မယုတ်နှစ်ဖြာ ကောင်းကျိုးချမ်းသာကို မေတ္တာလောင်း ထောက်ရှု ဂရုဏာပြု၍ အောင်ဆုရည်မျှော် ထိုထိုလှူသူတော်စင်တို့ အား ကင်းစင်သေးဘယာ ရတနာအဝဝပြည့်ကြွယ်ဝပြီး ကာယ စိတ္တာ သုခနှစ်ဖြာ ပြည့်စေလိုရှာ (ရွှေပြည်သာဟူသော) ဘွဲ့တော်မဟာကို သရီယခေတ် စေတီတော်မြတ်အား တည်ထားကိုးကွယ်ခြင်းသည်သာ လျှင် ဖြစ်လေသတည်း။

**သမိုင်းကြောင်း။** ။ သက္ကရာဇ် ၁၃၄၂ခုနှစ်မှစ၍ (နတ်မောက် ကန်ကျောင်း)ဆရာတော် ဦးစီးနာယက ဆောင်ရွက်တော်မူပြီး ရွှေပြည်သာစေတီတော်အား တည်ခဲ့ကြရာတွင် အင်းတော်ကြီး သံဃာတော်နာယကအဖွဲ့ စေတီတော်ဖြစ်မြောက် ရေး လှူပုဂ္ဂိုလ် နာယကအဖွဲ့ ကော်မတီ ၊ ဆပ်ကော်မတီများနှင့် နတ် မောက်ကန်ကျေးရွာ ဒါယကာ၊ ဒါယိကာမများ အများပြည်သူ အပေါင်း တစ်စုတို့က လူလုပ်အား အသပြာငွေအားတို့ဖြင့် ပါဝင်ဆောင်ရွက် တည်တော်မူခဲ့ကြသည်။

၁၃၄၃ခုနှစ်တွင် စေတီတော်သည် ဖိနပ်တော် ၁၅တောင်နှင့် ဉာဏ် တော်အမြင့် ၂၁တောင် ၁မိုက် (၃၂ပေ)အထိ ပြီးမြောက်ဆော်မူသည်။ အရန်စေတီတော် ၄ဆူနှင့် ဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်တော်မူရာ ဂန္ဓကုဋီ တိုက်သည်လည်း ပုဂ္ဂလိက စေတနာအလှူရှင်တို့က တည်ဆောက် လှူဒါန်းပြီးတော်မူသည်။

# ထီးတော်တင်လှူ (ဗုဒ္ဓပူဇနိယ)ပူဇော်ပွဲ ဆင်ယင်ကျင်းပခြင်း

၁၃၄၄ခုနှစ် ကဆုန်လဆန်း(၁၃)ရက်တွင် ထီးတော်တင်လှူပွဲနှင့် စေတီယင်္ဂဏာ ဗုဒ္ဓပူဇနိယ ထီးတော်တင်ပွဲစေတီတော် ဘုရားပွဲကို အငြိမ့်ကပွဲသဘင်နှင့် ဗျောစည်တီး၍ စည်ကားသိုက်မြိုက်စွာ ထီးတော်အား ၎င်းရက်တွင် တန်ရစ်တင်ဆင်ယင်ကျင်းပတော်မူသည်။ ၎င်းလဆန်း ၁၄ရက်တွင် ထီးတော်ကို အပြီးတင်လှူပူဇော်ကြပြီး လဆန်း(၁၅)ရက် နံနက်စက်(၄း၀၀)နာရီတွင် သံဃာတော်အရှင်မြတ်တို့က ဗုဒ္ဓ ဘိသေက အနေကဇာတင်ပါဠိတော်ဥဒါနစသော (၁၀)ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ချီးမြှောက်ကြသည်။ နံနက် (၇း၀၀)နာရီတွင် နန့်မောက်ကန်ရွာ ဒါယကာ၊ ဒါယိကာမများနှင့် အများပြည်သူတို့က တရားတော်နာကြားပြီး အလှူတော်အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဤတွင် ထီးတော်တင်လှူပူဇနိယပူဇော်ပွဲသဘင် (ဘုရားပွဲတော်)အခန်းအနားစည်တော်တီး၍ အောင်မြင်စွာပြီးမြောက်တော်မူသည်။

## (တိုက်တွန်းချက်)

| | |
|---|---|
| သာသနာလင်းခိုက် | ကြုံကြိုက်လေရာ |
| ဒါနသီလ | ပြုကြဘာဝနာ |
| ဘဏ်ပညာစခန်း | ဖြောင့်တန်းအောင်ရှာ |
| လုံးဝကဲ၍ | အမြဲအားထုတ်ပါ။ |
| ရုပ်ပွားတော်မြတ် | ဓာတ်တော်စေတီ |

သက်တော်ထင်ရှား　　　ဘုရားတည်
ဖြစ်မှားသူများ　　　လားရပါယ်ပြည့်
ကြည်သူများရောက်ငြား　　　နတ်ခြောက်ပြည့်။
အရှင်ဦးဥေယျ
ပဓာနအကျိုးတော်ဆောင် နာယက
ဤတွင် ရွှေပြည်သာ စေတီတော်ဘုရားသမိုင်းပြီးပြီ။

နေလင်း
အင်းတော်ကြီး
ရွှေမဋ္ဌုစေတီတော်ဂေါပကအဖွဲ့။

# ဆုတောင်းပြည့်စေတီတော်သမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

**တည်နေရာ။**　ကချင်ပြည်နယ်မိုးညှင်းမြို့နယ်အင်းတော်ကြီး (အင်းအနောက်မြောက်ဘက်ကမ်း) ညောင်ပင်ကျေးရွာအုပ်စု ညောင်ပင်ရွာ တောင်ဘက်အင်းတော်ကြီး အင်းဘေး နန့်စန်းတာချောင်းအနီးတွင် တည်ရှိတော်မူသည်။

**တည်ထားတော်မူခြင်း။**　အင်းတော်ကြီးနယ်ပုံးဆိုင်ရာ သံဃာတော်များနာယကအဖွဲ့တွင် သံဃဝန်ဆောင်ဖြစ်သောညောင်ပင်ကျောင်းဆရာတော် ဘဒ္ဒန္တကုဝေရ(ယခုလူအမည် ဦးမောင်ဖေ)သည် ဦးစီး

နာယကဆောင်ရွက်တော်မူပြီး သက္ကရာဇ် ၁၃၃၇ခုနှစ်တွင်(စတုတ္ထအကြိမ်) ထပ်မံပြီးစေတီတော်ကို မွမ်းမံပြုပြင်၍ တည်တော်မူသည်။ ကာမိုင်းမြို့နယ် (ကျောက်စိမ်းတွင်း)ဟောင်ပါးကျေးရွာအုပ်စု နန့်စပိန်းမော်လုံရွာနေ ဦးလှုခင်-ဒေါ်မဆိုးမိသားစုတို့မှ ထီးတော်မြတ်ကို အသစ်တစ်ဖန် ရွှေသင်္ကန်းဆက်ကပ်ပူဇော်လှူဒါန်းသည်။ ဆက်လက်ပြီး ယခုနှစ်ထိ ညောင်ပင်ကျောင်းဆရာတော်(အင်းတော်ကြီးနယ်လုံးဆိုင်ရာသံဃ နာယကအဖွဲ့ဝင်(ဦးဂုဏဝရ ဦးစီးနာယကဆောင်ရွက်ပြီးစေတီတော်အား မွမ်းမံတည်ဆောက်လျက်ရှိတော်မူသည်။

## စေတီတော်နှင့်သိသင့်ဘွယ်ရာများ

| | | |
|---|---|---|
| ဖိနပ်တော် | ( | )တောင် |
| ဉာဏ်တော် | ( | )တောင် |
| ထီးတော်အမြင့် | ( | )တောင် |
| ရုပ်ပွားတော်အမြင့် | ( | )တောင် |

ရုပ်ပွားဆင်းတုတော်ကိန်းဝပ်တော်မူရာမုခ်ပွားတော်(၄)မုခ်

ဒုတိယပစ္စယာအဆင့်တွင်မုခ်တက်စေတီတော် (၄)ဆူ

တတိယပစ္စယာအဆင့်တွင်ဒေါင့်ပန်းအိုးတော် (၄)လုံး

စတုတ္ထပစ္စယာအဆင့်တွင် စေတီတော် (၄)ဆူ

စေတီတော်ကြီးပတ်လည်၌ အရံစေတီတော်ပေါင်း(၃၃)ဆူ

**မှတ်ချက်**။ အရှေ့အနောက် ၆x၂ - ၁၂ (၁၂)ဆူ

တောင်မြောက် ၇x၃ - ၂၁ (၂၁)ဆူ

ပေါင်းအရံစေတီတော်ပေါင်း (၃၃)ဆူဖြစ်ပါသည်။

**သမိုင်းကြောင်း။** ရှေးကနဦးတွင် 'ဆုတောင်းပြည့်' ဟူသော ဘွဲ့တော်ရစေတီတော်အား မည်သည့်ခုနှစ်သက္ကရာဇ်တွင် တည်ခဲ့သည်။ မည်သူ မည်သည့်ပုဂ္ဂိုလ်စတည်ခဲ့သည်ဟူသောသမိုင်းအထောက်အထား များ စုံစမ်းလေ့လာ၍ မသိရသေးချေမသိနိုင်ပါပေ၊သို့ရာတွင်သက္ကရာဇ် ၁၂၃၀ခုနှစ်တွင်တည်ခဲ့သော ရွှေမဥ္ဇူစေတီတော်ရေလယ်ဘုရားကိုပင်လျှင် ဆုတောင်းပြည့်စေတီတော်က အလျင်စော၍ တည်ရှိခဲ့ကြောင်း (ရှေး ဘဘိုး၊ ဘေး၊ ဘီ၊ဘင်၊ဘော၊ ဘောင်)ခုနှစ်ဆက်သော အမျိုးတို့နှင့်ရှေးလူ ကြီးများပြောစမှတ်ကို ကြားဖူး မှတ်သားရပါသည်။

ထို့ကြောင့် ၁၂၅၆ခုနှစ် တပို့တွဲလ (ကြာသပတေးနေ့)တွင် ညောင်ပင်ရွာကိုစတည်ခဲ့သော ဦးဆန်းကျင်(ယခု ၁၃၅၅ခုနှစ် ဦးလှထွန်း ၏အဖိုး)နှင့်ရွာတည်ဘက်အပေါင်းပါတို့သည်ဆုတောင်းပြည့်စေတီတော် ကြီးသည် အလျင်စော၍တည်ရှိနှင့်ပြီးသားဖြစ်သည်ဟူ၏။

၁၂၈၈ခုနှစ်တွင် ညောင်ပင်ဆရာတော်ဦးမာလာ (လူအမည် ဦးမောင်ဗို)သည်ကုံးမမုံဆရာတော်နှင့်အတူ ဦးစီးနာယက ဆောင်ရွက်ပြီး ''ဆုတောင်းပြည့်စေတီတော်''အား (ဒုတိယအကြိမ် တည်ဆောက် မွမ်းမံပြုပြင်တော်မူခဲ့သည်။

၁၃၀၈ခုနှစ်တွင် ညောင်ပင် ပါတောင်း ဆရာတော်ဦးရာဇိန္ဒ သည် စေတီတော်ကြီးနှင့်အရံစေတီတော်များ ပြုပြင်မွမ်းမံတည်ဆောက်၍ စေတီတော်ကြီးအား ထီးတော်အသစ်တစ်ဖန် (တတိယအကြိမ်) တင်လှူ ပူဇော် (ဗုဒ္ဓပူဇနီယ)ပွဲတော်ကိုဆင်ယင်ကျင်းပတော်မူသည်။

၁၃၃၇ခုနှစ်(စတုတ္ထအကြိမ်) မွမ်းမံပြုပြင်တည်ဆောက်ခြင်းတို့ သည် ဤသမိုင်းအစတွင်ဖော်ပြခဲ့ပြီးဖြစ်သည်။

## ဆက်လက်မွမ်းမံပြုပြင်ခြင်း

၁၃၅၂ခုနှစ်မှစပြီး မွမ်းမံပြုပြင်ခြင်းတို့ကို ညောင်ပင်ကျောင်းဆရာတော် ဦးဂုဏဝရ(အင်းတော်ကြီးနယ်လုံးဆိုင်ရာ သံဃနာယကအဖွဲ့ဝင်)က ဦးစီးနာယက ဆောင်ရွက်တည်တော်မူသည်။

ပျက်စီးယိုယွင်းပြီးဖြစ်သော အရံစေတီတော်(၃၃)ဆူ တို့ကို အသစ်တစ်ဖန် မွမ်းမံတည်ဆောက်ပြီးစီးတော်မူသည်။ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို ညောင်ပင်ရွာ (ရာပြည့်နှစ်)အထိမ်းအမှတ်နှင့်အတူ ၁၃၅၅ခုနှစ် တပို့တွဲလဆန်း(၁၂)ရက်မှ (၁၅)ရက်အထိ ရန်ကုန်ဇာတ်သဘင် ''ခင်မောင်ဝင်း''ဖြင့်ဆင်ယင်ကျင်းတော်မူသည်။

ဤတွင်ဆုတောင်းပြည့်စေတီတော် သမိုင်းပြီးပြီ။

o-o-o-o-o-o-

# တစ်ရာရှစ်ဆူ မြမဥ္ဇူစေတီတော်သမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**တည်နေရာ။** ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အင်းတော်ကြီး (အင်းအနောက်ဘက်ကမ်း)လုံးတုံကျေးရွာအုပ်စု လုံးတုံမြောက်ဘက် (၁)မိုင်ခန့်အကွာအင်းဆော ဟိုဖာဘုရားကုန်းတောင်ထိပ်တွင်တည်ရှိတော်မူသည်။

**တည်ထားတော်မူခြင်း။** မိုးညှင်းမြို့နယ်သံဃနာယကအဖွဲ့ဝင် အင်းတော်ကြီးနယ်လုံးဆိုင်ရာ သံဃာတော်ဩဝါဒါစရိယ နာယက ဆရာတော်ဘဒ္ဒန္တဉာဏဝံသ(ရှင်ဉာဏဝံသ မမုံကိုင်ကျောင်း ဆရာတော်)

သည့် ဦးစီးနာယက ဆောင်ရွက်၍အင်းတော်ကြီးနယ်မြေတာဝန်ခံ (ဟိုပင်) ရှေ့တန်း ခ–လ–ရ(၈၆)ဗိုလ်မှူးဘကြည် စစ်ရေးတာဝန်ခံ ဗိုလ်ကြီး မင်းကျော်၊အင်းတော်ကြီးကျေးရွာတိုက်နယ် (၁၄)အုပ်စုမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်ညှိနှိုင်းတိုင်ပင်ကြပြီး ဟိုဖာ(ဘုရားကုန်း)ပေါ်တွင် တည်ရှိ လျက်ရှိသော ရှေးဟောင်းဘုရားစေတီတော်ပျက်စီးယိုယွင်းနေသည်ကို အသစ်တစ်ဖန်ပြန်လည်မွမ်းမံပြုပြင်တည်ဆောက်ရေးနှင့် ''(၁၀၈)ဆု မြမဥ္စူစေတီတော်ဘုရား''ဟူ၍ ခေါ်တွင်သော စေတီတော်မြတ်ကို သက္ကရာဇ် ၁၃၃၁ခုနှစ် ကဆုန်လဆန်း (၁၁)ရက် ( စနေနေ့) (စက် ၂း၃၀)နာရီ ရွှေအိုးရကိန်းအချိန်တွင် ပန္တက်ချ (ပန္တက်တင်)ပွဲကျင်းပတော် မူသည်။

၁၃၃၁ခုနှစ် နယုန်လဆန်း(၅)ရက်တွင် (ရှေးဟောင်းစေတီတော် ကို ချုံ့ပြီး တည်တော်မူခဲ့ရာ ဌာပနာသွင်းရာသို့တည်ပြီးစီးသောအခါ) ဌာပနာတော်များထည့်သွင်း ပိတ်တော်မူသည်။

၁၃၃၁ခုနှစ် တပို့တွဲလဆန်း(၁၂၊၁၃၊၁၄၊၁၅)ရက်တို့တွင် ထီးတော်တင်ပွဲကျင်းပပြုလုပ်ပြီးရေစက်သွန်းချအမျှပေးဝေကာအောင်စည် တီး ပြီးစီးအောင်မြင်တော်မူသည်။

စေတီတော်၏ပုံသဏ္ဌာန်။ လှိုင်ပါသောဂူဘုရားစေတီသဖွယ် ဘုရားရှင်၏ရုပ်ပွားကျောက်ဆင်းတုတော်များ ကိန်းဝပ်တော်မူရာ (၁၀၈)ခုသော လှိုင်များဖြင့်တည်ရှိတော်မူသည်။

**စေတီတော်၏ အချင်းအရာ**

| | | |
|---|---|---|
| ၁။ | ဘိနပ်တော် | ၁၅ ပေ ပတ်လည် |
| ၂။ | ဉာဏ်တော်အမြင့် | ၂၉ ပေ |

| | | |
|---|---|---|
| ၃။ | ထီးတော်အမြင့် | ၅ ပေ |
| | အရံရုပ်ပွားတော် | ၁၀၈ဆူ |

## အရံရုပ်ပွားတော်များ

| | | | |
|---|---|---|---|
| ၁။ | ၁၆လက်မ ရုပ်ပွားတော် | (ပ–ဆင့်) | ၈ ဆူ |
| ၂။ | ၈လက်မ ရုပ်ပွားတော် | (ဒု–ဆင့်) | ၄၀ ဆူ |
| ၃။ | ၇လက်မ ရုပ်ပွားတော် | (တ–ဆင့်) | ၃၆ ဆူ |
| ၄။ | ၆လက်မ ရုပ်ပွားတော် | (စ–ဆင့်) | ၂၄ ဆူ |
| | | ပေါင်း | ၁၀၈ ဆူ |

ဖြစ်ပါသည်။

ရှေးအတိတ်နှင့်ပစ္စုပ္ပန်ရည်ရွယ်ချက်။ ဂြိုဟ်စီးဂြိုဟ်နင်းခြင်း နဝင်းပြတ် ဆေးသုန်း ဝါးသုန်း စန်းလက်မကောင်း ဘေးအပေါင်းတို့ ကင်းဝေးပပျောက်၍ ကျမ်းမာချမ်းသာစေခြင်း(၁၀၈)ပါးသော ဂြိုဟ်မင်းတို့ကို ရည်ရွယ်အကြောင်းပြုပြီး ၁၀၈ဆူသော ဗုဒ္ဓရုပ်ပွားတော်တို့အား ပူဇော်ကန်တော့ခြင်းဖြင့် ဘေးခပ်သိမ်း ကင်းစင်ပြီး ကျန်းမာချမ်းသာသုခ လိုအင်ဆန္ဒပြည့်ဝကြရာသည်။

**ရှေးသမိုင်းကြောင်း။** မြန်မာသက္ကရာဇ် ၁၁၇၉–၈၀ ခုနှစ်တွင် အမရပူရဘိုးတော်ဦးဝိုင်း လက်ထက်၌ နိုင်ငံတော်၏ နယ်ပါယ် မြောက်ပိုင်း၊ အင်းတော်ကြီးနယ်ဝန်းကျင်မှာတောရဆရာတော် ''ယသသီရိ''အရှင်မြတ်သည်ဆယ်ရွာခေါ်လွင် နန့်ဆင်ထုန်းမွန်တွေ့စွန် အားဟောင့် ဆောင်ပုံစီးမဲ့(ရှမ်းအခေါ်များဖြစ်သည်)အစရှိသော ဒေသ အသီးသီးဝယ်လှည့်လည် သီတင်းသုံးတော်မူလေသည်။

၁၁၈၀ခုနှစ်တွင်အင်းတော်ကြီးနယ်ငွန်ဇင်းပေါ်မိုင်း (အင်းတော်ကြီးသမိုင်းရှု)ဦးစံကောင်းပင့်လျှောက်ကြားချက်ဖြင့် အရှင်ယသသီရိသည် အင်းတော်ကြီးနယ်သို့ ကြွရောက်တော်မူခဲ့လေသည်။

ထိုအချိန်ကာလတို့တွင်အင်းတော်ကြီးနယ်၌ ဘာသာနှင့် သာသနာမှေးမှိန်လျက်ရှိရာတွင် အရှင်ယသသီရိ၏ အဆုံးအမဖြင့် ဘာသာနှင့်သာသနာတော်ထွန်းပြောင်ဝင်းလက် တိုးတက်ခဲ့လေသည်။ စေတီတော်ဘုရားဂူကျောင်း စသည်တို့သည်လည်း တိုးတက်များပြားခဲ့လေသည်ဟူသတည်း။

တစ်နေ့သော် အင်းတော်ကြီးနယ် မြို့စား ဦးရွှေမိုး၊ပေါ်မိုင်းဦးစံကောင်း၊သာသနာ့ ရှာဆော်ဦးကြန်ဆိုင်းတို့နှင့် ဦးသာမြတ်၊ဦးမောင်နွဲ့၊ ဦးအိုင်လိတ်(ဦးရာပြည့်၊ဦးလှမောင်၊ဦးမောင်ကြီး အစရှိသော ရပ်ရွာလူကြီးများတို့သည် ဟိုဖာကုန်းတော်ထက်တွင် ဘုရားစေတီတော် တည်ရန် ကောင်းလေစွ။

ဗုဒ္ဓမြတ်ဘုရား၏ ဓာတ်တော်မွေတော်များငါးထောင်သာသနာတော်တိုင်တည်ရှိလတ့်သော ဘုရားစေတီတော်တည်ရန် ညှိနှိုင်းတိုင်ပင်ကြ၍ ဘုရားစေတီတော်တည်ရေးကိစ္စကိုအရှင် ယသသီရိအား ဦးဆောင်လမ်းညွှန်ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်လျှောက်ကြားတော်မူကြသည်။

မြို့စားပေါ်မိုင်း တမုံ၊ ကြေယ်(နယ်အုပ်မြို့စားသူကြီး ရွာခေါင်းရပ်ခေါင်း ဆယ်အိမ်ခေါင်း)တို့နှင့်ရပ်သူရပ်သားများ စုဆောင်းရရှိသော အလှူတော်ငွေ တစ်အိမ်ထောင်(ဝါ)တစ်ယောက်လျှင်(ခြောက်ကျပ်

တစ်မတ်)ထည့်ဝင်လှူဒါန်းကြပြီး ဘုရားစေတီတည်ရေးကို စတင်ဆောင်ရွက်ကြလေသည်။

အရှင်ယသသီရိသည် အင်းတော်ကြီးနယ်ဒါယကာ၊ ဒါယိကာမများ၏ ကောင်းမြတ်သော ဗုဒ္ဓဝေယျာဝစ္စလုပ်ငန်းကိုပေးအပ်သော တာဝန်အရ ဦးလည်မသုန်ဖြင့် ဗုဒ္ဓသာသနာတော်တည်တံ့ခိုင်မြဲထွန်းကားပြန့်ပွားရေးကိုမျှော်တွေး၍ဘုရားစေတီတော်တည်ရေးကိုတာဝန်ယူ၍ဦးစီးပြီးစီမံဆောင်ရွက်တည်တော်မူလေသည်။

**တည်တော်မူခုနှစ်။** ၁၁၈၄ခုနှစ်တပို့တွဲလဆန်း(၈)ရက် ကြာသပတေးနေ့ မြန်မာနာရီနံနက် ၂ချက်တီးကျော် ၃နာရီ ၂ပါဒ် ၉ဗိဇနာ ၅ပြန် ၈ခရာတို့ နာရီ၏တည့်နက္ခတ် ၁၇လုံး ၂ပါဒ်အနုရာဓနက္ခတ် အချိန်တွင် ပန္နက်တော်ချ၍ လဆန်း (၁၅)ရက်တွင် ဌာပနာတော်မူသည်။ တပေါင်းလဆန်း(၁၀)ရက်၌ ထီးတော်တင်ပွဲကျင်းပပြုလုပ်တော်မူသည်။ ထိုစဉ်စေတီတော်၏ အမည်သညာဖော်စရာမှာ ''ရန်ပြေမာန်ပြေစေတီတော်'' ဟူ၍ခေါ်တွင်ကျော်စောတော်မူသော စေတီတော်ဘုရားတစ်ဆူ ဖြစ်တော်မူသည်။

ဤသမိုင်းအစတွင် ဖော်ပြခဲ့သော ၁၃၃၁ခုနှစ် ဒုတိယ အကြိမ်မွမ်းမံပြုပြင်တည်ဆောက်ပြီးစီးခဲ့သော စေတီတော်၏အမည်သညာ ခေါ်တွင်ရာ ''တစ်ရာ့ရှစ်ဆူ''မြမဥ္ဇူစေတီတော်ဟူသောဘွဲ့တော်ဖြင့် ထင်ပေါ်ကျော်ဇောလျက်တည်ရှိတော်မူလေသည်။

**မှတ်ချက်။** ''တစ်ရာ့ရှစ်ဆူ''မြမဥ္ဇူစေတီတော်ဘုရား၏ တောင်ကုန်းအောက်ခြေ(ကုန်းပေါ်မှ ပေ ၆၀ကွာကျောက်တုံးကြီးပေါ်တွင် ''ဖောင်တော်ဦးစေတီတော်'' တည်ရှိတော်မူလေသည်။

၁၃၂၉ခုနှစ် တန်ခူးလဆန်း (၈)ရက် သောကြာနေ့ စက် (၁၂:၀၀)နာရီတွင် ပန္နက်တင်၍ နယုန်လဆုတ်(၂)ရက် နံနက် (၉:၀၀)နာရီတွင် သံဃာတော် (၁၂)ပါးတို့ဖြင့် ထီးတော်တင်ပွဲကျင်းပတော်မူသည်။ ဦးစီးနာယက ဆောင်ရွက်တော်မူသည်မှာ ယောဂီမယ်ဝဏ္ဏာသီရိနှင့် အကျိုးဆောင် မောင်သိုးဦး၊မောင်ကြိုင်၊ပန်းရံဆရာ ဦးဘတင်တို့ဖြစ်လေသည်။

**ရှေးသမိုင်းအကျဉ်းမှာ။** ။၁၂၂၅ခုနှစ်၊တပို့တွဲလဆန်း (၅) ရက်ကြာသပတေးနေ့နံနက်မြန်မာနာရီ ၂ချက်တီးကျော် ၂နာရီ ၁ပါဒ် ၉ဗိဇနာ ၃ ပုံ့ ၅ခရာ၊ ထိုနာရီ၏ တည့်နက္ခတ်သော်ကား ၁၉လုံး၊ ၂ပါဒ် မူလနက္ခတ် တည့်မှတ်သောအခါ ဗန္ဓုသီလာ မြကျောက်ဖျာထက်၌ အနက် (၁)တောင် တူးမြှုပ်၍ ဓာတုစေတီတော် ဒါယကာအင်းတော်ကြီး နန့်ဖောင်းဇင်ရွာနေ ဦးကြာခြူ–ဒေါ်မပေါ် တို့၏စေတနာဖြင့် အရှင်ယသသီရိ၏တပည့် ဦးတုဇာတက ဦးဆောင်တည်တော်မူခဲ့လေသတည်း။

ရှေးသမိုင်းအစဉ်ဖြင့် အရှင် ဥက္ကာဝံသရေး သမိုင်းမှတ်တမ်းကို မှီငြမ်းကိုးကား၍ ပြန်လည်ရေးသားတင်ပြသည်။

ဤတွင် ''တစ်ရာ့ရှစ်ဆူ''မြမဥ္ဇူစေတီတော်သမိုင်းပြီးပြီ။

နေလင်း
အင်းတော်ကြီး
ရွှေမဥ္ဇူစေတီတော်ဂေါပကအဖွဲ့။

# လွဲကျော်ရန်ကင်းတောင်ထိပ်တွင်တည်ရှိသော ကမ္ဘာအေးကပ်ကျော်စေတီတော်ဘုရားသမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**တည်နေရာ။** ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး (အင်းအနောက်ဘက်ကမ်း) မမုံကိုင်၊ လုံးတုံကြား မော်တော်ကားလမ်း အနောက်ကားလမ်းမှ (၁မိုင်ခန့်ကွာ) လွဲကျော်(ခေါ်) ရန်ကင်းတောင်တော်ထိပ်တွင် တည်ရှိတော်မူသည်။

**တည်ထားတော်မူခြင်း။** မိုးညှင်းမြို့နယ်သံဃနာယကအဖွဲ့ဝင်အင်းတော်ကြီးနယ်လုံးဆိုင်ရာသံဃာတော် ဩဝါဒါစရိယနာယက ဆရာတော် ဘဒ္ဒန္တ ဥဇ္ဇဏဝံသ (အရှင်ဥဇ္ဇဏဝံသ မမုံကိုင်ကျောင်းဆရာတော်)သည် ဘဝနတ်ထံပျံလွန်တော်မမူမီ သက်တော်(၆၉)နှစ် သိက္ခာတော် ၄၉ဝါအရတွင် လွဲကျော် (ခ) ရန်ကင်းတောင်တော်တွင် ရှေးဘုရားစေတီတော်ဟောင်းပြန်တည်ရေး ကိစ္စကို မမုံကိုင်၊လုံးတုံအစရှိသော အင်းတော်ကြီးနယ်အတွင်းရှိ ကျေးရွာတိုက်နယ်အတွင်းရှိကျေးရွာတိုက်နယ်အုပ်စုတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ညှိနှိုင်းဆောင်ရွက်၍ မမုံကိုင်၊လုံးတုံကျေးရွာအုပ်စုမှ အကျိုးတော်ဆောင် သံဃာတော် သုံးပါး၊ အကျိုးတော်ဆောင်ကျေးရွာကောင်စီ ဥက္ကဋ္ဌနှစ်ဦး၊ အကျိုးတော်ဆောင်ဂေါပကအဖွဲ့ လေးဦးတို့ဖြင့် စေတီတော်တည်ရေးကိစ္စကို စတင်၍ဆောင်ရွက်တော်မူလေသည်။

ရှေးဟောင်းစေတီပြန်လည်တည်။ ။သက္ကရာဇ် ၁၃၄၁ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၅)ရက် (၃-၁၁-၁၉၇၉)ခုနှစ်စနေနေ့ စက်

(  း  )နာရီတွင်''ကမ္ဘာအေးကပ်ကျော်စေတီတော်ဘုရား''ဟူ၍ အမည်နာမသညာခေါ်တွင်ရာဖြစ်သော ဓာတုစေတီ (ရှေးဟောင်းစေတီတော်ပျက်)ကို (၁၄တောင် ၁ မိုက် ပါတ်လည်အုတ်မြစ်ခင်း၍ ပန္နက်တော်တင်ပွဲကျင်းပပြီး စေတီတော်ဟောင်းကိုချုံ့ကာ ဆက်လက်တည်တော်မူလေသည်။

တန်ဆောင်မုန်းလဆုတ် (၁၁)ရက် ဗုဒ္ဓဟူးနေ့ စက်(  း  )နာရီအချိန်တွင် ဘုရား ရဟန္တာတို့၏ဓာတု ဓာတ်တော်မွေတော် များနှင့် ဆင်းတုတော် (၁၀၊ ၉၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃လက်မ)ရုပ်ပွားတော်များထည့်သွင်း၍ ဌာပနာတော်မူသည်။

ဆက်လက်၍စေတီတော်တည်ရေးကိုစွပြီးစီးလေသော် ဗိန္ဒောဆေးဆရာများစုစည်းလျက် ဆေးကျိတ်ပွဲ (ဆေးပွဲ)နှင့်ထီးတော်တင်ပွဲကိုစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပတော်မူသည်။အောင်စည်တီးကောင်းချီးသြဘာဖြင့် ပြီးမြောက်အောင်မြင်တော်မူသတည်း။

**ရှေးသမိုင်းကြောင်း။** မြန်မာသက္ကရာဇ် ၄၃၇ခုနှစ်(ယခု ၁၃၄၁ခုနှစ်မှ လွန်ခဲ့သော အနှစ် ၉၀၄ခုနှစ်တွင် ယခုလှိုင်ကျော်ခေါ် ရန်ကင်းတောင်ထိပ်၌ တောရဆောက်တည်နေသော လူအမည်ဦးအိုက်ကောင်းခေါ် ဆရာတော် ဦးသြဘာသကြီးမှူး၍ ရွှေနီကုန်းစော်ဘွားကြီးဦးညီကျန်–ဒေါ်ဆိုင်ဝမ်းတို့က ဘုရားတကာ ခံယူပြီးတည်ထားခဲ့သော စေတီတော်မှာပျက်စီးယိုယွင်းနေသော ယခု ၄၂၊ သမိုင်းအစတွင်ဖော်ပြခဲ့ပြီး ဖြစ်သည့် ဒုတိယအကြိမ် မွမ်းမံပြုပြင်တည်ဆောက်သည်ဟူသော ဆရာတော်ရေးထုတ်သော သမိုင်းစာစောင်အရ မှတ်တမ်းတင်အပ်ပါပေသတည်း။

ရေးသမိုင်းအစဉ်ဖြင့် အရှင်ဉာဏဝံသရေးသမိုင်းမှတ်တမ်းကို မှီငြမ်းကိုးကား၍ ပြန်လည်ရေးသားတင်ပြအပ်ပါသည်။

ဤတွင် လွှဲကျော် ''ရန်ကင်း''တောင်

ကမ္ဘာအေး ကပ်ကျော်စေတီတော် ဘုရားသမိုင်း

ပြီးပြီ။

နေလင်း

အင်းတော်ကြီး

ရွှေမဥ္ဇူစေတီတော်ဘုရားဂေါပကအဖွဲ့။

၀-၀-၀-၀-၀-၀-၀-၀

# ဝရလာဘစေတီတော်ဘုရားသမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**တည်နေရာ။** ကချင်ပြည်နယ် မိုးညှင်းမြို့နယ် (အင်းတော်ကြီး အင်းအနောက်ဘက်ကမ်း) ရွှေမဥ္ဇူစေတီတော်ရေလယ်ဘုရား၏ မြောက်ဘက်တစ်မိုင်ခန့်ကွာ နန့်ပတဲကြီးဘုရား စေတီကုန်းတော်၌ တည်ရှိတော်မူသတည်း။

ရှေးဟောင်းစေတီတော်(၄)ဆူ

တောင်ကုန်းပေါ်တွင်တည်ရှိသော ရှေးဟောင်းစေတီတော် (၄)ဆူတို့သည် အရှေ့အနောက်တောင်မြောက် လေးမျက်နှာတွင်

တစ်မျက်နှာ၌ တစ်ဆူဖြင့် ပေ (၅၀)ခန့်ပတ်လည်အတွင်း စုစည်းတည်ရှိတော်မူလျက် သက္ကရာဇ် ၁၃၅၃ခုနှစ်တွင်လုံးဝပျက်စီးယိုယွင်းဖြစ်နေသည်ကို လူအများက တွေ့ရှိလေသည်။

ရှေးသမိုင်းစာ(ဒုတိယအကြိမ် မွမ်းမံတည်ဆောက်စဉ် တွေ့ရှိရသော သမိုင်းမှတ်တမ်းမှ ဦးဇိန သံဃနာယကဆရာတော် အဆိုအရ သက္ကရာဇ် ၁၁၅၀ခုခန့်တွင် အင်းတော်ကြီးမြို့သည်ယခုမိုင်းနောင်ရွာတောင်ဘက် တစ်မိုင်ခွဲအကွာတွင် ''မိန်းနောင်''ဟူသော ရှမ်းအခေါ်မြို့တစ်မြို့တည်ရှိခဲ့လေသည်။ ယခုထိ မြို့တံတိုင်းတည်ရှိနေသေးသည်။ ထိုမိန်းနောင်မြို့တွင် စော်ဘွား စောင်ပန်းမူနှင့်ဇနီးတို့တွင်သားတော်ဆန်မန်းဆာဝမ်း၊ဆာမြတ်ထွန်း၊ ဆာထွန်းအောင်ဟူ၍ (၄)ယောက်ထွန်းပေါက်ခဲ့သည်ဟူ၏။

ခမည်းတော်နှင့်သားတော်တို့သည် ဗုဒ္ဓဘာသာ သာသနာတော်ကို ကိုင်းရှိုင်းကြသူများဖြစ်ဖွယ်ရှိပေသည်။အင်းတော်ကြီး ရွှေမဥ္ဇူစေတီတော်ဘုရားသမိုင်းစာအုပ်အင်းတော်ကြီးနှင့် သိသင့်ဖွယ်ရာအခန်းတွင် ဖော်ပြသော မမုံကိုင် မိုင်းနောင်ကြား မော်တော်ကားလမ်းဘေးတွင်တည်ရှိသောရှေးဟောင်းဘုရားစေတီပျက်တို့သည် သီရိဓမ္မာအာသောက မင်းတည်သော စေတီတော်ပေါင်း (၈၄၀၀၀)အနက်တစ်ဆူအပါအဝင် ဖြစ်သည်ဟူ၍ ဆိုလေသည်။ ထိုစေတီတော်တို့ကို ''မိန်းနောင်'' စော်ဘွားစောင်ပန်းမူက ဒုတိယအကြိမ် ပြုပြင်တည်ဆောက်ခဲ့သည်ဟူ၏။

ယခုတစ်ဖန် ၁၃၅၃ခုနှစ်ကစပြီး ရှင်ရသေ့ဦးစီး၍မိုင်းနောင်

မမုံကိုင် ဝေါပကများက ဦးရှက်အကျိုးဆောင်ပြီး တတိယအကြိမ် မွမ်းမံပြုပြင်တည်ဆောက်လျက်ရှိနေပေပြီ။

**လေးဆူစေတီသားတော်တည်။** စော်ဘွားစောင်ပန်းမှု၏သားတော်(၄)ယောက်တို့သည် အင်းတော်ကြီး (အင်းအနောက်ဘက်ကမ်း) နန့်ပတဲတောင်ကုန်းပေါ်တွင် တည်ရှိလတ့်သော ဘုရားစေတီတော်၏ ဓာတ်တော်မွေတော်များသည် သာသနာတော်ငါးထောင်တိုင် တည်တံ့ပြန့်ပွားစေခြင်းငှါ ဘုရားစေတီတော် (၄)ဆူ တည်ရေးကိစ္စညှိနှိုင်းကြလျက် (၄)ဆူသော ဘုရားစေတီတော်ကိုတည်ခဲ့လေသည်။

သက္ကရာဇ် ၁၁၅၂ခုနှစ် ကဆုန်လဆန်း (၁၄)ရက်နေ့ နံနက်မြန်မာနာရီစက် (၉း၀၀)နာရီခန့်အချိန်တွင် )ဦးပညာဦးစီး နာယကဆောင်ရွက်၍) ဘုရားစေတီတော် (၄)ဆူ၏ ပန္နက်တင်ပွဲကျင်းပတော်မူသည်၊ စော်ဘွား၏သားတော် ဆန်မန်း၊ ဆာဝမ်း၊ဆာမြတ်ထွန်း၊ ဆာထွန်းအောင်တို့သည် မိမိတို့၏ ထက်သန်သော စေတနာအလျောက် စေတီတော်တစ်ဆူစီ တာဝန်ယူဆောင်ရွက်ကြပြီးတည်တော်မူခဲ့သည်ဟူ၏။

**အနှစ်(၂၀၀)ကျော်ကစေတီ(၄)ဆူ။** ၁၁၅၂ခုနှစ်တွင်တည်ခဲ့သော စေတီတော်(၄)ဆူတို့သည် ၁၃၅၅ခုနှစ်တွင် ၂၀၃နှစ်ရှိခဲ့လေပြီ။ နှစ်ကြာမြင့်ခဲ့သည့်နှင့်အမျှ စေတီတော်တို့သည်ပျက်စီးယိုယွင်းလျက် အောက်ခြေဘိနပ်တော် အုပ်ပုံမျှသာစုစည်းတည်ရှိနေလေသည်။ အသစ်တဖန် မွမ်းမံပြုပြင်တည်ဆောက်ရန် လိုသယောင်အုတ်ပုံများက သက်သေပြနေကြသည်။

**လမ်းညွှန်ကြားသည်(၄)ဆူစေတီ။** ၁၃၅၃ခုနှစ်ပြာသိုလဆန်း (၁၁)ရက် (၁၅–၁–၁၉၉၂)ဗုဒ္ဓဟူးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် နဝတအဖွဲ့ ရွှေမဥ္ဇူစေတီတော်ရေလယ်ဘုရားသို့ရောက်ခဲ့သည်။ရွှေမဥ္ဇူဘုရားကို ဘက်ပေါင်းစုံမွမ်းမံပြုပြင်တည်ဆောက်ရေးလုပ်ငန်းတို့ကို လမ်းညွှန်မှာကြားလေသည်။ ထို့နောက် ကချင်ပြည်နယ် ပဝတ၊ မပခ၊ မြစ်ကြီးနားခရိုင်၊ ခဝတ၊ မိုးကောင်းမြို့ အခြေစိုက် မပခ၊ စစ်ဗျူဟာ အမှတ်(၂)နှင့် ဟိုပင်တိုက်နယ် ဗျူဟာတပ်ရင်း တပ်ဖွဲ့များမှ (အင်းတော်ကြီးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် အင်းတော်ကြီး ရွှေမဥ္ဇူဘုရားသို့) မကြာခဏ ရောက်လာလေသည်။

အင်းတော်ကြီးနယ်ပယ်ဒေသ နယ်မြေသဘာဝ အရင်းအမြစ်ဖြစ်သည့် ရှုခင်းသာ၊ ဆိပ်ကမ်း၊တောင်ကုန်း၊ ကွင်းပြင် သဘာဝတောတောင်တို့တွင် သင့်တော်ရာပန္နာဖြစ်လောက်သည့်တည်ဆောက်ရေးလုပ်ငန်းတို့ကို စူးစမ်းလေ့လာဆောင်ရွက်လျက်ရှိရာ ပထမအားဖြင့် ဘုရားစေတီတော် မွမ်းမံပြုပြင်တည်ဆောက်ရေးဦးလည်မသုန် ဆောင်ရွက်လေသည်။

ထို့ပြင် ရွှေမဥ္ဇူစေတီတော်ရေလယ်ဘုရားဘက်စုံမွမ်းမံ ပြုပြင်တည်ဆောက်နေစဉ်နန့်ပတဲကြီးဘုရား စေတီကုန်းပေါ်တွင်ပျက်စီးယိုယွင်းနေသော စေတီတော်(၄)ဆူတို့ကိုပြန်လည် မွမ်းမံပြုပြင်(အသစ်တည်ဆောက်)ရန် မိုးညှင်းမြို့နယ် ဟိုပင်တပ်နယ် တပ်ရင်းတပ်ဖွဲ့မိသားစုတို့က ဆန္ဒပြုတာဝန်ယူဆောင်ရွက်လေသည်။

မိမိတို့ဆန္ဒပြု၍ စေတနာသဒ္ဓါဖြူစင်သန့်ရှင်းစွာဖြင့် ရှေးဟောင်းစေတီတော်တို့ကိုဒုတိယအကြိမ် မွမ်းမံပြုပြင်တည်ဆောက်(အသစ်တဖန်) တည်တော်မူသည်။ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဦးစီး ချုပ်

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအမှူးပြုသော (ကြည်း၊ရေ၊လေ)တပ်မတော်(ကြည်း–ခြေလျင်တပ်ရင်း)(ခလရ–၄၀)ခြေမြန်တပ်ရင်း(ခမရ–၃၈၉) (ခမရ–၅၂၁) (ခမရ–၃၈၈)တို့၏ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားမိသားစုတို့၏ ငွေအား၊ လုပ်အားဒါနတို့ဖြင့် ''ဝရလာဘ''ဟူသောစေတီတော် အရံ(၄)ဆူ တို့ကို ပြည်သူများနှင့်အတူ တည်တော်မူလေသတည်း။

**ခလရ(၄၀)** ။အဂ္ဂိအရပ်မျက်နှာ စေတီအဆူကိုတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန်းထွန်းအမှူးပြု၍ တပ်ရင်းမိသားစုတို့သည် ၁၃၅၆ခုနှစ် ဝါဆိုလဆန်း (၃)ရက် (၁၀–၇–၉၄)တနင်္ဂနွေနေ့ နံနက် ၁၀း၁၀ နာရီအချိန်တွင် ပန္နက်တော်အုတ်မြစ်တင်တော်မူသည်။ ဝါဆိုလဆုတ် ၁၂ရက် (၃း၈–၁၉၉၄) ဗုဒ္ဓဟူးနေ့နံနက် (၁၀း၂၅)နာရီတွင် ထီးတော်မြတ်တင်လှူပွဲကျင်းပတော်မူသည်။

**ခမရ(၃၈၉)**။ စနေအရပ်မျက်နှာ စေတီ အဆူကိုတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကြံတိုင်းဆောင်အမှူးပြု၍တပ်ရင်း မိသားစုတို့သည် ၁၃၅၆ခုနှစ် တပေါင်းလဆုတ် (၃)ရက်(၁၈–၃–၉၅)စနေနေ့ နံနက် (၆း၁၀) နာရီတွင် ပန္နက်တော်အုတ်မြစ်တင်တော်မူသည်။ ၁၃၅၇ခုနှစ် ကဆုန်လဆန်း (၁၃)ရက် (၁၁–၅–၉၉)ကြာသပတေးနေ့ နံနက် (၉း၂၈)နာရီ အချိန်တွင် ထီးတော်တင်လှူပွဲကျင်းပတော်မူသည်။

**ခမရ(၅၂၁)**။ ရာဟုအရပ်မျက်နှာစေတီအဆူကို တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးရွှေသိန်းအမှူးပြု၍ တပ်ရင်းမိသားစုတို့သည် ၁၃၅၇ခုနှစ် ဦးတန်ခူးလဆုတ် (၁၄)ရက် (၂၈–၄–၁၉၉၅)သောကြာနေ့ နံနက် (၁၀း၁၀)နာရီအချိန်တွင် ပန္နက်တော်အုတ်မြစ်တင်တော်မူသည်။

၁၃၅၇ခုနှစ် ပြာသိုလဆုတ် (၁၄)ရက် (၁၈–၁–၉၉)ကြာသပတေးနေ့ နံနက် (၇း၀၀)နာရီအချိန်တွင် ထီးတော်မြတ်တင်လှူတော်မူသည်။

**ခမရ(၃၈၈)။** တနင်္ဂနွေအရပ်မျက်နှာ စေတီအဆူကို တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးသူရသိန်းထွန်းအောင်အမှူးပြု၍တပ်ရင်း မိသားစုတို့သည် ၁၃၅၆ခုနှစ် နှောင်းတန်ခူးလဆန်း (၁၅)ရက်၊ သကြ်န်နေ့ (၁၄–၄–၁၉၉၅)သောကြာနေ့ နံနက် ၁၀း၁၀နာရီအချိန်တွင် ပန္နက်တော် အုတ်မြစ်တင်တော်မူသည်။ကဆုန်လဆုတ် (၇)ရက် (၂၀–၅–၉၅)စနေနေ့ နံနက်(၉း၁၀)နာရီအချိန်တွင်ထီးတော်တင်လှူပွဲကျင်းပတော်မူသည်။

ဝရလာဘစေတီတော်(၄)ဆူပြန်လည်အသစ်တဖန် တည်ရာ၌ ပန္နက်တော်အုတ်မြစ်တော်တင်တော်မူရာတွင်လည်းကောင်း၊ ထီးတော်တင်ပွဲကျင်းပပူဇော်ရာတွင်လည်းကောင်း၊ အိုးစည် ဗုံမောင်း ခရောင်းတူရိယာအတီး၊အမှုတ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာဖြင့် ပူဇ နိယပူဇော်ပွဲတော်ကြီးကျင်းပတော်မူပေသည်။

**ဝရလာဘ။** ဝရလာဘဟူသောစေတီတော်(၄)ဆူတို့၏ ဘွဲ့တော်သည် ကချင်ပြည်နယ်မြစ်ကြီးနား ဝန်းသိုကျောင်းတိုက် ဗဟို နိုင်ငံ တော်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တသီလဝံသ ဆရာတော်အင်းတော်ကြီး ဒေသခံမြို့နယ်သံဃနာယကအဖွဲ့ဝင် ဦးဇိနဆရာတော်၊ ကချင်ပြည်နယ် ပဝတ ဥက္ကဋ္ဌ၊ မပခ၊တိုင်းမှူးနှင့်သက်ဆိုင်ရာ တပ်ရင်းမှူးတို့၏လမ်းညွှန်မှု ဖြင့် ခေါ်တွင်ကျော်စောခဲ့သော စေတီတော်၏ ဘွဲ့တော်တစ်ရပ်ဖြစ်လေ သည်။

အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ''ဝရ လေးပါးလေးဆူသော စေတီ

တော်တို့သည် လာဘ လာဘ်ပေါ်များခြင်းနှင့်ပြည့်စုံကြရာသည်'' တစ်နည်း ဝရဝရံ မြင့်မြတ်များပြားလှစွာသော လာဘလာဘော လာဘတို့နှင့်ပြည်စုံသော စေတီတော်''ဟူ၍ အဓိပ္ပါယ်ပေါ်လွင်ထင်ရှားခြင်းဖြစ်ပေသည်။

ဤတွင် ဝရလာဘစေတီတော်
ဘုရားသမိုင်းပြီးပြီ။

နေလင်း
အင်းတော်ကြီး

# အင်းတော်ကြီး
# နိဒုံး
# ဇယစက္က အောင်ဂါထာ

ပါဠိ။ ။ဇယစက္ကော၊ ဇယန္တောယော
ဇယိတဗ္ဗေ၊ ဇယာသနေ။
ဇယာပေသိ ဇယေသိန်၊
ဇယံဒေတု ဇယုတ္တယော။

ပါဠိအနက်။ ယောဇယစက္ကော–ပါရမီဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင်ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ ဇယာသနေ– အောင်သိဒ္ဓိဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်းအောင်ဗောဓိပင်ရင်း၌။ ဇယိတဗ္ဗေ–အောင်အပ်သည့်တရား၊ မာရ်ငါးပါးအပေါင်းတို့၂ကို

ဇယန္တော–အကြွင်းမဲ့ ချေမှုန်းလျက် ပျက်ဖျန်းကာပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ၊ ဇယေသိန်–မြတ်နိဗ္ဗာန်အောင်ခန်းနှင့် အောင်ဘိသိက်ပန်း မဂ်ဖိုလ်ကိုများ ထိုထိုဝဋ်အတွင်းမှ လွတ်ကင်းအောင်အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန်သူတို့အား ဇယာပေသိ–ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍ ထွဋ်အငူအမြိုက်ခေတ်သို့ ဆိုက်ကပ်တော်မူအောင် စေတီတော်မူခဲ့လေပြီ။

ဇယုတ္တာယော–အောင်သူတကာတို့၏ မုန်ကင်းအောင်ခြင်းတကာတို့၏ဥသျှောင်ထွဋ်ခေါင်မြတ်သရဖူ သယမ္ဘူမကိုဋ်ထီး အောင်ပွဲ ဝင်ပုဂ္ဂိုလ်ကြီးဖြစ်ပေထသော ဇယစက္ကော– အလုံးစုံအောင်ခြင်းနှင့်ပြည့်စုံတော်မူသော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ–မြတ်နိဗ္ဗာန်အောင်ပန်းကို ဆွတ်ချူရန် လက်လှမ်း၍ ကြိုးပမ်းကာအာသာကြီးဖြင့် ရှာမှီးသူအကျွန်ုပ်သမိုင်းရေးသူအား ဇယံ–အောင်ခြင်းမင်္ဂလာတွေပိုင် အောင်ပန်းမြိုင် အောင်ဖူးတွေ ကြိုင်လှိုင်သည့် အောင်နိဗ္ဗူပန်းခိုင်ကြီးကိုဒေတု–သနားသမှု အကြောင်းပြု၍ အချိန်မကြာ ပေးသနားတော်မူပါသုံးလူသခင် ပရမေ အရှင်မြတ်ဘုရား။

ဤတွင်– အင်းတော်ကြီးနှင့်သိသင့်ဖွယ်ရာများ
အင်းတော်ကြီးအတ္ထုပ္ပတ္တိသမိုင်းစဉ်
ရွှေမဉ္ဇူစေတီတော်ရေလယ်ဘုရားသမိုင်း
စေတီတော်ဘုရားသမိုင်းပေါင်းချုပ်ကို
နိဂုံးခါးပါတ် အဆုံးသတ်ပြီးပါပြီ။

ကစ္ဆိတံ၊ သုခိပရ အတ္တာနံ၊ အဝေရာဟောထ။

နေလင်း

အင်းတော်ကြီး၊ မိုးညှင်းမြို့နယ်။

"အင်းတော်ကြီး" နှင့်

ဘုရားစေတီတော်များ သမိုင်းပေါင်းချုပ် ကို

ရေးသားတင်ပြရာ၌

ကိုးကားသော ကျမ်းစာအုပ် စာတမ်းများ

*****

(၁) ဇိနတ္ထ ပကာသနီကျမ်း
(၂) မှန်နန်းရာဇဝင် အတွဲ (ပ) (ဒု) (တ) များ
(၃) မဟာဝင်ကျမ်း
(၄) မြန်မာနိုင်ငံ ကျောင်းသုံး (နှစ်တစ်ရာ) ပြက္ခဒိန်
(၅) အင်းတော်ကြီးနှင့် ရွှေမဉ္ဇူဘုရားသမိုင်းများ

(က) ဦးသိန်းညွန့် (အင်းတော်ကြီး) ရေး။
(ခ) ဦးကံဆက် (မြသီတာ ဟိုပင်) ရေး။
(ဂ) ဦးဉာဏဝံသ (နာယက ဆရာတော်) ရေး။

(၆) သက်ဆိုင်ရာ ဘုရားစေတီတော် သမိုင်းများ
(၇) မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၊ ၂၊ ၄၊ ၆၊ ၁၂၊ ၁၃) များ
(၈) စေတီတော်ဘုရားကြော်ငြာစာ၊ စာရွက် စာတမ်းများ
(၉) မျက်မှောက်ကာလ စာအုပ်စာစောင် ဂျာနယ် မဂ္ဂဇင်းများနှင့်
မှတ်တမ်းမှတ်ချက်များ